ကြေးမုံ
The Mirror
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၅ ရက်၊ သောကြာနေ့၊ (22-5-2015) (၈၂၀၈)

**မေတ္တာသည် ရန်ကင်းငြိမ်း၏**

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည်ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန်ဟူ၍ မရှိနိုင်။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တာသုတ်-၄၄၃။)

# ပင်လယ်တွင်း လှေစီးဒုက္ခသည်များအရေး လူသားချင်းစာနာစောင့်ရှောက်ပေး

ကပ္ပလီပင်လယ်နှင့် မလက္ကာရေလက်ကြားတို့တွင် ဖြစ်ပေါ်နေသော ရွှေ့ပြောင်းအခြေချလိုသူများ၊ ပင်လယ်တွင်း လှေစီးဒုက္ခသည်များကို လူသားချင်းစာနာစောင့်ရှောက်ကူညီပေးရေး၊ လူမှောင်ခိုမှု၊ လူကုန်ကူးမှုများ တားဆီးနှိမ်နင်းရေးတို့နှင့်ပတ်သက်ပြီး နိုင်ငံတော်သမ္မတနှင့် အမေရိကန်ဒုတိယနိုင်ငံခြားရေးဝန်ကြီးတို့ ဆွေးနွေး။ သတင်း စာမျက်နှာ - ၃



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်ပြည်ထောင်စု ဒုတိယနိုင်ငံခြားရေးဝန်ကြီး မစ္စတာ အန်တိုနီ ဘလင်ကန်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

## ယနေ့ မာတိကာ

အကြီးမားဆုံး ဝန်ဆောင်မှု
စာမျက်နှာ » ၂

လှေစီးဒုက္ခသည်များနှင့် ပတ်သက်၍ ၎င်းတို့၏ နေရပ်အမှန်အား သေချာစစ်ဆေးရန်လို
စာမျက်နှာ » ၃

ပင်လယ်ရေကြောင်းခရီးဖြင့် တရားမဝင် ရွှေ့ပြောင်းသွားလာသည့် လှေစီးဒုက္ခသည်များနှင့် ပတ်သက်၍ ဒေသတွင်း နိုင်ငံများအားလုံး ပါဝင်ဆောင်ရွက်သွားရန်လိုအပ်
စာမျက်နှာ » ၅

**အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း အမြန်ဆုံးတင်သွင်းအတည်ပြုပေးနိုင်ပါရန် လွှတ်တော်သို့ တိုက်တွန်း** စာမျက်နှာ » ၇

# ရန်ကုန်-ပြွန်တန်ဆာ ရထားလမ်းပိုင်းတွင် ရထားသွားလာမှုအချက်ပြစနစ်များ တပ်ဆင်မည်

**နေပြည်တော် မေ ၂၁**

ဂျပန်နိုင်ငံအခြေစိုက် မစ်ဆူဘီရှီနှင့် ဟိတာချီကုမ္ပဏီတို့သည် မြန်မာနိုင်ငံ၌ ရထားသွားလာမှု အချက်ပြစနစ်များ တပ်ဆင်ရန်အတွက် ဂျပန်ယန်း ၂ ဒသမ ၄ ဘီလီယံ (အမေရိကန်ဒေါ်လာ သန်း ၂၀)တန် စာချုပ်တစ်ရပ်ကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားနှင့် လက်မှတ်ရေးထိုးလိုက်ကြောင်း Nikkei Asian Review သတင်းများအရ သိရသည်။

ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)၏ ကူညီထောက်ပံ့မှုဖြင့် ဆောင်ရွက်မည့် အဆိုပါစီမံကိန်းကို ၂၀၁၇ ခုနှစ် ဇွန်လတွင်ပြီးစီးရန် သတ်မှတ်ထားသည်။

ရထားသွားလာမှုအချက်ပြစနစ်များကို ရန်ကုန်မြို့မှ အထက်မြန်မာပြည်မြို့တော် မန္တလေးသို့ ဆက်သွယ်ထားသော ကီလိုမီတာ ၆၀၀ ရှိသည့် ရထားလမ်းကြောင်းအနက် ရန်ကုန်ဘူတာကြီးနှင့် ပဲခူးတိုင်းဒေသကြီး ပြွန်တန်ဆာဘူတာကြား ကီလိုမီတာ ၁၄၀ ရှိသော မီးရထားလမ်းပိုင်းတွင် တပ်ဆင်သွားမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် ရန်ကုန်-မန္တလေး ရထားလမ်းတစ်ခုလုံးနှင့် ရန်ကုန်မြို့ပတ်လမ်းများ အဆင့်မြှင့်တင်ရေးအပါအဝင် အခြားမီးရထားအခြေခံအဆောက်အအုံ စီမံကိန်းများအား အကောင်အထည်ဖော်ရန် စီစဉ်လျက်ရှိသည်။

**(သုတ)**



ကြေးမုံ စာ တည်း ရှု ထောင့် — ၂၂-၅-၂၀၁၅၊ သောကြာနေ့

# အကြီးမားဆုံး ဝန်ဆောင်မှု

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းမှ ခရီးသည်ဝင်ရောက်မှုမှာ ၂၀၁၃ ခုနှစ်တွင် ၂ ဒသမ ၀၄ သန်း၊ ၂၀၁၄ ခုနှစ်တွင် ၃ ဒသမ ၀၈ သန်း ရှိလာသဖြင့် တိုးတက်လာသည်ကို တွေ့ရပါသည်။ ယခုပထမ သုံးလအတွင်းပင် ခရီးသည် ကိုးသိန်းကျော် ဝင်ရောက်ခဲ့ပြီးဖြစ်၍ ဆက်လက်တိုးတက်နေဦးမည်ဖြစ်သည်။

ခရီးသွားလုပ်ငန်းသည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် အဓိကမောင်းနှင်အားဖြစ်သည်။ အလွှာစုံ၊ နယ်ပယ်စုံမှ သက်ဆိုင်ရာလူအများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ၊ ဖန်တီးပေးနိုင်သော အရေးပါသည့် စီးပွားရေးလုပ်ငန်းဖြစ်၍ မီးခိုးမထွက်သော စက်ရုံဟုပင် တင်စားခေါ်ဆိုကြသည်။

စိတ်ဝင်စားဖွယ်၊ ဆွဲဆောင်ဖွယ်ရာနေရာဒေသများ မြန်မာနိုင်ငံအနှံ့အပြားတွင် တည်ရှိနေသောကြောင့် ကမ္ဘာ့အလယ်တွင် ဆွဲဆောင်မှုရှိသည့် ခရီးစဉ် ဒေသတစ်ခုအဖြစ် ထင်ရှားလာပါသည်။ ထိုသို့ ထင်ရှားလာသောကြောင့်လည်း ခရီးသွားဦးရေများပြားကာ နိုင်ငံခြားဝင်ငွေလည်း တိုးတက်လာပါသည်။

မိမိတို့အနေဖြင့် တိုးတက်မှုတိုင်းအတွက် ကျေနပ်နှစ်သက်မှု ရှိတတ်ပါသည်။ အမှန်တွင် မြန်မာနိုင်ငံအနေဖြင့် ခရီးသွားကဏ္ဍတွင် ဆောင်ရွက်ဖွယ်ရာ များစွာကျန်ရှိနေပါသေးသည်။ မြန်မာနိုင်ငံတွင် ခရီးသွားများ သွားရောက်လေ့လာနေကျဖြစ်သည့် ထင်ရှားသော နေရာဒေသ အမြောက်အမြားရှိပြီး ထိုဒေသများသို့ ခရီးသွားများစွာ သွားလာနေဆဲဖြစ်ပါသည်။ သို့သော် မြန်မာနိုင်ငံအတွင်း တိမ်မြုပ်နေသော စိတ်ဝင်စားဖွယ်နေရာများလည်း ကျန်ရှိနေသည်။

ခါကာဘိုရာဇီတောင်နှင့် အမျိုးသားဥယျာဉ်သည် ခရီးသွားများအတွက် ဆွဲဆောင်မှုရှိသောနေရာဖြစ်သည်။ နှင်းဖုံးတောင်တန်းများနှင့် နက်ရှိုင်းလှသည့် အရှေ့ပိုင်းဟိမဝန္တာတောင်စဉ်တောင်တန်းများမှသည် အဏ္ဏဝါဇီဝမျိုးကွဲများ ရှင်သန်ကျက်စားလေ့ရှိသည့် တောင်ပိုင်းမြိတ်ကျွန်းစုအထိ ကြွယ်ဝလှသော ဂေဟစနစ်များကို ပိုင်ဆိုင်ထားသည်။ အခြားနိုင်ငံများနှင့်မတူသည့် အဆိုပါဂေဟစနစ်များကို ယခုအခါ ပြည်တွင်းပြည်ပခရီးသွားများ လေ့လာနိုင်အောင် စီစဉ်နေပြီဟု သိရသည်။

အစိမ်းရောင်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အစိတ်အပိုင်းဖြစ်သည့် ထိုလုပ်ငန်းများကို ဆက်စပ်ဌာနများက သဘာဝအခြေခံခရီးသွားလုပ်ငန်း မူဝါဒနှင့် စီမံခန့်ခွဲရေးမဟာဗျူဟာရေးဆွဲရေးလုပ်ငန်းကို ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။ နိုင်ငံတကာ၏ အထောက်အပံ့များလည်း ပူးပေါင်းပါဝင်ထားသည်။ မြန်မာနိုင်ငံအတွင်း ထိန်းသိမ်းမှုဧရိယာ ၂၂ နေရာမှ ဇီဝမျိုးကွဲများ၊ ပထဝီအနေအထားနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများအပေါ် မူတည်ကာ သုံးသပ်ရေးဆွဲဆောင်ရွက်နေသည်။

နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများတွင် လတ်တလော၌ ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ နေပြည်တော်သို့ ရောက်ရှိနိုင်သော ထိုင်း-မြန်မာ ချိတ်ဆက်မှု၊ အန်ကောဝပ်သို့ ရောက်ရှိနိုင်သော ထိုင်း-ကမ္ဘောဒီးယား ချိတ်ဆက်မှုနှင့် လောင်ပရာဘန်သို့ ရောက်ရှိနိုင်သော ထိုင်း-လာအို ချိတ်ဆက်မှုတို့ကို အကောင်အထည်ဖော်တော့မည်ဖြစ်ကြောင်း သိရသည်။

ခရီးသွားလုပ်ငန်းသည် ကမ္ဘာတွင်သာမက မြန်မာနိုင်ငံတွင်လည်း အကြီးမားဆုံးဝန်ဆောင်မှုလုပ်ငန်းနယ်ပယ်တစ်ခုဖြစ်သည်။ တစ်ကမ္ဘာလုံးတွင် ခရီးသွားဦးရေ နှစ်စဉ် သန်းတစ်ထောင်ကျော်ရှိသည်။ ခရီးသွားလုပ်ငန်းနယ်ပယ်နှင့် ဆက်စပ်လုပ်ငန်းနယ်ပယ်များတွင် ဝင်ငွေသန်းထောင်ချီရရှိနေသော လုပ်ငန်းဖြစ်သဖြင့် အရေးပါသော စီးပွားရေးလုပ်ငန်းဖြစ်သည်။

သဘာဝခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အဖွဲ့အစည်းတစ်ခုတည်းက ဆောင်ရွက်၍မရနိုင်ဘဲ သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံး ညီညီညွတ်ညွတ် လက်တွဲပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်နိုင်သောလုပ်ငန်းဖြစ်သည်။ ယခုအခါ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းမှာ ယခုနှစ်တွင် မျှော်မှန်းထားသည့်အတိုင်း ခရီးသွား ငါးသန်းခန့်အထိ ရောက်ရှိလာနိုင်သည်။

ထို့ကြောင့် မြန်မာနိုင်ငံအတွက် အကြီးမားဆုံးဝန်ဆောင်မှုလုပ်ငန်းကြီး အောင်မြင်ရေးအတွက် တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပါသည်။ ။

# မြန်မာ-အမေရိကန် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များဆွေးနွေး

**နေပြည်တော် မေ ၂၁**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ အန်တိုနီ ဘလင်ကန် ခေါင်းဆောင်သည့် အမေရိကန်ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ယနေ့မွန်းလွဲ ၁ နာရီတွင် တွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးနှင့် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။

**(သတင်းစဉ်)**





သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၂၁**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၁၅၀၀၀ | - | ၇၁၅၀၀၀ |
| မန္တလေး | ရွှေဈေး | ၇၁၅၀၀၀ | - | ၇၁၅၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၉၀ | ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၈၈၀ | ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၇၂၀ | ကျပ် |
| (ဃ) ဓာတ်ဆီ | တစ်လီတာ | ၇၁၀ | ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | |
|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = ၁၀၈၂.၀ |
| (ခ) ဥရောပ | တစ်ယူရို | = ၁၂၀၃.၂ |
| (ဂ) တရုတ် | တစ်ယွမ် | = ၁၇၄.၄၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = ၃၂.၂၆၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = ၃၀၀.၆၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = ၁၇.၀၀၂ |
| (ဆ) ဂျပန် | တစ်ရာယန်း | = ၈၉၃.၆၆ |
| (ဇ) ဟောင်ကောင်ဒေါ်လာ | တစ်ရာဝမ် | = ၉၈.၈၄၉ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၅၃.၇၈ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = ၈၁၀.၇၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း




သုဝဏ္ဏာသျှံသုဌေးခန်း ဗျိုဟ်ကျမ်းအဖွင့်

ဒေါက်တာခင်ဆွေမြင့်

တူဒေးစာအုပ်တိုက်နှင့် စာအုပ်ဆိုင်များတွင်ဝယ်ယူရရှိနိုင်ပါသည်။

ရောင်းဈေး - ၄၅၀၀ ကျပ်

ဖုန်း - ၀၁ - ၅၀၇၃၉၁ - ၃



# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အမေရိကန်ဒုတိယနိုင်ငံခြားရေးဝန်ကြီးတို့
# လူမှောင်ခိုမှု၊ လူကုန်ကူးမှုများ တားဆီးနှိမ်နင်းရေး၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးတို့နှင့်ပတ်သက်ပြီး ဆွေးနွေးခဲ့

**နေပြည်တော် မေ ၂၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အမေရိကန်ပြည်ထောင်စု ဒုတိယနိုင်ငံခြားရေးဝန်ကြီး မစ္စတာ အန်တိုနီဘလင်ကန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ ဦးဝဏ္ဏမောင်လွင်၊ ဦးအောင်မင်း၊ ဦးရဲထွဋ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး မစ္စတာ ဒဲရစ်မစ်ချယ်လည်း တက်ရောက်သည်။

တွေ့ဆုံစဉ် ကပ္ပလီပင်လယ်နှင့် မလက္ကာရေလက်ကြားတို့တွင် ဖြစ်ပေါ်နေသော ရွှေ့ပြောင်းအခြေချလိုသူများ၊ ပင်လယ်တွင်း လှေစီးဒုက္ခသည်များကို လူသားချင်းစာနာစောင့်ရှောက်ကူညီပေးရေး၊ လူမှောင်ခိုမှု၊ လူကုန်ကူးမှုများ တားဆီးနှိမ်နင်းရေး၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးတို့နှင့် ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# လှေစီးဒုက္ခသည်များနှင့် ပတ်သက်၍ ၎င်းတို့၏ နေရပ်အမှန်အား သေချာစစ်ဆေးရန်လို
# မြန်မာ့တပ်မတော်အနေဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများတွင် အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်မည်

**နေပြည်တော် မေ ၂၁**

မူဝါဒအရ မိမိတို့တပ်မတော်အနေဖြင့် လှေစီးဒုက္ခသည်များ မရှိစေလိုပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း မြန်မာနိုင်ငံသားများကို ယင်းသို့ထွက်ခွာသွားစေရန် တွန်းအားပေးဆောင်ရွက်မှုများ မရှိပါကြောင်း၊ သို့ဖြစ်၍ လှေစီးဒုက္ခသည်များ ဘယ်ကလာသည်ကို ဦးစွာစဉ်းစားရမှာဖြစ်ကြောင်း၊ မြန်မာ့တပ်မတော်အနေဖြင့်လည်း ကယ်ဆယ်ရေးလုပ်ငန်းများတွင် တတ်နိုင်သမျှ ကူညီဆောင်ရွက်ခြင်းဖြင့် အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ အန်တိုနီဘလင်ကန်အား ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံရာတွင် ထည့်သွင်းပြောကြားသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ အန်တိုနီဘလင်ကန်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး မစ္စတာ ဒဲရစ်မစ်ချယ်နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။**(အပေါ်ယာပုံ)**



ပထမဦးစွာ ဧည့်သည်တော် ဒုတိယဝန်ကြီးမှ အင်ဒိုနီးရှားတွင် ရောက်ရှိနေသည့် လှေစီးဒုက္ခသည်များတွင် မြန်မာနိုင်ငံမှ အင်အား ၂၀၀၀ ကျော်ခန့် ပါဝင်သည်ဟု ကြားသိရပါကြောင်း၊ ယင်းဒုက္ခသည်များကို အမြန်ကယ်တင်ပြီး လုံခြုံသည့်နေရာသို့ ပို့ဆောင်လျက်ရှိရာ မြန်မာနိုင်ငံ၊ မြန်မာ့တပ်မတော်အနေဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ပါဝင်ဆောင်ရွက်ပေးစေလိုပါကြောင်း ပြောကြားခဲ့ရာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ယင်းသတင်းများရရှိပြီးဖြစ်ပါကြောင်း၊ **ဒုက္ခသည်အများစုအနေဖြင့် UNHCR မှ အထောက်အပံ့ကို ရရှိလိုသဖြင့် မြန်မာနိုင်ငံမှလာခြင်းဖြစ်သည်၊ ရိုဟင်ဂျာများဖြစ်သည်ဟု ပြောဆိုမှုများရှိနိုင်ပါကြောင်း၊ ၎င်းတို့၏နေရပ် အမှန်အား သေချာစွာစစ်ဆေးရန်လိုကြောင်း၊ ယင်းအချက်များအပေါ်တွင် အခြေခံ၍ နိုင်ငံတစ်ခုအား တစ်ဖက်သတ် မစွပ်စွဲသင့်**ကြောင်း၊ ပြည်ပသတင်းမီဒီယာအချို့မှလည်း ယင်းလှေစီးဒုက္ခသည်များမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ လာရောက်ခြင်းဖြစ်ကြောင်း တွေ့ဆုံမေးမြန်းခန်းများတွင် ဖော်ပြနေပါကြောင်း၊ ပြီးခဲ့သည့်ရက်ပိုင်းအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ထွက်ပြေးလာသူအချို့ ခရီးဆက်လက်သွားရောက်ရန် အခက်အခဲရှိသဖြင့် မိမိတို့နိုင်ငံ၊ မောင်တောမြို့အောက်ဘက်ရှိ မြင်းလွတ်ရွာသို့ ဝင်ရောက်လာ၍ လိုအပ်သည့် စား၊ ရေ၊ ရိက္ခာများ ဖြည့်ဆည်းထောက်ပံ့ပြီး ပြန်လည်စေလွှတ်ပေးခဲ့ရကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်သမ္မတကြီး၏ ညွှန်ကြားမှုနှင့်အညီ ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်ပြီး အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးရာတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က တိုင်းရင်းသား လက်နက်ကိုင်ကိစ္စရပ်များတွင် တိုင်းရင်းသားများသာမက ပြည်ပလှုံ့ဆော်မှုအချို့ ပါဝင်နေကြောင်း၊ နောက်ခံသမိုင်းကြောင်းကိုလည်း ထည့်သွင်းစဉ်းစားရကြောင်း၊ ငြိမ်းချမ်းရေး ရယူရန်မှာ အမှန်တကယ်ဆန္ဒရှိရန် အရေးကြီးပါကြောင်း၊ **ပါတီစုံလမ်းကြောင်း လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပြီး အာဏာယူရန် မဖြစ်နိုင်ကြောင်း၊ လက်နက်စွန့်ရန် ဝန်လေးနေသည့် အဖွဲ့များရှိနေ**ပါကြောင်း၊ ယနေ့သွားနေသည့် ပါတီစုံလမ်းကြောင်းတွင် ငြိမ်းချမ်းရေးသည် မရှိမဖြစ်လိုအပ်သဖြင့် ၂၀၁၁ ခုနှစ်မှစပြီး နိုင်ငံတော်သမ္မတကြီးမှလည်း ငြိမ်းချမ်းရေး ကမ်းလှမ်းခဲ့ပါကြောင်း၊ **သမ္မတကြီး ကမ်းလှမ်းခဲ့သည့် ငြိမ်းချမ်းရေးကို မရရအောင် တပ်မတော်အနေဖြင့်လည်း အတတ်နိုင်ဆုံးလိုက်လျော၍ ပါဝင်ဆောင်ရွက်နေ**ကြောင်း၊ တပ်မတော်အနေဖြင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးနိုင်ရေး ပြင်ဆင်ထားပါကြောင်းဖြင့် တပ်မတော်၏ ငြိမ်းချမ်းရေးမူအားအခြေခံ၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ရွေးချယ်တင်မြှောက်ပွဲဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍လည်း တပ်မတော်အနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတ်မှတ်ချက်များအတိုင်း လုပ်ဆောင်သွားမှာဖြစ်ကြောင်း၊ ပွင့်လင်းမြင်သာပြီး လွတ်လပ်မျှတမှုရှိရေး အကောင်းဆုံး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လက်ရှိလျှောက်လှမ်းနေသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းတွင် ခိုင်မာစွာလျှောက်လှမ်းနိုင်ရေး ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ **ကာကွယ်ရေး၊ စစ်ရေး၊ နိုင်ငံရေး၊ နိုင်ငံတကာဆက်ဆံရေး စသည့်စိန်ခေါ်မှုများနှင့် နိုင်ငံသားများ၏ ဒီမိုကရေစီရင့်ကျက်မှုများပေါ်တွင် မူတည်၍ တပ်မတော်၏ အခန်းကဏ္ဍကို အချိန်ယူပြုပြင်မြှင့်တင်သွားမည်ဖြစ်**ကြောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အိုင်အက်စ်က ဆီးရီးယားနိုင်ငံ Palmyra မြို့ကို ထိန်းချုပ်

**ဘေရွတ် မေ ၂၁**

ဆီးရီးယားနိုင်ငံရှိ အိုင်အက်စ်တိုက်ခိုက်ရေးသမားများက ဆီးရီးယားနိုင်ငံအလယ်ပိုင်း Palmyra မြို့ကို အပြည့်အဝ ထိန်းချုပ်လိုက်ပြီးနောက် ရှေးဟောင်းအပြိုအပျက်များရှိရာ နေရာသို့ ဝင်ရောက်သွားကြောင်း၊ သို့ရာတွင် ရှေးဟောင်းလက်ရာပစ္စည်းတစ်စုံတစ်ရာမျှ ဖျက်စီးခြင်းမရှိသေးကြောင်း ဆီးရီးယားပြည်တွင်းစစ်လေ့လာစောင့်ကြည့်ရေးအဖွဲ့တစ်ဖွဲ့က မေ ၂၁ ရက်တွင် ပြောကြားသည်။

အိုင်အက်စ်တိုက်ခိုက်ရေးသမားများသည် မေ ၂၀ ရက်က Palmyra မြို့ရှိ စစ်ဘက်ဆိုင်ရာ လေတပ်အခြေစိုက်စခန်းနှင့် အကျဉ်းထောင်သို့ ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ကြောင်း ဗြိတိန်အခြေစိုက် လူ့အခွင့်အရေးလေ့လာစောင့်ကြည့်ရေးအဖွဲ့မှ အကြီးအကဲ ရာမီအဘဒူလ်ရာမန်က တယ်လီဖုန်းဖြင့် ပြောကြားသည်။

အိုင်အက်စ်အဖွဲ့က စစ်ဘက်ဆိုင်ရာစခန်းများအပါအဝင် Palmyra မြို့ကို အပြည့်အဝထိန်းချုပ်ထားပြီးဖြစ်ကြောင်းနှင့်အစိုးရလိုလားသော တိုက်ခိုက်ရေးသမားများမှာ ဆုတ်ခွာသွားပြီဖြစ်ကြောင်း ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

မေ ၂၀ ရက်ကတည်းက ဖြစ်ပွားခဲ့သော တိုက်ပွဲများအတွင်း အစိုးရလိုလားသော တိုက်ခိုက်ရေးသမား ၁၀၀ ထက်မနည်း သေဆုံးခဲ့ကြောင်း အဘဒူလ်ရာမန်က ပြောသည်။

ဆီးရီးယားစစ်တပ်နှင့် မဟာမိတ်တပ်ဖွဲ့များထံမှ Palmyra မြို့ကို တိုက်ရိုက်ထိန်းချုပ်နိုင်ခြင်းသည် အိုင်အက်စ်စစ်သွေးကြွအဖွဲ့ ပထမဦးဆုံးအကြိမ်ဖြစ်သည်။

အိုင်အက်စ်အဖွဲ့သည် အီရတ်နိုင်ငံရှိ ရှေးဟောင်းလက်ရာပစ္စည်းများနှင့် ရှေးဟောင်းအထိမ်းအမှတ်များကို ဖျက်ဆီးခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် အထင်ကရအဖြစ်ဆုံး ရှေးဟောင်းကမ္ဘာ့အမွေအနှစ်များရှိရာ နေရာတစ်ခုဖြစ်သည့် Palmyra မြို့ကိုလည်း ဖျက်ဆီးနိုင်ဖွယ်ရှိသည်။

**ရိုက်တာ။**





# တရားရေးဝန်ကြီးအား ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ရန် သမ္မတ ပတ်ဂွန်ဟေး အဆိုပြု

**ဆိုးလ် မေ ၂၁**

တောင်ကိုရီးယားသမ္မတ ပတ်ဂွန်ဟေးသည် လာဘ်ပေးလာဘ်ယူမှု အရှုပ်တော်ပုံနှင့်ပတ်သက်၍ ဝန်ကြီးချုပ်ဟောင်း ရာထူးမှနုတ်ထွက်သွားပြီးနောက် လက်ရှိ တရားရေးဝန်ကြီး ဟောင်ကျိုအန်**(အပေါ်ပုံ)**ကို ဝန်ကြီးချုပ်သစ်အဖြစ် ခန့်အပ်ရန် အဆိုပြုလိုက်ကြောင်း သိရသည်။

ဝန်ကြီးချုပ်ဟောင်းသည် လာဘ်ငွေများ လက်ခံရရှိခဲ့သည်ဟူသော သံသယနှင့်ပတ်သက်၍ ရာထူးမှနုတ်ထွက်ပြီး ၂၅ ရက်အကြာတွင် ဟောင်မှာ တိုင်းပြည်၏ ဒုတိယအမြင့်ဆုံးအုပ်ချုပ်ရေးရာထူးနေရာအတွက် အဆိုပြုခံရခြင်းဖြစ်ကြောင်း သမ္မတရုံးက ပြောကြားသည်။ ယင်းအချက်က တရားစီရင်ရေးအာဏာပိုင်အဖွဲ့အကြီးအကဲကို ဝန်ကြီးချုပ်သစ်အဖြစ် အဆိုပြုခြင်းအားဖြင့် နိုင်ငံရေးနယ်ပယ် ပြုပြင်ပြောင်းလဲလိုသည့် သမ္မတ ပတ်ဂွန်ဟေး၏ ဆန္ဒကို ဖော်ပြနေသည်။ "အတိတ်ကာလမှာ အကြာကြီးရှိနေခဲ့တဲ့ ယုတ္တိမရှိမှုတွေ၊ အကျင့်ပျက်ခြစားမှုနဲ့ လုပ်ထုံးလုပ်နည်းမညီညွတ်တာတွေကို ဖယ်ရှားပစ်ခြင်းအားဖြင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတစ်ရပ် ရရှိအောင်မြင်ဖို့ အလွန်ကို အရေးကြီးပါတယ်" ဟု သမ္မတရုံး သတင်းထုတ်ပြန်ရေးအဖွဲ့အကြီးအကဲ ကင်ဆန်ဝူးက သတင်းထောက်များကို ပြောကြားသည်။

အသက်(၅၈)နှစ်ရှိပြီဖြစ်သည့် ဟောင်မှာ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလက အာဏာရရှိလာခဲ့သည့် သမ္မတ ပတ်၏ အစိုးရအဖွဲ့တွင် ပထမဆုံးသော တရားရေးဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံခဲ့ရသူဖြစ်ပြီး ယခင်က တရားရေးနယ်ပယ်တွင် အရေးပါသောရာထူးအမျိုးမျိုး ထမ်းဆောင်ခဲ့သူဖြစ်သည်။ သူ့အား ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ရန်အဆိုပြုမှုမှာ ပြီးခဲ့သည့် ဧပြီ ၉ ရက်က ကိုယ့်ကိုယ်ကိုယ်သတ်သေခဲ့သည့် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးထံမှ ၂၀၁၃ ခုနှစ် ဧပြီလကပြုလုပ်ခဲ့သော ကြားဖြတ်ရွေးကောက်ပွဲကာလအတွင်း လာဘ်ငွေဝမ်သန်း ၃၀ (အမေရိကန်ဒေါ်လာ ၂၈၀၀၀) လက်ခံရရှိခဲ့သည်ဟူသော သံသယမှုနှင့်ပတ်သက်၍ ဝန်ကြီးချုပ်ဟောင်း ရာထူးမှနုတ်ထွက်ပြီးနောက် ဖြစ်ပေါ်လာခြင်းဖြစ်သည်။

**ဆင်ဟွာ။**

# သီရိလင်္ကာပြည်တွင်းစစ် လူ့အခွင့်အရေးချိုးဖောက်မှုများ စုံစမ်းစစ်ဆေးမှုပြုလုပ်မည်ဟု သမ္မတပြော

**ကိုလံဘို မေ ၂၁**

သီရိလင်္ကာနိုင်ငံ ပြည်တွင်းစစ်၏ နောက်ဆုံးနေ့ရက်များအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန်ခဲ့သည်ဆိုသော စွပ်စွဲချက်များ ပေါ်ထွက်ခဲ့ခြင်းနှင့်ပတ်သက်၍ လာမည့်လတွင် စုံစမ်းစစ်ဆေးမှု စတင်ပြုလုပ်မည်ဖြစ်ကြောင်း သမ္မတ မိုင်သီရိပါလာ သီရိသေနာက မေ ၂၁ ရက်တွင် ပြောကြားလိုက်သည်။

သီရိလင်္ကာနိုင်ငံ၌ ဆယ်စုနှစ်ပေါင်းများစွာကြာမြင့်ခဲ့သည့် ပြည်တွင်းစစ်၏ နောက်ဆုံးအဆင့်တိုက်ပွဲများဖြစ်ပွားခဲ့သည့်ကာလအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများရှိခဲ့သည်ဟု စွပ်စွဲချက်များ ပေါ်ထွက်ခဲ့သည်။

အဆိုပါစွပ်စွဲချက်များနှင့်ပတ်သက်၍ မိမိတို့နိုင်ငံ၌ ပြဋ္ဌာန်းထားသော ဥပဒေများနှင့်အညီ စုံစမ်းစစ်ဆေးမှုများပြုလုပ်သွားမည်ဖြစ်ကြောင်း သမ္မတ သီရိသေနာက သတင်းထောက်များအား ပြောကြားသည်။

လူ့အခွင့်အရေးချိုးဖောက်မှုဖြင့် ပြစ်မှုထင်ရှားတွေ့ရှိရပါက မိမိတို့နိုင်ငံ၏ ဥပဒေများနှင့်အညီ အရေးယူအပြစ်ပေးသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

စစ်ရာဇဝတ်မှုများနှင့်ပတ်သက်၍ နိုင်ငံတကာခုံရုံး၌ တရားစီရင်စစ်ဆေးမှုကို လက်ခံသော နိုင်ငံတကာသဘောတူညီချက်တွင် သီရိလင်္ကာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးထားခြင်းမရှိသဖြင့် မိမိနိုင်ငံ၏ဥပဒေများနှင့်အညီသာလျှင် စုံစမ်းစစ်ဆေးအရေးယူရန် သမ္မတက လိုလားသည်။

ပြည်တွင်းစစ်ကာလအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများရှိခဲ့ခြင်းနှင့်ပတ်သက်၍ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီက ဆုံးဖြတ်ချက်များ ချမှတ်ခဲ့သော်လည်း ယခင်အစိုးရအဖွဲ့က ယင်းဆုံးဖြတ်ချက်များကို အကောင်ထည်ဖော်ရန် ငြင်းဆိုခဲ့သည်။

**ပီတီအိုင်။**

# တောင်တရုတ်ပင်လယ်တွင် အမေရိကန်လေယာဉ်ကို တရုတ်ရေတပ် သတိပေး

**ဝါရှင်တန် မေ ၂၁**

တောင်တရုတ်ပင်လယ်အတွင်း ပိုင်ဆိုင်မှုအငြင်းပွားလျက်ရှိသည့်ဒေသတွင် ပေကျင်းက တည်ဆောက်လျက်ရှိသည့် လူလုပ်ကျွန်းပေါ် ပျံသန်းလျက်ရှိသော အမေရိကန်ထောက်လှမ်းရေးလေယာဉ်တစ်စင်းကို တရုတ်ရေတပ်က ရှစ်ကြိမ်တိုင်တိုင် သတိပေးခဲ့ကြောင်း စီအန်အန်သတင်းဌာနက ယင်းလေယာဉ်ပေါ်မှ သတင်းပေးခဲ့သည်ဟု ရိုက်တာက ယနေ့ဖော်ပြသည်။

တစ်ကြိမ်တွင် အမေရိကန်လေယာဉ်မှူးများက ၎င်းတို့လေယာဉ်သည် နိုင်ငံတကာရေပိုင်နက်အတွင်း ပျံသန်းလျက်ရှိကြောင်း တုံ့ပြန်သောအခါ တရုတ်ရေဒီယိုအော်ပရေတာက ယခုပြောနေသည်မှာ တရုတ်ရေတပ်ဖြစ်ကြောင်း၊ ထွက်သွားကြဟု ဒေါသဖြင့် ပြောကြားခဲ့သည်ဟုဆိုသည်။

အမေရိကန်စစ်ဘက်၏ ခေတ်အမီဆုံး သူလျှိုလေယာဉ် 'ပီ ၈-အေ ပိုဆီဒုန်'သည် အနိမ့်ဆုံးပေ ၁၅၀၀၀ ၌ ပျံသန်းခဲ့ကြောင်း စီအန်အန်က ပြောသည်။

တောင်တရုတ်ပင်လယ်အတွင်း 'စပါတ်လီ' ကျွန်းအနီးမှ ထွက်ခွာသွားရန် ဖိလစ်ပိုင်စစ်လေယာဉ်အား တရုတ်တို့က သတိပေးခဲ့သောဖြစ်စဉ်နှင့် ယခုဖြစ်ပွားခဲ့သော အမေရိကန်လေယာဉ်ဖြစ်စဉ်တို့သည် ပေကျင်းက ၎င်းတို့ဖန်တီးသော ကျွန်းများပေါ်တွင် စစ်ဘက်သီးသန့်ဇုန်အဖြစ် အာဏာသက်ဝင်စေရန်ဆောင်ရွက်ခြင်းဖြစ်သည်ဟုဆိုသည်။

လုံခြုံရေးကျွမ်းကျင်သူအချို့က ထိပ်တိုက်ရင်ဆိုင်သွားကြမည့်အရေးကို တွေးတောပူပန်မှုများရှိကြသည်။ အထူးသဖြင့် တရုတ်နိုင်ငံက တည်ဆောက်နေသော ကျွန်းများပတ်ဝန်းကျင်တွင် နိုင်ငံတကာ လွတ်လပ်စွာရေကြောင်းသွားလာခွင့်ရှိကြောင်း အခိုင်အမာပြသရန်အတွက် ယင်းဒေသသို့ စစ်ဘက်လေယာဉ်များ၊ သင်္ဘောများစေလွှတ်ရန် ပင်တဂွန်က စဉ်းစားနေကြောင်း အမေရိကန်တာဝန်ရှိသူများက လွန်ခဲ့သည့်ရက်သတ္တပတ်တွင် ပြောကြားခဲ့သည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက အဆိုပါဖြစ်ရပ်ကို သိရှိခြင်းမရှိပါဟု ပြောသည်။

**ရိုက်တာ။**



# အစ္စရေးနှင့် ဆော်ဒီအာရေဗျနိုင်ငံသို့ ဗုံးများနှင့် ရဟတ်ယာဉ်များ အမေရိကန်ရောင်းမည်

**ဝါရှင်တန် မေ ၂၁**

အမေရိကန်ပြည်ထောင်စုက အစ္စရေးနိုင်ငံသို့ ဗုံးများနှင့် ဒုံးကျည်များကိုလည်းကောင်း၊ ဆော်ဒီအာရေဗျနိုင်ငံသို့ ရဟတ်ယာဉ်များကို လည်းကောင်း ရောင်းချပေးရန် စီစဉ်ထားကြောင်း ယနေ့ ပီတီအိုင်သတင်းတွင် ဖော်ပြသည်။

ယင်းအစီအစဉ်အရ အစ္စရေးနိုင်ငံသို့ အရေအတွက်ထောင်ပေါင်းများစွာရှိသည့် ဗုံးများနှင့် ဒုံးကျည်များကို ရောင်းချပေးမည်ဖြစ်ပြီး ဆော်ဒီအာရေဗျနိုင်ငံသို့ ဆီးဟော့ခ်အမျိုးအစား ရဟတ်ယာဉ် ၁၀ စင်း ရောင်းချပေးမည်ဖြစ်ကြောင်း၊ အဆိုပါစစ်လက်နက်များ၏ တန်ဖိုးမှာ ကန်ထရိုက်စာချုပ်များအရ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံ စီဖြစ်ကြောင်း အမေရိကန်အစိုးရတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အရှေ့အလယ်ပိုင်းဒေသရှိ အမေရိကန်၏ မဟာမိတ်နှစ်နိုင်ငံထံသို့ စစ်လက်နက်များရောင်းချပေးရေး အဆိုပြုချက်ကို ကွန်ဂရက်လွှတ်တော်ထံ အမေရိကန်နိုင်ငံခြားရေးဌာနက အကြောင်းကြားခဲ့သည်။ အစ္စရေးနှင့် ဆော်ဒီအာရေဗျနှစ်နိုင်ငံစလုံးက အီရန်၏ အဏုမြူဆိုင်ရာ အစီအစဉ်နှင့်ပတ်သက်၍ အမေရိကန်နှင့်အီရန်တို့ စေ့စပ်ညှိနှိုင်းဆွေးနွေးခဲ့မှုအပေါ် စိုးရိမ်သောကရှိနေကြသည်။

ယင်းလက်နက်ရောင်းချရေး အစီအစဉ်အရ အမေရိကန်ပြည်ထောင်စုက အစ္စရေးနိုင်ငံသို့ ဟဲလ်ဖိုင်းဟားအမျိုးအစား ဒုံးကျည် ၃၀၀၀၊ ဝေဟင်မှဝေဟင်ပစ် တာလတ်ပစ်ဒုံးကျည် ၂၅၀၊ ပဲ့ထိန်းဗုံး အလုံးရေ ၄၁၀၀ နှင့် မြေအောက်စခန်းများကို ဖြိုခွင်းနိုင်သော ဘီအယ်လ်ယူ ၁၁၃ အမျိုးအစား ဗုံးအလုံး ၅၀ တို့ ထောက်ပံ့ပေးမည်ဟု သတင်းတွင် ဖော်ပြသည်။

**ပီတီအိုင်။**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဥရောပသမဂ္ဂသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၂၁**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဥရောပသမဂ္ဂသံအမတ်ကြီး H.E. Mr. Roland Kobia ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးကိုကိုနိုင်နှင့် ပြည်သူ့လွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ပင်လယ်ရေကြောင်းခရီးဖြင့် တရားမဝင်ရွှေ့ပြောင်းသွားလာသည့် လှေစီးဒုက္ခသည်များနှင့်ပတ်သက်၍ ဒေသတွင်းနိုင်ငံများအားလုံး ပါဝင်ဆောင်ရွက်သွားရန် လိုအပ်

**နေပြည်တော် မေ ၂၁**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ အန်တိုနီ ဘလင်ကန်အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းများသည် လွယ်ကူစွာဆောင်ရွက်ရသည့်လုပ်ငန်းများ မဟုတ်သော်လည်း မည်သည့်အခက်အခဲကိုမဆို ရင်ဆိုင်ကျော်လွှား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ယခုကဲ့သို့ ဆောင်ရွက်နေချိန်တွင် အမေရိကန်ပြည်ထောင်စုက စီးပွားရေးပိတ်ဆို့မှု တစ်နှစ်ထပ်မံတိုးမြှင့်သည်ကို ကြားသိရသည့်အတွက်လည်း များစွာစိတ်မကောင်းဖြစ်မိပါကြောင်း၊ မိမိအနေဖြင့်လည်း မြန်မာနိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုများကို အစဉ်တစိုက်ကန့်ကွက်ခဲ့ပါကြောင်း၊ အနာဂတ်ကာလတွင် ရှင်လန်းချမ်းမြေ့စေမည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း၊ စီးပွားရေးပိတ်ဆို့ဆောင်ရွက်မှုများသည် မိမိနိုင်ငံ ပြည်သူများအပေါ် များစွာရိုက်ခတ်၍ ဆင်းရဲဒုက္ခများရောက်စေပါကြောင်း၊ လွှတ်တော်တွင် ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များအတွက် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီကိုလည်းကောင်း၊ အမျိုးသမီးနှင့်ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ စောင့်ရှောက်ရေးအတွက် လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီကိုလည်းကောင်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုနှစ်အတွင်းကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေးနှင့် ပွင့်လင်းမြင်သာမှုရှိစေရေးတိုက်တွန်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးတို့နှင့်ဆက်စပ်လျက်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် ပြင်ဆင်သင့်သည့်အချက်များကိုပြင်ဆင်ပြီး ပြောင်းလဲသင့်သည်များကို ပြောင်းလဲရန်နှင့် ထားရှိသင့်သည်များကို ထားရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်နေသောကိစ္စရပ်များနှင့်ပတ်သက်၍ ဥပဒေနှင့်အညီဖြစ်စေရေး ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ပင်လယ်ပြင်အတွင်း တရားမဝင်ရွှေ့ပြောင်းသွားလာသည့် လှေစီးဒုက္ခသည်များနှင့်ပတ်သက်၍ ဒေသတွင်းနိုင်ငံများအားလုံး ပါဝင်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ လွှတ်တော်အနေဖြင့် နိုင်ငံတကာအသိုက်အဝန်းနှင့်ထပ်တူ စိုးရိမ်မှုများရှိပြီး လူသားချင်းစာနာထောက်ထားသောရှုထောင့်မှ ပူးပေါင်းကူညီဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အမေရိကန်ပြည်ထောင်စုအနေဖြင့်လည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးစေလိုပါကြောင်းဖြင့် ပြောကြားသည်။



အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးသိန်းဆွေ၊ ဦးလှမြင့်ဦး၊ ကော်မတီအတွင်းရေးမှူး ဦးဝင်းသန်း၊ ကော်မရှင်အဖွဲ့ဝင် ဦးကိုကိုနိုင်နှင့် ပြည်သူ့လွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် အမေရိကန်နိုင်ငံခြားရေးဒုတိယဝန်ကြီးနှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ ဒဲရစ်မစ်ချယ်လည်း တက်ရောက်သည်။

**(သတင်းစဉ်)**

# မြန်မာယူ-၂၀ အသင်း ကာတာအသင်းကို ရှုံးနိမ့်

၂၀၁၅ ဖီဖာယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာယူ-၂၀ အသင်းနှင့် ကာတာယူ-၂၀ အသင်းတို့ မေ ၂၁ ရက် မွန်းလွဲပိုင်းက သြစတြေးလျနိုင်ငံ ဆစ်ဒနီမြို့၌ ခြေစမ်းကစားခဲ့ရာ မြန်မာအသင်းမှာ လေးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

**ကာတာယူ-၂၀ - လေးဂိုး**
**မြန်မာယူ-၂၀ - တစ်ဂိုး**

အာရှယူ-၁၉ ပြိုင်ပွဲ ဆီမီးတွင် တွေ့ဆုံဖူးသည့် ပြိုင်ဘက်ဟောင်းနှစ်သင်း ပြန်လည်ခြေစမ်းသည့်ပွဲတွင် ကာတာအသင်းက ဂိုးပြတ်အနိုင်ရရှိခဲ့သည်။ ယခုပွဲတွင် ကွင်းလယ်ဒိုင်က ပယ်နယ်တီ လေးကြိမ်အထိပေးခဲ့ပြီး ကာတာအသင်းကသုံးကြိမ်နှင့် မြန်မာအသင်းက တစ်ကြိမ်တို့ရကာ ကာတာအသင်းမှာ ပယ်နယ်တီသုံးကြိမ်ဖြင့်ပင် ဂိုးပြတ်သွားခဲ့ခြင်းဖြစ်သည်။

မြန်မာယူ-၂၀ အသင်းမှာ မဲလ်ဘုန်းစီးတီးအသင်းကို ဂိုးပြတ်အနိုင်ရခဲ့သည့် လူစာရင်းအတိုင်း ပွဲထွက်ခဲ့သည်။ မြန်မာယူ-၂၀ အသင်းအတွက် ချေပဂိုးကို ပယ်နယ်တီမှတစ်ဆင့် အသင်းခေါင်းဆောင် နန္ဒကျော်က သွင်းယူပေးခဲ့သည်။ မြန်မာယူ-၂၀ အသင်းမှာ သြစတြေးလျခြေစမ်းခရီးစဉ်တွင် ခြေစမ်းပွဲနှစ်ပွဲကစားထားရာ တစ်ပွဲနိုင် တစ်ပွဲရှုံးနိမ့်ထားသည်။

**ဖိုးသော်ဇင်**



မြန်မာယူ-၂၀ အသင်းနှင့် ကာတာယူ-၂၀ အသင်းတို့ ခြေစမ်းစဉ်။

## မိုးဦးကျနှင့်မိုးရာသီတွင် ဖြစ်ပွားတတ်သောရောဂါများအတွက် နှိုးဆော်ချက်

၁။ မိုးဦးကျနှင့်မိုးရာသီတွင် အောက်ဖော်ပြပါ ကူးစက်တတ်သောရောဂါများ ပုံမှန်ဖြစ်ပွားလေ့ရှိပါသည်။

(က) ဝမ်းပျက်ဝမ်းလျှောနှင့် ကာလဝမ်းရောဂါအပါအဝင် ဝမ်းနှင့်ပတ်သက်သည့်ရောဂါများ၊ အသည်းရောင်အသားဝါရောဂါနှင့် သံကောင်၊ တုပ်ကောင်ရောဂါများ

(ခ) သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါ

(ဂ) တုပ်ကွေး၊ နှာစေးချောင်းဆိုးနှင့် အဆုတ်အအေးမိရောဂါ

၂။ ဖြစ်ပွားရသည့်အကြောင်းရင်းများမှာ-

(က) မိုးဦးကျလာပြီဖြစ်၍ လှိုင်လှိုင်ပေါလာသည့် အချိုဓာတ်ပါသော သရက်သီး၊ ပိန္နဲသီး၊ ဖရဲသီး၊ ကြက်မောက်သီး၊ မင်းကွတ်သီး စသည့် သစ်သီးဝလံများ၏ အခွံအစေ့ စသည်များကို စည်းကမ်းမဲ့ မဆင်မခြင် စွန့်ပစ်ခြင်းကြောင့် ယင်ပေါက်ပွား၍ ယင်ပေါများခြင်း၊

(ခ) ရာသီစာအမှည့်လွန်အသီးများကို စားသုံးခြင်း၊

(ဂ) မိုးရွာပြီးရေတင်ရေဝပ်သဖြင့် ရေအိုင် ရေဗွက်ဖြစ်၍ ရေမြောင်းပိတ်ခြင်းနှင့် ချုံနွယ်ပိတ်ပေါင်းထူထပ်၍ ခြင်ပေါက်ပွားခြင်း၊

(ဃ) ရာသီဥတုအပြောင်းအလဲဖြစ်၍ အပူရှပ်ခြင်း၊ အအေးပတ်ခြင်း၊

(င) ပတ်ဝန်းကျင်သန့်ရှင်းမှုနှင့်တစ်ကိုယ်ရေသန့်ရှင်းမှုနည်းပါးခြင်း၊

(စ) ကျန်းမာရေးနှင့်ညီညွတ်သည့်အသိပညာနှင့်အလေ့အကျင့်အားနည်းခြင်း၊

၃။ အောက်ဖော်ပြပါတို့ကို လိုက်နာကျင့်သုံးခြင်းဖြင့် ဖော်ပြပါရောဂါများ ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်တားဆီးနိုင်မည်ဖြစ်ကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

(က) အမှည့်လွန်အသီးများကို စားသုံးခြင်းမှရှောင်ကြဉ်ပါ၊

(ခ) ယင်နားစာများကို မဆင်မခြင်စားသုံးခြင်းမှရှောင်ကြဉ်ပါ၊

(ဂ) စားကြွင်းစားကျန် အမှိုက်သရိုက်များနှင့်အညစ်အကြေးကို စည်းကမ်းမဲ့ စွန့်ပစ်ခြင်းမှ ရှောင်ကြဉ်ပါ၊

(ဃ) မိမိတို့မိသားစုတွင် ကျန်းမာရေးအသိပညာဖြန့်ဝေပါ၊ လိုက်နာကျင့်သုံးပါ၊

(င) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုလိုက်နာဆောင်ရွက်ပါ၊

(စ) ရေကိုကျိုချက်၍သောက်ပါ၊

(ဆ) လတ်ဆတ်သန့်ရှင်းသည့် အသီးအနှံနှင့် အစားအစာများကို ပူပူနွေးနွေးချက်ပြုတ်စားသုံးပါ၊

(ဇ) ရာသီဥတုအပူအအေးအပြောင်းအလဲကို သတိရှိပါ၊

(ဈ) ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းနှင့် ခြင်၊ ယင်နှိမ်နင်းရေးလုပ်ငန်းများကို အမျိုးသားရေးအမြင်ဖြင့် ဝိုင်းဝန်းစုပေါင်းဆောင်ရွက်ပါ၊

(ည) ရောဂါတစ်မျိုးမျိုးဖြစ်ပွားပျံ့နှံ့လာပါက ကျန်းမာရေးဌာနသို့ အမြန်ဆုံးသတင်းပို့ပါ၊

(ဋ) လိုအပ်ပါက နီးရာဆေးပေးခန်း၊ ဆေးရုံများသို့ အချိန်မီသွားရောက်ပြသစစ်ဆေးကုသမှုခံယူပါ။

**(ကျန်းမာရေးဝန်ကြီးဌာန)**


## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် ဆာလာအိတ်(အကြီး၊ အလတ်၊ အသေး)များကို ဝယ်ယူလိုပါသဖြင့် ဒုတိယအကြိမ် တင်ဒါတင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

၂။ ဈေးပြိုင်အဆိုပြုလွှာပုံစံနှင့်တင်ဒါစည်းကမ်းများကို တင်ဒါတင်သွင်းမည့် ပုဂ္ဂိုလ်၊ သက်ဆိုင်ရာကုမ္ပဏီ၊ အဖွဲ့အစည်းကိုယ်တိုင်(သို့မဟုတ်) ၎င်းတို့၏ တရားဝင်ကိုယ်စားလှယ်အဖြစ် လွှဲအပ်ခြင်းခံရသူကသာ ဝယ်ယူခွင့်ရှိသည်။

၃။ ဈေးပြိုင်အဆိုပြုလွှာတင်သွင်းသည့်ပုံစံများကို တစ်စုံလျှင် ငွေကျပ် ၁၀၀၀၀ ဖြင့် ၂၂-၅-၂၀၁၅ ရက်မှစ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ရုံးအမှတ်(၂၂)တွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။

၄။ ဈေးပြိုင်အဆိုပြုလွှာတင်သွင်းသည့်ပုံစံကို တရားဝင်ဝယ်ယူထားသူများ၏ အဆိုပြုလွှာများကိုသာ လက်ခံမည်ဖြစ်ပါသည်။ ဈေးပြိုင်အဆိုပြုလွှာတင်သွင်းသည့်ပုံစံသည် မူရင်းဈေးပြိုင်အဆိုပြုလွှာတင်သွင်းသည့်ပုံစံဖြစ်ရပါမည်။

၅။ မိမိတို့ပေးသွင်းနိုင်သည့် တင်ဒါအမျိုးအမည်၊ ပုံစံ၊ တန်ဖိုး၊ ရရှိနိုင်သည့်အရောင်၊ ပေးသွင်းနိုင်သည့်အရေအတွက်တို့ကိုဖော်ပြ၍ တင်ဒါအဆိုပြုလွှာများကို ၂၅-၅-၂၀၁၅ ရက်မှစတင်၍ ၁-၆-၂၀၁၅ ရက် ညနေ ၄ နာရီနောက်ဆုံးထားပြီး ရုံးအမှတ်(၂၂)သို့ လာရောက်တင်သွင်းရမည်ဖြစ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ရောက်ရှိလာသော အဆိုပြုလွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

၆။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ရုံးအမှတ် (၂၂) ဖုန်း-၀၆၇-၄၀၄၃၁၁၊ ၀၆၇-၄၀၄၂၃၂၊ ၀၆၇-၄၀၄၂၃၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**



## သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးစိုးဝင်း ဒုတိယအကြိမ်ဘုန်းတော်ကြီးသင်ပညာရေးညီလာခံသို့ တက်ရောက်

**နေပြည်တော် မေ ၂၁**

ရှမ်းပြည်နယ်တောင်ပိုင်း ဟိုပုံးမြို့နယ် နောင်တောင်းပရဟိတတပ်ဦးကျောင်းတွင် ဒုတိယအကြိမ် ဘုန်းတော်ကြီးသင် ပညာရေးညီလာခံကို မေ ၁၉ ရက်မှ ၂၁ ရက်အထိ ကျင်းပလျက်ရှိရာ မေ ၂၀ ရက်တွင် ညီလာခံသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ကြီးကြပ်ရေးဗဟိုအဖွဲ့ ဘဒ္ဒန္တကုသလ အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဆရာတော်များ၊ အတွင်းရေးမှူးဆရာတော်များ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းအသီးသီးမှ သင်ကြားရေးဆရာတော်များ၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ ရှမ်းပြည်နယ် လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌ ဦးခွန်စံလွင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းလျှောက်ထားရာတွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသည် ဆရာတော်များမှ ကိုယ့်အားကိုယ်ကိုး၍ တည်ထောင်ခဲ့ခြင်းဖြစ်သော်လည်း ဆရာတော်များ၏ ကြိုးစားအားထုတ်မှု ကရုဏာ၊ မုဒိတာများကို လေးစားတန်ဖိုးထားသည့်အတွက် နိုင်ငံတော်မှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှစ၍ ထောက်ပံ့ငွေများ နှစ်စဉ်ထောက်ပံ့ပေးနေခြင်းဖြစ်ပါကြောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၏ ပညာသင်ကြားရေး လုပ်ငန်းစဉ်များသည် နောင်ပေါ်ထွက်လာမည့် အမျိုးသားပညာရေးဥပဒေ၊ နည်းဥပဒေများနှင့်လည်း ညီညွတ်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ဤဘုန်းတော်ကြီးသင်ပညာရေးညီလာခံတွင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ ရေရှည်တည်တံ့ခိုင်မြဲစေရေးနှင့် ပညာရည် အဆင့်အတန်းမြင့်မားစေရေးတို့အတွက် အကောင်းဆုံးနည်းလမ်းများကို ညှိနှိုင်းဖော်ထုတ်ဆွေးနွေးသွားနိုင်မည်ဟု ယုံကြည်ပါကြောင်း လျှောက်ထားသည်။

ညီလာခံ၌ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ ရေရှည်တည်တံ့ခိုင်မြဲရေး၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၏ အရည်အသွေးများ ဖွံ့ဖြိုးတိုးတက်မြင့်မားစေရေး၊ သင်ကြားရေးဆရာတော်၊ ဆရာ၊ ဆရာမများ၏အရည်အသွေး တိုးတက်မြင့်မားစေရေး၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ အချင်းချင်း အတွေ့အကြုံဖလှယ်မှုဝေခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းနှင့် ပြည်သူ့နီတိများကို အလေးထားသင်ကြားပေးရေး စသည့်ခေါင်းစဉ်များဖြင့် ညှိနှိုင်းဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာ့ပညာရေးပညာရှင် ဆရာကြီးဦးသန်းဦး အမေရိကန်ပြည်ထောင်စု ဟာဝိုင်ရီတက္ကသိုလ်၏ အမြင့်ဆုံးစာပေပါရဂူဘွဲ့ရယူပြီး ပြန်လည်ရောက်ရှိ

**ရန်ကုန် မေ ၂၁**

မြန်မာနိုင်ငံ ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီ ပညာရှင်အကြံပေးအဖွဲ့ နာယက၊ မြန်မာနိုင်ငံ စာတတ်မြောက်ရေးအထောက်အကူပြုပင်မဌာန ဥက္ကဋ္ဌတာဝန်များ ထမ်းဆောင်လျက်ရှိသော မြန်မာ့ပညာရေးပညာရှင် ဦးသန်းဦးသည် အမေရိကန်ပြည်ထောင်စု ဟာဝိုင်ရီတက္ကသိုလ်၏ အမြင့်ဆုံးစာပေပါရဂူဘွဲ့ကိုရယူပြီး ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။

မြန်မာ့ပညာရေးပညာရှင် ဆရာကြီးအား မိသားစုဝင်များနှင့် မြန်မာနိုင်ငံစာတတ်မြောက်ရေးအထောက်အကူပြုပင်မဌာနနှင့် ပညာတန်ဆောင်အဖွဲ့တို့မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသော ဆရာကြီးက "ကျွန်တော်က လွန်ခဲ့တဲ့ ၅၃ နှစ်က အမေရိကန်ပြည်ထောင်စု ဟာဝိုင်ရီတက္ကသိုလ်မှာ မဟာဘွဲ့ကိုယူခဲ့ပါတယ်။ အဲဒီတုန်းက (၅၂) ကြိမ်မြောက် ဘွဲ့နှင်းသဘင်မှာယူခဲ့ရတာပါ။ အခု (၁၀၄) ကြိမ်မြောက်မှာတော့ ပါရဂူဘွဲ့ကို ရယူခြင်းဖြစ်ပါတယ်။ ရိုးရိုးပါရဂူဘွဲ့ မဟုတ်ပါဘူး။ လူမှုအကျိုးပြုဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့ ချီးမြှင့်ခြင်းဖြစ်ပါတယ်။ အဲဒီဘွဲ့ကို နှစ်ယောက်တည်းပဲ ယူခဲ့ပါတယ်။ ကွန်ပျူတာသိပ္ပံ ထူးထူးချွန်ချွန်ဆောင်ရွက်တဲ့ ပုဂ္ဂိုလ်တစ်ယောက်နဲ့ Honorary မှာ ထူးချွန်ဆောင်ရွက်တဲ့သူတွေပါ။ ကျန်တဲ့ပါရဂူဘွဲ့နဲ့ မဟာဘွဲ့တွေက စင်မြင့်အောက်မှာပဲ ရှိပါတယ်။ ကျွန်တော်က စင်မြင့်ပေါ်မှာ တက်ယူခဲ့ရပါတယ်။ ပေးတဲ့ဂုဏ်ပြုလက်မှတ်ကလည်း အကြီးကြီးပါ။ နှစ်ဦးမရပါတယ်။ သူတို့တက္ကသိုလ်ရဲ့ အဓိပတိနဲ့ တက္ကသိုလ်ရီဂျင့်အဖွဲ့ဝင် နှစ်ယောက်က ဒီဘွဲ့ဝတ်စုံကို အပေါ်မှာစွပ်ပေးပါတယ်။ အမေရိကန်ပြည်ထောင်စု တက္ကသိုလ်များရဲ့ထုံးစံပါ။ မာစတာဘွဲ့နဲ့ ပါရဂူဘွဲ့ကိုပဲ အပေါ်မှာပေးတာ။ ဒီဘွဲ့ဝတ်စုံ အတန်းတွေပုံစံက အမေရိကန်မှာပဲ ရှိတာပါ။ ဒီတံဆိပ်ခေါင်းပေါင်းကော ချီးမြှင့်ပါတယ်။ အဲဒီမှာပြောတဲ့ စကားတွေက ကျွန်တော်ကိုယ်တိုင်ကြက်သီးထစေပါတယ်။ မြန်မာနိုင်ငံရဲ့စာတတ်မြောက်ရေးလှုပ်ရှားမှုတွေမှာ ပါဝင်ဆောင်ရွက်ခဲ့တာတွေ၊ မြန်မာနိုင်ငံပညာရေးမှာ ရှေ့ဆောင်ပြီး ဆောင်ရွက်ခဲ့တာတွေကို အသိအမှတ်ပြုတဲ့အနေနဲ့ သူတို့တက္ကသိုလ်ရဲ့ အမြင့်ဆုံးဘွဲ့ကို ချီးမြှင့်လိုက်တာပါ။ ကိုယ်တက်ခဲ့တဲ့ အမိရန်ကုန်တက္ကသိုလ်ကလည်း ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၈ ရက်က စာပေပါရဂူ လယ်တီဆရာတော်ကြီးတို့၊ ဦးဖေမောင်တင်တို့ အစရှိတဲ့ ပုဂ္ဂိုလ်ကြီးတွေ ချီးမြှင့်တဲ့ဘွဲ့လည်း ရပြီးပါပြီ။ ပြည်တွင်းအမိတက္ကသိုလ်ကဘွဲ့အပြင် ပြည်ပကလည်းရတဲ့အတွက် နှစ်ခုစလုံးပြိုင်ရတဲ့အတွက် ဝမ်းသာပါတယ်။ ဒါပေမယ့် ဒါတွေက အမိနိုင်ငံအတွက် နိုင်ငံသားတစ်ယောက်အနေနဲ့ ယူပေးရတယ်လို့ နောင်လာနောက်သား မျိုးဆက်သစ်တွေကြိုးစားစေချင်တယ်။ ကြိုးစားရင်ရနိုင်တယ်ဆိုတာ သာဓကအဖြစ်ဆောင်ရွက်ခဲ့တာပါ"ဟု ဝမ်းသာပီတိစကား ပြောကြားသည်။

ဆရာကြီး ဦးသန်းဦးသည် အသက်(၈၈)နှစ်အရွယ်အထိ မြန်မာနိုင်ငံ၏ ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်အဆင့်ဆင့်တွင် အစဉ်တစိုက် ဦးဆောင်ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ယင်းကိုဂုဏ်ပြုသည့်အနေဖြင့် အမေရိကန်ပြည်ထောင်စု ဟာဝိုင်ရီတက္ကသိုလ်၌ မေ ၁၆ ရက်တွင်ကျင်းပသည့် (၁၀၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် အဆိုပါတက္ကသိုလ်၏ အမြင့်ဆုံးစာပေပါရဂူဘွဲ့ဖြစ်သော လူမှုအကျိုးပြုဂုဏ်ထူးဆောင် စာပေပါရဂူဘွဲ့ (Honorary Doctorate of Human Letters )ကို အပ်နှင်းခြင်းဖြစ်ကြောင်း သိရသည်။ **(ဥမ္မာသန့်)**



## ထုတ်ကုန်အသစ်များ မိတ်ဆက်ခြင်းနှင့်အတူ ကုမ္ပဏီပေါင်း ၈၀ ကျော်ပါဝင်သည့် ကိုရီးယားကုန်စည်ပြပွဲကျင်းပ

**ရန်ကုန် မေ ၂၁**

ကမ္ဘာ့နာမည်ကြီး ကိုရီးယားထုတ်ကုန်အသစ်များ မိတ်ဆက်ခြင်းနှင့်အတူ ကိုရီးယားကုမ္ပဏီပေါင်း ၈၀ ကျော် ပါဝင်ပြသသည့် ကိုရီးယားကုန်စည်ပြပွဲ ၂၀၁၅ ကို မေ ၂၁ ရက်နံနက်က ရန်ကုန်မြို့ ရှင်စောပုလမ်းရှိ Myanmar Event Park တွင် ကျင်းပခဲ့သည်။

မေ ၂၁ ရက်မှ ၂၄ ရက်အထိ ပြုလုပ်သွားသည့် ကုန်စည်ပြပွဲတွင် ကမ္ဘာကျော် ကိုရီးယား ကုန်အမှတ်တံဆိပ်များအပါအဝင် အလှကုန်၊ လူသုံးကုန်၊ စားသောက်ကုန်၊ ဆေးနှင့်ကျန်းမာရေးဆိုင်ရာ ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ မိုဘိုင်းဖုန်းနှင့် မော်တော်ယာဉ်များ၊ မော်တော်ယာဉ်ဆက်စပ်ပစ္စည်းများ၊ ပရိဘောဂနှင့် ကိုရီးယားရိုးရာယဉ်ကျေးမှု ကြွေထည်ပစ္စည်းများအပါအဝင် ထုတ်ကုန်များစွာ ပါဝင်ပြသခဲ့ကြသည်။

ကိုရီးယားကုန်စည်ပြပွဲကြီးကို ကိုရီးယား ကုန်သွယ်ရေးစက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာနမှ ကြီးမှူး၍ Kotra (Korea Trade-Investment Promotion Agency)၊ aT Center၊ The finical news တို့မှ စီစဉ်ကျင်းပခြင်းဖြစ်ပြီး မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားနိုင်ငံသံရုံးမှ ပံ့ပိုးကူညီပေးထားခြင်းဖြစ်သည်။ ပြပွဲတွင် Samsung၊ LG၊ Hondai၊ Daewoo International၊ Posco၊ Daedong Industrial တို့အပါအဝင် ထုတ်ကုန်အသစ်များ ပြသခဲ့ကြပြီး Samsung မှ ကုန်ပစ္စည်းသစ် SUHD TV ကို စတင်မိတ်ဆက်ပြသခဲ့သည်။

ကုန်စည်ပြပွဲနှင့်အတူ ကိုရီးယားအစားအသောက်ပွဲတော်ကို ပြုလုပ်သွားမည်ဖြစ်ပြီး နာမည်ကျော်အစားအစာများ၊ ဟင်းလျာများ၊ ဟင်းလျာများတွင်ပါဝင်သည့် ပါဝင်ပစ္စည်းများ၏ လျှို့ဝှက်ချက်များအကြောင်း တင်ဆက်ပေးသွားမည်ဖြစ်သည်။ ဆက်လက်၍ ကိုရီးယားကြွေထည်ပွဲတော်ကိုလည်း ပူးတွဲကျင်းပသွားမည်ဖြစ်ပြီး ကြွေထည်အနုပညာလက်ရာပေါင်း ၁၀၀ ကျော် ပြသသွားမည်ဖြစ်သည်။ ကမ္ဘာ့ကြွေထည်သမိုင်းတွင် မှတ်ကျောက်တင်ခံထားရသည့် ကြွေထည်လက်ရာများဖြစ်ပြီး ဂိုယိုမင်းဆက်ခေတ် ၉၁၈-၁၃၉၂ တွင် ခေတ်စားခဲ့သည့် ဆမ်ဂမ်ကြွေထည်များနှင့် ဂျိုဆွန်မင်းဆက်ခေတ် ၁၃၉၂-၁၉၁၀တွင် ခေတ်စားခဲ့သည့် ဘန်ချွန်ကြွေထည်လက်ရာများကို ပြသသွားမည်ဖြစ်သည်။

ကိုရီးယားကုန်စည်ပြပွဲကြီးကို မြန်မာ-ကိုရီးယား နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး နှစ် ၄၀ ပြည့် ချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် ကျင်းပခြင်းဖြစ်ပြီး ကုန်စည်ပြပွဲ၊ နိုင်ငံရေး၊ စီးပွားရေး နှီးနှောဖလှယ်ပွဲ၊ ယဉ်ကျေးမှုကပွဲများဖြင့် တင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ဝဝ၁)**

## မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ဝတ္ထုတိုပြိုင်ပွဲ စာမူများဖိတ်ခေါ်ခြင်း

**ရန်ကုန် မေ ၂၁**

၂၀၁၅ ခုနှစ် ဇူလိုင် ၃ ရက်နေ့တွင်ကျရောက်မည့် **မြန်မာအမျိုးသမီးများနေ့** အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ဝတ္ထုတိုပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်ပါသည်။

**ရေးသားယှဉ်ပြိုင်နိုင်**

ဝတ္ထုတိုပြိုင်ပွဲတွင် မြန်မာအမျိုးသမီးများ၏ ချစ်စဖွယ်ယဉ်ကျေးမှုဓလေ့စရိုက်များ၊ အမျိုးဂုဏ်ဇာတိဂုဏ် ထိန်းသိမ်းမြှင့်တင်မှုများ၊ နိုင်ငံနှင့်လူမျိုးအကျိုးကို စွမ်းစွမ်းတမံ သယ်ပိုးဆောင်ရွက်မှုများ၊ ယဉ်ကျေးသိမ်မွေ့မှု၊ အရည်အသွေးပြည့်ဝမှုစသော ဂုဏ်သိက္ခာအရည်အချင်းတို့ကို ဖော်ညွှန်းရေးသား၍ နှစ်သက်ရာခေါင်းစဉ်ဖြင့် ရေးသားယှဉ်ပြိုင်နိုင်သည်။ စာမူကို A4 စာမျက်နှာဖြင့် ကွန်ပျူတာ (၄)မျက်နှာ သို့မဟုတ် လက်နှိပ်စက် (၅)မျက်နှာ သို့မဟုတ် လက်ရေးဖြင့် (၆)မျက်နှာ ထက်မပိုဘဲ ရေးဖွဲ့နိုင်သည်။

**စည်းကမ်းချက်**

ပြိုင်ပွဲဝင်သူတစ်ဦးလျှင် ဝတ္ထုတိုတစ်ပုဒ်သာ ပါဝင်ယှဉ်ပြိုင်ရမည်။ စာမူများကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်နှိပ်စက်ဖြင့်ဖြစ်စေ၊ ရှင်းလင်းပီသသောလက်ရေးဖြင့်ဖြစ်စေ တစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေးသား၍ မူရင်းနှင့်မိတ္တူတစ်စောင် တင်သွင်းရမည်။ ပြိုင်ပွဲဝင်သူများသည် ပတ်စ်ပို့ဓာတ်ပုံနှစ်ပုံ၊ အမည်ရင်း၊ ကလောင်အမည်၊ မိဘအမည်၊ နိုင်ငံသားမှတ်ပုံတင်အမှတ်၊ ပညာအရည်အချင်း၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းချုပ်ဖော်ပြပြီး မိမိကိုယ်တိုင်ရေးသားထားကြောင်းနှင့် ပုံနှိပ်ဖော်ပြခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်များပါရှိရမည်။ ဝတ္ထုတိုပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုသုံးဆုနှင့် အထူးဆုများ ရွေးချယ်သွားမည်ဖြစ်ပြီး ဆုများကို ၂၀၁၅ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့တွင် ထိုက်တန်စွာ ချီးမြှင့်ပေးသွားမည်ဖြစ်သည်။

**စာမူများပေးပို့နိုင်**

ပြိုင်ပွဲဝင်ဝတ္ထုတိုများကို ပြိုင်ပွဲကျင်းပရေးကော်မတီ အတွင်းရေးမှူး ဦးဆန်းဝင်း စာတည်းမှူး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၃၆၊ ၃၇၁၃၄၂ တို့သို့ ဇွန် ၁၅ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။

**(သတင်းစဉ်)**

❑

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အမြန်ဆုံးတင်သွင်းအတည်ပြုပေးနိုင်ပါရန် တိုက်တွန်း

**နေပြည်တော် မေ ၂၁**

ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၇) ရက်မြောက်နေ့ကို ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပသည်။

အစည်းအဝေးတွင် အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦးက **နိုင်ငံတော်အတွင်း မိုဘိုင်းဖုန်းသုံးစွဲသူ အများပြည်သူတို့၏ ဖုန်းခေါ်ဆိုခ ကြိုတင်ထည့်သွင်းငွေများထဲမှ ကုန်သွယ်လုပ်ငန်းခွန် ၅ရာခိုင်နှုန်း ဖြတ်တောက်ကောက်ခံမည့်ကိစ္စကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ကင်းလွတ်ခွင့်ပြုနိုင်ရန် တည်ဆဲပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်သို့ အမြန်ဆုံး တင်သွင်းအတည်ပြုပေးနိုင်ပါရန် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း အဆို**ကို တင်သွင်းခဲ့သည်။

**အနည်းဆုံးလုပ်ခလစာ သတ်မှတ်နိုင်ရေးကိစ္စအပါအဝင် အလုပ်သမား၊ အလုပ်ရှင်အခွင့်အရေး ပူးပေါင်းကော်မရှင်၏ အစီအရင်ခံစာပါ အပိုဒ် ၂၄မှ ၃၃ အထိပါဝင်သော သုံးသပ်တင်ပြချက်များနှင့်စပ်လျဉ်း၍** အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းက ၂၀၁၄ ခုနှစ် ဧပြီလအထိ အလုပ်သမားအဖွဲ့အစည်း ဥပဒေ၊ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ၊ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေ၊ ၂၀၁၃ ခုနှစ် အနည်းဆုံးအခကြေးငွေ ဥပဒေ၊ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ ၁၉၅၁ ခုနှစ် ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေတို့ကို ရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့ပြီး ဥပဒေ(၄)ခုရုပ်သိမ်းခြင်း၊ အသစ်ရေးဆွဲလျက်ရှိသည့် ဥပဒေ (၆)ခု တို့ကိုလည်း ပြီးစီးနိုင်ရေးတွန်းအားပေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် နိုင်ငံခြားသားအလုပ်သမားဆိုင်ရာ ဥပဒေနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေတို့ကိုလည်း ထပ်မံအသစ်ရေးဆွဲပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အညီ ဖြစ်ပေါ်လာသည့် အထူးစီးပွားရေးဇုန်များ၊ စက်မှုဇုန်များနှင့် နိုင်ငံပိုင်၊ သမဝါယမပိုင်၊ ပုဂ္ဂလိကပိုင် စက်ရုံ



အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်း။



ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့်။

အလုပ်ရုံဌာနများ၏ အလုပ်သမားရေးရာကိစ္စရပ်များ၊ ပြည်ပရောက်မြန်မာ ရွှေ့ပြောင်းအလုပ်သမားများအား ကာကွယ်စောင့်ရှောက်ရေး၊ အလုပ်ရှင်နှင့် အလုပ်သမားများ အလုပ်သမားဥပဒေပါ အကျိုးခံစားခွင့်များ အပြည့်အဝ ရရှိနိုင်စေရေး၊ လူမှုရေးတရားမျှတစွာဖြင့် သင့်လျော်ကောင်းမွန်သည့် စက်မှုလုပ်ငန်းခွင်ဖြစ်စေရန် တာဝန်ရှိမှုနှင့် ပေါင်းစပ်ညှိနှိုင်းမှုများဖြင့် ဝန်ကြီးဌာနလုပ်ငန်းစဉ်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့ပြင် လယ်ယာနှင့်အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများ နစ်နာဆုံးရှုံးမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၏ ဆောင်ရွက်ပြီးစီးမှုအခြေအနေများ အပါအဝင် လက်ရှိကာလအထိ တိုးတက်ဆောင်ရွက်ပြီးစီးမှုများနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဇံမြင့်က မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီအနေဖြင့် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများထံသို့ တိုက်ရိုက်တင်ပြတိုင်ကြားလာသော တိုင်ကြားစာများအပြင် အခြားတိုင်စာများကိုလည်း စိစစ်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ဗဟိုကော်မတီအနေဖြင့် ၂၀၁၅ မေ ၁၅ ရက်အထိ အစီရင်ခံစာအပိုင်း (၁)မှ (၈)အထိပါ မြေကိစ္စ (၁၀၂၂၅)မှုအပေါ် စိစစ်ခဲ့ရာ ပြန်လည်စွန့်လွှတ်မြေများမှာ အသုံးပြုရန်ထက် ပိုမိုမှုကြောင့် စွန့်လွှတ်ခြင်းမြေကိစ္စ (၁၇၄)မှုတွင် မြေဧရိယာ (၇၅၆၁၉ ဒသမ ၉၆) ဧက၊ အသုံးမပြု၍ အားလုံးစွန့်လွှတ်ခြင်း မြေကိစ္စ (၂၉၉)မှုတွင် မြေဧရိယာ (၄၃၇၀၈ ဒသမ ၇၁၈)ဧက စုစုပေါင်း မြေကိစ္စ (၄၇၃)မှု၌ မြေဧရိယာ (၁၁၉၃၂၈ ဒသမ ၆၇၈)ဧကကို ပြန်လည်စွန့်လွှတ်နိုင်ရန် စိစစ်နိုင်ခဲ့ပါကြောင်း။

ထို့ပြင် အစီရင်ခံစာ အပိုင်းများတွင် ပါဝင်ခြင်းမရှိသော်လည်း သီးခြားစွန့်လွှတ်သည့် မြေကိစ္စများတွင် ကာကွယ်ရေးဝန်ကြီးဌာန၊ အခြားဝန်ကြီးဌာနများနှင့် ကုမ္ပဏီအဖွဲ့အစည်းများမှ ပြန်လည်စွန့်လွှတ်ပေးခဲ့သည့်အတွက် သီးခြားပြန်လည် စွန့်လွှတ်မြေစုစုပေါင်း (၉၃၄)မှုတွင် မြေဧရိယာ (၂၂၄၄၀၃ ဒသမ ၀၇၉)ဧကဖြစ်ပါကြောင်း။

ဗဟိုကော်မတီအနေဖြင့် ယနေ့အချိန်အထိ ဆက်လက်စိစစ်ဆဲမြေကိစ္စအမှုတွဲပေါင်းမှာ အစီရင်ခံစာအပိုင်း (၄)တွင် (၂)မှု၊ အပိုင်း (၅)တွင် (၁၀၆)မှု၊ အပိုင်း (၆)တွင် (၄၆၄)မှု၊ အပိုင်း (၇)တွင် (၈၁)မှု၊ အပိုင်း (၈)တွင် (၁၈၇၅)မှု၊ အပိုင်း (၉)တွင် (၁၈၀၆)မှု၊ အပိုင်း (၁၀)တွင် (၁၆၀၁)မှု၊ အပိုင်း (၁၁)တွင် (၈၆၇)မှုရှိပြီး ယင်းအမှုများကို လွှတ်တော်ကိုယ်စားလှယ်များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

**(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ၂၀၁၂ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း အစီရင်ခံစာဖတ်ကြားတင်သွင်း

**နေပြည်တော် မေ ၂၁**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၀) ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကမာရွတ်မဲဆန္ဒနယ်မှ ဒေါက်တာစိုးရင်၏ **ကမာရွတ်မြို့နယ်၊ အမှတ်(၈) ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ မြေအမှတ် (၅၄/အေ)တွင် YCDC ၏ ခွင့်ပြုချက်ဖြင့် (၅)ထပ်တိုက် ဆောက်လုပ်မှုကို အရေးယူပေးရန် ပန်ကြားချက်နှင့် ပတ်သက်၍ မည်ကဲ့သို့ ဆောင်ရွက်ထားသည်ကို သိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန



ကျောက်တံခါး မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်ဆွေ။

ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက ကမာရွတ်မြို့နယ်၊ ၈-ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ် (၅၄/အေ)၌ ဆောက်လုပ်လျက်ရှိသည့် ၅ ထပ်တိုက်အဆောက်အအုံသည် ရပ်ကွက်အတွင်းရှိ နေထိုင်သူများက ကန့်ကွက်ထားသော်လည်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ တည်ဆဲအဆောက်အအုံဆိုင်ရာ သတ်မှတ်ချက်များနှင့် ကိုက်ညီခြင်းကြောင့် ဆောက်လုပ်ခွင့်ပြုထားခြင်း ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေ၏ **ဒိုက်ဦးမြို့နယ်ရှိ ဒရယ်မီးချောင်းနှင့် အကြောင်ချောင်းကို တူးဖော်ပေးရန်နှင့် ကျန်ရှိသည့် ချောင်းကော၊ မြောင်းကောများအား တူးဖော်ပေးရန် လုပ်ငန်းများကို ပွင့်လင်းရာသီဖြစ်**



မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ။

**သည့် ယခုအချိန်မှစတင်၍ ကြိုတင်ဆောင်ရွက်ပေးရန်အစီအစဉ် ရှိ/ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ချောင်းမြောင်းတူးဖော်ခြင်းလုပ်ငန်းများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ရန်ပုံငွေ(BE)တွင် လျာထားတောင်းခံထားပြီးဖြစ်သော်လည်း ရန်ပုံငွေ ခွင့်ပြုချက်ရရှိပြီးမှသာ လုပ်ငန်းများ စတင်ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ကျောက်တံခါး မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်ဆွေ၏ **ရန်ကုန်-မန္တလေး ကားလမ်းမကြီးနှင့် ခင်အင်းကြီး၊ ဘိုကုန်း၊ ဆားပြင်ကျေးရွာများသို့ ဆက်သွယ်ထားသော လမ်းမကြီးအား မည်သည့်အချိန်တွင် ပြုပြင်ပေးမည်ကိုသိလိုခြင်း**နှင့် စပ်လျဉ်း၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေက ရန်ကုန်-မန္တလေးလမ်းမကြီးနှင့် ခင်အင်းကြီး-ဘိုကုန်း- ဆားပြင်ကျေးရွာဆက်သွယ်သောလမ်းသည် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေ၌ ခွင့်ပြုထားခြင်း မရှိပါသဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေး အစီအစဉ်အတိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ရွှေက ၂၀၁၂ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအစီရင်ခံစာဖတ်ကြားတင်သွင်းခဲ့သည်။ **(သတင်းစဉ်)**


# ဟဲကင်းရေလွှဲဆည်နှင့် ကုန်းကြီးရေလွှဲဆည် တည်ဆောက်လျက်ရှိ

**မုံရွာ မေ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးမှုအရ သဖန်းဆိပ်ဆည်အနောက်ဘက်ကမ်းရှိ လယ်မြေများ ရေရရှိရေးအတွက် လယ်မြေဧရိယာဧက ၂၀၀ ခန့်ကို ရေပေးဝေနိုင်ရန် ဟဲကင်းရေလွှဲဆည်နှင့် လယ်မြေ ၃၈ ဧကကို ရေပေးဝေနိုင်ရန် ကုန်းကြီးရေလွှဲဆည်တို့ကို ၂၀၁၄-၂၀၁၅ ခုနှစ်မှစတင်၍ အကောင်အထည်ဖော်တည်ဆောက်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄) တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ကုန်းကြီးရေလွှဲဆည်ကို ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် ရေရှင်ကျေးရွာအုပ်စု ရေရှင်ကျေးရွာနှင့် ကုန်းကြီးကျေးရွာအကြားရှိ နန်းကြီးသာချောင်း၏ လက်တက်ငယ်ဖြစ်သော သရက်နီချောင်းပေါ်တွင် အလျား ၈၁ ပေ၊ အကျယ် ပေ၂၀ သံကူကွန်ကရစ်ရေလွှဲဆည်အဖြစ် တည်ဆောက်လျက်ရှိကြောင်း သိရသည်။ ထို့အတူ ဟဲကင်းရေလွှဲဆည်ကို ကျွန်းလှမြို့နယ် ရေရှင်ကျေးရွာအုပ်စု ဟဲကင်းကျေးရွာအနီး နန်းကြီးသာချောင်း၏ လက်တက်ငယ် နမော်ချောင်းပေါ်တွင် အလျား ၉၁ ပေ၊ အကျယ် ပေ ၄၀ ရှိ သံကူကွန်ကရစ်ရေလွှဲဆည်ကို၂၀၁၄-၂၀၁၅ ခုနှစ်တွင် စတင်တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။ ဟဲကင်းရေလွှဲဆည်၏ နှစ်စဉ်ပျမ်းမျှ စီးဝင်ရေသည် ဧက ပေ ၁၁၀၀ ခန့်ရှိမည်ဖြစ်ပြီး ကုန်းကြီးရေလွှဲဆည်၏ နှစ်စဉ်ပျမ်းမျှ စီးဝင်ရေသည် ဧက ပေ၂၁၀ ရှိမည်ဖြစ်ကြောင်း သိရသည်။ ဟဲကင်းရေလွှဲဆည်နှင့် ကုန်းကြီးရေလွှဲဆည်တည်ဆောက်ခြင်းအနေဖြင့် ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ဆည်ရေသောက်စနစ်တည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးရေးလမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ဒေသနေပြည်သူလူထုနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ဟဲကင်းရေလွှဲဆည်နှင့် ကုန်းကြီးရေလွှဲဆည်တို့အား ၂၀၁၅-၂၀၁၆ ခုနှစ်တွင် အပြီးတည်ဆောက်၍ ဟဲကင်းရေလွှဲဆည်မှ လယ်မြေဧက၂၀၀ ခန့်နှင့် ကုန်းကြီးရေလွှဲဆည်မှ လယ်မြေ ၃၈ ဧကကို ရေပေးဝေနိုင်ရန်နှင့် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာစေရန် အားထည့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



# ပြည်တွင်းရေးရာ



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း စစ်တွေမြို့ ဦးဥတ္တမခန်းမတွင် ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ်။ (သတင်းစဉ်)

## ☆ ပြည်နယ်မှ

မဝေးတော့သည့်ကာလတွင် ပြည်နယ်၏ အခြေခံလိုအပ်ချက်များဖြစ်သည့် လျှပ်စစ်မီးအပါအဝင် သောက်သုံးရေ၊ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ပညာရေးနှင့် ကျန်းမာရေး စသည်တို့လည်း တဖြည်းဖြည်းပြည့်စုံလာမည်ဟု ယုံကြည်ပါကြောင်း၊ ယခုလို တိုးတက်မှုများရရှိလာခြင်းသည် တစ်ဦးကောင်း၊ တစ်ယောက်ကောင်းနှင့် ရလာခြင်းမဟုတ်ပါကြောင်း၊ နိုင်ငံတော်အစိုးရ၊ ပြည်နယ်အစိုးရနှင့် ပြည်သူများ၏ ပူးပေါင်းပါဝင်မှု၊ ကြိုးစားအားထုတ်မှုကြောင့် ဖြစ်ပါကြောင်း။

လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးသည် ပထမရှိရမည့် အရင်းခံလိုအပ်ချက်ဖြစ်၍ ပြည်နယ်တည်ငြိမ်အေးချမ်းရေးအတွက် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုများစွာ အရေးကြီးပါကြောင်း။

ရခိုင်ပြည်နယ်၏ ပြောင်းလဲမှုများကိုလည်း အမြဲမပြတ်စောင့်ကြည့်နေပါကြောင်း၊ ပြီးခဲ့သည့် ဒီဇင်ဘာလကုန်မှစ၍ လျှပ်စစ်မီးလွှတ်အထိမ်းအမှတ် အခမ်းအနား၊ ရခိုင်ရိုးရာယဉ်ကျေးမှုပြိုင်ပွဲများဖြစ်သည့် ကျင်ကိုင်ပွဲနှင့် ရထားဆွဲပွဲစသည့် အားကစားပြိုင်ပွဲများ၌ လူကြီး၊ လူငယ်မြို့လုံးကျွတ်ပါဝင် ဆင်နွှဲကြသည်မှာ အားရဂုဏ်ယူဖွယ်ဖြစ်ရပါကြောင်း၊ ဤသည်မှာ ပြည်နယ်ဝန်ကြီးချုပ်၏ ဦးဆောင်မှုနှင့် ပြည်နယ်သူ ပြည်နယ်သားများ ပူးပေါင်းပါဝင်မှုကြောင့် ပေါ်ထွက်လာသည့်ဖြစ်စဉ်များ ဖြစ်ပါကြောင်း၊ ယခုလာရောက်ရခြင်းသည် ပြည်နယ်သူပြည်နယ်သားများ၏ အောင်မြင်မှုကိုဂုဏ်ပြုရန်နှင့် ပြည်နယ်မှ လိုအပ်သည့် ကျန်းမာရေး၊ ပညာရေးမှအစ အခြားဆိုင်ရာလိုအပ်ချက်များကို ပံ့ပိုးကူညီနိုင်ရန် လာရောက်ခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ မြို့မိမြို့ဖ ဦးသန်းထွန်းနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးသာပွင့်တို့က ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းနှင့် ပြည်နယ်အဆင့် တာဝန်ရှိသူများက တင်ပြချက်များအပေါ် ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တင်ပြချက်များအပေါ် ဒုတိယသမ္မတက သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့ အထွေထွေရောဂါကုဆေးရုံကြီး အဆင့်မြှင့်တင်မှုလုပ်ငန်းများနှင့် ဆေးရုံတက်လူနာများကို လှည့်လည်ကြည့်ရှုပြီး အားပေးစကားပြောကြားသည်။

ထိုမှတစ်ဆင့် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် စစ်တွေမြို့ရှိ ပြည်ထောင်စုအဆင့် အရေးပေါ်ပေါင်းစပ်ညှိနှိုင်းရေး စင်တာရုံး၌ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများနှင့် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ပြည်နယ်အဆင့်တာဝန်ရှိသူများအား တွေ့ဆုံ၍ ရခိုင်ပြည်နယ်အတွင်းရှိ ကယ်ဆယ်ရေးစခန်းများကို ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)၊ UNICEF, UNDP, MSF နှင့် UNOCHA တို့မှ တာဝန်ရှိသူများက ယခုကဲ့သို့ အပြုသဘောဆောင် ဆွေးနွေးခွင့်ရသည့်အတွက် ကျေးဇူးတင်ပါကြောင်း၊ လက်ရှိပင်လယ်ပြင်တွင် ရောက်ရှိနေသည့် လှေစီးသူများ ကမ်းခြေသို့ရောက်ရှိရေးသည် အရေးကြီးပါကြောင်း၊ ပင်လယ်ပြင်ရှိ လှေများပေါ်တွင်ပါရှိသည့် ကလေးသူငယ်များနှင့် လူငယ်များ၏ အာဟာရ၊ စိတ်ပိုင်းဆိုင်ရာနှင့် ကျန်းမာရေးဆိုင်ရာများ ပံ့ပိုးကူညီပေးရန် လိုအပ်ပါကြောင်း၊ ၎င်းတို့အနက် မိသားစုနှင့် ကွဲကွာပါရှိလာသည့် ကလေးများ၏ အသက်ရှင်ရပ်တည်ရေးအတွက် သီးခြားဂရုစိုက် စောင့်ရှောက်မှုမျိုးလိုအပ်ပါကြောင်း။

အဆိုပါကိစ္စရပ်များဆောင်ရွက်နိုင်ရန်အတွက် ပြည်နယ်အစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် လိုအပ်သောပစ္စည်းများအား ကြိုတင်နေရာချထား ဆောင်ရွက်နေပါကြောင်း၊ ယူနီဆက်တွင် ကလေးသူငယ်ဆိုင်ရာ ကာကွယ်စောင့်ရှောက်ရေးအတွက် ကျွမ်းကျင်သူများရှိပြီး ကလေးသူငယ်များ၏ ပညာရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စများတွင် ကူညီစောင့်ရှောက်ပေးရန်အသင့်ဖြစ်ပါကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့်လည်း ကူညီစောင့်ရှောက်မှုများကို လုပ်ဆောင်လျက်ရှိပါကြောင်း ဝိုင်းဝန်းဆွေးနွေးကြသည်။

အဆိုပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဆွေက ၂၀၁၅ ခုနှစ် မေ ၂၀ ရက်တွင် နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် မြန်မာနိုင်ငံအစိုးရအဖွဲ့၏ သဘောထားထုတ်ပြန်ချက်ကို ပြန်လည်ဖတ်ကြားခဲ့သည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ယခုခရီးစဉ်အတွင်း စစ်တွေမြို့နယ် သက္ကေပြင်ကယ်ဆယ်ရေးစခန်းသို့ သွားရောက်ပြီး ဘင်္ဂါလီရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ ကျန်းမာရေး၊ ပညာရေးလိုအပ်ချက်များအတွက် တင်ပြချက်များအပေါ် အတတ်နိုင်ဆုံး ဆောင်ရွက်ပေးနိုင်ရန် ဆွေးနွေးညွှန်ကြားခဲ့ကြောင်း ပြောကြားသည်။


ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အနက် ရခိုင်ပြည်နယ်အတွင်းရှိ ကယ်ဆယ်ရေးစခန်းများတွင် ယာယီတဲစခန်းများဖြင့် နေထိုင်ကြသူများအား မိသားစုတစ်ခုချင်းစီအလိုက် နေထိုင်နိုင်သည့် လုံးချင်းအိမ်ရာများကို ဆောက်လုပ်နေရာချထားပေးလျက်ရှိရာ ပထမအဆင့်အနေဖြင့် လုံးချင်းအိမ်ရာ ၅၀၉၁ လုံးကို တည်ဆောက်ရန် လျာထားသည့်အနက် လုံးချင်းအိမ်ရာအလုံးပေါင်း ၂၀၀၀ ကို တည်ဆောက်နေရာချထားပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

■ မဝေးတော့သည့်ကာလတွင် ပြည်နယ်၏ အခြေခံလိုအပ်ချက်များဖြစ်သည့် လျှပ်စစ်မီး အပါအဝင် သောက်သုံးရေ၊ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ပညာရေးနှင့် ကျန်းမာရေး စသည်တို့လည်း တဖြည်းဖြည်းပြည့်စုံလာမည်

■ ယခုလို တိုးတက်မှုများ ရရှိလာခြင်းသည် တစ်ဦးကောင်း၊ တစ်ယောက်ကောင်းနှင့် ရလာခြင်း မဟုတ်ပါကြောင်း၊ နိုင်ငံတော်အစိုးရ၊ ပြည်နယ်အစိုးရနှင့် ပြည်သူများ၏ ပူးပေါင်းပါဝင်မှု၊ ကြိုးစားအားထုတ်မှုကြောင့်ဖြစ်



ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ အဆောက်အအုံများ ဆောက်လုပ်နေသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)



ပေါက်တောမြို့နယ် ကြိမ်နီပြင်စခန်း (ကန်ပြင်ကျေးရွာ) တွင် ဆောက်လုပ်ထားသည့် လုံးချင်းအိမ်ရာများကို တွေ့ရစဉ်။ (သတင်းစဉ်)

## ပြည်တွင်းရေးရာ



ဒုတိယသမ္မတ ဦးညဏ်ထွန်း ပင်လယ်ပြင်အတွင်း တရားမဝင် ရွှေ့ပြောင်းသွားလာသူများဆိုင်ရာ အရေးပေါ်စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

**✻ ပင်လယ်တွင်းမှ**

ထိုကဲ့သို့ တားဆီးနိုင်ရန်အတွက် မြန်မာ့ရေပိုင်နက်အတွင်း ပုံမှန်ကင်းလှည့်ခြင်း၊ ဘေးဒုက္ခရောက်သူများအား ရှာဖွေကယ်ဆယ်ခြင်းတို့ကို တပ်မတော်၏ ပင်လယ်ရေကြောင်း လုံခြုံရေးဆိုင်ရာ အဓိကတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုသတင်းဖြစ်ပေါ်နေသည့် ပင်လယ်တွင်း လှေစီးဒုက္ခသည်များသည် လူမှောင်ခိုမှု၊ လူကုန်ကူးမှုများကို စီးပွားရေးလုပ်ငန်းကြီးတစ်ရပ်သဖွယ် ဆောင်ရွက်နေသည့် နိုင်ငံတကာ ရာဇဝတ်ဂိုဏ်းများ၏ သားကောင်များသာဖြစ်ကြောင်း၊ ယခုဖြစ်ရပ်များသည် နိုင်ငံဖြတ်ကျော် မှုခင်းများဖြစ်ပါကြောင်း။

အဆိုပါ ပင်လယ်တွင်း လှေစီးဒုက္ခသည်များသည် မြန်မာနိုင်ငံမှလာသည်ဟု စွပ်စွဲပြောဆိုနေမှုများသည် မြန်မာနိုင်ငံမှ နည်းပါးသည့် အရေအတွက် ပါဝင်ကောင်း ပါဝင်နိုင်သော်လည်း အများစုမှာ မိမိတို့နိုင်ငံမှ မဟုတ်သည်ကို ပြတ်ပြတ်သားသား ပြောကြားလိုပါကြောင်း၊ မြန်မာနိုင်ငံသား ဟုတ်မဟုတ် လိုအပ်သည့် ဇာစ်မြစ်ကို စိစစ်ခြင်း၊ နိုင်ငံတကာကောင်စစ်လုပ်ငန်းများနှင့်အညီ စိစစ်မှုများကို ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံသားဖြစ်ကြောင်း အတည်ပြုနိုင်ပါက ကာကွယ်စောင့်ရှောက်မှုများ ပြုလုပ်ပေးခြင်း၊ မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူခြင်းများ ပြုလုပ်သွားမည်ဖြစ်ပါကြောင်း။

ယခုနှစ် မတ်လအတွင်းတွင် မလေးရှားနိုင်ငံ လန်ကာဝီကျွန်းတွင် ထိန်းသိမ်းထားသည့် တရားမဝင် မြန်မာအလုပ်သမား ၁၀၂ ဦးကို တပ်မတော်(ရေ)စစ်ရေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့သည့်ဖြစ်စဉ်နှင့် ယခုလအတွင်း အင်ဒိုနီးရှားနိုင်ငံတွင် ဒုက္ခရောက်နေသည့် မြန်မာရေလုပ်သား ၅၀၀ ခန့် လေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ စတင်ခေါ်ဆောင်နေသည့် လုပ်ဆောင်ချက်များကိုကြည့်ပါက မိမိတို့အစိုးရအနေဖြင့် မြန်မာနိုင်ငံသားမှန်ကန်ပါက လူမျိုး၊ ဘာသာမခွဲခြားဘဲ လိုအပ်သော ကာကွယ်စောင့်ရှောက်မှုများ ပေးအပ်နေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်။

ယာယီသက်သေခံကတ်ပြား ပြန်လည်အပ်နှံခြင်းနှင့် နိုင်ငံသားစိစစ်မှုလုပ်ငန်းများကိုလည်း နိုင်ငံသားဥပဒေနှင့်အညီ အေးချမ်းစွာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဤလုပ်ငန်းစဉ်တွင်လည်း လူမျိုးရေးခွဲခြားဆက်ဆံမှု အခြေခံခြင်းမဟုတ်ဘဲ နိုင်ငံသားစိစစ်မှု လုပ်ရိုးလုပ်စဉ်လုပ်ငန်းသာ ဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းစဉ်ကြောင့် မိမိနိုင်ငံအား စွန့်ခွာသွားသူများ မရှိနိုင်ပါကြောင်း။

ရခိုင်ပြည်နယ်အခြေအနေသည် ၂၀၁၂ ခုနှစ် ပဋိပက္ခဖြစ်ပွားသည့်အချိန်နှင့် များစွာကွာခြားနေပြီဖြစ်ကြောင်း၊ လူ့အသိုက်အဝန်းနှစ်ခုကြား ပဋိပက္ခဖြစ်ပွားခြင်း မရှိသည့်အပြင် ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်နေရသူများကို အမြဲတမ်းနေထိုင်ရမည့်နေရာများသို့ ရွှေ့ပြောင်းအခြေချနိုင်ရေးအတွက် အိမ်ရာများ ဆောက်လုပ်ပေးနေသကဲ့သို့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းသစ်များ ဖော်ထုတ်ပေးလျက်ရှိပါကြောင်း၊ ပညာရေးအခွင့်အလမ်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိနိုင်အောင်လည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

အလားတူပင် နိုင်ငံသားစိစစ်ရေးလုပ်ငန်းများလည်း စနစ်တကျ ဆောင်ရွက်လျက်ရှိကြောင်း၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရကသာမက နိုင်ငံတကာ အဖွဲ့အစည်းများကလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ကြောင့် ရခိုင်ပြည်နယ်အတွင်း ဖိနှိပ်မှုများ၊ ခွဲခြားဆက်ဆံမှုများကြောင့် ထွက်ပြေးလာသည်ဆိုသည့် မှန်းဆပြောဆိုချက်များသည် လက်ရှိအခြေအနေနှင့် ကွဲလွဲနေပါကြောင်း၊ စီးပွားရေးအခြေအနေအရ ရွှေ့ပြောင်းအခြေချလိုသူ အချို့ရှိနိုင်သည့်အတွက် ပြည်နယ်အတွင်း လူမှောင်ခိုတားဆီးကာကွယ်ရေးလုပ်ငန်းများကို အလေးထား ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ထို့အပြင် ရခိုင်ပြည်နယ်ရှိ ဘင်္ဂါလီအသိုက်အဝန်းအား လူမှောင်ခိုကူးသူများက စည်းရုံးဆွဲဆောင်မှု မပြုနိုင်ရေး၊ ပင်လယ်ပြင် တရားမဝင်ထွက်ခွာခြင်းဖြင့် စိတ်ကူးယဉ်မျှော်လင့်ချက်များထက် လက်တွေ့တွင် အသက်ဆုံးရှုံးသည်အထိ အန္တရာယ်ကြီးမားကြောင်း အသိပညာပေးရေး၊ ဘင်္ဂါလီစခန်းများတွင် ဘဝလုံခြုံမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းဖြင့် အနာဂတ်မျှော်လင့်ချက် ရှင်သန်စေရေးအတွက် ပိုမိုတိုးတက်ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း။

မြန်မာနိုင်ငံပိုင်နက်ရေပြင်အား ကြားစခန်းထောက်အဖြစ် အသုံးပြုသွားလာမှုများကိုလည်း ပင်လယ်ပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များက အမြဲမပြတ်စောင့်ကြည့်ပြီး လိုအပ်သည့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်သွားကြရန် ဖြစ်ပါကြောင်း၊ မြန်မာ့ရေပိုင်နက်အတွင်း ရောက်ရှိလာသည့် ပင်လယ်တွင်း လှေစီးဒုက္ခသည်များကိုလည်း ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ကာ လူသားချင်းစာနာမှု အကူအညီများပေးပြီး မည်သည့်နိုင်ငံမှ အစပြုသည်ဖြစ်စေ လိုအပ်သော ကာကွယ်စောင့်ရှောက်မှု၊ စိစစ်မှုများ ပြုလုပ်ခြင်း၊ သက်ဆိုင်ရာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် လူမှောင်ခိုမှု၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးနှင့် တရားမဝင် ရွှေ့ပြောင်းသွားလာမှု ပြဿနာများသည် ဒေသတွင်း၌ ဖြစ်ပွားနေသည့် ပြဿနာဖြစ်သည့်အတွက် မိမိတို့နိုင်ငံတစ်နိုင်ငံတည်း ဆောင်ရွက်သွားရန် ခက်ခဲပါကြောင်း၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းပြီး တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ ပူးပေါင်းဆောင်ရွက်မှုများ

**စာမျက်နှာ ၁၀ သို့ ❖**



ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်။

**ပင်လယ်တွင်း လှေစီးဒုက္ခသည်များသည် မြန်မာနိုင်ငံမှလာသည်ဟု စွပ်စွဲပြောဆိုနေမှုများသည် မြန်မာနိုင်ငံမှ နည်းပါးသည့်အရေအတွက် ပါဝင်ကောင်းပါဝင်နိုင်သော်လည်း အများစုမှာ မိမိတို့နိုင်ငံမှ မဟုတ်သည်ကို ပြတ်ပြတ်သားသား ပြောကြားလို။**



ဘင်္ဂါလီများ တင်ဆောင်ပို့ဆောင်ပေးသည့် လူမှောင်ခိုရေယာဉ်အတွင်းပိုင်းနေရာများကို တွေ့ရစဉ်။

❖ **စာမျက်နှာ ၉ မှ**

တိုးမြှင့်ဆောင်ရွက်ခြင်း၊ လူကုန်ကူးမှုကို ဖြစ်ပေါ်စေသည့် အကြောင်းအရင်းများကိုဖယ်ရှားရန် ထိရောက်မြန်ဆန်သည့် အကောင်အထည်ဖော်မှုများ ဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်သွားရမည် ဖြစ်ပါကြောင်း။

ပြဿနာကို လွဲမှားသည့်ရပ်တည်ချက်များ လက်တွေ့နှင့်ကင်းကွာသည့် ရပ်တည်ချက်၊ ရှုမြင်ချက်များနှင့် တရားသေဆုပ်ကိုင်ပြီး ဖြေရှင်းရန် ကြိုးပမ်းခြင်းသည် မှန်ကန်သည့်အဖြေ ဒေသတွင်းနိုင်ငံများအားလုံးအတွက် အကျိုးဖြစ်မည့်ရလဒ်များနှင့် ဝေးကွာစေမည်ဖြစ်ပါကြောင်း၊ ယခုပြဿနာကို တစ်ယူသန်တံဆိပ်ကပ်စွပ်စွဲမှုများလုပ်ပြီး ချဉ်းကပ်ပါက ပူးပေါင်းဆောင်ရွက်မှု အားနည်းသွားစေနိုင်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက အရှေ့တောင်အာရှနိုင်ငံများသို့သွားရောက်ရာမှ စက်ချွတ်ယွင်းပြီး မြန်မာ့ရေပိုင်နက်သို့ ရောက်ရှိလာသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများအား အရေးယူခဲ့မှု၊ သက်ဆိုင်ရာနိုင်ငံသို့ ပြန်လည်ပို့ဆောင်မှု အခြေအနေများနှင့်ပတ်သက်ပြီး ပြောကြားရာတွင် ၂၀၁၁ ခုနှစ် ဧပြီ ၁ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့နယ်ခွဲရှိ စလူချိုင်ရွာပင်လယ်ကမ်းစပ်သို့ ရောက်ရှိလာသော ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၆၀ နှင့် ၂၀၁၂ ခုနှစ် မတ် ၇ ရက်တွင် ပုသိမ်ခရိုင် ငရုတ်ကောင်းမြို့နယ်ခွဲရှိ ကွင်းဘတ်ကျေးရွာ ပင်လယ်ကမ်းစပ်သို့ရောက်ရှိလာသော ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၄၈ ဦးတို့ကို ဥပဒေနှင့်အညီ အရေးယူခဲ့ပါကြောင်း။

၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၂ ရက်တွင် ပုသိမ်ခရိုင် ငရုတ်ကောင်းမြို့နယ်ခွဲရှိ ပန်းမှော်ကျေးရွာနှင့် အုန်းကျွန်းကြီးကျေးရွာကြား ပင်လယ်ပြင်တွင် ရောက်ရှိလာသည့် စက်လှေတစ်စင်းအား တပ်မတော်စစ်ကြောင်းမှ တွေ့ရှိခဲ့သော ဘင်္ဂါလီအမျိုးသား ၁၇၉ ဦးအားလည်းကောင်း၊ ၂၀၁၃ ခုနှစ် ဩဂုတ် ၁၉ ရက်တွင် ပုသိမ်ခရိုင် ငရုတ်ကောင်းမြို့နယ်ခွဲရှိ နံသာပုကျေးရွာမှ ကိုက်ငါးဆယ်ခန့်အကွာရှိ ပင်လယ်ရေပြင်တွင် စက်လှေပေါ်မှ ခုန်ချထွက်ပြေးလာသော ဘင်္ဂလားဒေ့ရှ် နိုင်ငံသား ၃၆ ဦးအား လည်းကောင်း၊ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် သာစည်ကုန်းရွာမှ လေးဖာလုံခန့်အကွာရှိပင်လယ်ပြင်တွင်တွေ့ရှိခဲ့သော စက်လှေတစ်စင်းပေါ်မှ ဘင်္ဂါလီလူမျိုး ၁၆ ဦးအားလည်းကောင်း၊ ၂၀၁၄ ခုနှစ် ဧပြီ ၅ ရက်တွင် မောင်တောမြို့နယ် အင်ဒင်ကျေးရွာအုပ်စုရှိ အင်ဒင်အနောက်ရွာမှ ကိုက်နှစ်ရာခန့်ရှိပင်လယ်ပြင်အတွင်းတွေ့ရှိခဲ့သော စက်လှေတစ်စင်းပေါ်မှ ဘင်္ဂလားဒေ့ရှ် နိုင်ငံသား ၈၅ ဦးအားလည်းကောင်း၊ ၂၀၁၅ ခုနှစ် မေ ၁၇ ရက်တွင် မောင်တောမြို့နယ် ဥဒေါင်းအနောက် (အနောက်ရွာ)အနီး ကန်ပူးချောင်း ပုစွန်ကန်ရှိ တဲအတွင်းမှတွေ့ရှိခဲ့သော ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၁၁ ဦးအား လည်းကောင်း လိုအပ်သော စိစစ်မှုများပြုလုပ်၍ အုပ်ချုပ်မှုကိစ္စရပ်များ စီစဉ်ဆောင်ရွက်ပေးပြီး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်က အရှေ့တောင်အာရှနိုင်ငံအချို့တွင် လုပ်အားခသက်သာသည့် အလုပ်သမားများ လိုအပ်နေခြင်းနှင့် စေခိုင်းမှုများရှိနေခြင်းတို့ကြောင့် ဒေသတွင်းလူမှောင်ခိုဈေးကွက်ဖြစ်ပေါ်ကာ ရေလမ်းကြောင်းမှ လူမှောင်ခိုကူးမှုသည် ကာလကြာမြင့်စွာကပင် ဖြစ်ပေါ်နေခဲ့ကြောင်း၊ တပ်မတော်(ရေ)အနေဖြင့် တရားမဝင်လူကုန်ကူးမှုကို တားဆီးနှိမ်နင်းလျက်ရှိပြီး ၂၀၁၂ ခုနှစ်အတွင်း လူမှောင်ခိုလှေနှစ်စင်းအားလည်းကောင်း၊ ၂၀၁၃ ခုနှစ်အတွင်း လူမှောင်ခို လှေတစ်စင်းနှင့် လူမှောင်ခိုသယ်ဆောင်ရန်ရည်ရွယ်ချက်ဖြင့် ပိုင်နက်ပင်လယ်အတွင်း တရားမဝင် ဝင်ရောက်လာသည့် ပြည်ပငါးခိုလှေနှစ်စင်း စုစုပေါင်း သုံးစင်းအားလည်းကောင်း၊ ၂၀၁၄ ခုနှစ်အတွင်း လူမှောင်ခိုလှေငါးစင်းအားလည်းကောင်း၊ ၂၀၁၅ ခုနှစ် ပထမလေးလပတ်ကာလအတွင်း လူမှောင်ခိုသယ်ဆောင်ရန်ရည်ရွယ်ချက်ဖြင့် ပိုင်နက်ပင်လယ်အတွင်း တရားမဝင်ဝင်ရောက်လာသည့် ပြည်ပ ငါးခိုးလှေတစ်စင်းအားလည်းကောင်း ဖမ်းဆီးနိုင်ခဲ့ကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံများတွင် ရောက်ရှိနေသည့် ပင်လယ်လှေစီးဒုက္ခသည်များအနက်မှ မြန်မာနိုင်ငံသားများဟု ပြောဆိုနေသူများနှင့်ပတ်သက်ပြီး နိုင်ငံတကာ ကောင်စစ်လုပ်ငန်းများနှင့်အညီ စိစစ်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ လူမှောင်ခိုမှု၊ လူကုန်ကူးမှုများကို ကာကွယ်တားဆီးနှိမ်နင်းနိုင်ရန်အတွက် ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မေ ၂၅ ရက်တွင် ထိုင်းနိုင်ငံ၌ ပြုလုပ်မည့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတွင် မြန်မာနိုင်ငံမှပါဝင်တက်ရောက်နိုင်ရေးအတွက် လိုအပ်သောပြင်ဆင်ဖွဲ့စည်းမှုများ ပြုလုပ်ထားပြီးဖြစ်ကြောင်း၊ အစည်းအဝေးအစီအစဉ်၊ လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်ပြီး အိမ်ရှင်ထိုင်းနိုင်ငံနှင့် အသေးစိတ်ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ဦးရဲထွဋ်နှင့် ဒုတိယဝန်ကြီးများက ပင်လယ်ပြင်အတွင်းတရားမဝင်ရွှေ့ပြောင်းသွားလာသူများဆိုင်ရာ အရေးပေါ် စီမံခန့်ခွဲမှုအတွက် ဝန်ကြီးဌာနအလိုက် ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတက ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတွင် ရွေးကောက်ပွဲဆိုင်ရာအသိပညာပေးသင်တန်းဖွင့်

**နေပြည်တော် မေ ၂၀**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး သင်တန်းအမှတ်စဉ် (၃/ ၂၀၁၅) သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၈နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဦးတင်အေးက အဖွင့်အမှာစကားပြောကြားသည်။



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး ရွေးကောက်ပွဲဆိုင်ရာအသိပညာပေး သင်တန်းအမှတ်စဉ် (၃/ ၂၀၁၅) သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တွင် ရှိကြသည့် ဝန်ထမ်းများ၊ နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များနှင့် အမိန့်ညွှန်ကြားချက်များကို သိရှိနားလည်ပြီး မိမိတာဝန်ယူရမည့် လုပ်ငန်းများအား ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်စေရန်နှင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို ဥပဒေနှင့်အညီ လွတ်လပ်မျှတပြီးပွင့်လင်းမြင်သာစွာ ကျင်းပပေးနိုင်စေရန်အတွက် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး သင်တန်းများကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း။

ခရိုင်ကော်မရှင် အဖွဲ့ခွဲများအနေဖြင့် ဆင့်ကဲဆင့်ကဲသင်တန်းပေးသွားရမည်ဖြစ်ပြီး ကြီးကြပ်ရမည်ဖြစ်သည့်အတွက် ပို့ချချက်များကို နားလည်သဘောပေါက်အောင် ဆွေးနွေးကြရန်လိုကြောင်း၊ နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများအနေဖြင့်လည်း မိမိအဖွဲ့ဝင်များနှင့် ပြည်သူလူထုအား ဆင့်ပွားအသိပညာပေးရန် လိုကြောင်း၊ ဥပဒေကိုသိရှိမှသာ လိုက်နာဆောင်ရွက်နိုင်မည်ဖြစ်ပြီး ယှဉ်ပြိုင်ဘက်ပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကော်မရှင်၏ ဆောင်ရွက်ချက်များအပေါ် စောင့်ကြည့်လေ့လာထောက်ပြပြီး Check & Balance ပြုလုပ်၍ ဥပဒေ၏အကာအကွယ်ရယူနိုင်မှာဖြစ်ကြောင်း။

ယခင်ရွေးကောက်ပွဲများ၏ အားနည်းချက်ဖြစ်သည့် မဲစာရင်းနှင့် ကြိုတင်မဲကိစ္စအတွက် အလေးထားဆောင်ရွက်ခဲ့ကြောင်း၊ အခြေခံမဲစာရင်းကို တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ကြိုတင်ဆောင်ရွက်လျက်ရှိကြောင်း၊ မေ ၂၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ၁၄ မြို့နယ်နှင့် နေပြည်တော် ကောင်စီနယ်မြေ ရှစ်မြို့နယ်တို့တွင် ဒုတိယအကြိမ် ကြေညာသွားမည်ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများ အနေဖြင့် မိမိတို့၏ မဲဆန္ဒရှင်များ မဲစာရင်းတွင်ပါရှိရေး ကြည့်ရှုကြရန် အသိပညာပေး တိုက်တွန်းနှိုးဆော်ပေးရန်ဖြစ်ကြောင်း။

ကြိုတင်မဲပေးခြင်းအပိုင်းတွင် ပွင့်လင်းမြင်သာမှုရှိအောင် နည်းဥပဒေနှင့် လုပ်ငန်းလမ်းညွှန်များကိုပြင်ဆင်ထားပြီးဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် တိတိကျကျသိရှိအောင် ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်၊ ဒေါက်တာဒေါ်မြင့်ကြည်၊ ဦးညွန့်တင်နှင့် ဦးဝင်းကိုတို့က ရွေးကောက်ပွဲဆိုင်ရာ သင်ခန်းစာများအား ဆွေးနွေးပို့ချပြီးနောက် သင်တန်းသားများ၏ ဆွေးနွေးမေးမြန်းချက်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းပြောကြားသည်။ အဆိုပါ သင်တန်းကို တိုင်းဒေသကြီးအတွင်းရှိ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ နိုင်ငံရေးပါတီများနှင့် လူမှုအဖွဲ့အစည်းများမှ သင်တန်းသား ၆၁ ဦးဖြင့် မေ ၂၀ ရက်မှ ၂၂ ရက်ထိ နှစ်ရက်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဝိုင်းခြင်းသားတို့ ပျော်စံရာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တွင် ကောင်းမွန်စည်ပင်သော(ကျွန်းရွှေဝါ)ခြင်းရုံရှိပါ၏။ လမ်းနံဘေးများတွင်လည်း မြေနေရာအရ၊ ရာသီဥတုအရ မြန်မာ့ရိုးရာဝိုင်းခြင်းခတ်ကစားနေကြ၏။ ညနေပိုင်းလမ်းလျှောက်ရာမှ မန္တလေးလမ်းမနံဘေးတွင် သုံးလေးဝိုင်းကစားနေကြသည်ကို တွေ့ရ၍ ငေးမောကြည့်ရှုမိပါသည်။ ပထမနေ့မှာပင် တစ်နာရီကျော် အချိန်ကုန်သွားသည်။ အိမ်နီးချင်းမိတ်ဆွေက နှုတ်ဆက်ရင်း မပြန်သေးဘူးလားလို့ပြောမှ သူနှင့်အတူ အိမ်ပြန်၊ ကစားဝိုင်းများက ခတ်နေဆဲပင်ကျန်ရစ်ခဲ့သည်။

ထိုလမ်းကြောင်းက မိမိအတွက် ခွင်တည့်နေသည်။ ညနေပိုင်းလိုလိုသွားရောက်ပြီး ကြည်နူးနေပါသည်။ အသက်အရွယ်ကြီးရင့်သော်လည်း ရုပ်ပိုင်းနှင့် စိတ်ပိုင်းဟန်ချက်ညီနေဆဲမို့ ဝါသနာအရ အထောက်အပံ့ဖြစ်နေ၏။ ပတ်ဝန်းကျင်ကို သတိထားကြည့်မိမှ ကိုယ်လိုစိတ်ပါဝင်စားသူများ၊ လမ်းကြုံ၍ ရပ်နားကြည့်ရှုနေသူများ မနည်းလှပါ။ အချို့လူငယ်၊ လူလတ်များမှာ ကြည့်နေရင်း စိတ်မထိန်းနိုင်ဘဲ ခါးတောင်းကျိုက်ဖြင့် ဝင်နွှဲနေပါလေရော။ တစ်ခါတစ်ရံမို့ မိတ်ဝတ်မပျက် လက်ခံခွင့်ပြုခြင်းဖြစ်ပြီး ဘောင်းဘီဖြင့်(အင်္ကျီပါ)ကစားရန် စည်းကမ်းသတ်မှတ်ထားဟန်တူပါသည်။

ကြည့်ရှုပါများလာသောအခါ ကစားသမားတို့နှင့် မျက်မှန်းတန်းမိရင်းနှီးလာကာ ထိန်းမနိုင်သိမ်းမရ ဝင်ကစားမိပါသည်။ သူတို့စည်းအတွင်းဝင်ပြီး လေ့လာမိပါ၏။ "အပေးအယူ လွန်ကြည်ဖြူ ခြင်းမူစာဂ မျှစိတ္တ" ဟု သိနေကြ၏။ သို့အတွက်ကြောင့်လည်း စိတ်တူကိုယ်တူ ကျန်းမာရေးလိုက်စား ပျော်မြူးလှုပ်ရှားနေကြသည် မဟုတ်ပါလား။ တစ်ခါတလေ ကျွမ်းကျင်သူက (သို့မဟုတ်)မမျှတသူက အားပါးတရ ခတ်ကစား၊ အားနည်းသူ၊ အားနာတတ်သူက ရပ်နေရသလိုမျိုး ရှိနေသည်ကိုလည်း မြင်တွေ့ရ၏။

ခြင်းကစားနေကြစဉ်မှာပင် ရံဖန်ရံခါ အရေးပေါ်လာရောက်ခေါ်၍ ပျာပျာသလဲထွက်သွားကြသည်ကိုလည်း တွေ့ရ၏။ အကြောင်းမှာ နာရေးကိစ္စဖြစ်၍ အလေးထား၊ ရိုင်းပင်းဝိုင်းဝန်းကူညီကြ သည်။ ကစားနေသူ အသီးသီး၏ ခြင်းပညာလေးနက်မှုနှင့် အတူ သူတို့၏ စရိုက်လက္ခဏာများကိုပါ သိမြင်လာရ၏။ များသောအားဖြင့် စိတ်ဓာတ်အခြေခံကောင်းကြပါသည်။

လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ တန်ဆောင်တိုင်ပွဲတော် စသည့်နေ့ထူးနေ့မြတ်တွေမှာ စုပေါင်းညီညာ ဝိုင်းခြင်းများဖြင့် ကြိုဆိုဂုဏ်ပြုလျက် စည်ကားနေသောသမယမှာ ပြောမနာဆိုမနာ အပြုံးကိုယ်စီဟန်ရေးပြခွင့်အလှကို မြင်တွေ့သူမှန်သမျှကအလေးထား အာရုံစိုက်ရလေအောင် ဆွဲဆောင်စည်းရုံးနေတာ၊ ဤမြေကမ္ဘာမှာ ဝိုင်းခြင်းသားတို့ ပျော်စံရာ. . .။ ။

**လေးဝင်း(ကိုယ်စိတ်ကြည်)**

# မိမိရပ်ရွာ/ရပ်ကွက်တွင်

(က) လမ်းသွားရင်း ဆေးလိပ်မသောက် ပါနှင့်။
(ခ) မီးသတ်ယာဉ်များ ဝင်/ထွက် သွားလာနိုင်အောင် လမ်းများ ပြုပြင်ရှင်းလင်းထားပါ။
(ဂ) သဘာဝရေကန်၊ အုတ်ရေကန်များ တူးဖော်ဆောက်လုပ်ပါ။
(ဃ) ရပ်ကွက်အတွင်း လူနေအိမ်များ စနစ်တကျ ဆောက်လုပ်ပါ၊ အိမ်နံဘေး အဖီအဆွယ်နေထိုင်ခြင်းများကို ရှောင်ကြဉ်ပါ။
(င) မီးကို စနစ်တကျ သုံးစွဲရေးအတွက် နှိုးဆော်ပေးပါ။

**မီးသတ်ဦးစီးဌာန**

**ပြည်တွင်းရေးရာ**

# စီအင်န်ဂျီဈေးနှုန်းနှင့် ခရီးသည်တင်ယာဉ်စီးခနှုန်းထားတက်ရန် အစီအစဉ်မရှိ

**ရန်ကုန် မေ ၂၁**

စီအင်န်ဂျီဈေးနှုန်းတက်မည်ဆိုသည့်အကြောင်း မကြားသိရကြောင်းနှင့် ခရီးသည်တင်ယာဉ်စီးခနှုန်းထားတက်မည်ဆိုသည်မှာလည်း အစီအစဉ်မရှိကြောင်းမထသ (ဗဟို)မှဥက္ကဋ္ဌ ဦးလှအောင်က ပြောသည်။

မထသ(ဗဟို)မှဥက္ကဋ္ဌ ဦးလှအောင်က"မနေ့ကတစ်ဦးက မေးလာလို့ပါ။ စီအင်န်ဂျီတွေပြီးခဲ့တဲ့ရက်ပိုင်းက ပြတ်သွားတယ်တဲ့။ ဘာလို့ပြတ်သွားသလဲဆိုတော့ စီအင်န်ဂျီဈေးတက်တော့မှာမို့ ယာဉ်စီးခနှုန်းထား ပိုတက်မယ်ဆိုပြီးကြားတယ်တဲ့။ အဲဒီကိစ္စကို ကျွန်တော်ကိုယ်တိုင်က မသိလို့ မဟုတ်ပါဘူးလို့ ပြောလိုက်ပါတယ်။ စီအင်န်ဂျီဘာလို့ပြီးခဲ့တဲ့လက ဈေးတက်လဲဆိုတော့ရန်ကုန်မြို့ ဘက်ကလာတဲ့ ၁၄ လက်မ စီအင်န်ဂျီပိုက်ဟာ ထန်းတပင်မြို့နယ်ထဲမှာ ပေါက်ခဲ့လို့ပြင်ခဲ့တယ်။ ၁၂နာရီလောက်လွတ်ခဲ့တယ်ဆိုပေမယ့်ကျွန်တော်တို့ကားတွေမှာ ပရက်ရှာကမပြည့်ဘူး။ အဲဒီလို မပြည့်တဲ့အခါကျတော့ မရဘူးတော့ မဟုတ်ပါဘူး။ ပရက်ရှာအားမမီတဲ့အတွက် ကျွန်တော်တို့ ယာဉ်တွေက အစီး၄၀၊ ၅၀ တန်းစီကြရတဲ့ဖြစ်စဉ်ဖြစ်သွားတာပါ။ စီအင်န်ဂျီဈေးနှုန်းတက်မယ်ဆိုတာ မကြားသလို ယာဉ်စီးခတက်မယ်ဆိုတာကလည်း ကျွန်တော့်မှာ အစီအစဉ်မရှိသေးပါဘူး"ဟုပြောသည်။

ဆက်လက်၍၎င်းက"ခုဆိုရင်စွမ်းအင်ဝန်ကြီးဌာနကလည်း ရန်ကုန်မြို့ရဲ့ သယ်ယူပို့ဆောင်မှုအပေါ်မှာ တတ်နိုင်သမျှပံ့ပိုးမှုတွေ လုပ်ဆောင်နေပါပြီ။ ဒီလိုလုပ်ဆောင်တဲ့အခါကျတော့ စီးတီးတက္ကဆီယာဉ်တွေကို အရင်တုန်းက အပ်ရင်အပ်တဲ့အတိုင်းပေးသလို ဥပမာ ၂၀၀၊ ၂၅၀ ကနေ အခုဆို ၄၈၀ ထိပေးထားတယ်။ ဒါပေမယ့် ၄၈၀ ကိုကုန်ရင် limit လုပ်ပြီးထည့်မပေးတဲ့အတွက် ကျွန်တော်တို့ကလည်း ယာဉ်ပြေးဆွဲမှုခေါက်ရေများတဲ့အကြောင်း တဖြည်းဖြည်းတင်ပြနေပါတယ်။ နောက်ပြီးဘာလို့လဲဆိုတော့ မိုင် ၇၀ လောက်ကနေပြီးတော့ မိုင် ၁၁၀ အတွင်းမှာပြေးတဲ့ မီနီဘတ်စ် ၄၈ စီးကို အရင်တုန်းက ဘယ်လောက်ပဲ ရထားပေမယ့်လဲ လီတာ ၁၀၀ ပြည့်အောင်တိုးပေးပြောတာပါ။ အဲဒီအပြင် ထပ်မံတိုးမြှင့်ပေးဖို့အတွက်လည်း နိုင်ငံတော်သမ္မတကြီးကိုတင်ပြခဲ့ပါတယ်။ နိုင်ငံတော် သမ္မတကြီးကလည်း ခွင့်ပြုလိုက်ပြီဖြစ်ပါတယ်။ စွမ်းအင်က ကျွန်တော့်ရဲ့လုပ်ဖော်ကိုင်ဖက်တွေကိုလည်း ကျွန်တော် ရှင်းပြပါတယ်။ ပြောရရင်အစီးရေတွေတော့ သတ်မှတ်ပြီးပြီ။ ဘယ်လို တိုးပေးမယ်ဆိုတဲ့ ပေါင်းစပ်ညှိနှိုင်းမှုတော့ မရသေးပါဘူး။ ဆိုလိုချင်တာကတော့ ရန်ကုန်မြို့ရဲ့ သယ်ယူပို့ဆောင်မှုမှာ စွမ်းအင်ကဏ္ဍကတော့ ခရီးသည်တင်ယာဉ်တွေအတွက် တတ်နိုင်သလောက်ပံ့ပိုးမှုတွေပြု လုပ်နေပါတယ်လို့ ဆိုချင်ပါတယ်"ဟု ရှင်းပြသည်။

လက်ရှိ စွမ်းအင်ဝန်ကြီးဌာနမှ စီအင်န်ဂျီ အရောင်းဆိုင် အသစ်တစ်ဆိုင်အား ထောက်ကြန့်နေရာ၌ မေလကုန်ပိုင်းဖွင့်လှစ်မည်ဖြစ်သဖြင့် ယခင်အခက်အခဲဖြစ်ခဲ့ကြရသည့်မြောက်ပိုင်းခရိုင်မှခရီးသည်တင်ယာဉ်များ၊ ပဲခူးမြို့ဘက်မှ ခရီးသည်တင်ယာဉ်များအတွက် အဆင်ပြေလွယ်ကူလာတော့မည်ဖြစ်ကြောင်း မထသ(ဗဟို)မှ သိရသည်။

**(စိုးဝင်း-MLA)**



# မိုးရေတိုက်စားမှုကြောင့် ရှောင်ကွင်းလမ်းပြိုကျပျက်စီးမှုအား ပြုပြင်ပြီးစီး၍ယာဉ်ကြီး၊ ယာဉ်ငယ်မရွေး ဖြတ်သန်းသွားလာနိုင်

**မိတ္ထီလာ မေ ၂၁**

မိတ္ထီလာမြို့ ကံကောင်းကျေးရွာအနီး မိတ္ထီလာ-မြင်းခြံကားလမ်းမပေါ်ရှိ ကံကောင်းချောင်းအတွင်းမှ ရှောင်ကွင်းလမ်းမှာ မေ ၂၀ ရက် နံနက် ၄ နာရီက မိုးရေတိုက်စားမှုကြောင့် ပြိုကျပျက်စီးသွားခဲ့ပြီး ယခုအခါ ယင်းလမ်းအား ပြန်လည်ပြုပြင်ပြီးစီးသွားပြီဖြစ်၍ မော်တော်ယာဉ်ကြီး၊ငယ်မရွေး ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

'ကံကောင်းချောင်းကူးတံတားကို ပြန်လည်ပြုပြင်တည်ဆောက်နေတာကြောင့် ရှောင်ကွင်းလမ်းအဖြစ် ချောင်းအတွင်းမှာ ယာယီဖောက်လုပ်ပေးထားတဲ့လမ်းက မေ ၂၀ ရက် နံနက် ၄ နာရီလောက်က မိုးရေတိုက်စားမှုကြောင့် ပြိုကျပျက်စီးသွားတယ်။ မေ ၂၀ ရက် တစ်နေ့လုံး ရှောင်ကွင်းလမ်းကို လူအင်အား၊ စက်အင်အားနဲ့ ပြန်လည် ပြုပြင်ခဲ့တယ်။ ချောင်းဖြတ်လမ်းမို့ ကျောက်ကြီးတွေ အမာခံစီပြီး စက် ယန္တရားနဲ့ ဖိပေးရတယ်။ ယာယီရှောင်ကွင်းလမ်းဆိုပေမယ့် မော်တော်ယာဉ်ကြီး၊ငယ်မရွေး ဖြတ်သန်းသွားလာနိုင်ဖို့ သေသေချာချာ ဖောက်လုပ်ပေးရပါတယ်။ မေ ၂၀ ရက် တစ်နေ့လုံး ပျက်စီးတဲ့လမ်းကို ပြုပြင်ဆောင်ရွက်ခဲ့ရာမှာ ည ၁၂ နာရီခန့်မှာ ပြီးစီးခဲ့ပါတယ်။ ည ၁၂ နာရီ နောက်ပိုင်းမှာ မော်တော်ယာဉ်ကြီး၊ငယ်မရွေး ဖြတ်သန်းသွားလာခွင့်ပြုလိုက်တာဖြစ်ပါတယ်။ အဲဒီမတိုင်ခင်တော့ ခရီးသည်တင်မော်တော်ယာဉ်တွေနဲ့ ကုန်တင်ယာဉ်တွေကို ကျောက်ပန်းတောင်း-မြင်းခြံလမ်း၊ နွားထိုးကြီး-ပြင်စည်လမ်းတွေဘက်ကနေ ရှောင်ကွင်းမောင်းနှင်ဖို့ သတင်းပေးပို့အကြောင်းကြားပေးခဲ့ပါတယ်"ဟု ပျက်စီးသွားသည့် ရှောင်ကွင်းလမ်းအား တာဝန်ယူ ပြန်လည်ပြုပြင်ဆောင်ရွက်ပေးသည့် ထွန်းညီလူ ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ကံကောင်းကျေးရွာအနီး မိတ္ထီလာ-မြင်းခြံကားလမ်းမပေါ်ရှိ ကံကောင်းချောင်းကူးတံတားမှာ အလျားပေ ၈၀၊ အကျယ်၁၉ပေ၊ အမြင့်ပေ ၃၀ခန့်ရှိပြီး သံကူကွန်ကရစ်တံတားဖြစ်ကာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်သောကြောင့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာရာတွင် ဘေးကင်းလုံခြုံစိတ်ချစွာ ဖြတ်သန်း မောင်းနှင်နိုင်ရေးအတွက် ပြန်လည် ပြုပြင်တည်ဆောက်နေခြင်းဖြစ်ပြီး မေလကုန်ပိုင်းတွင် ပြုပြင်ပြီးစီးမည်ဖြစ်သည်။

**ချမ်းသာ(မိတ္ထီလာ)**

# ချင်းတွင်းမြစ်ကမ်းဘေးတွင် နွေသီးနှံပဲတီစိမ်းများ အောင်မြင်ဖြစ်ထွန်း

**မုံရွာ မေ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အိုးဘိုတောင်ရပ်ကွက် ချင်းတွင်းမြစ်ကမ်းဘေးတွင် ယခင်က ဆောင်းသီးနှံများအဖြစ် မြေပဲနှင့်ကုလားပဲများကို စိုက်ပျိုးကြပြီး နွေသီးနှံများကို ချင်းတွင်းမြစ်ရေ အတက်၊ အကျ အခြေအနေများကြောင့် စိုက်ပျိုးခြင်းမရှိခဲ့ရာမှ ယခုအခါတွင် နွေသီးနှံများအဖြစ် ပဲတီစိမ်းသီးနှံများကို ပြောင်းလဲစိုက်ပျိုးကြရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။



မနှစ်က တောင်သူဦးဝင်းဌေးမြေမှာ ကုလားပဲရေဆင်း(၁၄)မျိုးကို ခြောက် ပြည် စမ်းစိုက်တာ တင်း၂၀ လောက် ရတာကိုသိပြီး အခုနှစ်မှာ တောင်သူ သုံးဦးလောက်က ၁၀ဧကလောက်ကို ရေဆင်း(၁၄)၊ ဒေသမျိုးတွေနဲ့ အခု စိုက်နေကြပြီ။ ကျွန်တော်က ရေဆင်း (၁၄)မျိုးကို တစ်ဧကကျော်စိုက်ပြီး ပထမအသုတ်ခူးတာ ၁၂တင်းခွဲ ရပြီးပြီ။ အခုဒုတိယအသုတ်ခူးတော့မှာပါ။ နွေရာသီဆိုတော့ မြစ်ကမ်းဘေးမှာ ပေ၇၀လောက် ရေတွင်းတူးပြီး မြေအောက်ရေနဲ့ စိုက်ကြတယ်။ အခုပဲတီစိမ်းတစ်တင်းကို ငွေကျပ် ၃၉၀၀၀ဈေးပေါက်တယ်။ ပဲတီစိမ်း အသီးခူးရင် လူတစ်ယောက် တစ်မနက်ကို ကျပ် ၁၅၀၀ ပေးရတယ်။ အထွက်နှုန်းလည်းကောင်းတယ်။ ဈေးကောင်းလည်းရတော့ အဆင်ပြေပါတယ်။ နောက်နှစ်လည်း နွေသီးနှံအဖြစ် ပဲတီစိမ်းကို စိုက်ဧကတိုးစိုက်သွား မှာပါ"ဟု အိုးဘိုတောင်ကျေးရွာမှ တောင်သူဦးအောင်မြင့်စိန်က ပြောသည်။

**ဖိုးချမ်း(မုံရွာ)**

# သောက်သုံးရေဖြန့်ဝေ

**မော်လမြိုင် မေ ၂၁**

မော်လမြိုင်မြို့နယ် ကော့ခနိကျေးရွာတွင် မိုးရွာသွန်းမှုနောက်ကျသဖြင့် သောက်သုံးရေအခက်အခဲဖြစ်ပေါ်ခဲ့ရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချစ်ငွေနှင့် ဝန်ထမ်းများက မေ ၁၅ ရက်တွင် သောက်သုံးရေများဖြန့်ဝေပေးခဲ့သည်။

ကော့ခနိကျေးရွာတွင် လက်တူးတွင်းနှင့် အဝီစိတွင်းများရှိသော်လည်း ရေငန်များသာထွက်ရှိသဖြင့် သောက်သုံးရေအတွက် မိုးရေလှောင်ကန်ကိုသာ အသုံးပြုကြရသည်။ ယခုအခါ ရာသီဥတုပူပြင်းမှုနှင့် မိုးရွာသွန်းမှုနောက်ကျသဖြင့် သောက်သုံးရေအခက်အခဲဖြစ်ခဲ့ရပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနအနေဖြင့် သောက်သုံးရေများ အဆက်မပြတ် ဖြန့်ဝေသွားမည်ဖြစ်ကာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေဖြင့် မြေသားရေလှောင်ကန်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးရုံး၊ ပဲခူးမြို့တွင် (၆)ခန်းတွဲ (၄)ထပ်၊ (RC) (၁၃၂×၃၀×၃၇)ပေရှိ ဝန်ထမ်းအိမ်ရာ အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းအတွက် တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၂၂-၅-၂၀၁၅ ရက်
၃။ တင်ဒါပိတ်မည့်ရက်/ပိတ်မည့်အချိန် - ၅-၆-၂၀၁၅ ရက် (၁၆း၀၀)နာရီ
၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးရုံး
ဖုန်း-၀၅၂-၂၂၃၀၈၀၁၊ ၂၂၃၀၁၇၀၊ ၂၂၃၀၈၀၇

## အမည်ပြောင်း

ဦးတင်အောင် [၁၁/မပတ(နိုင်)၀၂၅၀၅၃]၏ သမီး အထက(၂)၊ မရမ်းကုန်း၊ ဆဋ္ဌမတန်းမှ မပူစူးမအား မအိကေခိုင် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မအိကေခိုင်

## အမည်မှန်

ပဲခူးမြို့ နန်းတော်ရာရပ်ကွက် ဥဿာ(၂) လမ်း အိမ်အမှတ်(၈၉၀)နေ ဦးသန်းတင့်အောင်၊ ဒေါ်ခင်ချောစု၏သား အမည်မှန်မှာ မောင်ဖြိုးခန့်သော်ဖြစ်ပါသည်။

## ဦးလှမြင့် အင်္ဂလိပ်စာ၊စကားသဒ္ဒါနှင့်အရေးသင်တန်း

တက္ကသိုလ်ဝင်ခွင့်သင်တန်းများ

ဆရာနှင့်အချိန်စာရင်း ညှိနှိုင်းပါသည်

သဒ္ဒါနှင့်အရေး သင်တန်းအတွက် အချိန်စာရင်းသီးသန့်ရှိသည်

၁၀တန်းဖြေထားသူများတက်သင့်သည်။

အချိန်ပိုင်းအခန်းငှားမည်

၁၅၁၊ ၃၈-လမ်း(လယ်)၊ ကျောက်တံတား။ ၂၄၅၆၂၉၊ ၀၉၄၂၁၇၁၇၆၈၉

## ဦးထွန်းလင်းဦး

B.Com(Q),CPA (Gold Medalist),DA (LCCI), ACCA, ISCA (S'pore CPA)

စာရင်းကိုင်သင်တန်းများ

LCCI Level I,II & III
CPA
IGCSE/GCE O,A Level

ကျောင်းအပ်လက်ခံပြီ

အမှတ်(၂၆၆) ၃-လွှာ၊ ကျိုက္ကဆံလမ်းမ၊ သတိပဋ္ဌာန်လမ်းထိပ်၊ တာမွေ။
Phone : 09-51-15604, 09-73224433

## အမြန်ဆက်သွယ်ပါ

ကျွန်တော်၏ ဇနီးဖြစ်သူ မဖြူဖြူမော် [၉/မရမ(နိုင်)၀၀၀၇၄၆]သည် နေအိမ်မှဆင်းသွားပါသဖြင့် တွေ့ရှိပါက အမြန်ဆုံးဆက်သွယ်ပေးပါ။ ဖျားယောင်းသွေးဆောင်လက်ခံထားသူအား ဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ခင်ပွန်း-ဦးမျိုးထွန်းအောင်
၀၉-၉၇၉၀၆၈၆၅၈

ပညာရွှေပြည်ကိုယ်ပိုင်အထက်တန်း ကျောင်းအုပ်ကြီး ဦးစိုးအောင်နှင့် ဇနီး ဒေါ်တင်တင်နွယ်(ခ)ဒေါ်ဝါဝါ တို့၏ ၁၆-၅-၂၀၁၅ ရက် (စနေနေ့)တွင် ကျရောက်သော (၂၅) နှစ်မြောက် ငွေရတုမှ နောင်နှစ်ပေါင်းများစွာတိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းဖြင့် ဘဝခရီးလမ်းကို ချစ်သောမိသားစုနှင့်အတူ ထာဝရလျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်။

**Galaxyz** ကိုယ်ပိုင်အထက်တန်းကျောင်း
(တာမွေမြို့နယ်)
ကြယ်စင်စု ကိုယ်ပိုင်အထက်တန်းကျောင်း
(မြောက်ဥက္ကလာ)



## မင်းသမီးလင်စေးလိုဟန် တရားရုံးကချမှတ်ထားတဲ့ပြစ်ဒဏ် အချိန်မီပြီးစီးအောင်လုပ်ဆောင်နိုင်မည်လား

အသက် ၂၈နှစ်အရွယ် လင်စေးလိုဟန်သည် ယာဉ်မဆင်မခြင်မောင်းနှင်မှုနှင့် ရဲစခန်းတွင်လိမ်လည်ထွက်ဆိုခဲ့မှုကြောင့် လော့အိန်ဂျလိစ်တရားရုံးမှချမှတ်ထားသည့် လူထုအကျိုးပြုလုပ်ငန်းများ လုပ်ဆောင်ရန် အပြစ်ပေးခံထားရမှုများအား မေ ၂၈ ရက်(၁၁၆ နာရီ)အတွင်း အချိန်မီပြီးစီးအောင်ဆောင်ရွက်နိုင်ခြင်း ရှိ၊ မရှိကို စိတ်ဝင်စားလျက်ရှိနေကြကြောင်းသိရသည်။

ကစားကွင်းပြုလုပ်ရာတွင် အသုံးပြုသည့် ပန်းရောင်ဂါဝန်လေးဝတ်ဆင်ထားသည့် အပြာရောင်အတုံးများနှင့်ကစားကွင်းပြုလုပ်ပြီး အလုပ်ရှုပ်နေသည့် သရုပ်ဆောင် မော်ဒယ် အဆိုတော် လင်စေးလိုဟန်က "ဒီလိုမျိုးကလေးတွေအတွက်လုပ်ပေးရတာ ပျော်ဖို့ကောင်းပါတယ်။ ပြီးတော့ ကစားကွင်းလေးက ချစ်ဖို့လည်းကောင်းတယ်လေ" လို့ပြောပြသွားခဲ့သည်။

မင်းသမီးလင်စေးလိုဟန်သည် တရားရုံးကချမှတ်ထားသည့် ရက်အတွင်း အပြီးဆောင်ရွက်နိုင်ခြင်းမရှိပါက ထောင်ဒဏ်ကျခံရမည်ဖြစ်သော်လည်း သူ့အနေဖြင့် စိုးရိမ်ပူပန်မှု စိုးစဉ်းမျှရှိသည့်ပုံမပေါ်ဘဲ သူငယ်ချင်းများနှင့်အတူ ညစာထွက်စားခြင်း၊ လည်ပတ်သွားလာခြင်းများပြုလုပ်ခဲ့ကြောင်း Daily Mail Online တွင်ဖော်ပြထားလေသည်။

**စန္ဒာဝင်း**

## နှစ် ၆၀ နီးပါးကြာမှ ပြုလုပ်သော အထက်တန်းကျောင်းသားဟောင်းတွေ့ဆုံပွဲသို့ အဆိုတော်အဲလ်တင်ဂျွန် ပျော်ရွှင်စွာပါဝင်ခဲ့

ဂရမ်မီဆုရ ဂီတပညာရှင် အသက် ၆၈ နှစ်ရှိပြီဖြစ်သည့် အဲလ်တင်ဂျွန်သည် ပြီးခဲ့သည့် စနေ၊ တနင်္ဂနွေက ၁၉၅၈ ခုနှစ် ပင်န်နား ကန်ထရီ ဂရမ်မာ ကျောင်းတွင် တက်ရောက်ခဲ့ကြသည့် ကျောင်းသားဟောင်းများ တွေ့ဆုံပွဲသို့သွားရောက်ခဲ့သည်။

အလုပ်တွေမအားလပ်သည့်ကြားမှ အဆိုပါကျောင်းသားဟောင်းတွေ့ဆုံပွဲကို တက်ရောက်ခဲ့သည့်ဂျွန်က "ငယ်သူငယ်ချင်းတွေနဲ့ နေ့လယ်စာစားတယ်။ အချို့သူငယ်ချင်းတွေနဲ့ဆိုရင် မတွေ့ရတာ နှစ်၅၀ လောက်တောင်ရှိနေပြီ။ ပြန်မတွေ့ဖြစ်တော့ဘူးလို့တောင် ထင်နေတာ။ ခုလိုပြန်လည်ဆုံစည်းရတော့ အလွန်ကိုပျော်စရာကောင်းပါတယ်။ အရင်ကအချိန်တွေ ပြန်သတိရပြီး အသက်တောင်ပြန်ငယ်သွားသလိုပါပဲ။ လုံးဝကို ပျော်ရွှင်စရာကောင်းပြီး အမှတ်တရပါပဲဗျာ" လို့ သူ၏ပျော်ရွှင်မှုများကို ဝေမျှခဲ့သည်။

ဂျွန်သည် အထက်တန်းပညာသင်ကြားပြီးဆုံးခဲ့ပြီးနောက်တွင်လည်း အဆိုပါ ကျောင်းမှ သူငယ်ချင်းအချို့နှင့် အဆက်အသွယ်မပြတ်ဘဲ ဆက်လက် ခင်မင်ရင်းနှီးဆဲပင်ဖြစ်သည်။



ထို သူငယ်ချင်းများအနက်မှ ဂျွန်နှင့် ၅၇ နှစ်ကြာ ခင်မင်ရင်းနှီးလျက်ရှိသည့် ကီသ်ဖရန့်စစ်ကို အခင်မင်ဆုံးဖြစ်ပြီး သူ့အချစ်ဆုံးသူငယ်ချင်းကီသ်နှင့် ပတ်သက်၍ဂျွန်က "ကျွန်တော့်ရဲ့ သူငယ်ချင်းကီသ်ဖရန့်စစ်ဆိုရင် ဒီပွဲကိုတက်ဖို့ ဩစတြေးလျကနေ တောင်လာတာ။ သူငယ်ချင်းအပေါ် အလွန်သစ္စာရှိပြီး သူငယ်ချင်း စိတ်ဓာတ် အပြည့်ရှိတဲ့ ချစ်ဖို့ကောင်းတဲ့သူတစ်ယောက်ပါ" လို့ ပြောပြသွားခဲ့သည်။

မီဂါစတား ကြယ်ပွင့် အဲလ်တင်ဂျွန်သည် ကမ္ဘာကျော်အနုပညာရှင်တစ်ယောက်မဖြစ်မီ ငယ်စဉ်ကလေးဘဝက ခင်မင်ရင်းနှီးခဲ့သည့် သူငယ်ချင်းများနှင့် ပြန်လည်တွေ့ဆုံပြီး ယခုကဲ့သို့ ပျော်ရွှင်စရာအချိန်များ ရရှိခဲ့သည်ကို မြင်တွေ့ရသည့်မှာလည်း အလွန်ပင်ကြည်နူး နှစ်သက်စရာကောင်းကြောင်းကို E! News မှာ ဖော်ပြထားသည်။

**စန္ဒာဝင်း**

## First and Furious 8 ကို ဖိလစ်ပိုင်တွင် ရိုက်ကူးချင်ကြောင်း ဗင်ဒီဇယ်ပြောကြား



First and Furious မင်းသား ဗင်ဒီဇယ်သည် ဖိလစ်ပိုင်လူမျိုးတို့၏ နွေးထွေးဖော်ရွေမှုကို သဘောကျကြောင်းနှင့် First and Furious 8 ရုပ်ရှင်ကို ဖိလစ်ပိုင်တွင်သွားရောက်ရိုက်ကူးလိုသဖြင့် ရုပ်ရှင်ထုတ်လုပ်သူများနှင့် ဆွေးနွေးသွားမည်ဖြစ်ကြောင်း ဟောလိဝုဒ်ကြယ်ပွင့်က ပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ မက်ကတီမြို့ ဖဲယားမောင့်ဟိုတယ်၌ ပြုလုပ်ခဲ့သော First and Furious 6 ၏ သတင်းစာရှင်းလင်းပွဲတွင်လည်း ဒီဇယ်က ဖိလစ်ပိုင်နိုင်ငံနှင့် နိုင်ငံသားများကို သဘောကျကြောင်း၊ ဖိလစ်ပိုင်သို့ မရောက်ဖူးသေးမီကပင် ဖိလစ်ပိုင်နိုင်ငံအကြောင်းကို ခယ်မဖြစ်သူထံမှ ကြားသိခဲ့ရကြောင်းနှင့် ယခုခရီးစဉ်မှာ သူ၏ပထမဦးဆုံး အရှေ့တောင်အာရှနိုင်ငံများသို့ ခရီးစဉ်ဖြစ်ကြောင်းလည်း ဆိုသည်။

ဆက်လက်၍ မင်းသားဗင်ဒီဇယ်က First and Furious 6 သည် ဖိလစ်ပိုင်တွင် ပထမဦးဆုံးပြသသော ဟောလိဝုဒ်ရုပ်ရှင်ဇာတ်ကားဖြစ်သည့်အတွက်လည်း ဂုဏ်ယူပါကြောင်း ပြောသည်။

ဒီဇယ်က "ဖိလစ်ပိုင်ခရီးစဉ်က ကျွန်တော့်အတွက် တန်ဖိုးမဖြတ်နိုင်အောင်ပါပဲ။ လော့စ်အိန်ဂျယ်လိစ်ကို ပြန်ရောက်ရင် နောက်ထွက်ရှိမယ့်ဇာတ်ကားသစ်ကို ဖိလစ်ပိုင်မှာ ရိုက်ကူးချင်ကြောင်း ကျွန်တော့်ရဲ့ထုတ်လုပ်ရေး (Universal)ကိုလည်း ပြောပြရမယ်"ဟု ဇာတ်ကားထုတ်လွှင့်ပြသသည့် ညကပြောခဲ့သည်။

First and Furious 7 တွင်ပါဝင်သရုပ်ဆောင်ထားသော မင်းသားပေါဝေါ့ကာသည် ဇာတ်ကားရိုက်တင်မပြသမီ ရက်အနည်းငယ်အလိုက ယာဉ်မတော်တဆဖြစ်ကာ သေဆုံးသွားခဲ့သည့်အတွက် အဆိုပါဇာတ်ကားကို စိတ်ဝင်စားသူပိုမိုများပြားစေခဲ့သည်။ မြန်မာနိုင်ငံတွင် အဆိုပါရုပ်ရှင်ကို ပြီးခဲ့သည့်မေလဆန်းမှစတင်၍ ရုံတင်ပြသခဲ့ပြီး လာမည့်ရှစ်ကားမြောက်ရုပ်ရှင်ကိုမူ ၂၀၁၇တွင် ပြသနိုင်ရန်လျာထားကြောင်း သိရသည်။

**ခင်ခင်သက်**

## ရုပ်မြင်သံကြားအစီအစဉ်

*၂၂ - ၅ -၂၀၁၅ (သောကြာနေ့)*

### မြဝတီ

- ၆း၀၃ တရားတော်
- ၆း၁၅ မေတ္တာပို့
- ၆း၂၀ ဓမ္မပူဇာတေး
- ၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
- ၆း၃၅ မျိုးချစ်တပ်မတော်
- ၇း၂၀ မြန်မာပြည်တွင်ထုတ်လုပ်သည်
- ၈း၁၀ စိုက်ပျိုးသုတ
- ၈း၂၅ DVD Hits
- ၈း၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
- ၉း၂၀ သူနှင့်သူ၏သီချင်းများ
- ၄း၄၀ ဇာတ်လမ်းတို
- ၄း၄၅ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅း၁၀ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၂၀ လည်မယ် . . . စားမယ်ကမ္ဘာတစ်ခွင်ဝယ်
- ၆း၃၀ " ရွာ" ဟာသဇာတ်လမ်းတွဲ (အပိုင်း-၃၀၁) ဒါရိုက်တာ မိုးဇော်ကို
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  - ဆူးခင်းလမ်းရဲ့ချစ်ပန်းနှင်းဆီ (အပိုင်း-၃၉)
  - VOA အင်္ဂလိပ်စာသင်ခန်းစာ
  - သံစဉ်များနှင့်ကမ္ဘာ
  - ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
  -Lucky Door

### MRTV - 4

- ၅း၀၀ ပဌာန်းပါဠိတော်၊ အာဋာနာဋိယသုတ်
- ၈း၀၀ Cartoon Series (Go Go Giggles)
- ၈း၃၅ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ
- ၉း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိုအေစစ်ကမ္ဘာလေး" (အပိုင်း-၇၅)
- ၉း၄၀ Korea Grand Expo 2015, Yangon (40 Year's Anniversary for Korea Myanmar Relation)
- ၉း၅၅ ခေတ်သစ်ပျိုမေ
- ၁၀း၄၀ အနုပညာမိုးကောင်းကင်
- ၁၁း၀၀ Food & Decor
- ၁၁း၃၀ MRTV-4 Stage
- ၁၂း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ရာဇဝင်ထဲကရင်ခုန်သံ" (အပိုင်း-၁၂)
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝိညာဉ်ရှိုက်သံ" (အပိုင်း-၃၇)
- ၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ပန်းလိပ်ပြာ" (အပိုင်း-၁၇)
- ၅း၅၀ Miss Myanmar World 2015
- ၆း၁၀ Health Fix
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ပန်းလိပ်ပြာ" (အပိုင်း-၁၈)
- ၇း၁၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝိညာဉ်ရှိုက်သံ" (အပိုင်း-၃၈)
- ၈း၁၀ ရသစုံညွှန်းတမ်းများ
- ၈း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိုအေစစ်ကမ္ဘာလေး" (အပိုင်း-၇၆)
- ၉း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ရာဇဝင်ထဲကရင်ခုန်သံ" (အပိုင်း-၁၃)
- ၉း၅၀ အနုပညာမိုးကောင်းကင်
- ၁၀း၁၀ Movie Talk [ကလေးသရုပ်ဆောင်များအကြောင်း (အပိုင်း-၁၉)]
- ၁၁း၅၀ The Golden Lan
- ၃း၄၀ World Of Knowledge (Ghost Ship : Resurrection)
- ၄း၃၀ လက်ကမ်းသင့်လှ ပရဟိတ

### mitv

- A Cordial Welcome From Pantaung
- Shrinking Footprints
- Karaweik Palace- A Symbol Of Glorious Myanma Culture
- Sagaing: Guitar
- Porcelain and Glass
- Traditional Matrimony of Ra Wan Nationals
- The Rising Glory Of Myanmar Arts
- Ambassador's View: Indonesia - Myanmar Bilateral Ties
- Products Of Myanmar - Shin Ma Taung Thanakhar
- Enchanting Rakhine Land
- Today Myanmar "U 20"
- Discovering Tribes "MUUN (Episode - II)"
- Distinguished Myanmar Lady "Kyin Po"
- Htan Taw Drums (Part-II) "Dobat"
- Kayah Style
- Orchid Lover
- The Stories Of The Great Souls (U Pyae Son)
- Exquisite Myanmar Silk
- Myanmar Traditional Identity (EP- 2) Myanmar Chinthe (Myanmar Lion)
- Hanlin,A Treasure Trove Of The Ancient Pyu City
- Myanmar Leading Lady "Naw Susanna Hla Hla Soe"

# ပရီမီယာလိဂ် ရင်ခုန်သံ (၃၈)

ပရီမီယာလိဂ်ပွဲစဉ်(၃၇)မှာ လီဗာပူးက ရှုံးပွဲကြုံပြီး စပါးနဲ့ ဆောက်သမ်တန်က နိုင်ပွဲရတယ်။ ဒါကြောင့် လီဗာပူး၊ စပါး၊ ဆောက်သမ်တန်တို့ရဲ့အမှတ်ကွာဟမှုက ကြီးမားသွားခြင်းမရှိဘဲပိုလို့တောင် လျော့နည်းသွားကာ ယူရိုပါလိဂ်ဝင်ခွင့်အတွက် အားပြိုင်မှုက ပိုပြီးပြင်းထန်လာနိုင်တာကြောင့် ဒီပွဲစဉ် (၃၈) ကလည်း အကြိတ်အနယ်ရှိနေဦးမှာသေချာတယ်။

ရှိုင်းမင်းမင်း

### အာဆင်နယ် VS ဝက်စ်ဘရွမ်း
ည ၈း၃၀ (၂၄-၅-၁၅)

ဝက်စ်ဘရွမ်းက လက်ရှိကစားပုံ မဆိုးဘူးဆိုပေမယ့် တန်းမဆင်းရဖို့ သေချာနေပြီဖြစ်သလို ဥရောပဝင်ခွင့်လည်း မမျှော်လင့်နိုင်တော့ပါဘူး။ အာဆင်နယ်ကတော့ ဒီပွဲမတိုင်ခင်မှာ ပွဲကျန်ကစားခဲ့ရဖို့ ပွဲပန်းလာနိုင်ပေမယ့် အိမ်ကွင်းနိုင်ပွဲရအောင်တော့ ဂရုတစိုက် ကစားသွားမှာပါ။ အာဆင်နယ်ကပဲ အိမ်ကွင်းနိုင်ပွဲရပါလိမ့်မယ်။

### ဟားလ် VS မန်ယူ
ည ၈း၃၀ (၂၄-၅-၁၅)

ဟားလ်က လက်ရှိအချိန်အထိ တန်းမဆင်းရဖို့ မျှော်လင့်ချက်ရှိနေပါသေးတယ်။ အထူးသဖြင့် ဟားလ်ဟာ အဆင့်(၁၇)က နယူးကာဆယ်ထက် နှစ်မှတ်သာလျော့နည်းတာကြောင့် နယူးကာဆယ်သာရှုံးပွဲကြုံခဲ့ရင် ဟားလ်တို့ ဒီပွဲနိုင်တာနဲ့ တန်းတင်ကျန်ရစ်မှာဖြစ်ဖို့ အားစိုက်ကစားဖို့ရှိသလို သရေလောက်တော့ ကစားသွားနိုင်မှာပါ။

### ဗီလာ VS ဘန်လေ
ည ၈း၃၀ (၂၄-၅-၁၅)

အက်စ်တွန်ဗီလာက လက်ရှိ အမှတ်ရထားပြီး အဆင့် (၁၈) က ဟားလ်ကို လေးမှတ်ဖြတ်ထားနိုင်လို့ တန်းတင်ကျန်ရစ်ဖို့သေချာသွားပါပြီ။ ဘန်လေကတော့ တန်းဆင်းရဖို့ သေချာနေတဲ့အသင်းပါ။ ဒါကြောင့် နှစ်သင်းစလုံး အားစိုက်ကစားဖို့ထက် ပွဲကိုထိန်းကစားသွားကြမှာပါ။ သရေကျသွားဖို့များတဲ့ပွဲလို့ ယူဆမိပါတယ်။

### လက်စတာ VS ကျူပီအာ
ည ၈း၃၀ (၂၄-၅-၁၅)

လက်စတာက တန်းတင်ကျန်ရစ်ခဲ့ပြီဖြစ်ပေမယ့် နောက်ဆုံးအိမ်ကွင်းပွဲမှာတော့ ရလဒ်ကောင်းဖို့ ကြိုးစားမှာပါ။ ကျူပီအာက ကာဆယ်ကို အနိုင်ရခဲ့ပေမယ့် အဝေးကွင်းမှာ ခြေစွမ်းပိုင်းအားနည်းမှုတွေရှိသလို တန်းဆင်းရဖို့လည်း သေချာနေပြီဖြစ်တာကြောင့်ခြေကုန်ထုတ်ဖို့ မသေချာပါဘူး။ လက်စတာပဲကပ်နိုင်မှာပါ။

### ချယ်လ်ဆီး VS ဆန်းဒါးလန်း
ည ၈း၃၀ (၂၄-၅-၁၅)

ဆန်းဒါးလန်းက ကြားရက်မှာ အာဆင်နယ်နဲ့ပွဲကျန်ကစားခဲ့ရလို့ ပွဲပန်းမှုတွေရှိလာနိုင်ပါတယ်။ ချယ်လ်ဆီးကတော့ ချန်ပီယံဖြစ်ပြီးသားပါ။ ဒါပေမယ့် ချယ်လ်ဆီးဟာ ချန်ပီယံသိက္ခာအတွက်တော့ အမှားအယွင်းအဖြစ်ခံမှာမဟုတ်သလို အိမ်ကွင်းလည်းဖြစ်တာကြောင့် ဂရုတစိုက်ကစားသွားမှာပါ။ ချယ်လ်ဆီးပဲနိုင်ပွဲရပါလိမ့်မယ်။

### မန်စီးတီး VS ဆောက်သမ်တန်
ည ၈း၃၀ (၂၄-၅-၁၅)

ဆောက်သမ်တန်က လီဗာပူးနဲ့ စပါး ခြေချော်ခဲ့ရင် ဒီပွဲအနိုင်ရတာနဲ့ ယူရိုပါလိဂ်ဝင်ခွင့်ရသွားမှာပါ။ ဒါကြောင့် အားစိုက်ကစားလာဖို့ရှိနေသလို ဗီလာတိုဂိုးပြတ်အနိုင်ရခဲ့တဲ့ပွဲမှာလည်း ကစားပုံကောင်းမွန်ခဲ့ပါတယ်။ ဒါပေမယ့် မန်စီးတီးကလည်း ခြေစွမ်းပိုင်းကောင်းမွန်ပြီး အိမ်ကွင်းလည်းဖြစ်တာကြောင့် ဆောက်သမ်တန် သရေလောက်ပဲရမယ်။

### ပဲလေ့စ် VS ဆွမ်ဆီး
ည ၈း၃၀ (၂၄-၅-၁၅)

ပဲလေ့စ်က တန်းတင်ကျန်ရစ်ခဲ့ပါပြီ။ ဒါပေမယ့် လီဗာပူးနဲ့ ကစားသွားတဲ့ပွဲမှာ အသင်းလိုက်ကစားပုံ ကောင်းပါတယ်။ ဆွမ်ဆီးကတော့ လက်ရှိကစားပုံကောင်းမွန်နေပြီး တိုက်စစ်ကလည်း ဂိုးသွင်းခြေရှိနေပါတယ်။ ဒါကြောင့် ဆွမ်ဆီးအနေနဲ့လည်း ပဲလေ့စ်ကို တုံ့ပြန်ကစားနိုင်မှာပါ။ သရေကျဖို့များတဲ့ပွဲပါပဲ။

### နယူးကာဆယ် VS ဝက်စ်ဟမ်း
ည ၈း၃၀ (၂၄-၅-၁၅)

နယူးကာဆယ်က ဒီပွဲအနိုင်ရတာနဲ့ တန်းတင်ကျန်ရစ်ခဲ့မှာပါ။ လက်ရှိအချိန်မှာ နယူးကာဆယ်ရဲ့ခြေစွမ်းက အားနည်းလွန်းနေပေမယ့် အိမ်ကွင်းဖြစ်ပြီး တန်းမဆင်းရဖို့ အားစိုက်ကစားသွားမှာကိုတော့ သတိပြုရပါလိမ့်မယ်။ ဝက်စ်ဟမ်းခြေကလည်း သာမန်သာရှိလို့ ကာဆယ်သာ အိမ်ကွင်းမှာ ကပ်နိုင်မှာပါ။


### အဲဗာတန် VS စပါး
ည ၈း၃၀ (၂၄-၅-၁၅)

စပါးက အခုအချိန်မှာ ယူရိုပါလိဂ်ဝင်ခွင့်ရဖို့ အမှားခံမှာမဟုတ်ဘူး။ အထူးသဖြင့် အနိုင်ရပါမှ ယူရိုပါလိဂ်ဝင်ခွင့်ရမှာ ဖြစ်တာကြောင့် မဖြစ်မနေ အနိုင်ရဖို့ အားစိုက်လာပါလိမ့်မယ်။ ဒါ့အပြင် လက်ရှိ အဲဗာတန်ရဲ့ ခြေစွမ်းကလည်း သာမန်သာရှိပါတယ်။ ဒါကြောင့် ဒီပွဲစဉ်မှာတော့ စပါးတို့ကပ်ပြီး အနိုင်ရသွားဖို့ ရှိပါတယ်။

### စတုတ် VS လီဗာပူး
ည ၈း၃၀ (၂၄-၅-၁၅)

လီဗာပူးက ဒီပွဲအနိုင်ရတာနဲ့ ယူရိုပါလိဂ်ဝင်ခွင့်ရမှာဖြစ်လို့ ခြေကုန်ထုတ်ကစားမှာပါ။ ဒါပေမယ့် လီဗာပူးရဲ့ တိုက်စစ်ပိုင်းက အားနည်းမှုရှိနေပြီး စတုတ်ကလည်း တန်းမဆင်းရတော့ပေမယ့် အိမ်ကွင်းခံကစားအားကောင်းသလို နောက်ဆုံးပွဲစဉ်မှာ အမှတ်ရအောင် အားစိုက်လာပါလိမ့်မယ်။ လီဗာပူးကပ်ပြီးသာ နိုင်ခြေရှိတယ်။

## စတားလင်းငွေနောက်လိုက်နေလျှင် အနာဂတ်ပျက်စီးနိုင်ဟု အွန်နရီသတိပေး



အာဆင်နယ်တိုက်စစ်မှူးဟောင်း အွန်နရီက အသက်(၂၀)အရွယ်သာရှိသေးသော စတားလင်းမှာလီဗာပူးအသင်းနှင့်လစာကိစ္စမပြေမလည်ဖြစ်နေပြီး လီဗာပူးတွင် မပျော်မရွှင်ဖြစ်နေသောဖြစ်ရပ်များကို လူသိရှင်ကြားထုတ်ဖော်ပြောဆိုလာခဲ့ရာ ယင်းသို့သောအနေအထားက ငယ်ရွယ်လွန်းသော ကစားသမားတစ်ဦးအနေဖြင့် ကိုယ်စားလှယ်များ၏ ဆိုးရွားသော အကြံပေးမှုများကို လိုက်ပါလုပ်ဆောင်တတ်ခြင်းကြောင့်ဖြစ်လာတတ်သောအကျိုးဆက်ဟု သတိပေးပြောကြားခဲ့သည်။ သို့သော် ထိုဖြစ်ရပ်များ၏နောက်ဆက်တွဲမှာ ကစားသမား၏အနာဂတ်တက်လမ်းကိုပါ ထိခိုက်စေတတ်ပြီး စတားလင်းမှာမိမိကိုယ်မိမိ အသေသတ်နေသည်နှင့်တူနေသည်ဟု ဝေဖန်ခဲ့သည်။

“ ဒါတွေကသူ့အပေါ် မကောင်းတဲ့အကြံမျိုးပေးလာတဲ့လူတွေကြောင့်ဖြစ်လာတာလို့ ကျွန်တော်တော့ယူဆတယ်လေ။ စာချုပ်ကိစ္စကို သတင်းစာ ရှင်းလင်းပွဲလိုမျိုးနဲ့ ရှင်းမပြနိုင်ရင်တောင် ဘယ်လိုပဲဖြစ်ဖြစ်ပရိသတ်အပေါ်၊ ကိုယ်လက်ရှိကစားပေးနေတဲ့အသင်းအပေါ် လေးစားမှုပေးရပါမယ်။ သူ့အနေနဲ့ လီဗာပူးမှာဆက်နေချင်တာပဲဖြစ်ဖြစ်၊ ထွက်ခွာချင်တာပဲဖြစ်ဖြစ် ဒါကသူ့ဟာသူဆုံးဖြတ်ရမယ့်အပိုင်းပါ။ ဒါကိုပြတ်ပြတ်သားသားလုပ်ဆောင်ရမှာပါ။ အခုတော့ သတင်းစာတွေကတစ်ဆင့် ကိုယ်ဖြစ်ချင်တာတွေကို ပြောနေတဲ့ပုံပေါက်နေတယ်။ အေးဂျင့်တွေ၊ မလိုလားအပ်တဲ့အကြံပေးသူတွေကို သူ့အနေနဲ့ခင်ဗျားတို့ ကျွန်တော်ရဲ့ အသက်မွေးဝမ်းကျောင်းဘဝကိုမဖျက်ဆီးလိုက်ပါနဲ့လို့ ပြတ်ပြတ်သားသားပြောလိုက်သင့်တယ်။ သူကလီဗာပူးအတွက် ဂုဏ်ယူစွာကစားပေးသင့်သလို တကယ်ဆို သူက အင်္ဂလန်အတွက်ဂုဏ်ယူဖွယ်ထုတ်ကုန်ကစားသမားလေးပါ” ဟု အွန်နရီကSky Sports နှင့်တွေ့ဆုံစဉ်ပြောကြားခဲ့သည်။

စတားလင်းကပြီးခဲ့သည့်ရက်ပိုင်းအတွင်းကပင် လီဗာပူးနည်းပြ ဘရန်ဒန်ရော်ဂျာအနေဖြင့် ၎င်းအားလီဗာပူးမှထွက်ခွာရန်ဆန္ဒရှိနေဟုပြောကြားခဲ့ရာ ၎င်း၏လီဗာပူး အနာဂတ်မှာပိုမိုမရေရာသောအနေအထားသို့ ရောက်ရှိလာခဲ့သည်။

## မန်ယူ၏ကမ်းလှမ်းလာမှုကို ဟမ်းမဲလ် ပယ်ချ

ဒီနှစ်နွေရာသီမန်ယူရဲ့ အဓိကပစ်မှတ်ဖြစ်တဲ့ ဒေါ့မွန်ဗဟိုနောက်ခံလူဟမ်းမဲလ်က ဒေါ့မွန်မှာပဲနောက်နှစ်ဘောလုံးရာသီကို ဆက်လက်ဖြတ်သန်းဖို့အတွက် မန်ယူရဲ့ကမ်းလှမ်းလာမှုကိုပယ်ချခဲ့တယ်လို့ ဒေါ့မွန်အားကစားဒါရိုက်တာမိုက်ကယ်လ်ဇော့ဂ်က ပြောကြားလာခဲ့ပါတယ်။ အရင်လတွေတုန်းကတော့ ကစားသမားကိုယ်တိုင်က ဒေါ့မွန်ကနေ သူ့ကိုထွက်ခွာခွင့်ပေးဖို့ တောင်းဆိုခဲ့ပေမယ့် အခုဇော့ဂ်ရဲ့အဆိုအရ ဆိုရင် ဒီနှစ်နွေမှာမန်ယူကို ပြောင်းရွှေ့ဖို့ဘယ်လိုမှဖြစ်နိုင်ဖွယ်မရှိတော့ပါဘူး။ ဒါပေမယ့်လည်း ဒေါ့မွန်အကြီးအကဲက ဂျာမန်မဂ္ဂဇင်း Kicker နဲ့ အင်တာဗျူးမှာတော့ ဟမ်းမဲလ်ဟာ ဒီနှစ်နွေမှာ အင်္ဂလန်ကိုပြောင်းရွှေ့ဖို့ အလားအလာတွေ ရှိနေတယ်ဆိုပြီး ဖြေကြားခဲ့ပါတယ်။ ဒီအတောအတွင်းမှပဲ မန်ယူအနေနဲ့ ဗလင်စီယာနောက်ခံလူ နီကိုးလက်စ်အော်တာမန်ဒီကိုချိတ်ဆက်မှုတွေ ပြုလုပ်နေပြီး ဒီကစားသမားကို နောက်နှစ်နွေရာသီအပြောင်းအရွှေ့ကာလကျမှ အိုးထရက်ဖို့ဒ်ကိုအရောက်ခေါ်ယူသွားနိုင်မှာဖြစ်ပေမယ့်လည်း အပြောင်းအရွှေ့တန်ဖိုးကိုတော့ ကလပ်နှစ်သင်းကြားသဘောတူညီမှုရရှိခဲ့ပြီးပြီလို့ အာဂျင်တီးနားသတင်းစာ စီအိုမှာ ဖော်ပြခဲ့ပါတယ်။

မန်ယူအနေနဲ့ ဟမ်းမဲလ်ကို ပြီးခဲ့တဲ့နှစ်နွေရာသီအပြောင်းအရွှေ့ကာလကတည်းက ခေါ်ယူဖို့ကြိုးပမ်းခဲ့ပေမယ့် အပြီးသတ်သဘောတူညီမှုမရရှိခဲ့ဘဲ ဒီနှစ်နွေရာသီမှာတော့နည်းပြ ဗန်ဟားလ်ရဲ့ ဦးစားပေးပစ်မှတ်ကစားသမားအတွက် ထပ်မံလှုပ်ရှားလာခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် လက်ရှိ ဘိုင်ယန်ကွင်းလယ်မှာ အလွန်ဆိုရောက်လာလို့ နေရာပျောက်နေတဲ့ ဂျာမနီကွင်းလယ်ကစားသမားရှဝိန်းစတိုင်ဂါကိုလည်း ခေါ်ယူဖို့မန်ယူက ကြိုးပမ်းနေပါတယ်။ ဒီနှစ်နွေဈေးကွက်မှာမန်ယူအနေနဲ့ ဥရောပတိုက်မှာ ခြေလှမ်းအသွက်ဆုံးအသင်းအဖြစ် လှုပ်ရှားနေပြီး ပီအက်စ်ဗွီမှ တောင်ပံကစားသမား ဒီပေးကို အရခေါ်ယူနိုင်ခဲ့ပြီး နောက်မှာ ရီးယဲလ်တိုက်စစ်မှူး ဂါရတ်ဘေးလ်၊ ဂျူဗင်တပ်ကွင်းလယ်လူ ပေါ့ဘာတို့ကိုလည်း ထပ်မံကမ်းလှမ်းမှုတွေပြုထားပါတယ်။



မေလွဲသင်း စုစည်းသည်

## ရီးယဲလ်က မော်ရင်ဟိုအား လာရောက်ချိတ်ဆက်နေ

ရီးယဲလ်သည်ယခုနှစ်ဘောလုံးရာသီတွင် ဖလားလက်မဲ့ အနေအထားကြောင့် လက်ရှိနည်းပြ ကားလို့စ်အန်စလော့တီ နေရာ၌အခြားနည်းပြတစ်ဦးကို အစားထိုးခန့်အပ်ရန် ကြိုးပမ်းနေရာမော်ရင်ဟိုအား ချိတ်ဆက်လာခဲ့သည်ဆိုသည့် သတင်းများပေါ်ထွက်လာခဲ့ပြီး ရက်ပိုင်းအနည်းငယ်အကြာမှာပင် မော်ရင်ဟိုနှင့် ရီးယဲလ်ဥက္ကဋ္ဌ ပီရက်ဇ်တို့အကြား တွေ့ဆုံခဲ့ကြသည်ဆိုသည်မှာ မှန်ကန်ကြောင်း မော်ရင်ဟိုဘက်မှ အတည်ပြုပေးခဲ့သည်။

ရီးယဲလ်နည်းပြ အန်စလော့တီမှာ လာမည့်ဘောလုံးရာသီတွင် မန်စီးတီးအား ကိုင်တွယ်ရန် အကြိုသဘောတူညီမှုပြုလုပ်ပြီးဖြစ်ရာ ရီးယဲလ်က၎င်း၏နေရာတွင် နောက်ထပ်ထိပ်တန်းနည်းပြတစ်ဦးနှင့် အစားထိုးရန်ရှာဖွေနေသည်။ Sky Sports၏ဖော်ပြချက်တွင် မော်ရင်ဟိုသည် ရီးယဲလ်၏ပစ်မှတ်နည်းပြများထဲမှ တစ်ဦးဖြစ်ကာ ဘင်နီတက်ဇ်၊ ဂျာဂင်ကလော့နှင့် ပေါ်တိုနည်းပြ လိုပက်ဇ်တက်ဂလီတို့ကိုလည်းရီးယဲလ်က ဆက်သွယ်ကမ်းလှမ်းမှုများပြုလုပ်နေသည်။

စပိန်နာမည်ကျော် အကျိုးဆောင်ဘဲလေ့ဂ်ကမော်ရင်ဟိုအား ရီးယဲလ်တစ်ကျော့ပြန်ခရီးအတွက်၎င်းအနေဖြင့် လက်လျှော့မည်မဟုတ်ကြောင်း၊ ရီးယဲလ်တာဝန်ရှိသူများအနေဖြင့် အဆိုပါနည်းပြလေးဦးထဲမှ တစ်ဦးဦးကို ခန့်အပ်ရန်ဆန္ဒရှိနေသော်လည်း မော်ရင်ဟိုကမူ ရီးယဲလ်၏ကမ်းလှမ်းချက်ကို လက်ရှိတွင်ငြင်းပယ်ထားကြောင်း စပိန်သတင်းစာ မာကာသို့ ပြောကြားခဲ့သည်။

မော်ရင်ဟိုက“ ဒီသတင်းတွေက မမှန်ပါဘူး။ တကယ့်ဖြစ်စဉ်က ရီးယဲလ်ဘက်စကက်ဘောအသင်း ဖလားရလို့ဥက္ကဋ္ဌကြီး ပီရက်ဇ်ကိုကျွန်တော်ဂုဏ်ပြုဖို့ သွားရောက်နှုတ်ဆက်ခဲ့တာပဲဖြစ်ပါတယ်” ဟု ပြန်လည် ရှင်းလင်းခဲ့သည်။

## ကသာမြို့နယ်အတွင်း ဘိန်းဖြူများသိမ်းဆည်းရမိ

**ကသာ မေ ၂၁**

မူးယစ်ဆေးဝါးတားဆီးနှိမ်နှင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု(၆) ကသာမြို့မှ ရဲတပ်ဖွဲ့ဝင်များသည် မေ ၁၉ ရက်က ကသာ-နဘား-အင်းတော်ကားလမ်းဘေးရှိ လမ်းခွကျေးရွာတွင် ဘိန်းဖြူများသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နှင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု(၆) ကသာမှ ရဲတပ်ကြပ်ကြီးအောင်ဇော်လတ်နှင့်အဖွဲ့သည် သတင်းအရ ကသာ-နဘား-အင်းတော်ကားလမ်းဘေးရှိ ကသာမြို့နှင့် ခြောက်မိုင်အကွာ လမ်းခွကျေးရွာရှိ လမ်းအသုံးပြုခကောက်ခံရေးစခန်းတွင် ယာဉ်များအား ရပ်တန့်စစ်ဆေးစဉ် တရုတ်နိုင်ငံလုပ် Ambo125 ဆိုင်ကယ်နှင့် Yin Xing 125 ဆိုင်ကယ်စီးလာသော ပင်လည်ဘူးမြို့နယ် အောင်းကုန်း ကျေးရွာနေ မြင့်ဦးနှင့် မဘိန်းမြို့နယ် နန်းခွဲ့ကျေးရွာနေ အုန်းဆန်းတို့အား စစ်ဆေးရာ မြင့်ဦး ဆိုင်ကယ်ဖင်ထိုင်ခုံအောက်တွင် ဆပ်ပြာခွက်အတွင်း ထည့်ထားသည့် ဘိန်းဖြူ အဖြူရောင်အမှုန့် အလေးချိန် ၂၂ ဂရမ်ကို သိမ်းဆည်းရမိခဲ့သည်။

ရှမ်းပြည်နယ်မြောက်ပိုင်းမှ ပင်လည်ဘူးမြို့နယ်သို့ မူးယစ်ဆေးရောင်းချရန် သယ်ဆောင်လာသော မြင့်ဦးနှင့် အုန်းဆန်းတို့နှစ်ဦးအား မူးယစ်ဆေးဝါး ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**အေးလွင်(ကသာ)**



## ရေပိုက်တပ်ဆင်သည့် အလုပ်သမားတစ်ဦး အမြင့်ပေ ၇၀ မှ ပြုတ်ကျသေဆုံး

**ရန်ကုန် မေ ၂၁**

မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်း ဆောက်လုပ်ရေး လုပ်ငန်းခွင်မှ ရေပိုက်တပ်ဆင်သည့် အလုပ်သမား တစ်ဦး မေ ၁၉ ရက် ညပိုင်းက ပြုတ်ကျသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မင်္ဂလာတောင်ညွန့်မြို့နယ် မြန်မာ့ဂုဏ်ရည်လမ်းရှိ ဆောက်လုပ်ရေး လုပ်ငန်းခွင်မှ အလုပ်သမားတစ်ဦး တိုက်ပေါ်မှပြုတ်ကျကာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိသေဆုံး နေကြောင်း သတင်းအရ မေ ၁၉ ရက် ညနေ ၆ နာရီ ၄၅ မိနစ်က သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူမှာ ဒလမြို့နယ်နေ အသက်(၂၅) နှစ်အရွယ် အမျိုးသားတစ်ဦးဖြစ်ပြီး နဖူးယာဘက်စုတ်ပြဲ၊ နှာခေါင်းဖူးရောင်၊ ဝဲခြေသလုံး စုတ်ပြဲဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိခဲ့သည်။

သေဆုံးသူသည် အဆိုပါ ဆောက်လုပ်ရေး လုပ်ငန်းခွင်၌ ရေပိုက်တပ်ဆင်သည့် အလုပ်သမား တစ်ဦးဖြစ်ပြီး ဆောက်လုပ်ရေး လုပ်ငန်းခွင် (၆)လွှာ အမြင့်ပေ ၇၀ ခန့်ရှိ ဓာတ်လှေကားခွင်၌ ရေပိုက်တပ်ဆင်မှုပြုလုပ်စဉ် ပြုတ်ကျခဲ့ခြင်း ဖြစ်ကြောင်း၊ သေဆုံးမှုနှင့် ပတ်သက်၍ မင်္ဂလာတောင်ညွန့်မြို့မ ရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ဝ၄၀)**



## ကော့သောင်းမြို့တွင် ယာဉ်တိမ်းမှောက်မှုဖြစ်ပွား

**ကော့သောင်း မေ ၂၁**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ ကော့သောင်း-ဘုတ်ပြင်း အဝေးပြေးလမ်း ရွှေပြည်စိုးကျေးရွာအုပ်စု (၄)မိုင်ကုန်းတွင် မေ ၂၀ ရက် နံနက်ပိုင်းက ချောင်းဖျားကြီးကျေးရွာမှ ကော့သောင်းမြို့သို့ ပြေးဆွဲသည့် APLAS ထရပ် (၆)ဘီးခရီးသည်တင်ယာဉ်တစ်စီး လမ်းချော်တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ချောင်းဖျားကြီးကျေးရွာမှ ကော့သောင်းမြို့သို့ ပြေးဆွဲသည့် ယာဉ်မောင်း ဦးနွယ် ချောင်းဖျားကြီး ကျေးရွာနေသူမောင်းနှင်သည့် 5G/----- APLAS ခရီးသည်တင်ယာဉ်သည် ချောင်းဖျားကြီးကျေးရွာမှ ကော့သောင်း မြို့သို့အလာ ကော့သောင်း-ဘုတ်ပြင်းအဝေးပြေးလမ်း မိုင်တိုင်အမှတ်(၂၇/၇) အရောက်တွင် မျက်နှာချင်းဆိုင်မှ အရှိန်ပြင်းစွာမောင်းနှင်လာသည့် ဆိုင်ကယ်နှစ်စီးအား ယာဘက်လမ်းဘေးသို့ ရှောင်တိမ်းရာ မိုးရွာထားသဖြင့် အရှိန်မထိန်းနိုင်ဘဲ ယာဉ်၏ ယာဘက်လမ်းဘေးသို့ ထိုးကျတိမ်းမှောက်ခြင်းဖြစ်သည်။

အဆိုပါဖြစ်စဉ်တွင် ယာဉ်ပေါ်လိုက်ပါလာသူများအနက် သံဃာတော်တစ်ပါး အနည်းငယ်ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းနှင့် ဖြစ်စဉ်နှင့်ပတ်သက်၍ ကော့သောင်းမြို့ ရဲတပ်ဖွဲ့စခန်းမှ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

## အိပ်ငိုက်ပြီး မောင်းနှင်လာသည့်ယာဉ် ရေပွန်ပေါက်ကာရံထားသည့်အုတ်တံတိုင်းအား ဝင်တိုက်မိ

**နေပြည်တော် မေ ၂၁**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ်(၁၀၄/၂-၃)ကြားတွင် မေ ၁၇ ရက် နံနက် ၆ နာရီက ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ မြို့ချောင်း အမြန်လမ်းမကြီး ရဲစခန်းမှတပ်ဖွဲ့ဝင်များနှင့် အမြန်လမ်းမီးသတ်တပ်ဖွဲ့မှ မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ မကွေးမှ ရန်ကုန်သို့ အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက်နေ ရဲမင်းထွန်း(၄၀)နှစ် မောင်းနှင်လာသော 5J/--- HONDA INSIGHT ခဲရောင်ယာဉ်မှာ ယာဉ်မောင်းအိပ်ငိုက်ပြီး လမ်းလယ်ကျွန်းပေါ်သို့ရောက်ရှိကာ လမ်းလယ်ကျွန်း ရေပွန်ပေါက်ကာရံထားသည့် အုတ်တံတိုင်းအား ဝင်ရောက်တိုက်မိခဲ့ကြောင်း သိရသည်။

ထိုသို့တိုက်မိမှုကြောင့် ယာဉ်ပေါ်တွင်လိုက်ပါလာသူများအနက် ယာဉ်မောင်း ရဲမင်းထွန်းနှင့် ဇော်မင်းထွန်း(၂၉) နှစ်တို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် မြို့ချောင်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး ရဲမင်းထွန်းအား မြို့ချောင်း အမြန်လမ်းမကြီးရဲစခန်းက ယာဉ်(ပ)၁၇/၂၀၁၅၊ ပြစ်မှုပုဒ်မ ၃၃၈/၃၃၇ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**

## ဆိုင်ကယ်ပေါ်မှပြုတ်ကျသဖြင့် ဒဏ်ရာများရရှိ

**ပခုက္ကူ မေ ၂၁**

ပခုက္ကူမြို့နယ် ပခုက္ကူ-ပေါက်ကားလမ်း လယ်ယာကျေးရွာအနီးတွင် မေ၂၀ရက်က အမျိုးသမီးတစ်ဦး ဆိုင်ကယ်ပေါ်မှ ပြုတ်ကျခဲ့သဖြင့် ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ၂၀ရက် ညနေ ၄နာရီခွဲက လယ်ယာကျေးရွာအနီး ဆိုင်ကယ်ပေါ်မှ လူတစ်ဦးပြုတ်ကျခဲ့ကြောင်း သတင်းအရ ပခုက္ကူမြို့ ယာဉ်ထိန်းတပ်ဖွဲ့စိတ်မှ ဒုရဲအုပ်ဝင်းခိုင်သည် အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးခဲ့ရာ ပခုက္ကူ-ပေါက်ကားလမ်းအတိုင်း ပခုက္ကူဘက်မှ ပေါက်မြို့နယ် ရေပြာကျေးရွာသို့ JINSHE 110 အနက်ရောင်ဆိုင်ကယ်ဖြင့် မအိအိဝင်း (၃၂)နှစ် ရေပြာကျေးရွာ ပေါက်မြို့နယ်နေသူ မောင်းနှင်ပြီး နောက်မှ မဝင်းဝင်းမော်(၄၅)နှစ် မူလတန်းပြ အထက(ရေပြာ)စီးနင်းလာစဉ် လယ်ယာကျေးရွာအနီး ရေကျော်အရောက်တွင် ဆိုင်ကယ်နောက်မှ ပါလာသူ မဝင်းဝင်းမော်မှာ ဆိုင်ကယ်ပေါ်မှပြုတ်ကျခဲ့သဖြင့် နှာခေါင်းသွေးထွက်ဒဏ်ရာ၊ ယာပါး/ပေါင်နာကျင်ဒဏ်ရာ (စိုးရိမ်ရ)များ ရရှိခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ဆိုင်ကယ်အား မဆင်မခြင်မောင်းနှင်သူ မအိအိဝင်းအား ပခုက္ကူမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**

## အငှားယာဉ်စီးနင်းသူခရီးသည်များထံမှ ပစ္စည်းလုယက်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီး

**ရန်ကုန် မေ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များသည် အငှားယာဉ် ငှားရမ်းစီးနင်းသူ ခရီးသည်များထံမှ လုယက်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် စုံစမ်းဆောင်ရွက်ခဲ့ရာ ရွှေပြည်သာမြို့နယ်နေ အငှားယာဉ်မောင်း ကျော်ကြီး(ခ)ကျော်စွာဝင်း(၄၂)နှစ်သည် ငှားရမ်းစီးနင်းသူ ခရီးသည်ထံမှ ရွှေထည်ပစ္စည်းများအား ခိုးယူမှုဖြင့် ပြစ်ဒဏ်ကျခံဖူးပြီး ၎င်းသည် ၂၀၁၃ ခုနှစ်အတွင်းက ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ ကားငှားရန် စောင့်ဆိုင်းနေသည့် အမျိုးသမီး၏ လက်ကိုင်အိတ်အား လုယူထွက်ပြေးတိမ်းရှောင်နေသူဖြစ်ကြောင်း စုံစမ်းသိရှိရသဖြင့် ၎င်းအား ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့သည်။

ထိုသို့ စုံစမ်းဆောင်ရွက်ခဲ့ရာ ကျော်ကြီး(ခ) ကျော်စွာဝင်းအား မေ ၆ ရက် ညနေ ၆ နာရီက ဗဟန်းမြို့နယ် စက်မှု(၁)လမ်း၌ AA/-----အငှားယာဉ်၊ လက်ကိုင်ဖုန်းနှစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် စစ်ဆေးရာ မင်္ဂလာဒုံမြို့နယ်နေ ဩဘာ(ခ) အောင်မြတ်ထွန်း(ခ)အောင်အောင်ဦး (၃၅)နှစ်မှာ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သဖြင့် ၎င်းအားဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ မေ ၁၁ ရက် မွန်းလွဲ ၂ နာရီက ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်မှ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ **(စိုးဝင်း)**

## မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**မြင်းခြံ**

မြင်းခြံခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှတပ်ဖွဲ့ဝင်များသည် မေ ၁၇ ရက်က မြင်းခြံမြို့ အမှတ် (၁၉)ရပ်ကွက် မြင်းခြံဒီဂရီကောလိပ်သွား ကားလမ်းမပေါ်တွင် သန်းဇော်ဦး မောင်းနှင်လာသော ဆိုင်ကယ်ကို ရှာဖွေရာ ၎င်း၏ ဝဲဘက်လက်တွင် ကိုင်ဆောင်ထားသည့် ကြွပ်ကြွပ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၅ ပြားနှင့် မြင်းခြံမြို့ စက်မှုဇုန်ရပ်ကွက်ရှိ ၎င်း၏ နေအိမ်မီးဖိုတဲအမိုးကြားရှိ ကြွပ်ကြွပ်အိတ်အတွင်းမှ ကပ်ခွာအိတ်များဖြင့် ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၃၉၉ ပြား ထပ်မံသိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ မြင်းခြံမြို့ အမှတ်(၁၉) နယ်မြေ(၁၀)နေ စိတ်ကြွရူးသွပ်ဆေးပြားများ ပိုင်ရှင်ဝဏ္ဏစိုးအား ၎င်း၏ နေအိမ်တွင် ဖမ်းဆီးရမိသဖြင့် သန်းဇော်ဦး (၃၇)နှစ်နှင့် ဝဏ္ဏစိုး (၂၇)နှစ်တို့ နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ဖားကန့်**

ဖားကန့်မြို့ နယ်မြေခံတပ်နှင့် ဖားကန့်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၈ ရက်က ဖားကန့်မြို့နယ် ဂျန်ဂါကျေးရွာနေ တွမ်အယ်၏ နေအိမ်ကိုရှာဖွေရာ နေအိမ်ခေါင်းရင်း ခြံစည်းရိုးအနီးရှိ မြေကြီးအတွင်း သို့ဝှက်ထားသည့် ကြွပ်ကြွပ်အိတ်အတွင်းမှ စက္ကူဖြင့် ထုပ်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀ နှင့် အိပ်ခန်းထောင့် တိုင်ခြေရှိ ကွန်ကရစ်လိုင်ခေါင်းအတွင်းမှ ပလတ်စတစ်အိတ်ဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၂၈၀၀၀ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၂၈၁၄၀ သိမ်းဆည်းရမိသဖြင့် တွမ်အယ်(ခ)အိုက်နု (၄၀)နှစ် အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**မိုင်းဆတ်**

မူးယစ်တပ်ဖွဲ့စု(၁၀၄)နေပြည်တော်နှင့် မူးယစ်တပ်ဖွဲ့စု(၂၉)မိုင်းဆတ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၈ ရက်က မိုင်းဆတ်မြို့နယ် မယ်ဆတ်ကျေးရွာနေ စိုင်းအွမ်၏ နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ အိုက်ရှုန်အား တွေ့ရှိပြီး နေအိမ်ခြံဝင်း ဝါးရုံခြုံ၌ သို့ဝှက်ထားသည့် ကြွပ်ကြွပ်အိတ်အတွင်းမှ အအေးစုပ်ပိုက် ၁၁ ချောင်းဖြင့်ထည့်လျက် ဘိန်းဖြူ သုည ဒသမ ၀၀၁၁ ကီလို၊ ပလတ်စတစ်ဘူး ရှစ်ဘူးဖြင့် ထည့်လျက် ဘိန်းဖြူ သုည ဒသမ ၀၀၅၆ ကီလို စုစုပေါင်း ဘိန်းဖြူ သုည ဒသမ ၀၀၆၇ ကီလို၊ ကပ်ခွာအိတ်ဖြင့် ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀ နှင့် အိုက်ရှုန် ဝတ်ဆင်ထားသည့် အင်္ကျီဝဲဘက်အိတ်ကပ်အတွင်းမှ အအေးစုပ်ပိုက်ဖြင့်ထည့်လျက် ဘိန်းဖြူ သုည ဒသမ ၁ ဂရမ်တို့ကို သိမ်းဆည်းရမိသဖြင့် စိုင်းအွမ် (၄၀) နှစ်နှင့် အိုက်ရှုန် (၄၂)နှစ် တို့ နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကြေးမုံ**



**တွမ်အယ်(ခ)အိုက်နု (၄၀)နှစ်အား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့် အတူတွေ့ရစဉ်။**

# ပင်လုံမြေမှာ သာတဲ့လ သဒ္ဓမ္မပါလ

ရတနာစည်ဆရာတော်(လွိုင်လင်)

**ပင်လုံမြေမှာသာတဲ့လ**

ပင်လုံမြေမှာ သာတဲ့လ၊ စန္ဒာလထက် အဆထောင်ရာ သာယာတောက်ပ လင်းလက်စွာ ဓမ္မအလင်း ဝင်းဝင်းဝါ။

နေရာက ညီညွတ်ခြင်း လပြည့်ဝန်းပေါ်ထွန်းရာ ပင်လုံမြေ၊ အခြင်းအရာက ဓမ္မအလင်း ဝင်းဝင်းဝင့်သော သဒ္ဓမ္မပါလ စာမေးပွဲ၊ ကျင်းပရက်ပေါင်းက ခုနစ်ရက်နှင့် အောင်ပွဲ တစ်ရက်စုစုပေါင်းရှစ်ရက်ပြန်ဆိုဖြေဆိုသော ရဟန်းသာမဏေသီလရှင်များက အပါးပေါင်း ၂၀၀၀ ခန့်၊ ဦးဆောင်ကျင်းပသောအဖွဲ့က ရှမ်းပြည်နယ်လုံးဆိုင်ရာ သံဃာ့အဖွဲ့ချုပ်ပစ္စည်းလေးပါးဒါယကာ ဒါယိကာမများက ပင်လုံမြို့သားများ၊ ပင်လုံမြို့တည်ရှိရာ လွိုင်လင်ခရိုင်သားများ၊ ရှမ်းပြည်နယ်သားများ၊ တောင်ပေါ်မြေပြန့်နေရာအနှံ့ ပြည်ထောင်စုမြန်မာနိုင်ငံသားများ၊ ကျင်းပသည့်လက သဗ္ဗညုတ လဝန်းတင့်ရွှန်းရာ ကဆုန်လ။

ပြည်ထောင်စုအလှ စည်းလုံးခြင်းရတနာ ပင်လုံမြေမဟာ၌ရှမ်းပြည်နယ်လုံးဆိုင်ရာသံဃာ့အဖွဲ့ချုပ်က နှစ်စဉ်ကဆုန်လတွင် ကျင်းပသည့် သဒ္ဓမ္မပါလ အာဂုံပြန်နှင့် အဓိပ္ပာယ်ရေးဖြေ စာပွဲတော်ကြီးဖြစ်ပါသည်။

၎င်းစာပွဲတော်ကို ပင်လုံမြို့၌စတင်ကျင်းပသည့် ကောဇာ ၁၃၂၀၊ ခရစ် ၁၉၅၈ မှစ၍ နှစ်စဉ်မပျက်ကျင်းပနိုင်သောကြောင့် ယခုနှစ်တွင် (၅၇) နှစ်ပြည့်မြောက်ပြီဖြစ်၏။ ၎င်းကာလများအတွင်း တစ်နှစ်ထက် တစ်နှစ်ပို၍ တိုး၍သာပြန့်ပွားထွန်းကားလာလျက်ရှိ၏။ ယမန်နှစ်က အာဂုံပြန်ဆို ၇၁၁ ပါး၊ အဓိပ္ပာယ်ရေးဖြေ ၉၇၁ ပါး ရှိခဲ့သဖြင့်စုစုပေါင်း ၁၆၈၂ ရှိခဲ့ပြီး ယခုနှစ်တွင်မူ အပါး ၂၀၀၀ နီးပါးရှိလာနေပါပြီ။

ထိုမျှများပြားသော စာပြန်၊ စာဖြေ၊ ရဟန်း၊ သာမဏေ၊ သီလရှင်များနှင့် ကြီးကြပ်ပုဂ္ဂိုလ်များမှာ နေရာဒေသ အနှံ့အပြားမှ ပင်လုံသို့ရောက်ရှိလာကြရသောကြောင့်စာမေးပွဲကာလအတွင်း အိပ်ရာနေရာ၊ ဆွမ်း၊ ကွမ်း၊ စာဖြေ အထောက်အကူပစ္စည်း ပစ္စယ၊ လမ်းစရိတ်၊ စာအောင်ဆုစသည့်ဆောင်ရွက်ဖွယ်ကိစ္စ၊ ဖြည့်ဆည်းပေးရမည့် ကဏ္ဍဟူသမျှ ပင်လုံမြို့သူမြို့သားများ ပဓာနပြု၍ ပင်လုံမြို့တည်ရှိရာလွိုင်လင်ခရိုင် တစ်ခရိုင်လုံး ရှမ်းပြည်နယ် တစ်နယ်လုံး မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိ ပတ်သက်ဆက်စပ်ရာ ဒါယကာ၊ ဒါယိကာမများက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ခဲ့ကြသည်မှာ ကာလအဆက်ဆက်ဖြစ်ခဲ့သလို ယခုနှစ်တွင်လည်း ပို၍တိုး၍ ကြိုးစား နေကြပါသည်။ ၎င်းသည်ပင် ပင်လုံသားတို့၏ သဒ္ဓါတရား၊ ပင်လုံတည်ရှိရာ လွိုင်လင်ခရိုင်သားတို့၏ အင်အား ဖြစ်ပါတော့သည်။

**သဒ္ဓမ္မနှင့် အသဒ္ဓမ္မ**

၎င်းလောက၌ သဒ္ဓမ္မခေါ် သူတော်ကောင်းတို့၏ တရားသည် သဘာဝပကတိ တည်ရှိနေသလို အသဒ္ဓမ္မခေါ် သူညံ့သူယုတ်တို့၌ တရားသည်လည်း သဘာဝပကတိ တည်ရှိနေသည်သာဖြစ်၏။

သူတော်ကောင်းတို့၏ တရားမှာ အလောဘ (ပေးဝေမျှတ ဒါန)၊ အဒေါသ (အမုန်းမဲ့မေတ္တာ)၊ အမောဟ (တွေးဆမြော်မြင်ပညာ) စသည်တို့ဖြစ်ပြီး သူညံ့သူယုတ်တို့၏ တရားမှာ လောဘ(တစ်ကိုယ်ကောင်းအတ္တ)၊ ဒေါသ(အကြမ်းဖက်ဝါဒ)၊မောဟ(အမြင်ကန်းသန္ဓ) စသည်တို့ဖြစ်၏။

သဒ္ဓမ္မကသာ လောကကို တည်ဆောက်၍ အသဒ္ဓမ္မကမူ လောကကို ဖျက်ဆီးနေပေရာ သဒ္ဓမ္မကို စောင့်ရှောက်ခြင်းဖြင့်သာ လောကကောင်းကျိုးသယ်ပိုးထမ်းရွက်သည်မည်ပါ၏။ ၎င်းသည်ပင် သဒ္ဓမ္မပါလ ဖြစ်ပါသည်။ ၎င်းသည်ပင် ၎င်းစာမေးပွဲ၏ ဦးတည်ချက် ဖြစ်ပါသည်။

**သဒ္ဓမ္မပါလ အင်အားများ**

၎င်းဦးတည်ချက်ကို လွန်ခဲ့သော နှစ်ပေါင်း ၅၇ ခုနှစ်ကတည်းက စတင်မျှော်မှန်းခဲ့ကြသည်။ သဒ္ဓမ္မပါလ ဖြစ်တည်ရှင်သန်ရေး၊ ဦးဆောင်ဆရာတော်ကြီးများမှာ မိုင်းရှူးယုံပေါင် ဆရာတော် ဘဒ္ဒန္တပညာဘောဂ၊ မိုင်းနောက်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ(အဂ္ဂမဟာပဏ္ဍိတ)၊ နောင်လိုင်ဆရာတော် ဘဒ္ဒန္တဉာဏကမ္ဘာရ(သာသနဓဇသီရိပဝရ ဓမ္မာစရိယ၊ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ) အမှူးပြုသော ဆရာတော်ကြီးများဖြစ်တော်မူကြပါ၏။ ယနေ့ချိန်ခါတွင် ထိုဆရာတော်ကြီးများ ဘဝနတ်နန်းစံမြန်းကြွသွားပြီဖြစ်သည့်တိုင်အောင် ဆရာတော်ကြီးများ၏ သဒ္ဓမ္မပါလ အမွေကို ဆရာအဆက်ဆက် တပည့်အဆင့်ဆင့် လက်ကမ်းသယ်ဆောင်လာနိုင်ခဲ့ကြသဖြင့် သဒ္ဓမ္မပါလသည် ပို၍တိုး၍ တည်တံ့ပြန့်ပွားလာလျက်ရှိ၏။

လက်ရှိ သဒ္ဓမ္မပါလ၏ ဥက္ကဋ္ဌ ဆရာတော်(သို့မဟုတ်) ရှမ်းပြည်နယ်လုံးဆိုင်ရာ သံဃာ့အဖွဲ့ချုပ်၏ ဥက္ကဋ္ဌ ဆရာတော်မှာ လွိုင်လင်မြို့ သာသနဝိပုလဓာတ်တော် ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဒေါက်တာ ဘဒ္ဒန္တပညာနန္ဒ(အဂ္ဂမဟာပဏ္ဍိတ) ဖြစ်၍နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် တာဝန်ကိုပါ ထမ်းရွက်လျက်ရှိ၏။

သဒ္ဓမ္မပါလ အကျိုးတော်ဆောင်(အတွင်းရေးမှူး)မှာ "တန့်ယန်းဆရာတော်"၊ "မူဆယ်ဆရာတော်"စသည်ဖြင့် ခေါ်ဝေါ်နေကြသည့် ဘဒ္ဒန္တသုခမိန္ဒ(ကျောက်ဆုခမ်း)ဖြစ်ပါ၏။ "တက္ကသီလ မဟာဓမ္မာစရိယ (M.A) ဘွဲ့ရသည်အထိ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်၌ ပညာသင်ယူဆည်းပူးခဲ့ပြီး တန့်ယန်းမြို့နှင့် မူဆယ်မြို့တို့ကို အခြေပြုကာ နိုင်ငံအနှံ့ လှည့်လည်၍ တရားဟော၊ တရားပြ စသည်ဖြင့်သူတော်ကောင်းတရား ပြန့်ပွားအောင်သာသနာပြုနေသော နာမည်ကျော်ဆရာတော်တစ်ပါးဖြစ်ပါ၏။

ဥက္ကဋ္ဌဆရာတော်၊ အကျိုးတော်ဆောင်ဆရာတော်တို့နှင့်အတူ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ဇဟိုကော်မတီဝင်ဆရာတော်များ၊ စာထောက်စာမ ပုစ္ဆာထုတ်၊ ပုစ္ဆာစစ် ဆရာတော်များ၊ သံဃာ့ဝါဩဒခံလူပုဂ္ဂိုလ် ဇဟိုကော်မတီဝင်များ၊ အသီးသီးသော ဆပ်ကော်မတီဝင်များ၊ သာသနာရေးဆိုင်ရာ အသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်အမှူးပြုဝန်ကြီးများစသည် စသည်

**ဉာဏ်အသင့် အတင့်ရှိပြီး ကြိုးစားမှု ဝီရိယအားကောင်း သူတိုင်း နှစ်စဉ်အောင်ပန်း ဆွတ်ချူနိုင်၏။ အောင်ပန်း ပန်ရသောကြောင့် အနာဂတ် မျှော်လင့်ချက်တွေ ဝင်းလက်နေလေ၏။**

တက်ညီလက်ညီ သူတော်ကောင်းတရားပြန့်ပွားအောင် ဖြန့်ကြက်လျက်ရှိကြပါကုန်၏။

လွိုင်လင်ခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ဟိန်းကျော် အမှူးပြုသော ခရိုင်အဆင့်ဌာနဆိုင်ရာစေတနာရှင်များ၊ လွိုင်လင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးနေမျိုးဇော် အမှူးပြုမြို့နယ် အဆင့်ဌာနဆိုင်ရာ စေတနာရှင်များ၏ ပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်စောင့်ရှောက်မှုတို့ကလည်း သူတော်ကောင်းတရား၏ အင်အားများ ဖြစ်လျက်ရှိကြပါကုန်၏။

၎င်းသဒ္ဓမ္မပါလမှ တစ်ဆင့်အစိုးရ ဓမ္မာစရိယဘွဲ့ရများ၊ တက္ကသီလ ဓမ္မာစရိယနှင့် မဟာဓမ္မာစရိယဘွဲ့ရများ၊ ပြည်ပသာသနာဘွဲ့ရများ၊ ထူးချွန်ထက်မြက်သော သာသနာပြုရဟန်းတော်များ ရှမ်းပြည်နယ်အနှံ့ ပေါ်ထွန်းလာခဲ့ရာဝယ် ယခု ၂၀၁၅ ခုနှစ်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ သာသနာရေး ဆိုင်ရာဘွဲ့တံဆိပ်တော်များဖြင့်ဂုဏ်ပြုလျှာဒါန်းဆက်ကပ်ပူဇော်မှု ခံယူရရှိသည့်ရှမ်းမျိုးနွယ်ဖွား ဆရာတော်များမှာ ၁၂ ပါးတိတိရှိနေပါပြီ။ ထိုထို ဆရာတော်တို့၏ပရိယတ္တိ၊ ပဋိပတ္တိ သာသနာပြုအရည်အသွေးများနှင့် အမျိုးဘာသာသာသနာ ပညာအကျိုးပြု၊ ဒေသနိုင်ငံတော်အကျိုးပြု အရည်အသွေးများကြောင့် ထိုက်ထိုက် တန်တန်ဂုဏ်ပြုပူဇော် ခံယူရမည်ဖြစ်ရာ စိုးစဉ်းမျှ တစ်ပါးနှစ်ပါးမျှလောက် ရွေးကောက်ဖော်ပြရပါလျှင်-

**ဒေါက်တာ ဘဒ္ဒန္တ ဓမ္မသာမိ**

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့ နောင်ပန်ရွာ ဇာတိသားဖြစ်၍ ရှင်သာမဏေဘဝဖြင့်ပင် အစိုးရဓမ္မာစရိယဘွဲ့ကိုဆွတ်ခူးရရှိပြီး နောက်တစ်နှစ်ဖြစ်သော ၁၉၈၆ ခုနှစ်တွင် သဒ္ဓမ္မပါလ ဓမ္မာစရိယဘွဲ့ကို ထပ်မံ ဆွတ်ခူးရရှိခဲ့သည့် ပညာပါရမီ ထူးချွန်သော အရှင်မြတ်တစ်ပါးဖြစ်ခဲ့သလို ၂၀၁၄ ခုနှစ်တွင်အင်္ဂလန်နိုင်ငံ အောက်စဖို့ဒ်၌ "အောက်စဖို့ဒ် ဗုဒ္ဓဝိဟာရ"ကျောင်းတိုက်ကို တည်ထောင်လျက် ကမ္ဘာအနှံ့သာသနာပြုတော်မူသဖြင့် သာသနာပြုအဆင့်မြင့် "အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ" ဘွဲ့တံဆိပ်တော်ကို ၂၀၁၂ခုနှစ်ဝယ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရက ပူဇော်လှူဒါန်းဆက်ကပ်ခဲ့သည့်အပြင် ယခု ၂၀၁၅ ခုနှစ်တွင် စာချအဆင့်မြင့် "အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ပူဇော်ဆက်ကပ်လှူဒါန်းမှုကိုပါခံယူတော်မူရသည့် ပါမောက္ခ ဒေါက်တာ ဘဒ္ဒန္တဓမ္မသာမိဖြစ်ပါသည်။

ဆရာတော်သည် ဗုဒ္ဓသာသနာ အလွန်ထွန်းကာပြန့်ပွားလျက်ရှိသော ဇာတိပြည်နယ်ကြီးကိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် မြို့တော်တောင်ကြီးမြို့၌ "ဗုဒ္ဓတက္ကသိုလ်" တည်ထောင်နိုင်ရန် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ် စသော အကြီးအကဲများ၊ စေတနာရှင်များနှင့်အတူ ဦးဆောင်ကြိုးပမ်းလျက်ရှိပါသည်။ အောင်မြင်ပါစေ တောင်းဆုခြွေပါ၏ ဘုရား။

**ဒေါက်တာ ဘဒ္ဒန္တ ဝိနယာစာရ**

ဆက်လက်၍ နောက်ထပ်တစ်ပါး အကြောင်း ထဲထဲဝင်ဝင်မှတ်တမ်းတင်ရပါလျှင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့ နောင်မလုံရွာ ဇာတိသားဖြစ်၍ နမ့်ခမ်းမြို့နယ် မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌလည်းဖြစ် ကာ နမ့်ခမ်းမြို့ ဇေယျသုခဘုန်းတော်ကြီးသင်ပညာရေးကျောင်း၏ ဦးစီးပဓာန နာယကလည်း ဖြစ်သည့် အပြင်စုစုပေါင်းကျောင်းတိုက်ငါးတိုက်တို့၏ ဦးစီးပဓာန နာယကလည်း ဖြစ်ပါသော ဒေါက်တာ ဘဒ္ဒန္တဝိနယာစာရ ဖြစ်ပါ၏။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက ယခု ၂၀၁၅ခုနှစ်တွင် ပူဇော်လှူဒါန်းဆက်ကပ်သော "အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ" သာသနာပြုအဆင့်မြင့်ဘွဲ့တံဆိပ်တော်ကို ခံယူရရှိတော်မူပါသည်။

ဆရာတော်၏ ဇေယျသုခ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း အောင်မြင်တိုးတက်မှုမှတ်တိုင်မှာ ၁၉၉၈ ခုနှစ်တွင် မူလတန်းကျောင်းသားကျောင်းသူ ၁၀၀မျှ ဖြင့် စတင်ခဲ့ရာမှ ယခု ၂၀၁၅ ခုနှစ်တွင်မူ မူ-လယ်-ထက် ကျောင်းသားကျောင်းသူ ၁၀၄၀ အထိ တိုးပွားလာနေပါပြီ။ ၎င်းအပြင် သီတဂူဆရာတော်ကြီး၏ ဩဝါဒခံယူလျက် တန်ဖိုးကျပ် သိန်းပေါင်း သုံးသောင်းငါးထောင်ငါးရာ့ငါးဆယ်ကုန်ကျခံတည်ဆောက်သော သီတဂူစက္ခုဒါနဆေးရုံကို ကျောင်းပရိဝုဏ်အတွင်းကျယ်ဝန်းစွာထားရှိပြီး မျက်စိဝေဒနာရှင်များနှင့် အထွေထွေဝေဒနာရှင်ပေါင်း ၁၁၈၉၉ ဦးတို့အား စက္ခုအလင်းနှင့် အရောဂျံအလင်း ဆောင်ကြဉ်းပေးအပ်နိုင်ခဲ့ပါပြီ။ ထို့ပြင်တစ်ပါး သွားလာခက်ခဲလှသော တောင်ပေါ်ဒေသ ခိုလုံလီရှောတိုင်းရင်းသား ဒယကာ၊ ဒယိကာမများအား ၎င်းတို့ကိုယ်တိုင် ဗုဒ္ဓအဆုံးအမများကို နားလည်သိရှိလက်ခံကျင့်သုံးတတ်အောင် ဟောကြားသင်ကြားပေးပြီး ဗုဒ္ဓအဆုံးအမခံယူပွဲနှင့် သာသနာ့နုဂ္ဂဟ အသင်းဝင်ကတ်ပြားပေးအပ်ပွဲများကို အကြိမ်ကြိမ် အကျော့ကျော့ ကျင်းပခဲ့သည်မှာ ယခုဆိုလျှင် ဦးရေ သုံးကျောင်းကျော်အထိ တိုးပွားလာလျက်ရှိပါပြီ။ နမ့်ခမ်းမြို့နယ်အတွင်း ပင်လယ်ပြင်မှ အမြင့်ပေ ၆၇၀၀ ကျော်ရှိ တောင်ပေါ်ဒေသ ကျေးရွာပေါင်း ၃၀ကျော်၌ ဘုရားတည်၊ ကျောင်းဆောက်စသော သာသနာပြုဆောင်ရွက်ချက်များ မနားမနေ ဆောင်ရွက်နိုင်လျက်ရှိ နေပါပြီ။ ဆက်လက်လျှောက်လှမ်းအောင်ပန်းကုမ္ဘေ အောင်ပွင့်ဝေပါစေဘုရား။

၎င်းသည်တို့ကား သဒ္ဓမ္မပါလခေါ် သူတော်ကောင်းတရားကို စောင့်ရှောက်ခြင်းနှင့် အတူပြန့်ပွားအောင် ဖြန့်ကြက်ခြင်းများပင် မဟုတ်ပါလော။

**သဒ္ဓမ္မပါလ စာမေးပွဲ**

ပင်လုံမြို့၌ ကျင်းပသော ၎င်းစာမေးပွဲတွင် အခြေခံမှ ဓမ္မာစရိယတန်းအထိ အတန်းရှစ်တန်း အဆင့်ရှစ်ဆင့်ထားရှိပြီး ရှင်သာမဏေများတစ်နှစ်တစ်တန်းပြန်ဆို၊ ဖြေဆိုနိုင်အောင် ဝိနည်း၊ သဒ္ဒါ၊ အဘိဓမ္မာ ဘာသာရပ်များကို မလွယ် မခက် မလျော့မတင်းပြဋ္ဌာန်းထားရှိသောကြောင့် မိမိကိုယ်မိမိယုံကြည်မှု အပြည့်အဝရှိရေး အားပေးမြှင့်တင်သည့်စာမေးပွဲအဖြစ် ရှမ်းပြည်နယ်တစ်နယ်လုံး၊ ဆရာတော် သံဃာတော်အားလုံးတို့က သဘောတူခံယူထားလျက်ရှိ၏။ မလွယ်လွန်း မခက်လွန်း၊ မလျော့လွန်း မတင်းလွန်းသောကြောင့် ပို့ချသင်ကြားပေးသည့် စာချပုဂ္ဂိုလ်မရှားပါးသလို သင်ယူသူ ရှင်သာမဏေများလည်း အားတက်သရော သင်ယူနိုင်လျက်ရှိကြ၏။

အခြေခံအဆင့်မှစ၍ တစ်နှစ်ချင်း တစ်ဆင့်ချင်းတက်လာနိုင်သော ပညာလှေကားကို ပြေပြေလေးခင်းထားနိုင်ခြင်း၏ အကျိုးဆက်အဖြစ် နှစ်စဉ်နှစ်စဉ် အောင်မြင်သူ များပြားပြီး ကျရှုံးသူအနည်းအပါးသာရှိ၏။ ဉာဏ်အသင့်အတင့်ရှိပြီး ကြိုးစားမှုဝီရိယအားကောင်းသူတိုင်း နှစ်စဉ်အောင်ပန်းဆွတ်ချူနိုင်၏။ အောင်ပန်းပန်ရသောကြောင့် အနာဂတ်မျှော်လင့်ချက်တွေ ဝင်းလက်နေလေ၏။

**အစိုးရပထမပြန်စာမေးပွဲ**

၎င်းတွင် တစ်နိုင်ငံလုံးကိုလွှမ်းခြုံစိုးမိုးထားသော ပထမပြန်စာမေးပွဲနှင့် ဓမ္မာစရိယ (ဘွဲ့ရ) စာမေးပွဲများ၌ ပြုပြင်ပြောင်းလဲဆောင်ရွက်သင့်နေသည့် အချက်အလက်အချို့ကို စိုးစဉ်းမျှ တင်ပြအပ်ပါသည်။

ပထမပြန်စာမေးပွဲ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းဟု အတန်းသုံးတန်းသာထားရှိသော်လည်းပြဋ္ဌာန်းကျမ်းစာများမှာမူ အတန်းနှင့် မလိုက်ဖက်လောက်အောင် များပြားလေးလံလျက်ရှိသဖြင့် စာသင်သားများအတွက် ဝန်ထုပ်ဝန်ပိုးအသွင်ဖြစ်နေခြင်းကို အမှန်ပြုပြင်ရန် လိုအပ်နေကြောင်းပညာရှင်များ သိမြင်နေကြပါသည်။ အတန်းခြောက်တန်း ခြောက်နှစ်မျှ ထားရှိပေးပြီး ပြဋ္ဌာန်းကျမ်းစာများကိုလည်း သင့်လျော်စွာ အသစ်ရေးသားပြဋ္ဌာန်းရန် အမှန်လိုအပ်လျက်ရှိနေပါသည်။ ဉာဏ်အသင့်အတင့်ရှိ၍ ကြိုးစားမှု ဝီရိယရှိပါက တစ်နှစ်တစ်တန်းအောင်မြင်နိုင်အောင်စာမေးပွဲ လှေကားထစ်ကို ပြေပြေလျော့လျော့ဆင့်ထားပေးဖို့ဖြစ်ပါ၏။

သို့ဖြင့်ရဟန်းဘဝရောက်သည်နှင့် သာသနာရေးဆိုင်ရာ အခြေခံပညာရပ်များ(ဝိနည်း-သဒ္ဒါ-အဘိဓမ္မာ) ကျွမ်းကျင်လာပြီဖြစ်သလို ဓမ္မာစရိယ (ဘွဲ့ရ) စာမေးပွဲကိုလည်းပြုပြင်ကာ အင်္ဂလိပ်စာ(၁) နှစ်၊ ဘွဲ့ကြို တစ်နှစ်၊ ဘွဲ့ယူ(၃)နှစ်မျှ ထားရှိပေးနိုင်လျှင် ရဟန်းဝါ ငါးဝါအရတွင် ထိုက်တန်စွာ ဘွဲ့ရရှိပြီး အနာဂတ်သာသနာပြုလမ်းပွင့်လင်းသွားမည်ဧကန်ဖြစ်ပါသည်။ ဘွဲ့ရပညာတတ် ရဟန်းမြတ်ရဟန်းကောင်းများသာသနာဘောင်အတွင်း ယုံကြည်ချက်အပြည့်အဝဖြင့် ပြည်တွင်းပြည်ပသာသနာပြုခရီးကို သက်ဆုံးတိုင် လျှောက်လှမ်းနိုင်ကြမည်ဖြစ်ပါသည်။

ထေရဝါဒ ဗုဒ္ဓသာသနာအမြင်နှင့် ဂလိုဘယ်လိုက်ဇေးရှင်းအမြင် နှစ်မျိုးလုံး နှစ်ဖက်မြင်အဖြစ် အမြင်သန်သောရဟန်းပညာရှင်များက မြန်မာ့သာသနာရေးရာအဖြာဖြာအရပ်ရပ်တို့တွင် တာဝန်အရှိဆုံးဖြစ်တော်မူကြသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး၏ ဩဝါဒကိုခံယူတော်မူကြကာ အစွမ်းကုန် အချိန်မီ ကြိုးပမ်းတော်မူနိုင်ခြင်းဖြင့်သာ အနာဂတ်သာသနာလက်ဖြာဝင်းပမည်ဖြစ်ပါသည်။ အနာဂတ်သာသနာကို ပစ္စုပ္ပန်ပရိယတ္တိပညာပြုပြင်ခြင်းဖြင့် မြှင့်အားမြင့်မားရေး အားမွေးကြရမည်ဖြစ်ပါသည်။

**အားလုံးတာဝန်ရှိ**

သို့ဖြင့် သူတော်ကောင်းတရားများ ပြန့်ပွားကျယ်ပြောလွှမ်းခြုံ၍ သူညံ့ယုတ်တရားများ ပါးလျားပျောက်ကွယ်ချုပ်ငြိမ်းပြီး ရပ်ကျေး၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်၊ တိုင်းဒေသကြီး၊ နိုင်ငံတော်တစ်ရပ်လုံး အမုန်းစကားရှောင် အပြုံးအလှဆောင်နိုင်ဖို့ တိမ်မဖုံးသော ဓမ္မအလင်း အနာဂတ်ကာလတစ်လျှောက်ထွန်းတောက်ထိန်လင်းအောင် လှို့လဆောင်အမြော်အမြင်များဖြင့် ကြိုးစားနေကြရမည်မှာ ဆရာဒကာအားလုံးတို့ပင် ဖြစ်ပါသည်။

# မိုးဦးကာလ မိုးစတင်ရွာသွန်းမှုကြောင့် တောင်သူများ လယ်ယာလုပ်ငန်းခွင်သို့ ဝင်ရောက်



**သာစည် မေ ၂၁**

သာစည်မြို့နယ်တွင် အပူရှိန်မြင့်တက်နေရာမှ မေ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် မိုးများရွာသွန်းခဲ့၍ မြို့နယ်အတွင်းရှိ ကျေးလက်တောင်သူဦးကြီးများအနေဖြင့် မိုးရွာသွန်းမှုကြောင့် မိုးဦးနှမ်းနှင့် ပဲတီစိမ်းများ စိုက်ရန် လယ်ယာလုပ်ငန်းခွင်သို့ ဝင်ရောက်နေပြီဖြစ်ကြောင်း သိရသည်။

"မိုးရွာသွန်းမှုမရှိတော့လို့ မိုးဦးနှမ်းစိုက်ရမှာမဟုတ်တော့ဘူးလို့ ထင်နေတာ။ အခု မိုးကအဆက်မပြတ်ရွာသွန်းနေတော့ ကျွန်တော်တို့တောင်သူတွေအတွက် သီးနှံစုံစိုက်ဖို့ အဆင်ပြေသွားပါပြီ။ လယ်ယာတွေမှာ မိုးကျရင် အဆင်သင့်စိုက်ပျိုးနိုင်အောင် ထွန်၊ ထယ်ရေးတွေကို အသင့်ပြုလုပ်ထားပြီးဖြစ်လို့ အဆင်ပြေနေပါတယ်။ မိုးဦးနှမ်းကိုစိုက်ရာမှာ ကျွန်တော်တို့ တောင်သူတွေက နှမ်းနက်ကိုအားထားပြီး စိုက်ကြပါတယ်။ နှမ်းနက်က ရာသီဥတုအပြောင်းအလဲနဲ့ မိုးခေါင်တဲ့ဒဏ်ကိုလည်း ခံနိုင်တယ်။ သီးအားကောင်းတယ်။ ဝယ်လက်လည်း မရှားဘူး။ ဈေးကောင်းတယ်။ ဆီထွက်အားလည်းကောင်းတော့ ကျွန်တော်တို့ နှမ်းနက်ကိုသာ အားထားစိုက်ကြမှာပါ။ အခု နှမ်းနက်ဈေးက တစ်တင်းကို ကျပ် ၆၀၀၀၀ ဖိုးကျော် ဈေးရှိနေပါတယ်" ဟု ညောင်ရမ်းတိုက်နယ် ဥသျှစ်ကုန်းကျေးရွာမှ တောင်သူကြီးဦးသန်းဝင်းက ပြောပြသည်။

ယခုအခါ ဥသျှစ်ကုန်းကျေးရွာအုပ်စုတွင် မိုးဦးနှမ်းစိုက်ပျိုးကြမည့် တောင်သူဦးကြီးများအနေဖြင့် ထွန်တစ်ရှည်းကို ကျပ် ၄၀၀၀ ပေး၍ ငှားရမ်းရပြီး အလုပ်သမားတစ်ဦးကို ထမင်းကျွေးရသည့်အပြင် လုပ်အားခ ကျပ် ၂၀၀၀ ဖြင့်ငှားရမ်းလုပ်ကိုင်ရကြောင်း သိရသည်။ **မောင်ကို(သာစည်)**

## အကြိုအခြေခံမီးသတ်ပညာသင်တန်း (၂/၂၀၁၅)ဖွင့်

**ရိခေါဒါရ် မေ ၂၁**

ချင်းပြည်နယ် ရိခေါဒါရ်မြို့တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ မီးဘေးလုံခြုံမှု ထိရောက်စွာဆောင်ရွက်နိုင်ရေးနှင့် မီးသတ်ပညာရပ်များ သိရှိတတ်ကျွမ်းစွာ ဆောင်ရွက်နိုင်ရေးတို့ ရည်ရွယ်ချက်ဖြင့် အကြိုအခြေခံမီးသတ်ပညာသင်တန်း (၂/၂၀၁၅) ဖွင့်ပွဲအား မေ ၁၉ ရက် မွန်းလွဲ ၁ နာရီက ရိခေါဒါရ်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ရိခေါဒါရ်မြို့အုပ်ချုပ်ရေးမှူး ဦးပေါင်ဒိတ်တုန်းက မြို့နယ်အရန်မီးသတ်တပ်ဖွဲ့များသည် ဒေသမီးဘေးလုံခြုံရေးသာမက ရပ်ရွာအေးချမ်းသာယာရေးတို့အတွက်ပါ အားကိုးအားထားရမည့် တပ်ဖွဲ့ဝင်များဖြစ်ကြောင်း၊ လူ့အသက်၊ ပစ္စည်း၊ ဥစ္စာစည်းစိမ်များ မီးဘေးအန္တရာယ်၊ သဘာဝအန္တရာယ်မှ ကာကွယ်ခြင်းသည် မွန်မြတ်သောအလုပ်တစ်ခုဖြစ်ကြောင်းအဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

ထို့ပြင်မိမိဒေသမှရရှိလာသည့် အသိပညာအတွေ့အကြုံနှင့် အတတ်ပညာများကို မိမိဒေသအတွက် အကျိုးရှိစွာအသုံးချတတ်ရန်နှင့်စေတနာ၊ အနစ်နာ၊ ဝါသနာများအရင်းခံ၍ ကြိုးပမ်းဆောင်ရွက်သွားကြရန်၎င်းကပြောသည်။

ယင်းနောက် ဖလမ်းမြို့နယ်မီးသတ်ဦးစီးမှူး ဦးမြင့်ထွန်းနိုင်က သင်တန်းတွင် သင်ကြားပို့ချရမည့် မီးသတ်ပညာဘာသာရပ်များ၊ အစီအစဉ်များပြောကြားကာ မီးငြိမ်းသတ်နည်း သရုပ်ဖော်ပြသမှုကို တက်ရောက်လာသူများအား ပြသပေးခဲ့သည်။

အခမ်းအနားတွင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူ အင်အားစုစုပေါင်း ၁၅၀ ခန့်တက်ရောက်ပြီး အဆိုပါသင်တန်းကို ရက်သတ္တနှစ်ပတ်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ရာ ရိခေါဒါရ်မြို့ ရပ်ကွက်နှစ်ခုမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူငယ်များအား သင်တန်းပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **နိုဟေဆာ**

## သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်

**တောင်တွင်းကြီး မေ ၂၁**

အပူပိုင်းဇုံဒေသများဖြစ်သည့် မကွေးတိုင်း၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ ကျေးလက်ဒေသများမှပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိရေး JICA မှ Hrdrogo logest ဖြစ်သူ Dr.Yuji Maruo နှင့်အဖွဲ့သည် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် မေ ၂၀ ရက်နံနက်ပိုင်းက ရေထွက်ကြီး၊ လှည်းပွဲကြီး၊ ကံကြီးကုန်း၊ ထောက်ကြံ့ကွင်း၊ ကုက္ကိုလှကျေးရွာငါးရွာသို့ရောက်ရှိ၍ ကျေးရွာပြည်သူများ လက်ရှိသုံးစွဲနေသော ရေအားဓာတ်ခွဲစမ်းသပ်ခဲ့ပြီး သန့်ရှင်းသောသောက်သုံးရေရရှိရေး တူးဖော်ဆောင်ရွက်မည့်မြေနေရာများကို ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။ ကြေးမုံ

## တွံတေးမြို့နယ်တွင် ကိုယ့်အားကိုယ်ကိုး မြေသားလမ်းဖောက်လုပ်

**တွံတေး မေ ၂၁**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ဝက်ချောင်းကျေးရွာအုပ်စု ဝက်ချောင်း-အုန်ပင်ချောင်း-ရွှေလှေချောင်း(တွံတေး)-ကြံလမု ကားလမ်းမှ အုန်းပင်ချောင်းကျေးရွာတွင်း ဖိုးပေါ်ရိုးမြေသားလမ်းကို မေ ၁၆ ရက် နံနက်မှစတင်၍ ကိုယ့်အားကိုယ်ကိုး ဖောက်လုပ်လျက်ရှိသည်။

ယင်းလမ်းမှာ ကျေးရွာတွင်းလမ်းအရှည်ပေ ၇၀၀၀၊ အကျယ် ၁၆ ပေ၊ အမြင့်ငါးပေ မြေသားလမ်းဖြစ်ပြီး ယခင်က လူသွားလမ်းတာငါးပေအကျယ်သာရှိခဲ့ရာမှ ယခုအခါကားဖြင့်သွားလာ၍ရအောင် ကျေးလက်နေပြည်သူလူထုများ၏ ထည့်ဝင်ငွေကျပ်သိန်း ၁၀၀ နီးပါးအကုန်ကျခံ ဖောက်လုပ်နေခြင်းဖြစ်သည်။

ယခုဖောက်လုပ်နေသော လမ်းသစ်ကြီးပြီးစီးပါက ကျေးရွာ၏အဓိကလုပ်ငန်းဖြစ်သော ငါးမွေးမြူရေးနှင့် ခြံလုပ်ငန်းမှထွက်ရှိသော သား၊ ငါး၊ ပုဇွန်၊ သစ်သီးဝလံများကို အချိန်တိုအတွင်း တွံတေး၊ ရန်ကုန်နှင့် အခြားမြို့များသို့ အလွယ်တကူ တင်ပို့နိုင်တော့မည်ဖြစ်သည်။

ထို့အပြင်ယင်းလမ်း ဖောက်လုပ်ခြင်းကြောင့် ကျေးရွာအတွင်းရှိ ပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ **မျိုးလှိုင်(တွံတေး)**




**အမည်ပြောင်း**

အဖ ဦးနေလင်း[၁၂/ဒဂန(နိုင်)၀၀၆၁၈၅]၏ သားဖြစ်သူ အထက ဂျမား(ဆိပ်ကြီး) စတုတ္ထတန်းမှ မောင်ရဲလင်းကို(ခ)ရဲဇာနည်ဖြိုးအား မောင်ဖြိုးမောင်မောင်ချစ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ မောင်ဖြိုးမောင်မောင်ချစ်

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
### နည်းပညာနှင့် သက်မွေးပညာဦးစီးဌာန
### အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာနှင့်သက်မွေးပညာဦးစီးဌာနနှင့် စင်ကာပူသမ္မတနိုင်ငံတို့ ပူးပေါင်းဖွင့်လှစ်မည့် စင်ကာပူ-မြန်မာသက်မွေးပညာသင်ကျောင်း၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့၌ အောက်ဖော်ပြပါ Hotel and Tourism ဆိုင်ရာသင်တန်း၌ သင်တန်းဆရာများအဖြစ် တာဝန်ထမ်းဆောင်ရန်အတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်။ အဆိုပါသင်တန်းကျောင်းတွင် လစ်လပ်လျက်ရှိသော သင်တန်းနယ်ပယ်တစ်ခုအတွက် နည်းပြများခန့်အပ်သွားမည်ဖြစ်ပါသည်။

(က) Food & Beverage Operations

၂။ အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများသည် နည်းပညာနှင့်သက်မွေးပညာ ဦးစီးဌာန(တောင်ပိုင်းရုံးခွဲ)၊ အမှတ်-၁၂၃၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့တွင် လျှောက်လွှာ ထုတ်ယူပြီး လိုအပ်သောစာရွက်စာတမ်းများပူးတွဲ၍ ၂၉-၅-၂၀၁၅ရက် နောက်ဆုံးထား လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) Hotel/Restaurant/Resort/Leisure Management ဆိုင်ရာနယ်ပယ်များတွင် အသိအမှတ်ပြုဘွဲ့ရရှိသူ (သို့မဟုတ်) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး Hotel/Restaurant/Resort/Leisure Management ဆိုင်ရာနယ်ပယ်များတွင် ဒီပလိုမာရရှိသူ
(ဂ) Food& Beverage Operations နယ်ပယ်တွင် လုပ်ငန်းအတွေ့အကြုံ(၃)နှစ်ရှိရမည်။
(ဃ) အင်္ဂလိပ်ဘာသာ ရေး၊ ဖတ်၊ ပြော ကျွမ်းကျင်သူဖြစ်ရမည်။
(င) သင်တန်းပို့ချဖူးသည့် အတွေ့အကြုံရှိသူဦးစားပေးမည်။
(စ) Microsoft Word, Excel, Powerpoint များအား တတ်ကျွမ်းရမည်။
(ဆ) ဥပဓိရုပ်ကောင်းမွန်ပြီး သေသပ်ကျနစွာဝတ်စားဆင်ယင်တတ်သူဖြစ်၍ ဆက်ဆံရေးကောင်းမွန်သူဖြစ်ရမည်။
(ဇ) (၆)လအတွင်း ရိုက်ကူးထားသော ပတ်စပို့ဓာတ်ပုံ(၃)ပုံ၊ ဘွဲ့လက်မှတ်မိတ္တူ၊ အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။

၃။ လူတွေ့စစ်ဆေးခြင်းဆောင်ရွက်မည်ဖြစ်ပါသည်။ လူတွေ့စစ်ဆေးခြင်းအောင်မြင်ပြီးပါက သင်တန်းဆရာများအဖြစ် တာဝန်ထမ်းဆောင်နိုင်ရန်အတွက် လိုအပ်သောသင်တန်းများအား ဦးစွာတက်ရောက်ရမည်ဖြစ်ပါသည်။

၄။ လူတွေ့စစ်ဆေးချိန်တွင် ဘွဲ့လက်မှတ်/နိုင်ငံသားစိစစ်ရေးကတ်/ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်/ အလုပ်သမား မှတ်ပုံတင်မူရင်းများ တင်ပြနိုင်ရမည်။ အသေးစိတ်သိရှိလိုပါက နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန(တယ်လီဖုန်းနံပါတ်- ၀၆၇-၄၀၄၄၇၇) သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

သတင်းစာဆရာ စာရေးဆရာကြီး နတ်မောက်ထွန်းရှိန်သည် ၁၉၉၉ ခုနှစ်က မန္တလေးနေ့စဉ်သတင်းစာတွင် ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည်ဟူသော ခေါင်းစဉ်ဖြင့် မန္တလေးမြို့ရပ်ကွက် သမိုင်းများ၊ လေးပြင်လေးရပ်ရှိ ရပ်ကွက်ဝင်းများအကြောင်းကို ကွင်းဆင်းသုတေသန ပြုလုပ်ကာ အပတ်စဉ်ဆောင်းပါးများ ရေးသားခဲ့သည်။ တစ်နှစ်ကျော်ခန့် ရေးသားပြီး ၂၀၀၀ ခုနှစ်တွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန မန္တလေးနေ့စဉ် သတင်းစာတိုက်မှ လုံးချင်းစာအုပ်အဖြစ် ရိုက်နှိပ်ခဲ့သည်။ တစ်နှစ်ကျော်အတွင်း အုပ်ရေ ၉၀၀၀ ကုန်သွားသည်။ ယင်းစာအုပ်သည် ၂၀၀၁ ခုနှစ်တွင် အမျိုးသားစာပေဆု (သုတပဒေသာ ဝိဇ္ဇာဘာသာရပ်) ဖြင့် ဆုရွေးချယ်ချီးမြှင့်ခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် ရန်ကုန်မြို့ "ဖြိုး" စာပေမှ ဒုတိယအကြိမ် ရိုက်နှိပ်ထုတ်ဝေခဲ့သည်။ ထို့နောက် ၂၀၀၉ ခုနှစ်တွင် တစ်ဖန် မန္တလေးမြို့ မင်းမဟော်စာပေတိုက်မှ တတိယအကြိမ် အုပ်ရေ ၁၀၀၀ ရိုက်နှိပ်ထုတ်ဝေခဲ့သည်။

ဆရာနတ်မောက်ထွန်းရှိန်သည် သတင်းစာဆောင်းပါးများနှင့် အကျိုးပေးသည်ဟု ဆိုရပေမည်။ ၂၀၁၀ ခုနှစ်တွင် ရတနာပုံမန္တလေးနိပါတ်ပန်းချီကျော်များနှင့် ဗုဒ္ဓဝင်ပညာပေးမြန်မာ့နိပါတ်ပန်းချီလက်ရာများ ဆောင်းပါးပေါင်းချုပ်ဆက်လက်ရေးသားထုတ်ဝေခဲ့ရာ ၂၀၁၁ ခုနှစ်တွင် အမျိုးသားစာပေဆု (မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆု) ရွေးချယ်ချီးမြှင့်ခံခဲ့ရသည်။ ဒုတိယအကြိမ် အမျိုးသားစာပေဆုရရှိခြင်းဖြစ်သည်။ ထို့နောက် မန္တလေးနေ့စဉ် သတင်းစာတွင် မန္တလေးခေတ် ပိဋကတ်ပုံနှိပ်တိုက်များနှင့် မန္တလေးခေတ် ပိဋကတ်စာအုပ်ဆိုင်များအကြောင်း ဆက်လက်ရေးသားခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် ရတနာစာပေမှ ထုတ်ဝေခဲ့ရာ ၂၀၁၄ ခုနှစ် ထွန်းဖောင်ဒေးရှင်းစာပေဆု (သုတပဒေသာဘာသာရပ်) စာပေဆု ရွေးချယ်ချီးမြှင့်ခံခဲ့ရသည်။ ဆက်လက်၍ မန္တလေးနေ့စဉ်သတင်းစာတွင် လျှုတန်းကြ မန္တလေးမြို့က ကျောင်းအမများ ခေါင်းစဉ် ဖြင့် ဘာသာသာသနာဆိုင်ရာ လှူဒါန်းကြသူများ ပရဟိတ လုပ်ငန်းများတွင် ကြိုးပမ်းလှူဒါန်းနေကြသူ ကျောင်းဒကာ ကျောင်းအမများ ဘဝတစ်စေ့တစ်စောင်းအကြောင်းရေးသားလျက်ရှိသည်။

ဆရာ၏ ရှားပါးနေသော ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည်စာအုပ်ကို စာဖတ်ပရိသတ်များအတွက် ကြေးမုံမှ အပတ်စဉ် အခန်းဆက်ဖော်ပြသွားမည်ဖြစ်သည်။ (ကြေးမုံ)

# ဝင်းတွေနဲ့တည်ခဲ့သည့်မင်းနေပြည်

နတ်မောက်ထွန်းရှိန်



**ယခင်အပတ်မှအဆက်**

အမရပူရထီးနန်းစံနေစဉ် ဘိုးတော်မင်းတရား လိုလားတောင့်တတော်မူသော ဆင်ဖြူတော်များလည်း ရရှိခဲ့သည်။ ၁၁၄၆ ခုနှစ် နယုန်လတွင် မြို့သစ်တောရပ်မှ ဥပေါ်ပြောင်မွန်ဘွဲ့ပေးသည့် ဆင်ဖြူရရှိသည်။ ထိုနှစ်တပို့တွဲလ၌ ရတနာပြောင်မွန်ဆင်ဖြူထပ်မံရရှိသည်။ မြန်မာမင်းများသည် ဆင်ဖြူတော်ကို အလိုရှိကြရကား ဥပေါ်ပြောင်မွန် ဆင်ဖြူတော်ကိုအခမ်းအနား ကြီးကျယ်စွာဖြင့် ကြိုဆိုစေသည်။ ဆင်ဖြူဖမ်းမိပြီဆိုသည်မှစ၍ မင်းမှုထမ်းများ စေလွှတ်သည်။ နေပြည်တော်၌လည်း မင်းညီမင်းသားတို့နှင့် တန်းတူဖြစ်သော တန်ဆောင်းတော်(ခေါ်)ဆင်တင်းကုပ်ကို အမြန်တည်ဆောက်စေသည်။ အမရပူရနန်းတော်မြင်ကွင်းကို အင်္ဂလိပ်တို့ မှတ်တမ်းတင်ပန်းချီပုံတူဆွဲခဲ့ရာ၌ ဆင်တင်းကုပ်ပြသာဒ်ဆောင်ကို မြင်တွေ့နိုင်သလို ဆင်ဖြူတော်ကိုလည်း မြင်တွေ့နိုင်သည်။

ဘိုးတော်မင်း လက်ထက်၌ အထူးထင်ရှား ဆင်ဖြူတော်မှာ ပဲခူးနယ်၊ နိဗ္ဗာန်ရွာမှ ဖမ်းဆီးရမိခဲ့သော နိဗ္ဗာန ပစ္စယနာဂရာဇာ အမည်ရှိ ဆင်ဖြူတော်ဖြစ်သည်။ ဆင်ဖြူတော်ကို ဧရာဝတီမြစ်ကြောင်းအတိုင်း ကရဝိတ်ဖောင်တော်ဖြင့် ခေါ်ဆောင်လာခဲ့သည်။ ရွှေလှေကြီးသုံးစင်းက ရှေ့မှ ဆွဲငင်ကာ ဆန်တက်လာခြင်းဖြစ်သည်။ အချို့လှေများတွင် ကချေသည်များ၊ အချို့လှေတွင် ဆိုင်းဝိုင်းများပါရသည်။ ၎င်းတို့ကို စောင့်ရှောက်ရန် စစ်သား ၅၀၀တို့က စစ်လှေကြီးများနှင့် လိုက်ရသည်။ ဧရာဝတီမြစ်ရိုးတစ်လျှောက် ဆိပ်ကမ်းတိုင်းတွင် မြို့သူမြို့သားများက ဆင်ဖြူတော်ကို ဖူးမြော်ကြသည်။

ဘိုးတော်မင်းတရားသည် ပထမဆုံးဥပေါ်ပြောင်မွန် ဆင်ဖြူတော် ရောက်လာချိန် စစ်ကိုင်းမြို့ဆီထွက်၍ ဆင်ဖြူတော်ကို ကြိုဆိုခဲ့သည်။ မြို့တော်တွင် သုံးရက်တိုင် ကြီးစွာပဲ သဘင်ကျင်းပစေသည်။ ဘုရင်၊ မိဖုရား၊ သားတော်၊ သမီးတော်တို့က ဆင်ဖြူတော်အတွက် အဖိုးတန်ပစ္စည်းများ လက်ဖွဲ့ကြသည်။ မြန်မာတို့သည် ဆင်ဖြူတော်၌ ထူးခြားသော ကျက်သရေမင်္ဂလာများရှိသည်။ ဆင်ဖြူတော်ရရှိခြင်းဖြင့်ထိုဆင်ဖြူတော်ကို ရသော မင်းတွင်လည်း ဘုန်းတန်ခိုး ကျက်သရေများ တိုးတက်လိမ့်မည်ဟူသော အယူအဆများရှိကြသည်။ ဆင်ဖြူတော်ကြောင့် တိုင်းပြည်သည်လည်း ဝပြောသာယာလိမ့်မည်။ ဆင်းရဲနိုင်မည်မဟုတ်ဟု ယူဆကြသည်။၎င်းသည်တို့မှာ ဘိုးတော်မင်းအနေဖြင့် ဆင်ဖြူရရှိခြင်းအပေါ် နိုင်ငံခြားသားတို့အမြင် ဖြစ်သည်။

ဘိုးတော်မင်းတရားကား ဆင်ဖြူတော်များ ပိုင်ဆိုင်သောကြောင့် အလွန်ဝမ်းသာကြည်နူးလျက်ရှိသည်။ ဘိုးတော်လက်ထက်မှစ၍ မြန်မာမင်းများသည် ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများရှင် မင်းတရားကြီးအဖြစ်ခံယူလိုကြသည်။ သီရိပဝရ ဝိဇယနန္တယသတြိဘဝနာဒိတျာဓိပတိပဏ္ဍိတ မဟာဓမ္မရာဇာဘွဲ့ရှည်ကြီး ခံယူတော်မူသော ဘိုးတော်ဗဒုံမင်းတရားကြီးသည် ဆင်ဖြူများရှင်ဘွဲ့များခံယူရရှိနိုင်ခဲ့သည်။ အကြောင်းမှာ မြန်မာသမိုင်း၌ သူ့လောက် ဆင်ဖြူများများ ရရှိပိုင်ဆိုင်သော ဘုရင် မရှိခဲ့ချေ။ ဘိုးတော်သည် ဆင်ဖြူကိုးစီးရရှိခဲ့သော မင်းဖြစ်သည်။ ဆင်ဖြူ အများဆုံးဘုရင်ဟု ခေါ်ထိုက်သည်။ ၁၁၆၄ ခုနှစ် နောက်တစ်စီးရရှိခဲ့သောအခါ (ဆင်ဖြူများရှင်)ဟု တိုးတက်ဂုဏ်ယူခဲ့သည်။

ထို့နောက်ဆင်ဖြူတွေကိုးစီးထိ တိုးပွားရရှိလာသဖြင့် ဘွဲ့တော်ပင် ချဲ့ထွင်မတင်စားနိုင်တော့ပေ။ သူ့လက်ထက်၌ လူသိများသောဆင်ဖြူမှာ နိဗ္ဗာန်ရွာမှ ဆင်ဖြူဖြစ်သည်။ အကြီးကျယ်ဆုံး ကြိုဆိုပူဇော်ကြခြင်းဖြစ်သည်။ ၎င်းဆင်ဖြူတော်ကို ဘိုးတော်မင်းတရားသည် ပုဂံမြို့ထိဆင်း၍ကြိုသည်။ ဆင်ဖြူတော်ကိုးပါးအနက် အကြီးကျယ်ဆုံး ကြိုဆိုခြင်းဖြစ်သည်။

၁၁၆၈ ခုနှစ် တန်ဆောင်မုန်းလတွင် ပုဂံမြို့မှ ဆန်တက်ရာ မင်း၊ မိဖုရားတို့က ပြည်ကြီးမွန်ဖောင်တော်နှင့် လိုက်ပါတော်မူသည်။ စစ်ကိုင်းမြို့တွင်သုံးရက်၊ အမရပူရမြို့တွင်ငါးရက် ရပ်နားပြီးနောက် မင်းကွန်းနန်းတော်ထိ ဆန်တက်သည်။ ဆင်ဖြူတော်သိမ်းပွဲ ဆင်ယင်သည်။ ဘိုးတော်ဘုရား လက်ထက်၌ နိဗ္ဗာန်ရွာမှ နေပြည်တော်သို့ ရောက်ရှိသော ဆင်ဖြူတော်သည် အသက် (၅၀) ကျော်အချိန် မင်းတုန်းမင်းခေတ်တွင် ကွယ်လွန်ခဲ့၏။ ဆင်ဖြူတော်အကြောင်းပြု၍ နိဗ္ဗာန်ရွာသည်လည်း မြန်မာ့သမိုင်း၌ ထင်ရှားခဲ့၏၊ ဆင်ဖြူတော်နှင့် စပ်လျဉ်း၍ တခြားထူးခြားချက်ကား ၁၁၅၀ ခုနှစ် ရရှိခဲ့သော ရတနာကုမုဒ် အမည်ရှိ ဆင်ဖြူတော်ကို ဧရာဝတီဆိပ်ကမ်း၌ရေချသည်။ ထိုဆင်ဖြူတော်က ကြာပန်းများကို ဘုရင်သို့ မဆက်ဘဲ အတူပါလာသော မြေးတော်မင်းသမီးကို ဆက်သည်။

ဆက်လက်ဖော်ပြပါမည်။

**[ဆရာနတ်မောက်ထွန်းရှိန်၏ (၂၀၀၁ ခုနှစ် အမျိုးသား စာပေဆု-သုတပဒေသာဝိဇ္ဇာ) ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည် စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်း အတိုင်းဖော်ပြခြင်းဖြစ်ပါသည်။]**




" ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက် "

ရန်ကုန် မြို့ ၊ ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်း၊ အမှတ်-( ၁၈၄/ဘီ )တွင် ရုံးခန်းဖွင့်လှစ်၍ လုပ်ငန်းဆောင်ရွက်လျက်ရှိသော **Taung Pyar Dan Co., Ltd.** သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများကို ရန်ကုန်တိုင်းဒေသကြီးစာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ကုမ္ပဏီ၏မူပိုင်အမှတ်တံဆိပ်များအဖြစ် မှတ်ပုံတင်ခဲ့ပြီး ဖြစ်ပါသည်။

Fiz ( IV- ၄၇၇၃/၂၀၁၄ )

FIZ CAFE COLA ( IV- ၁၀၇၀၅/၂၀၁၄ )

FIZ COLA ( IV- ၁၀၇၀၆/၂၀၁၄ )

Designer Water ( IV- ၄၇၆၈/၂၀၁၄ )

TURBO ( IV- ၇၉၇၀/၂၀၁၃ )

အထက်တွင် ကပ်နှိပ်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများကို အသုံးပြု၍ **Taung Pyar Dan Co., Ltd.** သည် အရည်အသွေးမီ " **အချိုရည်၊ သောက်ရေသန့်၊ စားသောက်ကုန်ပစ္စည်းအမျိုးမျိုးနှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုး** " တို့ကို ထုတ်လုပ်ပြီး၊ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ချိရောင်းချသွားမည် ဖြစ်ပါသည်။

သို့ပါ၍ အဆိုပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများ၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ ဆင်တူယိုးမှားပြုလုပ်၍သော်လည်းကောင်း၊ ထင်ယောင်ထင်မှားတုပပြုလုပ်၍သော်လည်းကောင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ မှာယူတင်သွင်းခြင်း၊ လက်ဝယ်ထားရှိခြင်း မပြုလုပ်ကြပါရန်နှင့် အကယ်၍ ပြုလုပ်ပါက တရား ဥပဒေအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအီးနုစ်(တရားလွှတ်တော်ရှေ့နေ) (စဉ်-၅၃၄၁)
**YE NOOS & ASSOCIATES (Law Firm)**
အမှတ်-၁၇၆(ပထမထပ်)၊ မိဘရိပ်မွန်အိမ်ရာ၊ ဗိုလ်တထောင်ဘုရားလမ်း၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၇၉၇၂၃၄ ၊ ၇၉၇၂၃၅ ၊၂၉၆၁၃၂

## အခန်းဆက်ဝတ္ထုရှည်



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်...ခိုင်

တက္ကသိုလ်ဘုန်းနိုင်

*ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်. . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာ သိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ (စာတည်း)*

**ယမန့်နေ့မှအဆက်**

**(၂၂) မေတ္တာတေးရှင်**

ကျွန်တော် တက္ကသိုလ်သို့ စရောက်သော ပညာသင်နှစ်အတွင်း နိုင်ငံနှင့် ပြည်သူတို့အတွက် ရာဇဝင်ချီ၍ အကျိုးသက်ရောက်မည့် အဖြစ်အပျက်ကြီးနှစ်ရပ် ပေါ်ပေါက်လာခဲ့သည်။

တစ်ရပ်မှာ ကျွန်တော်တို့၏ ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးရခြင်းဖြစ်သည်။ တခြားတစ်ရပ်ကား ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်အဆက်ဆက်တို့သွေးနှင့်စတေးလျက် တိုက်ယူလာခဲ့သော လွတ်လပ်ရေးကြီး ရခြင်းပင်တည်း။

ကျွန်တော်သည် တော်လှန်ရေးအပြီး တပ်မတော်မှ ထွက်ကတည်းက နိုင်ငံရေးနှင့် ကင်းကင်းနေခဲ့သည်။ ကိုကိုပြောသကဲ့သို့ နိုင်ငံပြု သုခမိန်ကြီးတစ်ဦး ဖြစ်မလာနိုင်သည့်တိုင်စေ . . . နိုင်ငံပြု ပြည်သူ့ဝန်ထမ်းတစ်ဦးလောက်မူ ဖြစ်ချင်သည်။ ထို့ကြောင့်လည်း စာကို ကြိုးစား၍ အရည်အချင်းပြည့် ဆရာဝန်တစ်ဦး ဖြစ်လာရေးကိုသာ အဓိကထားခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းတို့ ကျဆုံးပြီးသောအခါ လွတ်လပ်ရေးတိုက်ပွဲဒီရေသည် ပိုမိုအဟုန်ကြီးလာသည်။

ဤဒီရေသည် တက္ကသိုလ်နယ်မြေဆီသို့လည်း ရိုက်ခတ်လာခဲ့သည်။ အများကျောင်းသားတို့ နည်းတူ ကျွန်တော်လည်း ဒီရေလှိုင်းမြင့်ထက်ပါခဲ့ရသည်။ ရှေ့တန်းခေါင်းဆောင်တစ်ဦး မလုပ်ခဲ့သော်လည်း အစည်းအဝေးတက်ခြင်း၊ ဆန္ဒပြပွဲများ၌ ပါဝင်ဆင်နွှဲခြင်း မျှလောက်မူ လုပ်ခဲ့မိသည်။

လွတ်လပ်ရေးကြီးရသောအခါ ထိပ်ဆုံးမှ အပျော်ရွှင်ဆုံးသူတို့အနက် ကျွန်တော်လည်း တစ်ဦးအပါအဝင် ဖြစ်ခဲ့သည်။

သို့ရာတွင် ကျွန်တော့်ပျော်ရွှင်မှုမှာ ခေတ္တသာဖြစ်သည်။ မိုးကျလျှင် ဖားတို့ အော်တတ်သည်။ ရင်ကွဲအောင် အော်တတ်သည်။ လွတ်လပ်ရေးမုတ်သုန်လေသည် အာဏာမိုးကိုပါ ခေါ်လာသည်။ ထိုအခါ နိုင်ငံရေးဖားမျိုးစုံတို့ သံစုံ အော်လာကြသည်။ သူတို့ ရင်ကွဲမကွဲလား . . . ဒုတိယ၊ ပထမအနေနှင့် တိုင်းပြည်ကြီးကွဲမည့် နိမိတ်လက္ခဏာများကား သိသာထင်ရှားလွန်းလှသည်။

ပါတီတိုင်းတွင် ကိုယ်ပိုင်ဘုရားလောင်း၊ ကယ်တင်ရှင်ခေါင်းဆောင်ကောင်း၊ ခေါင်းဆောင်မြတ်တို့ မှိုပွင့်သကဲ့သို့ ပွင့်လာကြသည်။ ဤမှိုပွင့်တို့ကို စား၍ တစ်ပြည်လုံးအဆိပ်သင့်မူးဝေကုန်ကြသည်။ အဆိပ် သင့်သူများကြားတွင် ကျွန်တော်တို့ တက္ကသိုလ်ကျောင်းသားများလည်း ပါသည်။ ဟိုက်စကူးကျောင်းသားများလည်း ပါသည်။

တ-က-သ၊ ရ-က-သ၊ ဗ-က-သ ဆိုသည်များ၌ မောဂ္ဂလိဂေါသာလ၊ ပုရာဏကဿပ၊ သိဉ္စည်းစသော ပရဗိုဇ် ရဟန်းကြီးတို့၏ တပည့်တပန်းများ လွှမ်းလာသည်။ ဗိုလ်ချုပ်အောင်ဆန်းကိုမူ ပရိနိဗ္ဗာန် စံလေပြီးသော ဂေါတမဗုဒ္ဓရှင်တော်မြတ်အား နှောင်းခေတ် မဖျိမတိုင်းသားတို့ မေ့သကဲ့သို့ မေ့ကုန်သည်။ မေ့ရုံမက ပုတ်ခတ်လာသည်။

ကျွန်တော်နှင့် ကိုမြင့်ဟန်တို့ကဲ့သို့ တော်လှန်ရေးတွင် ကံကောင်းထောက်မ၍ အသက်မသေဘဲ တက္ကသိုလ်ကျောင်းသား ဖြစ်လာရသူတို့အတွက် အသည်းနာစရာသာ ကြုံခဲ့ရပါ၏။ ကိုကိုတစ်ယောက်သာ မတုန်မလှုပ် ရှိနေသည်။

မင်္ဂလာဒုံရောက်တိုင်း ကျွန်တော်က မကျေနပ်သည်တို့ကို ရင်ဖွင့်အန်မိသည်။ ကိုကိုက အင်းမလုပ် . . . အဲမလုပ် ငြိမ်နေတတ်ပြီး မြိုင်က ဘေးမှ ပြုံးပြုံးလေး ထိုင်နေတတ်၏။ ကျွန်တော် ပြောဖန်များမှ ကိုကိုက တုံးတိတိ ဖြေတတ်၏။ဆက်လက်ဖော်ပြပါမည်။

"ကိုယ့်ရွေးထားတဲ့တာဝန် ကိုယ်ကျေအောင်လုပ်။ ဘယ်သူ့ကိုမှ မဝေဖန်နဲ့။ သမိုင်းဆို အရှည်ကြီး၊ တော်လှန်ရေးဆိုတာမှာလည်း အဆုံးမရှိ။ အချိန်တန်တော့ အမှန်တရား ပေါ်လာလိမ့်မယ်။ အဲဒီအချိန်ကျတော့သာ မောင်ဟာ အမှန်တရားဘက်မှာ ရှိနေနိုင်ပါစေ . . ."

ကိုကိုပြောသည်မှာ မှန်သည်ထင်၏။ ထို့ကြောင့် ကျွန်တော်သည် တစ်လောကလုံးကို ကျေနပ်လှသည်

မဟုတ်သော်လည်း ကိုယ့်ရည်ရွယ်ချက်နှင့်ကိုယ် စာဆက်ကြိုးစားသည်။ ကိုယ့်ကိုယ်ကိုလည်း ကျေနပ်လှသည်မဟုတ်။

ကိုယ့်ကိုယ်ကို မကျေနပ်သကဲ့သို့ မိခိုင်ကိုလည်း မကျေနပ်လှ။ ခိုင်တို့အိမ်၌ ယောက်ျားလေးများ စည်မြဲစည်သည်။ တင်မောင်ညွန့်က လာမြဲလာသည်။

သို့ရာတွင် ခိုင့်ကို အပြစ်တင်နိုင်သည်မူ မဟုတ်။ ငြိမ်းမောင် ပြောသကဲ့သို့ အမှားအမှန်ဆိုသည်မှာ ဆုံးဖြတ်ရန် ခဲယဉ်းသည်။

ငယ်စဉ်က ဟုတ်ကြိုင်နှင့်တွဲသော ခိုင့်ကို ကျွန်တော် ဝင်တားခဲ့သည်။ ယခုအချိန်၌ ဤအခွင့်အရေးကျွန်တော့်၌ မရှိ ထင်သည်။

ကလေးဘဝကမူ လွတ်လပ်သည်။ ချစ်ချင်သူကို ချစ်၍ မုန်းချင်သူကို မုန်းသည်။ ကိုယ်ချစ်သူကို ကိုယ်ပိုင်၍ ကိုယ်မုန်းသူကို ကိုယ်ရန်ဖြစ်နိုင်သည်။

ယခုမူ . . . ချစ်သူတိုင်းကို မပိုင်သကဲ့သို့ မုန်းသူတိုင်းနှင့် ရန်မဖြစ်နိုင် . . .။

ဘဝဆိုသည်မှာ မပိုင်ဆိုင်ခြင်းပင်ဖြစ်သည်။ မပိုင်ဆိုင်သော ဘဝကို အစိုးရသည် ထင်မှတ်မှားသောအခါ ကြောက်မက်ဖွယ်ကောင်းသော ဒုက္ခတရားတို့သည်သာ သရော်လှောင်ပြောင် ရောက်လာတတ်ခြင်းကို နောင်အခါမှ သိရသည်။ ထိုအချိန်၌ ပြုပြင်မရသော နောင်တဆိုသည်အား နှလုံးသားကနာလျက် ခွာမရအောင် လက်ခံသိမ်းထားရရိုးဓမ္မတာတည်း။

၁၉၄၈-ခုနှစ်၌ ခိုင် မက်ထရစ်အောင်၍ တက္ကသိုလ်ရောက်လာသည်။ တက္ကသိုလ်ဆိုသည်မှာ ခက်လေသလား။

မိုးထိအောင် လှေကားထောင်နိုင်သကဲ့သို့ အဝီစိထိအောင် ကျွမ်းပြန်ကျနိုင်သည်။

အထူးသဖြင့် ဤစကားသည် မိန်းကလေးများအတွက် ပိုမှန်သည်။ ချောမောလှပသော မိန်းကလေးများအတွက် အထူးပိုမှန်သည်။

တက္ကသိုလ်၌ ပညာကို ကိုးကွယ်ရမှန်းသိသူ အများရှိ၏။ သို့ရာတွင် သူတို့က စာကြည့်တိုက်နှင့်ဓာတ်ခွဲခန်းများ၌သာ ခေါင်းငုံ့မြုပ်နေကြသည်။ စာကြည့်တိုက်နှင့် ဓာတ်ခွဲခန်း၏ အလှအပများကားအမြုတေများဖြစ်၏။ အမြုတေ တကာကဲ့သို့ပင် ကြည့်မြင်သိရန် မလွယ်။ ရယူပိုင်ဆိုင်ဖို့မှာ ခဲယဉ်းလှပါဘိခြင်း။

ကြည့်မြင်သိရန် မလွယ်သကဲ့သို့ ရယူပိုင်ဆိုင်ရန် ခဲယဉ်းသော အပေါ်ယံအလှအပတို့လည်းတက္ကသိုလ်၌ များလှသည်။

ထင်ရှားကျော်ကြားမှုကို မြတ်နိုးပါသလော။ တက္ကသိုလ်၌ ထင်ရှားကျော်ကြားမှုဆီ လှမ်းနိုင်သောဖြတ်လမ်း အသွယ်သွယ်တို့ရှိသည်။ အလှဧကရီ. . . ဘဝသခင်အဖြစ် အကိုးကွယ်ခံလိုပါသလော။ တရားဦးဟောရန်လိုဘဲ ကိုးကွယ်ရန် စောင့်နေသူများကို တွေ့ရမည်။ အသည်းချင်းဖလှယ်၍ နှလုံးသားတို့ပေါင်းကာချစ်ခြင်းဟုခေါ်သည့် စွန့်စားခန်းကို စမ်းကြည့်လိုပါသလော။ ရင်တခုန်ခုန်ဖြင့် ခြေစုံပစ်ဝင်ကရန် ဇာတ်လမ်းအသွယ်သွယ်တွင် ခပ်လွယ်လွယ် ယှဉ်ပြိုင်နွှဲနိုင်သည်။

ပွဲမပြီးခင် မိုးလင်း၍ ပြည်ဖုံးကားသည် လွှမ်းခန်းတွင် သာကျသောအခါမှ ဆက်မငိုမိစေရန်အရေးကြီးပါ၏။

ခိုင်သည် ဝိဇ္ဇာတွဲယူ၍ ကျောင်းတက်သည်။ သူကိုယ်တိုင် သဘာဝတ္တဗေဒဌာန၌ ဆရာမလုပ်နေသော ကြိုင်က ခိုင့်ကို ဆရာဝန်ဘက် လိုက်စေလိုသည်။ ငြိမ်းမောင်ကမူ ဝါဏိဇ္ဇဗေဒလမ်းသို့ သွားစေလိုသည်။

ခိုင့်ကို သူယူသော ဝိဇ္ဇာ ဘာသာတွဲအတွက် ထောက်ခံသူမှာ ကျွန်တော်သာ ဖြစ်လေသည်။

မည်သည့်ဘာသာတွဲကို ယူသည်က အရေးမကြီး။ ကိုယ်သန်ရာ၊ ကိုယ်ပျော်ရာလိုက်လျှင်အောင်မြင်ခြင်းရှိရမည်ဟု ကျွန်တော်က ယုံကြည်သည်။ ခိုင့်ကိုလည်း အောင်မြင်လိမ့်မည်ဟု ကျွန်တော်ကစိတ်ချသည်။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


**Super Car Rental**
မြို့တွင်း-မြို့ပြင်၊ လချုပ်-နှစ်ချုပ်
ကားမျိုးစုံငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်နိုင်ပါသည်။
394053, 09 252092244
0973008848,09793108848

**ဟိန်း** 01-293159 01-9000293 09-5160048
ခရီးစဉ်အမျိုးမျိုးနှင့်
လချုပ်/နှစ်ချုပ်ကားမျိုးစုံငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ပါ။
www.heincarrental.com

**ကမ္ဘာ့အဖိုးတန်သစ်မွှေး**
**စိုက်နည်း၊ ပျိုးနည်း**
တအုပ်ဆိုင်တိုင်းတွင် ဝယ်ယူနိုင်ပါသည်၊
ပျိုးပင်များ လိုသလောက်ပြန်ဝယ်ပေးနေပါသည်။
ဝင်းသစ်မွှေး 09-5117226



**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း**

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ အောက်ဖော်ပြပါ မော်တော်ယာဉ်နှင့် ဘာဂီများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

Mitsubishi Canter (Dump Truck) (Diesel) (Japan) (၂)စီး

၂။ တင်ဒါစည်းကမ်းချက်များနှင့် လျှောက်လွှာပုံစံများအား ၂၅-၅-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ရုံးအမှတ်(၄၀)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ စီမံရေးရာဌာနတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါပိတ်မည့်နေ့ရက်/အချိန် -၁၇-၆-၂၀၁၅ရက်၊ ၁၅:၀၀နာရီ

၄။ တင်ဒါဖွင့်မည့်နေ့ရက်/အချိန်/နေရာ -၂၂-၆-၂၀၁၅ရက်၊ ၁၃:၀၀နာရီ
ရုံးအမှတ်(၄၀)၊ နေပြည်တော်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်-

ရုံးအမှတ်(၄၀)၊ နေပြည်တော်၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
လွှတ်တော်နှင့်အိမ်တော်အဆောက်အအုံများထိန်းသိမ်းရေးအဖွဲ့
ဖုန်း - ၀၆၇-၅၉၀၅၀၇၊ ၀၆၇-၅၉၀၄၄၁



**ဂါား မျိုးစုံ**
(Alphard/Hiace ၇၊၉၊၁၃ယောက်စီး/
Saloon/ ၂၅၊၃၃၊၄၅ယောက်စီး)များကိုခရီးစဉ်အမျိုးမျိုးအတွက်ယာဉ်ပိုင်ရှင်များကိုယ်တိုင် ချိုသာသောဈေးနှုန်းဖြင့်အငှားလိုက်သည်။
Ph:09-5418126

**ရောင်း/ငှား**
လမ်းကြိတ်စက်၊ Fork-lift, Excavator
ဖုန်း-၀၉-၄၃၁၁၂၃၉၉၊
၀၉-၄၃၀၃၁၂၂၂၊
၀၉-၇၉၅၄၅၆၀၃၉



**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**Open Tender ခေါ်ယူခြင်း**

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာနှင့် သက်မွေးပညာဦးစီးဌာန လက်အောက်ရှိ စင်ကာပူ-မြန်မာသက်မွေးပညာသင်ကျောင်း ဖွင့်လှစ်မည့် အမှတ်(၁၂၃)၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် အောက်ပါလုပ်ငန်းများအား Open Tender များ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

(က) ကျောင်းဝင်းအတွင်း 33/0.4KV 1500KVA Substation တပ်ဆင်ခြင်း
(ခ) ကနေဒီခွဲရုံမှ ကျောင်းဝင်းအတွင်း Substation အထိ မီးလိုင်းများ သွယ်တန်းခြင်း
(ဂ) လက်ရှိကျောင်းဝင်းအတွင်းရှိ 500KVA Substationအား နည်းပညာနှင့် သက်မွေးပညာဦးစီးဌာန၊ တောင်ပိုင်းရုံးခွဲ၊ ရုံးဝင်းအတွင်း ပြောင်းရွှေ့ခြင်း

၂။ Open Tender ပုံစံများကို ၁၉-၅-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁)တွင် တစ်စုံလျှင် ကျပ် ၁၀၀၀၀/-နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၁၉-၆-၂၀၁၅ရက် နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ Open Tender ပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၄၀၀၇၊ ၀၆၇-၄၀၄၅၁၈သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန



**ဂုဏ်ပြုမှတ်တမ်းတင်ခြင်း**

မြန်မာအော်တစ်ဇင်အသင်းမှ ပဉ္စမအကြိမ်မြောက်အဖြစ် ၂-၄-၂၀၁၅ရက် ပြည်သူ့ရင်ပြင် စမ်းချောင်းသာ Stage တွင် ကျင်းပခဲ့သော World Autism Awareness Day အခမ်းအနားတွင် ကြွရောက်ချီးမြှင့်ပေးသော အဘဦးတင်ဦး(နာယက-NLD)၊ စပိန်နိုင်ငံ ပါလီမန်အမတ်၊ Royal Thai Embassy မှ သံအမတ်ကြီးကတော်၊ ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးတင်ဇော်မိုး၊ မြန်မာနိုင်ငံမသန်စွမ်းသူများကောင်စီ ဒုဥက္ကဋ္ဌ ဒေါက်တာကိုကိုဦး၊ အထွေထွေအတွင်းရေးမှူး ဦးညွန့်အောင်နှင့် MCPD အဖွဲ့ဝင်များ၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ NGO, INGO များ၊ အထူးသင်ကြားရေးကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများ၊ အော်တစ်ဇင်ကလေးနှင့်မိဘများ၊ ဉာဏ်ရည်မသန်စွမ်းကလေးနှင့်မိဘများ၊ စိတ်ပါဝင်စားသူများ၊ တေးဂီတ ဖျော်ဖြေပွဲအတွက် အဓိကကူညီပေးသော ဦးJညီညီနှင့် အဆိုတော်များ၊ Modelအဖွဲ့များ၊ Volunteerများ (Future Youth Group, Funny Volunteer Group, မြန်မာပရဟိတအဖွဲ့)၊ စေတနာထက်သန်စွာဖြင့် လှူဒါန်းကြသော အလှူရှင်များအားလုံးကို အသင်းမှ အထူးကျေးဇူးတင် ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း။

အလှူရှင်စာရင်း(ကျပ်တစ်သိန်းအထက် လှူဒါန်းသူများ)

၁။ KBZ Bank (ကျပ်သိန်းတစ်ရာ)၊ ၂။ IBTC(ကျပ်သိန်းငါးဆယ်)၊ ၃။ City Love & Hope (T-shirt+ကလေးလက်ဆောင်+စာရွက်စာတမ်း-ကျပ် ၄၇၂၂၅၀၀)၊ ၄။ ဦးစိုင်းဖိလစ်-ဒေါ်ဖြူဖြူမြင့်၊ သား ဘုန်းပြည့်ပိုင်(Hotel Yangon ကျပ် ၂၀၀၀၀၀၀)၊ ၅။ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း (ကျပ် ၁၀၀၀၀၀၀)၊ ၆။ KGL Family (ကျပ် ၁၀၀၀၀၀၀)၊ ၇။ Naing Family(ကျပ် ၁၀၀၀၀၀၀)၊ ၈။ ဦးစန်းယီ-ဒေါ်သင်းသင်း(COTTO Co.,Ltd)(ကျပ်၁၀၀၀၀၀၀)၊ ၉။ ဦးကျော်တင့်-ဒေါ်ဖြူနှင်းဝေ(ကျပ် ၅၀၀၀၀၀)၊ ၁၀။ Premier Co.,Ltd (ကျပ် ၅၀၀၀၀၀) ၁၁။ဦးအောင်သန်း-ဒေါ်သီတာမိုး US$ 300၊ ၁၂။ ဦးဇော်လွင်ဌေး-ဒေါ်သင်းသင်း(ကျပ် ၃၀၀၀၀၀)၊ ၁၃။ ဒေါက်တာသပြေကြည်(ကျပ် ၂၀၀၀၀၀)၊ ၁၄။ ကိုကျော်လွင်-မလေးသဉ္ဇာနိုင် မိသားစု(ကျပ် ၂၀၀၀၀၀)၊ ၁၅။ Ms Wichaya (Royal Thai Embassy ကျပ် ၁၅၀၀၀၀)၊ ၁၆။ Sky Ward (US$100)၊ ၁၇။ ဦးမောင်မောင်လွင်-ဒေါ်ဇင်မျိုးသန်းမိသားစု (ကျပ် ၁၀၀၀၀၀)၊ ၁၈။ ရွှေထွန်းခေါင်ကုမ္ပဏီလီမိတက်(ကျပ်၁၀၀၀၀၀)၊ ၁၉။ မှူးဗက/ကျော်စွာသူရ-ဒေါက်တာတင်ရည်ကျော်တင့် မိသားစု(ကျပ်၁၀၀၀၀၀) ၂၀။ ဦးအောင်မင်းစိုး-ဒေါက်တာအိမွန်ဦး(ကျပ် ၁၀၀၀၀၀)၊ ၂၁။ ဦးပြည့်ဖြိုးအောင်-ဒေါ်ရည်မွန်သူ(ကျပ် ၁၀၀၀၀၀) ၂၂။ မိယဉ်သီတာ၊ သမီး မိစုနံ့သာ(ကျပ် ၁၀၀၀၀၀)၊ ၂၃။ သန့်စင်စိုး-ပြည့်စုံစိုး(ကျပ် ၁၀၀၀၀၀)၊ ၂၄။ Fame Co.,Ltd(ကျပ် ၁၀၀၀၀၀)၊ ၂၅။ ဦးအောင်သန်းဦး-ဒေါ်သန်းသန်းအေး(ကျပ် ၁၀၀၀၀၀)၊ ၂၆။ ယူနိုက်တက်အမရာဘဏ်(ကျပ် ၁၀၀၀၀၀)၊ ၂၇။ ဦးဝင်းနိုင်-ဒေါ်ချိုချိုမိသားစု(ကျပ် ၁၀၀၀၀၀)၊ ၂၈။ မောင်ဝေမင်းအောင်(ကျပ် ၁၀၀၀၀၀)၊ ၂၉။ ဦးမျိုးမြင့်(Golden Fortune Co.,Ltd) (ကျပ်၁၀၀၀၀၀)၊ ၃၀။ ဦးခင်မောင်သွင်-ဒေါ်ချိုချိုအေး၊ မြေးဖွဲ့သုတ(ကျပ် ၁၀၀၀၀၀)၊ ၃၁။ PMG Co.,Ltd (ကျပ် ၁၀၀၀၀၀) ရေသန့် ၁၂၀၀ဘူး၊ ၃၂။ NewLink Marketing (ကျပ် ၁၀၀၀၀၀)၊ ၃၃။ ဒေါ်သီတာထွန်း(Newlink Co., Ltd) (ကျပ် ၁၀၀၀၀၀)၊ ၃၄။ New World Training Centre (ကျပ် ၁၀၀၀၀၀) ၃၅။ မိုးသောက်ပန်းမူကြို(ကျပ် ၁၀၀၀၀၀)၊ ၃၆။ မြန်မာပရဟိတအသင်း(ပစ္စည်း ၁၅၀၀၀+ကျပ် ၈၅၀၀၀) ၃၇။ Calsome (MGD Co.,Ltd) (ကျောပိုးအိတ် ၃၀၀+ကွေကာ ၃၀၀ ကျပ် ၃၀၀၀၀၀) ၃၈။ လွယ်ဟိန်း Co.,Ltd(ရေသန့် ၁၂၀၀ဘူး)၊ ၃၉။ မားမားခေါက်ဆွဲ 15ctns၊ ၄၀။ Overtine ၈၀၀ခွက်၊ ၄၁။ Win Food 400pcs.

မြန်မာအော်တစ်ဇင်အသင်း(ရန်ကုန်)

# ရမည်းသင်း နွားပွဲဈေးတွင် နွားဈေးကွက် အေး၍ ပုံမှန်အရောင်းအဝယ်သာဖြစ်

**ရမည်းသင်း မေ ၂၁**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ ယခုလရာသီ နွားပွဲဈေး၌ နွားဈေးကွက် အေး၍ ပုံမှန်အရောင်းအဝယ်သာဖြစ်နေကြကြောင်း သိရသည်။

ယင်းနွားပွဲဈေးကို ငါးရက်တစ်ကြိမ် ရမည်းသင်းဈေးကြီးနေ့တွင်သာ ပြုလုပ်လေ့ရှိပြီး ရမည်းသင်းမြို့နယ်၊ ပျော်ဘွယ်မြို့နယ်၊ ရန်အောင်၊ တပ်ကုန်းမြို့နယ်များရှိအုပ်စုများမှ နွားရောင်းသူများ၊ နွားဝယ်သူများ လာရောက်၍ အရောင်းအဝယ်ပြုလုပ်ကြသော ဈေးဖြစ်သည်။

အများအားဖြင့် တောင်သူများ လယ်ယာကဏ္ဍတွင် အသုံးပြုရန်အတွက် ခိုင်းနွားများ၊ အသားထုတ်ရန်အတွက် အသားနွားများနှင့် နွားပိုနွားလိုက်မွေးမြူရန်အတွက် မွေးနွားအစရှိသည်ဖြင့် အတန်းခွဲကာ အရောင်းအဝယ်ပြုလုပ်ကြသည်။

ယခင်နှစ်က မိုးမကောင်း၍ တောင်သူများဝင်ငွေလျော့နည်းကြသဖြင့် ယခုလရာသီတွင်လည်း မိုးရွာသွန်းမှုနည်းသောကြောင့် တောင်သူလုပ်ငန်းခွင်မဝင်ရောက်နိုင်သေး၍ နွားအရောင်းအဝယ် အေးကြောင်း ဒေသခံများကပြောသည်။

နွားအရောင်းအဝယ် အေးသော်လည်း နွားအနေအထားအပေါ်မူတည်၍ နွားဈေးကွက်ရှိနေသေးပြီး ခိုင်းနွားများမှာ နွားအနေအထားပေါ်မူတည်၍ ခိုင်းနွား တစ်ရှဉ်းလျှင် ကျပ် ၁၀ သိန်းမှ ကျပ် ၁၅သိန်းဝန်းကျင်ထိရှိကြောင်း၊ ထွန်စီးနောက်လိုက် (ခိုင်းနွားကြီးများကဲ့သို့ နေကုန်ခိုင်း၍ မရသေးသောနွားလတ်) အဆင့် နွားတစ်ရှဉ်းလျှင် ကျပ် ၁၀ သိန်းဝန်းကျင်ပေးရပြီး ထမ်းပိုးတပ်၍ရသော နွားမတစ်ရှဉ်းလျှင်လည်း နွားအနေအထားပေါ်မူတည်၍ ကျပ် ၁၀ သိန်းဝန်းကျင်အထိ ပေးရသည်။

ရမည်းသင်းနွားပွဲဈေးသည် ပျော်ဘွယ်၊ တပ်ကုန်း၊ ရန်အောင် အစရှိသော နွားပွဲဈေးများထက် နေရာမှာအချက်အချာကျပြီး အလယ်တွင်ရှိသောကြောင့် ရမည်းသင်း နွားပွဲဈေးသည်ပို၍ စည်ကြောင်း ယင်းဒေသခံများက ပြောသည်။

ယင်းနွားပွဲဈေးများကိုလိုက်၍ နွားအငှားဆွဲသူများမှာလည်း ခရီးစဉ်အကွာအဝေး ဆွဲရမည့် အကောင်အရေအတွက်အပေါ်မူတည်၍ တစ်ခေါက်လျှင် ကျပ် ၇၀၀၀ မှ ကျပ် ၁၀၀၀၀ ဝန်းကျင်ရရှိသည်။

တချို့မှာ နွားပွဲတွင် အရောင်း၊ အဝယ်လုပ်မည့်နွားများကို လူငှား၍မမောင်းဘဲ နွားများသက်သာစေရန် သုံးဘီးဆိုင်ကယ်များဖြင့် နွားများကိုတင်၍ သယ်ယူပို့ဆောင်ကြသည့်အတွက် သုံးဘီးဆိုင်ကယ်ယာဉ်မောင်းများလည်း ခရီးစဉ် အကွာအဝေး၊ တင်ဆောင်သည့် နွားအကောင်အရေအတွက် အကြီးအသေးအပေါ် မူတည်၍ ကျပ် ၂၀၀၀၀ မှ ကျပ် ၄၀၀၀၀ ဝန်းကျင်ရရှိကြသည်။

"နောက်ပိုင်းမိုးရွာပြီး တောင်သူလုပ်ငန်းဝင်ချိန်နဲ့ ပဲတီစိမ်းပေါ်ချိန်တော့ နွားဈေးအရောင်းအဝယ် သွက်မယ်ထင်ပါတယ်။ ငါးရက်တစ်ဈေးဆိုပေမယ့် ပတ်ဝန်းကျင်နွားပွဲဈေးတွေမှာ လည်း ဒီလိုပါပဲ။ ခုလရာသီကတော့ ပုံမှန်ပေါ့ဗျာ။ ဝါဆို၊ ဝါခေါင်လတွေမှာတော့ နွားဈေးတက်တက်ပါတယ်"ဟု နွား ဝယ်၊ ရောင်း လုပ်ကိုင်သူတစ်ဦးက ပြောသည်။

ရမည်းသင်း နွားပွဲဈေးသည် မြို့၏ အနောက်မြောက်ဘက် ရမည်းသင်း-ရွာတန်းသွား ကားလမ်းဘေးတွင် တည်ရှိပြီး တောင်သူများအတွက်စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ အဓိကအားထားရပြီး အနယ်နယ်အရပ်ရပ်မှ နွား ဝယ်၊ရောင်း လုပ်ကိုင်သူများလာရောက်ကြ၍ ပုံမှန်အရောင်းအဝယ်ဖြစ် ကြောင်းသိရသည်။

**လှိုင်သန်းတင့်(ရမည်းသင်း)**



# ဝမ်းပျက်ဝမ်းလျှော မဖြစ်ပွားရေးအတွက် စားသောက်ကုန်ထုတ်လုပ်သည့် အလုပ်ရုံများသို့ ကွင်းဆင်းစစ်ဆေး

**သာစည် မေ ၂၁**

သာစည်မြို့နယ်အတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါများ ဆက်လက်မဖြစ်ပွားရေးအတွက် ကာကွယ်တားဆီးသောအားဖြင့် နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာအောင်ကျော်မိုး၊ မန္တလေးတိုင်းဒေသကြီး ပလိပ်အထူးရောဂါသီးသန့် အဖွဲ့ခေါင်းဆောင် ဒေါက်တာဉာဏ်လင်းကျော်၊ တိုင်းဒေသကြီး အထူးရောဂါနှိမ်နှင်းရေးအဖွဲ့မှ ဦးကျော်သူဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဦးစီးအရာရှိ ဦးကျော်ဌေးနှင့် မြို့နယ်အစားအသောက်နှင့် ဆေးဝါး ကြီးကြပ်မှုကော်မတီဝင်များသည် မေ ၁၉ ရက် နံနက်က မြို့ပေါ်ရှိ ရေခဲစက်များနှင့် မုန့်ဖုတ်ဖိုများသို့ သွားရောက်၍ စစ်ဆေးကြပြီး အသုံးပြုသည့် ရေများ သန့်ရှင်းမှု ရှိစေရေးနှင့် ထုတ်လုပ်မှုမပြုမီ ဆပ်ပြာဖြင့် လက်ကို စင်ကြယ်အောင် ဆေးကြော၍ ထုပ်ပိုးပြုလုပ်ကြရန် ပညာပေးဆွေးနွေးခဲ့ကြပြီး အလုပ်ရုံများအတွင်း လုပ်ကိုင်နေမှုများကို စစ်ဆေးခဲ့သည်။

**မောင်ကို (သာစည်)**

# ပခုက္ကူရှိ ကျေးရွာ ၆၀ ဖွံ့ဖြိုးရေးဆွေးနွေး

**ပခုက္ကူ မေ ၂၁**

အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေ (LIFT) ဖြင့် ပခုက္ကူမြို့နယ်တွင် Actionaid(မြန်မာ)မှ အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များဆိုင်ရာ စီမံကိန်းမူကြမ်းရေးဆွဲခြင်း အလုပ်ရုံဆွေးနွေးပွဲကို မေ ၁၉ ရက် နံနက် ၁၀ နာရီက ပခုက္ကူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ ၌ ကျင်းပခဲ့သည်။

ပခုက္ကူမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၆၀ အား အာဟာရတိုးမြှင့်ရေးကဏ္ဍ၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးကဏ္ဍ၊ လူမှုကာကွယ်စောင့်ရှောက်ရေးကဏ္ဍ၊ စိုက်ပျိုးရေးနည်းပညာနှင့်ဈေးကွက်ကဏ္ဍစသည့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်သွားရန်အတွက် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဉာဏ်တိုး(Iprd)**

# စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**မန္တလေး မေ ၂၁**

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်သန်း၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်မင်း၊ အတွင်းရေးမှူး ဒေါက်တာမောင်မောင်နှင့် အမှုဆောင်များအား မေ ၁၉ ရက် မွန်းလွဲ ၂ နာရီခွဲက ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီး Mr.Daniel Zonshine သည် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၈ လမ်းနှင့် ၃၄ လမ်းထောင့် ရတနာပုံစူပါစင်တာ စတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဧည့်ခန်းမတွင် လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများ၊ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးရေး၊ နည်းပညာပံ့ပိုးပေးရေးနှင့် ပညာတော်သင် ကျောင်းသား၊ ကျောင်းသူများ တိုးမြှင့်ခေါ်ယူနိုင်ရေး ဆွေးနွေးကြကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**




## စေတီပြင်ဆရာတော် ဦးအာစာရရုံသီ(ဓမ္မကထိက)မထေရ်မြတ်၏ မွေးနေ့မင်္ဂလာနှင့် သိက္ခာထပ်မင်္ဂလာဖိတ်ကြားလွှာ

အလှူဒါယကာ ဦးသန်းဝင်း-အလှူဒါယိကာမ ဒေါ်ခင်မြကြည်(သင့်မြတ်စက်ဘီးဆိုင်)၊ သားကြီး မောင်ကျော်မင်းဟန်၊ သားငယ် မောင်မင်းသိန်းကျော် မိသားစုမှ (၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၇ ရက်) ၂၄-၅-၂၀၁၅ရက်(တနင်္ဂနွေနေ့)၊ ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ နိုင်ငံတကာသာသနာပြု(ဓမ္မကထိက)၊ စေတီပြင်ဆရာတော် ဦးအာစာရရုံသီ(လိုင်ဂွင်)အား သက်တော်(၇၁) နှစ်ပြည့် မွေးနေ့မင်္ဂလာနှင့် သိက္ခာထပ် မင်္ဂလာတို့ဖြင့် ချီးမြှင့်ပါမည်ဖြစ်ပါ၍ ဆရာတော်၏ တပည့် ဒကာ၊ ဒကာမတို့အား အောက်ပါလိပ်စာအတိုင်း နံနက် ၈ နာရီ ကြွရောက်ပါရန် အသိပေးဖိတ်ကြားအပ်ပါသည်။

နေရပ်လိပ်စာ

သာသနဒ္ဓဟိတ ပရိယတ္တိစာသင်တိုက်၊ အနော်ရထာလမ်းမကြီး၊ (၁၁)ရပ်ကွက်၊
လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၁၄၈၁၅၀

## မိဘအမည်မှန်

မင်္ဂလာဒုံမြို့နယ်၊ အထက(၂)၊ စတုတ္ထတန်း(A)အောင်မှ မရွှေနန်းထက်၏ မိဘအမည်မှန်မှာ ဦးခင်ဇော်နှင့် ဒေါ်ခင်ခင်လင်းဖြစ်ပါသည်။

## မိဘအမည်မှန်

ဝိုင်းမော်မြို့နယ်၊ အလက(သာဂရ) တတိယတန်းမှ မင်္ဂါးနာ၏ မိဘအမည်မှန်မှာ ဦးငွါးဆာနှင့် ဒေါ်ရှန်ဝင်း ဖြစ်ပါသည်။

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်-၅C/၇၉၂၂၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

## သူရ(၆၃)သူငယ်ချင်းများသို့

၁။ ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၃) သူရတပ်ခွဲ၏ (၃၃)နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ်အတွက် ဘုန်းကြီးဆွမ်းကပ်ခြင်း၊ ဆရာကန်တော့ခြင်း၊ ပညာရည်ချွန်ဆုပေးခြင်း၊ မိတ်ဆုံညစာစားခြင်းနှင့် ဂေါက်သီးကစားခြင်းများကို အောက်ပါအတိုင်း ပြုလုပ်မည်ဖြစ်ပါ၍ သူငယ်ချင်းများအားလုံး ပါဝင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

(က) ၂၉-၅-၂၀၁၅ ရက်(သောကြာနေ့)၊ ၉နာရီတွင် ထေရဝါဒဗုဒ္ဓတက္ကသိုလ် စွယ်တော်မြတ်စေတီအနီး၊ ရန်ကုန်၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်းပါမည်။

(ခ) ၃၀-၅-၂၀၁၅ရက်(စနေနေ့) ၁၈း၀၀ နာရီတွင် ရွှေရှမ်းကန်စားသောက်ဆိုင်၊ အင်းယားလမ်း၊ ရန်ကုန်၌ ဆရာကန်တော့ခြင်း၊ ပညာရည်ချွန်ဆုပေးခြင်း၊ မိတ်ဆုံညစာစားခြင်း ပြုလုပ်ပါမည်။

(ဂ) ၃၁-၅-၂၀၁၅ရက် (တနင်္ဂနွေနေ့) ၇ နာရီတွင် တပ်မတော်ဂေါက်ကွင်း (ရန်ကုန်)၌ ဂေါက်သီးကစားပါမည်။

၂။ အစီအစဉ်အသေးစိတ်မေးမြန်းနိုင်ရန် ၂၀၁၄ ခုနှစ်တွင် အခြေခံပညာအထက်တန်းကို ဂုဏ်ထူးဖြင့်အောင်မြင်သော ဘာသာရေး၊ ပညာရေး၊ လူမှုရေးထူးချွန်ဆုရရှိသော သားသမီးများ၏ အမည်စာရင်းပေးပို့နိုင်ရန်နှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရန်အတွက် ဖုန်း၀၉-၆၈၀၁၀၈၃၊ ၀၉-၂၅၄၀၁၆၅၇၆၊ ၀၉-၅၁၂၅၈၆၀၊ ၀၉-၈၆၂၂၆၆၁၊ ၀၉-၈၆၂၆၇၈၁၊ ၀၉-၅၁၉၄၈၉၃၊ ၀၉-၇၃၂၂၂၁၁၀၊ ၀၉-၄၃၀၈၉၁၀၀၊ ၀၉-၈၆၀၀၈၉၁၊ ၀၉-၃၁၀၀၁၄၂၈၊ ၀၉-၅၁၃၀၆၂၇ သို့ ဆက်သွယ်ကြပါရန်။

သူရ(၆၃)ကော်မတီ

# ရေအိုင်ရေကန်ကြီးများအတွင်း ငါးများ အစုအပြုံအလိုက် သေစေတတ်သည့် အကြောင်းရင်းများ

**ခ** စံလွင် (ငါးဦးစီးဌာန)

ယခုလပထမပတ်အတွင်း ထုတ်ဝေခဲ့တဲ့ သတင်းစာ၊ ဂျာနယ်တွေမှာ တောင်သမန်အင်းအတွင်း ငါးများ အစုလိုက်အပြုံလိုက် သေဆုံးတဲ့သတင်းကို သတင်းထူးတစ်ခုအဖြစ် ဖတ်ရှုလိုက်ရပါတယ်။ သဘာဝရေအိုင်၊ ရေကန်ကြီးများအပါအဝင် လူတို့ရဲ့ စားနပ်ရိက္ခာအလို့ငှာ စီးပွားဖြစ်မွေးမြူကြတဲ့ ငါးမွေးမြူရေးကန်များမှာလည်း အလားတူဖြစ်ရပ်မျိုးတွေ ဖြစ်လေ့ဖြစ်ထ ရှိပါတယ်။

အထူးသဖြင့် ရာသီကူးပြောင်းကာလတွေဖြစ်တဲ့ မိုးဦးကျနဲ့ ဆောင်းအကုန်၊ နွေအကူး ပူပြင်းတဲ့ နွေလတွေမှာ အဖြစ်များပါတယ်။ မိုးဦးကျအခါ ဖြစ်တတ်တဲ့ မိုးတစ်ပြိုက်၊ နေတစ်ပြိုက်ဖြစ်စဉ်တွေမှာ ရေအောက်ပိုင်း ခိုနေတဲ့ငါးများဟာ မိုးရေကြောင့် ရေပေါ်လွှာသို့တက်လာစဉ်မှာ ရုတ်တရက်ပူပြင်းလာတဲ့ နေတပြိုက်ကြောင့် ရေပေါ်လွှာ ပျော်ဝင်အောက်ဆီဂျင်ချို့တဲ့ပြီး ကန်အတွင်းမှာရှိတဲ့ ငါးတွေ အစုအပြုံအလိုက် သေတတ်ကြပါတယ်။

အလားတူပဲ အပူချိန်မြင့်မားတတ်တဲ့ မတ်၊ ဧပြီ၊ မေလများအတွင်း ငါးမွေးကန်တွေမှာ ကန်ရေများ လျော့ပါးလာတတ်တာကြောင့် ရေထုနဲ့ငါး အချိုးမမျှဖြစ်ကာ ပျော်ဝင်အောက်ဆီဂျင် (Dissolved Oxygen) DO ကျလို့ ငါးများ သေဆုံးရခြင်းမျိုးများလည်း ရှိပါတယ်။ အခြားအကြောင်းအချက်တစ်ခုကတော့ အပူချိန်မြင့်မားမှုကြောင့် ကန်ရေထုနည်းလာချိန်မှာ ကန်အောက်ခြေရှိ အစာကျန်တွေနဲ့ အနယ်အနှစ်များကြောင့် ကန်အတွင်း အမိုးနီးယားပါဝင်နှုန်း မြင့်တက်လာပြီး ငါးအများအပြား သေဆုံးရခြင်းမျိုးပါ။

ငါးများ အစုံအပြုံအလိုက်သေဆုံးရတဲ့ အထက်ပါဖြစ်စဉ် နှစ်ရပ်မှာ ပထမဖြစ်စဉ်ဟာ ရာသီအလိုက် ဖြစ်ပေါ်တတ်တဲ့ သဘာဝတရား အနေအထားကြောင့်လို့ ဆိုရမှာဖြစ်ပြီး ဒုတိယဖြစ်စဉ်ကတော့ ငါးမွေးမြူခြင်းဆိုင်ရာ နည်းပညာရပ် လိုအပ်ချက်တွေကြောင့် ဖြစ်ပါတယ်။ ဒါကြောင့် ငါးမွေးတောင်သူများအတွက် ရာသီအလိုက် ကာကွယ်ရေးအစီအမံများဖြစ်တဲ့ ရေကောင်းရေသန့် လှယ်ပေးခြင်း၊ Paddle Wheel ကဲ့သို့ ရေပန်းများ ချပေးခြင်း၊ ငါးထည့်နှုန်း၊ အစာကျွေးနှုန်းများ လျှော့ချစေခြင်း၊ ကန်ရေ ညစ်ညမ်းစေတဲ့ ကဇော်ဖတ်ကဲ့သို့ ငါးအစာများ တားမြစ်ခြင်း၊ ကန်အောက်ခြေ အနယ်အနှစ်များ ဖယ်ရှားစေခြင်း၊ သုံးနှစ်တစ်ကြိမ် ကန်အခြောက်ခံစေခြင်း စတဲ့လုပ်ငန်းရပ်တွေ ကြိုတင်လုပ်ဆောင်နိုင်ဖို့အတွက် ငါးလုပ်ငန်းဦးစီးဌာနက ပညာပေးနှိုးဆော်ချက်ကို ရာသီအလိုက် နေ့စဉ်ထုတ်သတင်းစာနဲ့တွေ ရေဒီယို၊ ရုပ်မြင်သံကြားတွေမှာ ရေးသားဖော်ပြ ထုတ်လွှင့်ပေးနေတာဖြစ်ပါတယ်။

ယခု တောင်သမန်အင်းအတွင်း ငါးများ အစုအပြုံအလိုက်သေဆုံးရခြင်း အကြောင်းရင်းကို ဖတ်ရှုရာ သတင်းစာ၊ ဂျာနယ်များတွင် ရေးသားဖော်ပြချက်များ၊ လူမှုကွန်ရက် Facebook တွင် ဖော်ပြထားသော Post များ၊ Comment များ၊ ငါးလုပ်ငန်းဦးစီးဌာန၏ ရေအရည်အသွေးစစ်ဆေးချက်များ၊ လူမှုအဖွဲ့အစည်းများ တင်ပြထားသော ငါးများရှင်သန်ကြီးထွားမှုအတွက် ရှိသင့်တဲ့ ရေအရည်အသွေးဆိုင်ရာ သတ်မှတ်ချက်ဘောင် (Parameter) များ၊ မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနရဲ့ အသိပေးကြေငြာချက်များအရ စက်မှုဇုံများမှ ပြန်လည်သန့်စင်မှုများမပြုလုပ်သော ရေဆိုးများ ပရန်တော်ချောင်းမှတစ်ဆင့် တောင်သမန်အင်းအတွင်းသို့ စီးဝင်ခြင်း



ကြောင့် ရေထုညစ်ညမ်းလာကာ ရေတွင် ပျော်ဝင်အောက်ဆီဂျင် ပြတ်တောက်လို့ ငါးတွေသေဆုံးရခြင်း ဖြစ်ကြောင်းဟူသောအဖြေကို တွေ့ရှိရပါတယ်။

ရေဆိုးရေညစ် (ခေါ်) ရေဆိုးများကို လူနေအိမ်များမှ စွန့်ပစ်သည့်ရေဆိုးရေညစ် (Domestic Wastewater၊ စက်ရုံများမှ စွန့်ပစ်သည့် ရေဆိုးရေညစ် (Industrial Wastewater) နှင့် စည်ပင်သာယာမှ စွန့်ပစ် သည့် ရေဆိုးရေညစ် (Municipal Wastewater) ဆိုပြီး အတန်းအစား သုံးမျိုး ခွဲခြားနိုင်ပါတယ်။ အဆိုပါ ရေဆိုးရေညစ်တွေမှာ အဆိပ်အတောက်ဖြစ်စေတဲ့ ဓာတုပစ္စည်းများ၊ အားပြင်းသော အော်ဂဲနစ်ပစ္စည်းများ၊ ရေဒီယိုဓါတ်သတ္တုကြွပစ္စည်းများ၊ များပြားလှတဲ့ အနယ်အနှစ်များ၊ အပူချိန်ပါဝင်သော စွန့်ပစ်ရေများ ပါဝင်နေတတ်ရာ ဆိုးကျိုးများအဖြစ် ကန်အောက်ခြေမှာ အောက်ဆီဂျင်သုံးစွဲသော သက်ရှိသက်မဲ့ Micro Organism များ၊ Aerobic Bacteria များကို ပေါက်ဖွားစေတဲ့အတွက် အောက်ဆီဂျင်ကို ယှဉ်ပြိုင် အသုံးပြုမှု ပိုမိုများပြားစေပြီး အခြားရေသတ္တဝါများကို သေကျေပျက်စီးစေတာပါ။

ဒ့ါအပြင်လဲ Anaerobic Bacteira တွေက ရေမှာ ပျော်ဝင်အောက်ဆီဂျင်ကို ဆာလ်ဖိတ် ($SO_4$) မှ ရယူပြီး ဟိုက်ထရိုဂျင်ဆာလ်ဖိုဒ် ($H_2S$) တွေကို ထုတ်လိုက်တဲ့အတွက် ရေဆိုးများ စီးဝင်ခြင်းကို လက်ခံရတဲ့ မြစ်ချောင်း၊ အင်းအိုင်တွေမှာ ပုပ်အက်အက်အနံ့ဆိုးတွေ ဖြစ်ပေါ်စေတာပါ။ ဒါကြောင့် ယခုလိုနိုင်ငံရဲ့ပုံရိပ်အဖြစ် မြန်မာပြည် တစ်နံတစ်လျား ထင်ရှားတဲ့ တောင်သမန်အင်းကြီးရဲ့ အလှအပနဲ့ပသာဒကို အကျည်းမတန်စေခြင်းငှာ တာဝန်ရှိဌာနဆိုင်ရာ အသီးသီးက ကြိုတင်တွေးဆကာ "မီး မလောင်ခင်ကတားဆိုသလို" ကာကွယ်မှု အစီအစဉ်များ ပြုလုပ်သင့်လှပါတယ်။

တဆက်တည်းဆိုသလိုမှာပဲ တောင်သမန်အင်းဟာ မြစ်ကြောင်း၊ ရေကြောင်းတွေ ပြောင်းလဲမှုကြောင့် မြစ်ကျိုးအင်းဆန်ဆန် ဖြစ်ပေါ်နေတဲ့ အင်းကြီးပါ။ ဧရာဝတီမြစ်ကြီးနဲ့ ရေဝင်ရေထွက်ရှိတဲ့အတွက် ၁၉၇၂-၇၃ ခုနှစ်တွေမှာ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသများကတစ်ဆင့် မျိုးပွားမှုအတွက် ဆန်တက်လာတဲ့ ငါးသလောက်မျိုးတွေကို တောင်သမန်အင်းအတွင်း တွေ့ရတယ်လို့ မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက အငြိမ်းစား တိုင်းဦးစီးမှူး ဆရာဦးချင်းခုတ်က အမှတ်တရ ပြောပြဖူးပါတယ်။

တောင်သမန်အင်းကြီးဟာ အရင်က ဧရိယာဧက ၂၅၀၀ လောက်ရှိပြီး အခုအခါမှာတော့ ဧက ၁၀၀၀ လောက်သာ ကျယ်ဝန်းပါတော့သတဲ့။ ၁၉၉၅-၉၆ ခုနှစ်မတိုင်ခင် ကာလများမှာတော့ ဧရာဝတီမြစ်ရေ ရေဝင်ရေထွက်ရှိခဲ့တဲ့ တောင်သမန်အင်းကြီးကို နွေ၊ မိုး၊ ဆောင်း ကာလတွေမှာ သုံးပန်လှ ခံစားနိုင်ကြတယ်လို့ ဆိုပါတယ်။ ၁၉၉၅-၉၆ ခုနှစ်တွေနောက်ပိုင်း တောင်သမန်အင်းကြီးရဲ့ ရေဝင်၊ ရေထွက်ပေါက်တွေမှာ တံတားဖြူ ရေထိန်းတံခါး ဆောက်အပြီးမှာတော့ တောင်သမန်အင်းကြီးဟာ ရေထွက်ပေါက်တွေကို ပိတ်ပြီး နှစ်ပတ်လည် ရေထိန်းထားတဲ့အတွက် ကန်ကြီးအသွင် ဆောင်နေပါတော့တယ်။

သဘာဝအင်းကြီးအဖြစ်ကနေ ကန်ကြီးအသွင် ပြောင်းလဲလိုက်တဲ့အတွက် ကောင်းကျိုး၊ ဆိုးပြစ်များကို သုံးသပ်ကြည့်ရာမှာ မွေးမြူရေးငါးများ အစားထိုးမွေးမြူထုတ်လုပ်လာနိုင်ပြီး အင်းကြီးအတွင်း နှစ်ပတ်လည် ရေနေဧရိယာကျယ်ပြောလာတဲ့ ကောင်းကျိုးများ တွေ့ရသလို တောင်သမန်အင်းကြီးရဲ့ မူလသဘာဝ ရေဝင်၊ ရေထွက် အခြေအနေနဲ့ ပတ်ဝန်းကျင်ပြောင်းလဲသွားခြင်း၊ အင်းကြီးအတွင်း တီလားပီးယားကဲ့သို့ မွေးမြူရေးငါးမျိုးများ ကြီးစိုးလာကာ၊ ငါးလူး၊ ငါးလဲ၊ ရင်ဘောင်စာ ကဲ့သို့ ဒေသငါးမျိုးများ ရှားပါးမျိုးသုဉ်းသွားခြင်း၊ ရေဆိုးများကြောင့် အင်းရေပြင် အဆိပ်သင့်ခြင်း အစရှိတဲ့ ဆိုးကျိုးများ ဖြစ်ပေါ်နေကြောင်း သုံးသပ်တွေ့ရှိ ရပါတယ်။

သဘာဝ အရင်းအမြစ်တွေနဲ့ လှပတဲ့ ကျွန်တော်တို့နိုင်ငံမှာ ရေသယံဇာတ အလှအပများဖြစ်တဲ့ ရှမ်းပြည်နယ်က အင်းလေးကန်၊ ကချင်ပြည်နယ်က အင်းတော်ကြီးကန်၊ ချင်းပြည်နယ်က ရိဒ်ရေကန်၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းက တွင်းတောင်အင်းတွေဟာ ကျော်ကြားလှတဲ့ နိုင်ငံပုံရိပ်များအသွင် ဖြစ်ပါတယ်။

စာမျက်နှာ ၂၁ သို့


## နှစ်(၃၀)ပြည့် ပုလဲရတုမင်္ဂလာဆုတောင်းလွှာ

ချစ်ဖေဖေ **Capt.,** ဝင်းထိန်နှင့် ချစ်မေမေ ဒေါ်ခင်ဒေဝီ(လှိုင်မြို့နယ်၊ လှိုင်သာယာဈေး၊ ဥက္ကဌ) တို့၏ ၂၂-၅-၂၀၁၅ ရက်တွင်ကျရောက်သော (၃၀)နှစ်မြောက် ပုလဲရတုမင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သော သား၊ သမီး၊ မြေးများနှင့်အတူ ပျော်ရွှင်ချမ်းမြေ့သောမိသားစုဘဝကို ပိုင်ဆိုင်နိုင်ပြီး လောကီ၊ လောကုတ္တရာ နှစ်ဖြာသောအကျိုးကို အတူသယ်ပိုးနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် . . . .

ချစ်သမီးကြီး -ဒေါက်တာ နှင်းဝတ်ရည်ဝင်း [**M.B.,B.S (Ygn)**]
ချစ်သမီးလတ် -မစုနန္ဒာဝင်း [**B.E (Electronics), WYTU**]
ချစ်သမီးငယ် -မောင်ဝေမိုးဟန် [**B.Sc (Bot)**]-မဖြူလွဲ့ရည်ဝင်း (**B.C.Sc**)
ချစ်မြေးလေး -မောင်ကောင်းစစ်ငြိမ်းချမ်း

## အသိပေးကြေညာခြင်းနှင့် ဖိတ်ခေါ်ခြင်း

နိုင်ငံတော်အဆင့်အတန်းနှင့်အညီ ကျွမ်းကျင်သောလုံခြုံရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရေးအတွက် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကုမ္ပဏီများ၏ အခန်းကဏ္ဍမြင့်မားတိုးတက်ရေး ရည်ရွယ်ချက်များဖြင့် မိတ်ဖက်ကုမ္ပဏီများ စုပေါင်း၍ (မြန်မာနိုင်ငံပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုအသင်းချုပ်)တို့ကို ဖွဲ့စည်းသွားမည်ဖြစ်ပါသည်။

သို့ဖြစ်၍ အသင်းဝင်အဖြစ်ပါဝင်လိုသော ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းနှင့်ပတ်သက်သည့် ပုဂ္ဂိုလ်များ၊ လုံခြုံရေးနှင့်ပတ်သက်သော ဆက်စပ်ပစ္စည်းများ ထုတ်လုပ်/တင်သွင်း/ ဖြန့်ဖြူး/ ရောင်းချ/တပ်ဆင်သူများအနေဖြင့် အသင်းဝင်အဖြစ် ပါဝင်ဆောင်ရွက်လိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းစုံစမ်း၍ ပါဝင်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးဖိတ်ခေါ်အပ်ပါသည်။

ဖုန်း-၀၉-၄၂၀၈၀၂၇၉၊ ၀၉-၇၃၁၀၀၉၅၈၊ ၀၉-၂၆၁၀၉၁၁၀၁

## ကြေညာချက်

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ် (**R.S.E. လက်မှတ်**) ထုတ်ပေးနိုင်ရန် အင်ဂျင်နီယာအဆင့် ရေးဖြေစာမေးပွဲစစ်ဆေးခြင်း (**EAWE**) **ပထမအဆင့်** (**Part 1**) စာမေးပွဲအချိန်စာရင်းကို အောက်ပါအတိုင်းကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်-

| | | |
|---|---|---|
| စာမေးပွဲ ကျင်းပမည့်ရက်စွဲ | - | ၃၁-၅-၂၀၁၅ (တနင်္ဂနွေနေ့) |
| စာမေးပွဲ ကျင်းပမည့်အချိန် | - | ၉း၃၀ - ၁၁း၃၀ (နံနက်ပိုင်း နှစ်နာရီမေးခွန်း) ၁း၃၀ - ၃း၃၀ (ညနေပိုင်း နှစ်နာရီမေးခွန်း) |
| စာမေးပွဲ ကျင်းပမည့်နေရာ | - | ရန်ကုန်နည်းပညာတက္ကသိုလ် YTU ကြို့ကုန်း၊ ရန်ကုန်မြို့။ |

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ
အမှတ် (၂၂၈/၂၃၄)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၂၅၁၂၁၃၊ ၇၀၃၂၇၆





သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

# ရန်ကုန်–မန္တလေးကားလမ်း ဂဝံမြေစေးများကြောင့် ယာဉ်မောင်းများသတိပြုရန်လို

**ရေတာရှည် မေ ၂၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ရန်ကုန်-မန္တလေး ကားလမ်းမကြီးအား လမ်းပိုင်းကုမ္ပဏီများကခွဲ၍ထွင်ဖောက်လုပ်လျက်ရှိရာ လမ်းဘေး ဝဲ၊ယာ၌ ဂဝံမြေစေးများခင်းထားပြီး ယခုရက်ပိုင်း မိုးအဆက်မပြတ် ရွာသွန်းခြင်းကြောင့် လမ်းချော်မှုများဖြစ်နိုင်သည့်အတွက် ယာဉ်မောင်းများ အနေဖြင့် ဂရုပြုမောင်းနှင်ကြရန်လိုအပ်ကြောင်း ယင်းဒေသခံများက အကြံပြုပြောသည်။

"ကားတွေကော ဆိုင်ကယ်တွေပါ သတိထားမောင်းနေရတယ်။ မြေကြီးက အသစ်ဆိုတော့ အတော့်ကိုချော်တာ လမ်းဘေးကို နည်းနည်း ချမိတာနဲ့လမ်းဘေးကို ဆွဲချသွားမှာ "ဟု အဆိုပါ လမ်းတွင်မောင်းနှင်နေခဲ့သည့် ယာဉ်မောင်းတစ်ဦးက အကြံပြုပြောသည်။

ယခုလက်ရှိ ဆွာမြို့နှင့် ရေတာရှည်မြို့တောင်ဘက် နန်ချွန်ကျေးရွာကြားအထိဖြစ်ပြီး အချို့နေရာများတွင် ကားလမ်းတစ်ဖက်တစ်ချက် ကျောက်ကြီးများ ထည့်သွင်း၍ အမာခံဆောင်ရွက်ထားသော်လည်း နေရာအတော်များများ၌ ဂဝံမြေကြီးများခင်းထားခြင်းကြောင့် မိုးရာသီကာလတစ်လျှောက် သတိပြုမောင်းနှင်ကြရန် လိုအပ်ကြောင်း ယင်းဒေသခံများက အကြံပြုပြောသည်။

**ကိုလွင်(ဆွာ)**

ငါးများအစုအပြုံအလိုက်... စာမျက်နှာ ၂၀မှ

တွင်းတောင်အင်းနဲ့ပတ်သက်ပြီး "အင်းအတွင်း ရေချိုအဝင်များတဲ့အတွက် ကမ်းစပ်နဲ့ အင်းရေအပေါ်လွှာမှာ စံကျပြီး တီလားပီးယားငါးတွေ ပွားများလာကာ စိမ်းပြာရေညှိနဲ့ တွင်းပိုးများကို စားသုံးပစ်လို့မို့ တွင်းတောင်အင်းမှာရှားပါးတဲ့ ကမ္ဘာ့သက်ရှိသယံဇာတမျိုးစိတ် နှစ်မျိုးပျောက်ကွယ်လုနီးပါး အခြေအနေရှိကြောင်း သတင်းဆောင်းပါးကို စိတ်နှလုံး မသာယာစွာနဲ့ ဖတ်ရှုမိပါတယ်။

ထင်ရှားကျော်ကြားတဲ့ ရေသယံဇာတ အရင်းအမြစ်များ ဖြစ်ကြပါသော ချင်းပြည်နယ်ရှိ အမျိုးသားဂုဏ်ဆောင် ရိဒ်ရေကန်ကြီးဆောင်းကာလအတွင်း ကန်ရေပြင် ရဲရဲနီနေသည့် အခြေအနေများ၊ ကချင်ပြည်နယ်ရှိ အင်းတော်ကြီး ကန်အတွင်း ဒေသခံများ ခေါ်ဝေါ်သုံးနှုန်းသည့် "နတ်ဆေးခပ်ချိန်" ၌ အင်းရေပြင် အနီရောင်ပြောင်းလဲ သွားခြင်း အစရှိတဲ့ အခြေအနေမျိုးများဟာ များစွာ စိတ်ဝင်စားဖွယ်ရာ၊ သုတေသနပြုချင်စရာ ကောင်းလှတဲ့ အခြေအနေများဖြစ်ကြောင်းကိုလည်း ခံစားမိပါတယ်။

သဘာဝအရင်းအမြစ်တွေ ထိန်းသိမ်းရေးလုပ်ငန်းစဉ်ကို ယနေ့ကာလအခါ ကမ္ဘာကြီးတစ်ခုလုံးမှာ နိုင်ငံအလိုက်၊ တိုင်းပြည်အလိုက် အားသွန်ခွန်စိုက် ဆောင်ရွက်နေခိုက်မှာ မိမိတို့နိုင်ငံသားများအပိုင်းများကလည်း နောက်ပိုင်းမှာ ကျန်နေရန်မသင့်ဟူ၍ ခံစားမိ၍လည်း ယခုဆောင်းပါးကို ရေးသားလိုရင်းဖြစ်ပါတယ်။ အချုပ်အားဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှာ အထင်အရှားရှိနေခဲ့ကြတဲ့ ရေသယံဇာတ အရင်းအမြစ်ကန်ကြီးတွေမှာ အလားတူဖြစ်ရပ်မျိုးများ ထပ်မံမကြုံတွေ့စေဖို့အတွက် ကန်ရေ၏ အရည်အသွေးများ စစ်ဆေးတိုင်းတာခြင်း၊ ရေနေအပင်များ၏ ပေါက်ရောက်ပြန့်ပွားမှု၊ ကန်အတွင်း နုန်းအနယ်ကျမှု၊ ရေဝင်ရေထွက် အခြေအနေများ ပြောင်းလဲလာမှု၊ ရေနေသတ္တဝါများ ပေါက်ပွားရှင်သန်မှုအခြေအနေများနဲ့ ကန်ရေပြင်ဧရိယာ ပြောင်းလဲလာမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ လူမှုအဖွဲ့အစည်းအသီးသီးနဲ့ ဒေသခံ ပြည်သူအပေါင်းက ပါဝင်စောင့်ကြည့် စစ်ဆေးပြီး ထိန်းသိမ်းရေး လုပ်ငန်းစဉ်ချမှတ်ကာ ပူးပေါင်းဆောင်ရွက် ရန်လိုအပ်လှပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

# ခေတ်မီနည်းများဖြင့် ဘိလပ်မြေထုတ်မှု သရုပ်ပြရှင်းလင်း

**မန္တလေး မေ ၂၁**

သဘာဝပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းစေပြီး ခေတ်မီနည်းစဉ်များဖြင့် ဘိလပ်မြေထုတ်လုပ်မှုနည်းစဉ်များ ရှင်းလင်းပြသပွဲကိုမေ၁၉ရက်နံနက်၉နာရီကမန္တလေးမြို့ အောင်မြေသာစံမြို့နယ် Mandalay Hill Resort ခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဒိန်းမတ်နိုင်ငံ Native Power Technology Co., Ltd မှ ပညာရှင်များက မြန်မာနိုင်ငံမှ တွင်းထွက်သယံဇာတ ဂေါ်ဒန်ကျောက်၊ ထုံးကျောက်၊ မြေစေး၊ သဲတို့ကို အသုံးပြုပြီး ခေတ်မီနည်းစနစ်များဖြင့် ဘိလပ်မြေထုတ်ယူနိုင်ပုံတို့ကို ရှင်းလင်း ခဲ့သည်။

အဆိုပါ ဒိန်းမတ်ကုမ္ပဏီသည် မြန်မာနိုင်ငံ၏ ပထမဆုံး သရက်ဘိလပ်မြေစက်ရုံကို တည်ဆောက်ပေးခဲ့ပြီး အအေးစနစ်သုံး မီးသင်းဖိုကြီးများဖြင့် ဘိလပ်မြေများ ထုတ်လုပ်ပေးခဲ့သည်။ စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည် မြေထည်လုပ်ငန်း သရက်ဘိလပ်မြေစက်ရုံမှ ထုတ်လုပ်သော မြင်းခေါင်းဘိလပ်မြေသည်နိုင်ငံတကာအဆင့်မီသဖြင့်ဆောက်လုပ်ရေးလုပ်ငန်းကြီးများတွင် အသုံးပြုလျက်ရှိသည်။

**မောင်ပြည့်သူ(မန္တလေး)**



# ဝန်ထမ်းများကိုယ်ကာယလေ့ကျင့်ခန်းပြုလုပ်ရန် အားကစားခန်းမဖွင့်

**ပုသိမ် မေ ၂၁**

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝန်ထမ်းများ ကိုယ်ကာယလေ့ကျင့်ခန်းပြုလုပ်ရန်အတွက် အားကစားခန်းမဖွင့်ပွဲအခမ်းအနားကို မေ ၁၉ ရက် နံနက် ၈ နာရီ က အဆိုပါ အားကစားခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အားကစားခန်းမဖွင့်ပွဲ အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်၊ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်း၊ သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်း၊ တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီးဦးဝင်းကိုကို၊ တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး ဝန်ထမ်းများ ကိုယ်ကာယလေ့ကျင့်ခန်းပြုလုပ်နေမှုအား ကြည့်ရှုအားပေးခဲ့ကြသည်။


ထို့နောက် ငွေကျပ် ၂၂၅ သိန်းတန်ဖိုးရှိ ကိုယ်ကာယလေ့ကျင့်ရေးစက်ပစ္စည်းများ ပေးအပ်လှူဒါန်းပေးသော အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**









# "လှိုက်လှဲစွာအထူးဂုဏ်ယူဝမ်းမြောက်ခြင်း"

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် တန်ဖိုးမြှင့်ထုတ်ကုန်ထူးချွန် ထုတ်လုပ်ရောင်းချနိုင်သည့် စီးပွားရေးလုပ်ငန်းရှင်ဆု (ပုဂ္ဂိုလ်ရေးဆိုင်ရာဆု) ရရှိသော ချိုချိုအသင့်စား ကြာဆန် လုပ်ငန်းမှ မန်နေးဂျင်းဒါရိုက်တာဦးဝေဖြိုးအား လှိုက်လှဲဝမ်းသာဂုဏ်ပြုအပ်ပါသည်။

ဒါရိုက်တာအဖွဲ့ဝင်များနှင့် ဝန်ထမ်းများ

CCI
ချိုချိုစက်မှုလုပ်ငန်းလီမိတက်

YTC
ရသာချိုစက်မှုလုပ်ငန်းလီမိတက်
ရသာချိုကုမ္ပဏီလီမိတက်

CHO
ချိုချိုကုမ္ပဏီလီမိတက်

Mercury Distribution
Company Limited



## POPULAR PLASTIC GROUP

**No.165, Lanmadaw Road, Lanmadaw Township, Yangon, Myanmar.**

**Tel: 95-1-217445, 217446, 217399, Fax 210996 Email:popularplastic1985@gmail.com**

Popular Plastic Group အမှတ်(၁၆၅)၊ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊
တယ်လီဖုန်းနံပါတ်-၀၁-၂၁၇၄၄၅၊ ၀၁-၂၁၇၄၄၆ (အနော်ရထာလမ်း (၁၅)လမ်း မှတ်တိုင်တွင်ဆင်းရန်)

၁။ Popular Plastic Group Tower (ရုံးချုပ်) လမ်းမတော်မြို့နယ်တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အလိုရှိပါသည်။

(က) **Deputy General Manager/Senior Manager** ကျား/မ(၁)ဦး
အသက်(၄၀)နှစ်အထက် တက္ကသိုလ် တစ်ခုခုမှ ဘွဲ့ရရှိသူ၊
Administration & HR Management လုပ်ငန်းတွဲဖက်လုပ်ကိုင်နိုင်သူ လုပ်ငန်းအတွေ့အကြုံ(၇)နှစ် အထက်ရှိသူ

(ခ) **Chief Auditor/Chief Accountant** ကျား/မ(၂)ဦး
B.Com(သို့မဟုတ်)C.P.A ဘွဲ့ရရှိပြီးသူ၊ လုပ်ငန်းအတွေ့အကြုံ(၂၀)နှစ်ထက်မနည်းရှိသူ၊ Computer စာရင်းကိုင် ကျွမ်းကျင်သူ၊ အသက်(၅၀)နှစ်နှင့် အထက်ရှိသူ။

၂။ ဒဂုံဆိပ်ကမ်းမြို့နယ် စက်မှုဇုန်(၂)ရန်ကုန်တိုင်းဒေသကြီးတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အလိုရှိပါသည်။ အဆောင်နှင့် စားသောက်စရိတ်ငြိမ်း စီစဉ်ပေးပါမည်။

(က) **Assistant Manager** ကျား(၃)ဦး
တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားပြီး တပ်မတော်မှ ဗိုလ်ကြီးအဆင့်ဖြင့် အငြိမ်းစားယူထားသူ(သို့မဟုတ်) ဌာနဆိုင်ရာမှ ပြန်တမ်းဝင်အရာရှိအဆင့်ဖြင့် အငြိမ်းစားယူထားသူ(သို့မဟုတ်) လ/ထမန်နေဂျာ စက်ရုံလုပ်ငန်းအတွေ့အကြုံ(၅)နှစ်ရှိသူဖြစ်ရမည်။ အသက် (၃၀နှစ်မှ ၅၅နှစ်)အတွင်းရှိသူ၊ (ဒဂုံဆိပ်ကမ်းမြို့နယ်နှင့် တောင်ဒဂုံမြို့နယ်တွင် နေထိုင်သူကို ဦးစားပေးမည်။)

(ခ) **ယာဉ်မောင်း** ကျား(၈)ဦး
မော်တော်ယာဉ်မောင်းနှင်ခွင့်လိုင်စင်(ခ-B)၊ (ဃ-D)၊ (င-E)ရရှိပြီး၊ အသက် ၂၀နှစ်မှ ၅၀နှစ်အတွင်းရှိသူ၊ ရန်ကုန်မြို့တွင်းနှင့် နယ်ခရီးမောင်းနှင်နိုင်သူ၊ (၅)တန်အထက်ယာဉ် မောင်းနှင်နိုင်သူ။

လျှောက်ထားသူများသည် ကိုယ်ရေးရာဇဝင်၊ ပညာအရည်အချင်း အထောက်အထား၊ မှတ်ပုံတင်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရဲစခန်း ထောက်ခံစာ၊ ရပ်ကွက်ထောက်ခံစာ၊ အလုပ်သမား မှတ်ပုံတင်ကတ် မိတ္တူများနှင့် ပတ်(စ်)ပို့ ကာလာဓာတ်ပုံ(၂)ပုံတို့နှင့်အတူ အထက်ဖော်ပြပါ လိပ်စာသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ ရက်ပေါင်း(၃၀)အတွင်း လူကိုယ်တိုင်လာရောက်၍ လျှောက်လွှာများ ထုတ်ယူလျှောက်ထား နိုင်ပါသည်။



## စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်
## တိုင်းဒေသကြီး တရားရေးဦးစီးမှူးရုံး
## မုံရွာမြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်၊ နန်းယွန်းမြို့နယ် တရားရုံး အဆောက်အအုံသစ်အား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် - ၂၁-၅-၂၀၁၅
(ခ) တင်ဒါပုံစံ အရောင်းပိတ်မည့်ရက် - ၂၂-၆-၂၀၁၅
(ဂ) တင်ဒါပုံစံတင်ရမည့်နေရာ - စီမံ/ထောက်ပံ့ဌာန စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်၊ မုံရွာမြို့
(ဃ) တင်ဒါပိတ်မည့်ရက် - ၂၂-၆-၂၀၁၅ ရက်၊ မွန်းတည့် (၁၂:၀၀)နာရီ

၂။ တင်ဒါပုံစံနှင့်စည်းကမ်းများကို တစ်စုံလျှင် ကျပ် ၁၀၀၀၀/- (ကျပ်တစ်သောင်းတိတိ)ဖြင့် ၂၁-၅-၂၀၁၅ ရက်မှစတင်၍ ရုံးချိန်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်၊ စီမံ/ ထောက်ပံ့ဌာနတွင် စတင်ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက (ဒုတိယညွှန်ကြားရေးမှူး၊ စီမံ/ထောက်ပံ့ဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်)သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း(၀၇၁-၂၄၉၈၈) သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်း နိုင်ပါသည်။

**စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်**



## ဝန်ထမ်းအလိုရှိသည်

အသစ်ဖွင့်လှစ်မည့် Restaurant တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အလိုရှိသည်။

| | |
|---|---|
| စားဖိုမှူး | (၁)ဦး |
| စားဖိုမှူးအကူ | (၂)ဦး |
| အကြော်ဆရာ | (၅)ဦး |
| မီးဖိုအကူ | (၅)ဦး |
| အကင်ကျွမ်းကျင် | (၃)ဦး |
| Waiter/Waitress | (၃၀)ဦး |

မှတ်ချက်။ ။ လစာညှိနှိုင်းပေးမည်။ နေ/စား စရိတ်ငြိမ်း။
ဆက်သွယ်ရန်။ ။ ဖုန်း-၀၉ ၂၆၁၅၆၄၃၅၉၊ ၀၉ ၇၉၇၁၉၄၀၀၉



**ပျောက်ဆုံးကြောင်း**
၁၄-၅-၂၀၁၅ ရက် မွန်းလွဲ ၁း၃၀ နာရီခန့် မြောက်ဥက္ကလာပမြို့နယ်၊ သန္တာမှတ်တိုင်နှင့် ဝဇီရာမှတ်တိုင်ကြားတွင် အမွေးညှပ်ပြီး မျက်လုံးပြူး-အဖြူရောင် (ခွေး)တစ်ကောင် ပျောက်သွားပါသဖြင့် တွေ့ရှိပါက ဖုန်း-၀၉၄၂၀၀၃၃၄၂၅သို့ အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။

**မီးဘေးရှောင် မလောင်ခင်တား**

# လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည် **ပို့ကုန်ထူးချွန်လုပ်ငန်းရှင် (ပထမ)ဆု** ကို ရရှိသော ဥက္ကဋ္ဌဖြစ်သူ **ဦးစိုးပိုင် (ပိုင် မိသားစု အပြည်ပြည်ဆိုင်ရာကုမ္ပဏီလီမိတက်)** အား အထူးဝမ်းသာ ဂုဏ်ပြုအပ်ပါသည်။

နိုင်ငံ့အကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆတက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

**ဦးသိန်းဆု (Managing Director)**

**THAN LAR MON TRADING COMPANY**

## ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါ ပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည်

| စဉ် | တင်ဒါ အမှတ် | ပစ္စည်း/လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | ၂၈/မမ/CME | - လူစီးတွဲနှင့် ကုန်တွဲစက်ရုံ (မြစ်ငယ်)နယ်မြေအတွင်း အောင်မင်္ဂလာနှင့် သဇင်ရပ်ကွက်များရှိ ဝန်ထမ်းအိမ်ခန်း(၂၃၀)တွင် လျှပ်စစ်မီတာ တပ်ဆင်ခြင်းလုပ်ငန်းအတွက် လျှပ်စစ်ပစ္စည်း(၁၄)မျိုး ဝယ်ယူရန် |
| ၂ | ၂၉/မမ/S&T | - ဘူတာ(၁၁)ဘူတာတွင် CCTV လုံခြုံရေးကင်မရာ တပ်ဆင်ခြင်းလုပ်ငန်းနှင့် မိုးညှင်း-မြစ်ကြီးနားလမ်းပိုင်းရှိ VHF/UHF Network အတွက် ဧရိယာတိုင်များ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် |
| ၃ | ၃၀/မမ/S&T | - အချက်ပြနှင့် ဆက်သွယ်ရေး လုပ်ငန်းသုံးပစ္စည်း(၅၆)မျိုး ဝယ်ယူရန် |

တင်ဒါပိတ်မည့် နေ့/အချိန် - ၁၉ . ၆ .၂၀၁၅ (သောကြာနေ့) (၁၂.၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်( ၂၂. ၅ .၂၀၁၅)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့်အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။ ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့်သိမ်ဖြူလမ်းထောင့်၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့၊ဖုန်း:294352,291994

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မင်းနိုင်ဦး[၁၀/ ကမရ(နိုင်)၀၆၁၆၇၈]၏ Passport(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉ ၉၇၀၁၆၅၀၇၀**

## အမည်ပြောင်း/အမည်မှန်

အထက(တနိုင်း) စတုတ္ထတန်း(အေ)မှ မသက်ထားရွှေဇင်အား မသက်ထားဇင်ဟု ပြောင်းလဲခေါ်ပါရန်နှင့် မသက်ထားဇင်၏ ဖခင်အမည်မှန်မှာ ဦးကျော်မျိုး[၁/တနန(နိုင်) ၀၀၃၇၇၁]ဖြစ်ပါသည်။

## ရွှေလမ်းခရီး ...ကျိုက်ထီးရိုး/ ချောင်းသာ

*ပုဂံ (ရွှေယံတော်လေးဆူ)၊ (ပြည့်ငါးပြည့်)၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ။
*တောင်ကြီး(ထမ်စမ်းလိုဏ်ဂူ)၊ (မွေတော်ကက္ကူ)၊ အင်းလေး၊ ပင်းတယ၊ ကံလုံ
*မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင် **လက်မှတ်ရောင်း / ဝင်းလုံးငှား**
*မော်လမြိုင်၊ ကျိုက်မရော၊ ဘုရားလည်ဘိုတောင်၊ ကျိုက္ကမီ၊ စက်စိကမ်းခြေ
*ဘားအံ(ရွှေယဥ်မျှော်) သမိုင်းဝင်ဂူဘုရားများ – နေ့ချင်းပြန်ခရီးစဉ်
**(ထမင်းကျွေး၊ ကားခ၊ တစ်ဆင့်သွားကားခ/ စက်လှေခ၊ တည်းခိုခန်းခ စရိတ်ငြိမ်း)**
*ပြည်၊ အကောက်တောင်၊ နဂါးရစ်တောင်ဆရာတော်ဖူး*ဇလွန်ပြည်တော်ပြန်
အမှတ်(၃၁၇)၊ပန်းဆိုးတန်းလမ်း(ရုံးကျော်ဟဲတားဘေး) 371317,095124678,09401589907

## လှိုင်မင်းလတ် စာရင်းကိုင်သင်တန်း Nov Series / 2015

**June-13 စမည်။**

**LCCI, MYOB, IFR**

| Level I+II | သင်တန်းချိန် |
|---|---|
| Sec(A) Sat+Sun | 7-9 (am) |
| Sec(B) Sat+Sun | 9-11(am) |
| Sec(C) Sun | 11-3(pm) |
| Sec(D) Mon+Tue | 6-8 (pm) |
| Sec(E) Mon to Fri | 12-3(pm) |
| Sec(F) Sat | 11-3(pm) |
| Sec(G) Wed | 11-3(pm) |

| Level III | |
|---|---|
| Sec(A) Sat-Sun | 3- 8 pm |
| Sec(B) Wed-to-Sun | 6-8 pm |
| Sec(C) Tue-to-Fri | 9-12 am |

ခုံနံပါတ်ယူ ကျောင်းအပ်နိုင်ပြီ 09 510 9922, 0979 510 9922, 0997 510 9922

၃၄ ၊ ၄ လွှာ၊ အင်းစိန်လမ်းမ။ လှည်းတန်း ၊ကမာရွတ်(လှည်းတန်းမှတ်တိုင်အနီး) 09 7313 6677







## ကချင်ပြည်နယ်အစိုးရအဖွဲ့
## လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန
## ပြည်နယ်မီးသတ်ဦးစီးမှူးရုံး
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကချင်ပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်နယ်မီးသတ်ဦးစီးမှူးရုံး၏ ၂၀၁၅-၂၀၁၆ခု၊ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ပြည်နယ်အတွင်း၌ အဆောက်အအုံဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါ လျှောက်လွှာများအား ၃၀-၅-၂၀၁၅ရက်မှ စတင်၍ ရုံးချိန်အတွင်း အတွင်းရေးမှူး၊ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီရုံး၊ ပြည်နယ်မီးသတ်ဦးစီးမှူးရုံး၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်တွင် ဝယ်ယူလျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

(က) မြစ်ကြီးနားမြို့နယ် မီးသတ်စခန်းခြံစည်းရိုးကာရံခြင်း (၃၁၈. ၅'×၂၇၈. ၅')
(ခ) ဝိုင်းမော်မြို့နယ် မီးသတ်စခန်းဆောက်လုပ်ခြင်း (၆၅'×၅၂'×၂၆') (၂)ထပ်၊ RCC
(ဂ) တနိုင်းမြို့နယ် မီးသတ်စခန်းဆောက်လုပ်ခြင်း (၆၅'×၅၂'×၂၆') (၂)ထပ်၊ RCC

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် - ၃၀-၅-၂၀၁၅ရက်မှ ၃၀-၆-၂၀၁၅ရက်အထိ
၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ - ကချင်ပြည်နယ်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန
၄။ သတ်မှတ်ရက်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၅။ အသေးစိတ်သိရှိလိုပါက ကချင်ပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဖုန်း ၀၇၄-၂၉၅၁၂၊ ပြည်နယ် မီးသတ်ဦးစီးမှူးရုံး၊ ဖုန်း ၀၇၄-၂၂၄၆၇ သို့ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၊ ပြည်နယ်မီးသတ်ဦးစီးမှူး၊ မြစ်ကြီးနားမြို့**

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ
## (တရားမကျင့်ထုံးကိုဒဥပဒေ အမိန့်-၂၁၊ နည်းဥပဒေ -၂၂)
## မြောင်းမြမြို့နယ် တရားမရုံးတော်၌
## ၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၉ နှင့် ဆက်သွယ်သည့်
## ၂၀၁၅ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၉

| | | |
|---|---|---|
| ဒေါ်ချောစုခိုင် (တရားနိုင်) | နှင့် | ဒေါ်နန်းနုနုရီ (တရားရှုံး) |

ဒေါ်နန်းနုနုရီ၊ ရွှေဂုံတိုင်(၃)လမ်း၊ အမှတ်(၇) ရပ်ကွက်၊ မြောင်းမြမြို့(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၉ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်ချောစုခိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ ချေဆိုရန်၊ သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ အကြောင်းပြ ချေနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၅ ခုနှစ်၊ မေလ ၂၉ရက်(၁၃၇၇ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၅ ခုနှစ်၊ မေလ ၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(နေမျိုးထွန်း)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**မြောင်းမြမြို့နယ်တရားရုံး**

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန

# မိုဘိုင်းဖုန်းသုံးစွဲသူများအတွက် အသိပေးချက်

MPT ooredoo telenor

## ၅% ကုန်သွယ်လုပ်ငန်းခွန်ပါဝင်သည့်

ငွေဖြည့်ကတ်များတွင်ပါဝင်သော သုံးစွဲခွင့်တန်ဖိုးများ

၂၀၁၅ ဇွန်လ ၁ရက်မှ စတင်ပြီး ကုန်သွယ်လုပ်ငန်းခွန် ၅% ကို ပြည်ထောင်စုအစိုးရကိုယ်စား ဖုန်းအော်ပရေတာများက သုံးစွဲသူများထံမှ ကောက်ခံပြီး အစိုးရသို့ပေးသွင်းပေးသွားမည်ဖြစ်ပါသည်။

| ငွေဖြည့် | = | သုံးစွဲခွင့်တန်ဖိုး | + | ကုန်သွယ်လုပ်ငန်းခွန် |
|---|---|---|---|---|
| ၁၀၀၀ိ/- | = | ၉၅၂ိ/- | + | ၄၈ိ/- |
| ၃၀၀၀ိ/- | = | ၂၈၅၇ိ/- | + | ၁၄၃ိ/- |
| ၅၀၀၀ိ/- | = | ၄၇၆၂ိ/- | + | ၂၃၈ိ/- |
| ၁၀၀၀၀ိ/- | = | ၉၅၂၄ိ/- | + | ၄၇၆ိ/- |


မြန်မာ - ကိုးရီးယား နှစ်နိုင်ငံ သံတမန် ချစ်ကြည်ရေး နှစ် (၄၀) ပြည့်
Samsung Myanmar ၏ ဂုဏ်ပြုအစီအစဉ်
ဝယ်ယူသူများအတွက် အထူးလက်ဆောင်
SAMSUNG
Galaxy S6
DUOS
Original Clear View Cover
Power Bank
SAMSUNG
Galaxy S6 edge
Power Bank
သတ်မှတ်ကာလ - ၁၀ မေလ မှ ၇ ဇွန်လ ၂၀၁၅ အတွင်း ဝယ်ယူသူများသာ
သတ်မှတ်ကာလအတွင်း ဝယ်ယူသူများသည် လက်ဆောင်ရယူနိုင်ရန်အတွက် Hot Line - သို့ ဆက်သွယ်၍ မိမိတို့၏ အမည်၊
မှတ်ပုံတင်နံပါတ်၊ ဝယ်ယူခဲ့သည့်ဆိုင်၊ ဝယ်ယူခဲ့သည့်နေ့၊ IMEI နံပါတ်၊ ဆက်သွယ်ရန်လိပ်စာ နှင့် ဖုန်း တို့ကို မနက် ၉ နာရီမှ ညနေ ၆ နာရီ (ရုံးပိတ်ရက်များမှအပ)
ဆက်သွယ်အကြောင်းကြားပေးရပါမည်။ Samsung Myanmar မှ တိုက်ဆိုင်စစ်ဆေး၍ လက်ဆောင်များအား (၇) ရက်အတွင်း အိမ်တိုင်ရာအရောက် ပို့ဆောင်ပေးသွားပါမည်။
လက်ဆောင်ရရှိမည့် အမှတ်တံဆိပ်၊ ပုံစံ နှင့် အရောင် ကွဲလွဲမှု ရှိနိုင်ပါသည်၊ အရောင် ရွေးချယ်ခွင့် မရှိပါ။
Samsung Myanmar မှ သတ်မှတ်ထားသော စည်းကမ်းများအတိုင်းဖြစ်ပြီး Samsung Myanmar ၏ ဆုံးဖြတ်ချက်သာ အတည်ဖြစ်သည်။
အမြို့မြို့အနယ်နယ်ရှိSamsung Brand Shops များနှင့် ကိုယ်စားလှယ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ပါသည်။
SAMSUNG
www.facebook.com/samsungmobilemyanmar
Samsung Customer Contact Center - 01 2399888 Mon-Sun : 8AM to 6PM (အခိုးရုံးပိတ်ရက်များအပါအဝင်)

# လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

အစိုးရသစ်လက်ထက် ၂၀၁၀ နောက်ပိုင်း (၅)နှစ်ကာလအတွင်း ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အားကစား၊ နိုင်ငံအတွင်းသဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့်နေရာများနှင့် စစ်ဘေးရှောင်ပြည်သူများအားလှူဒါန်းခြင်း၊ နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး နှင့် အခြားကဏ္ဍအသီးသီးအတွက် ၆၄ ဘီလီယံကျော်(ကျပ်သန်းပေါင်း ၆၄,၀၀၀ကျော်)ကို လှူဒါန်းခဲ့ပြီး၊ နိုင်ငံတော်နှင့်ပြည်သူ့အကျိုးပြုလုပ်ငန်းများအား စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ခြင်းကြောင့် ၁၅.၅.၂၀၁၅ ရက်နေ့၊ နေပြည်တော်၌ကျင်းပပြုလုပ်သည့် နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲအခမ်းအနားတွင်

နိုင်ငံတော်သမ္မတ၏ "နိုင်ငံ့စွမ်းဆောင်ရည်ဆု"

(နိုင်ငံတော်နှင့်ပြည်သူအတွက် လူမှုရေးအကျိုးပြုမှု အကောင်းဆုံးလူမှုရေးအသင်းအဖွဲ့ဆု)ကို

**AIR KBZ LTD. – ကမ္ဘောဇလေကြောင်းလိုင်း ဥက္ကဋ္ဌ**

**"ကမ္ဘောဇအုပ်စုအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း"**

အား ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးပြုဆိုင်ရာကဏ္ဍအသီးသီးတွင် ဆတက်ထမ်းပိုးတို့၍ ထမ်းဆောင်နိုင်ပါစေကြောင်းဆုမွန်ကောင်းများတောင်းအပ်ပါသည်။

AIR KBZ

**BOD အဖွဲ့၊ အရာထမ်းနှင့် ဝန်ထမ်းများ**

**AIR KBZ LTD.**

၁၅.၅.၂၀၁၅ ကြိုတင်လက်မှတ်ရောင်းပြီ

ရန်ကုန် - သမ္မတ၊ သွင်၊ မင်္ဂလာ၊
မင်္ဂလာစံပြ(ဘုန်းကြီးလမ်း)၊
Top Royal (ပါရမီစိန်ဂေဟာ)၊
Junction Maw Tin၊
Junction Square၊
မန္တလေး - ဝင်းလိုက်၊ မြို့မ၊
မန္တလေး - မြို့ရွက်ရောင်၊ JCGV (မန္တလေး)
ပြည် - မင်္ဂလာထွန်းသီရိ၊
လားရှိုး - သီတာအေး
တောင်ကြီး - မြသုခ၊
မြိတ် - မင်္ဂလာ၊
ဘားအံ - တတ်နေဝန်း
အဆင့်မြင့် ရုပ်ရှင်ရုံကြီးများတွင်
တစ်ပြိုင်တည်းပြပြီ၊



**တစ်ဦးတည်း ဖြစ်ကြောင်း**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၊ အထက(၂)၌ ဒသမတန်းတက်ရောက်မည့် မောင်သန်းဇော်ဦး၏ဖခင် ဦးမြသောင်းဦးနှင့် ဦးမြဆောင်ဦးမှာ တစ်ဦးတည်းဖြစ်ပါသည်။ မောင်သန်းဇော်ဦး

**အမည်ပြောင်း**

ဇေယျာသီရိမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ နေပြည်တော် နဝမတန်းမှ ဦးကျော်ဇေယျ[၁၂/မရက(နိုင်)၀၇၁၃၉၃]၏သား ဖြစ်သူ မောင်ကျော်ဇေယျာဟိန်းအား မောင်မင်းနန္ဒကျော်ဟု ပြောင်းလဲခေါ်ပါရန်။

**ကျေးဇူး ဆပ်ပါမည်**

ကျွန်တော်များ SMOOTH FORWARD CO.,LTD. ၏ သွင်းကုန်လိုင်စင်အမှတ် ILV 14-15(3230) မူရင်းမှာ လုပ်ငန်းဆောင်ရွက်နေစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။
ဦးသူရကျော် ဖုန်း-၀၉- ၅၀၄၁၅၀၁၊ ၀၉ ၄၃၀၈၉၅၆၈

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးယုစိန်

**အသက်(၈၆)နှစ်**

Max Myanmar Holding Co., Ltd ဥက္ကဋ္ဌ ဦးဇော်ဇော်-ဒေါ်ဌေးဌေးခိုင်တို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးယုစိန်သည် ၅-၅-၂၀၁၅ ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Southern Metal Industry Co., Ltd(SMI) မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

### ဦးသိုက် (မန္တလေး)

**အသက်(၇၅)နှစ်**

သူငယ်ချင်း ဦးမိုးဆွေ-ဒေါ်နီလာထွေးတို့၏ဖခင် ဦးသိုက် အသက် (၇၅)နှစ် ကွယ်လွန်ကြောင်း ကြားသိရသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၈၅)မှ**
**ကျောင်းဆင်းဘက်သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဗိုလ်မှူးကြီးမြင့်လွင် (ငြိမ်း)

**အသက်(၈၁)နှစ်**

ဗထူးတပ်မြို့၊ ဗိုလ်သင်တန်းအပတ်စဉ် (၂၆) သင်တန်းဆင်း၊ တပ်မတော်တပ်ထိန်းချုပ် ဗိုလ်မှူးကြီး မြင့်လွင်(ငြိမ်း)သည် ၁၇-၅-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်သင်တန်း အပတ်စဉ်(၂၆)မှ**
**သင်တန်းဆင်းရောင်းရင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာ မြစန္ဒီအောင် [လက်ထောက်ဆရာဝန် (အထူးကု) အကြောအဆစ်ရောဂါအထူးကုဌာန၊ ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး]သည် ၁၆-၅-၂၀၁၅ ရက်ည ၁၀း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် လုပ်ဖော်ကိုင်ဖက်ညီမလေးတစ်ဦးအနေနှင့် ဆုံးရှုံးရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာမျိုးသူဇာခင်**
**ဒေါက်တာညိုလှဲ့လှဲ့ဝင်း**
**ဒေါက်တာမို့မို့ဝင်း**
**ဒေါက်တာသက်သက်အောင်**
**ဒေါက်တာအေးအေးမြင့်ထွန်း**
**ဒေါက်တာသန္တာကြည်ဦး**
**ဒေါက်တာစိုးစိုးခိုင်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဗိုလ်မှူးသန်းရွှေ(ငြိမ်း) (၈၇)နှစ်

**(ကြည်း/၆၅၄၉) ဗိုလ်သင်တန်းအပတ်စဉ်(၉)**

**ခေတ္တညွှန်ကြားရေးမှူးချုပ်၊ညွှန်ကြားရေးမှူး(ငြိမ်း)၊ အခြေခံပညာဦးစီးဌာန ကျောင်းအုပ်ကြီး(ငြိမ်း)၊ တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်၊ ကျောင်းအုပ်ကြီး(ငြိမ်း)၊ အောင်ဆန်းသူရိယလှသောင်းကျောင်း**

Bright Time Trading Co., Ltd မှ Managing Director ဦးဇော်ဝင်းဦး-ဒေါ်စုစုရွှေတို့၏ ချစ်လှစွာသောဖခင်ကြီး ဗိုလ်မှူးသန်းရွှေ(ငြိမ်း) အသက်(၈၇)နှစ်သည် ၁၅-၅-၂၀၁၅ရက် မွန်းတည့် ၁၂း၀၀နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Bright Time Trading Co.,Ltd**
**တာချီလိတ်နှင့် ကျိုင်းတုံစက်သုံးဆီဆိုင်ဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

Dr. ဒေါ်အေးအေးဦး၏ ချစ်လှစွာသောခင်ပွန်းဖြစ်သူ ဦးမြင့်လွင် အသက်(၅၈)နှစ်သည် ၁၅-၅-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**၅/၈၂ ဒုတိယနှစ်**(M.B.,B.S)
**ဆေးတက္ကသိုလ်၊ မန္တလေးဝင်**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးဟန်(မင်းဘူး) (၉၈)နှစ်

**တိုင်းပညာရေးမှူး(ငြိမ်း)**

ဒု-ဗိုလ်မှူးကြီး မျိုးအောင်(ငြိမ်း)-ဒေါ်စုစု (C.P.A) Eco (71-75) တို့၏ဖခင်ကြီးသည် ၁၇-၅-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းရပါကြောင်း။

**စီးပွားရေးတက္ကသိုလ် (၁၉၇၁-၇၅) ကျောင်းသူ/သားများ**

## ဝမ်းနည်းကြေကွဲခြင်း

### ဗိုလ်ကြီး ဦးကျော်အုန်း

**အသက်(၆၅)နှစ်**

ဒေါက်တာ မမော်မော်မင်း(Nu Aura Taungyi)၏ဖခင် ဗိုလ်ကြီး ဦးကျော်အုန်း အသက်(၆၅)နှစ်သည် ၁၆-၅-၂၀၁၅ ရက်(စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Nu Aura Family Yangon Centre**

## ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာ မြစန္ဒီအောင် [လက်ထောက်ဆရာဝန် (အထူးကု) အကြောအဆစ်ရောဂါအထူးကုဌာန၊ ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး]သည် ၁၆-၅-၂၀၁၅ ရက်ည ၁၀း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခဒေါက်တာခင်စောဦး**
**ပါမောက္ခ/ဌာနမှူးနှင့် ဆရာ/ဆရာမများ**
**ခန္ဓာသန်စွမ်းမှုနည်းပညာဌာန**
**ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်**

ပန်းရိုး L လင်း စီစဉ်သည့်
တန်ခိုးကြီးဘုရားသမိုင်းအကြောင်း သိရှိထားသင့်ချက်
စေတနာစာပေ
(စစ်ကိုင်းတောင်ရိုး) မှထုတ်ဝေသည့်
ဆွမ်းဦးပုညရှင်စေတီတော်သမိုင်း
ထွက်ပြီ
ဓမ္မ၊သုတ၊ရသ(ဆေးရောင်စုံရှစ်ပြ)
ဖုန်း - ၀၉ ၅၁၁၁၂၉၁ ၊ ၀၉ ၄၅၀၀၀၉၀၈၃၊ ၀၁ ၃၈၂၁၆၃

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ရင်မေ

**အသက်(၈၉)နှစ်**

၁၉၆၇ ခုနှစ်၊ မန္တလေးဆေးတက္ကသိုလ်ဝင် သူငယ်ချင်းဆရာဝန် ဒေါက်တာကြည်လင်း [အငြိမ်းစားမေ့ဆေးပညာ တွဲဖက်ပါမောက္ခ၊ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်] နှင့် ဒေါက်တာမြင့်မြင့်(အငြိမ်းစားဒုညွှန်မှူး၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန၊ ရန်ကုန်)တို့၏မိခင် ဒေါ်ရင်မေသည် ၁၁-၅-၂၀၁၅ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၆၇ ခုနှစ်၊ မန္တလေးဆေးတက္ကသိုလ်ဝင် သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာ မြစန္ဒီအောင်[လက်ထောက်ဆရာဝန် (အထူးကု) အကြောအဆစ်ရောဂါအထူးကုဌာန၊ ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး]သည် ၁၆-၅-၂၀၁၅ရက် ည ၁၀း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် လုပ်ဖော်ကိုင်ဖက် ညီမလေးတစ်ဦးအနေနှင့် ဆုံးရှုံးရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဆရာဝန်များ၊ ဆရာမများ၊ အကြောကျွမ်းကျင်ပညာရှင်များနှင့်**
**ဝန်ထမ်းများ၊ အကြောအဆစ်ရောဂါအထူးကုဌာန၊**
**ပဲခူးပြည်သူ့ဆေးရုံကြီး**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါက်တာမြစန္ဒီအောင်

**M.B.,B.S,M.Med.Sc (Rehab;Medicine)**

**လက်ထောက်ဆရာဝန်(အကြောအဆစ်အထူးကု)**

**ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး**

ညီမလေးစန္ဒီ ၁၆-၅-၂၀၁၅ ရက် ည ၁၀း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခဒေါက်တာ ဒေါ်ခင်မျိုးလှနှင့်**
**ဆရာဝန်/ဆရာမများ**
**အကြောကျွမ်းကျင်ပညာရှင်များနှင့် ဝန်ထမ်းများ**
**အကြောအဆစ် ရောဂါကုပညာဌာန**
**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

## ဝမ်းနည်းကြေကွဲခြင်း

### ဗိုလ်ကြီးဦးကျော်အုန်း အသက်(၆၅)နှစ်

ဒေါက်တာ မမော်မော်မင်း(Nu Aura Taungyi) ၏ဖခင် ဗိုလ်ကြီး ဦးကျော်အုန်း အသက်(၆၅)နှစ်သည် ၁၆-၅-၂၀၁၅ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာဝေလင်းထွန်း**
**ဒေါက်တာရန်လင်းအောင်**
**ဟန်လင်းအောင်**
**အောင်နိုင်ဦး**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးယုစိန် (ရေကြည်)

**အသက် (၈၆) နှစ်**

ဦးစိုးတင့် + ဒေါ်ခင်မာချို၊ ဦးအုန်းကျော် + ဒေါ်ခင်မမနှင့် ဦးဇော်ဇော် + ဒေါ်ဌေးဌေးခိုင်တို့၏ ဖခင်ဦးယုစိန်သည် စင်ကာပူနိုင်ငံ Mount Elizabeth Hospitalတွင်၅.၅.၂၀၁၅ ရက် (အင်္ဂါနေ့)တွင်ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ကြေကွဲ ရပါကြောင်း။

ဦးအောင်သန်းကြည် + ဒေါက်တာခင်ခင်ဝင်း
Dr.Goh Yan Hong & Clara
Mt. Elizabeth Hospital
Sigapore

**3D Alliment**
**စက်အပါအဝင်**
**Work Shop**
(ကားပြင်)လုပ်ငန်းသုံးပစ္စည်းများ
အမြန်ငှားရန်ရှိသည်
စိတ်ပါဝင်စားသူများ ဆက်သွယ်စုံစမ်းနိုင်ပါသည်။
ဖုန်း- ၀၉-၂၅၄၀၅၂၅၄၃၊
၀၉-၃၃၃၇၅၇၇၈၊
၀၉-၅၀၁၃၂၃၁

ကိုညက် KO NYAN
Car Rental & Travel Service
ဘုရားဖူးခရီးစဉ်အမျိုးမျိုးနှင့်လချုပ်အတွက်
Model မြင့် ကားသစ် မျိုးစုံ ရောင်း/ဝယ်/ငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်နိုင်ပါသည်။
09-5078440,01-551649,01-209183

☎ : 01-512443, 09-73017656
ပွဲတော်အုပ်ဆန်ဆိုင်
ပေါ်ဆန်းမွှေး/ဧယာ(အကြမ်း)
သန့်စင်ပြီး/အရောတ်ပို

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ပင်မဓာတ်အားခွဲရုံများတွင် အသုံးပြုရန်အတွက် လိုအပ်သော Relay, Transformer Accessories and Security Light များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

| | |
|---|---|
| တင်ဒါပုံစံရောင်းချမည့်ရက် | - ၂၂-၅-၂၀၁၅ရက် |
| တင်ဒါပိတ်မည့်ရက် | - ၁၉-၆-၂၀၁၅ရက် |
| တင်ဒါပိတ်မည့်အချိန် | - ၁၄း၀၀နာရီ |

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်။**
**ဖုန်း-၀၆၇-၄၁၀၂၈၂**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်သိန်းသိန်း** (မော်လမြိုင်) **အသက်(၈၀)**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၅၁)လမ်း(အထက်)၊ (၁၀)ရပ်ကွက်၊ အမှတ်(၁၇၀/၁၇၂)၊ ရှစ်လွှာနေ ရဲမှူးကြီးဦးမြကြိုင်(ငြိမ်း)၏ဇနီး၊ ဦးမြင့်ဦး-ဒေါ်သင်းသင်းကြိုင်(ခ)မမော်၏ ချစ်လှစွာသောမွေးသမိခင် ဒေါ်ခင်သိန်းသိန်းသည် ၁၃-၅-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးတင်မောင်ညွှန့်-ဒေါ်အေးမြင့်ကြူ**
**(နောင်ရိုးအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး၊ ကျောက်ပန်းတောင်း)**

## အမြန်ပြန်လာပါ

နန်းရွှေ
ရောက်တဲ့နေရာက
အမ်းမဆီ အမြန်ပြန်လာပါ။
ဖုန်း- ၀၉-၇၃၀၀၁၉၂၇

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

# ပြည်နယ်၏ နေရာဒေသအတော်များများ လျှပ်စစ်မီးရရှိခဲ့ပြီဖြစ် လျှပ်စစ်မီးအသုံးပြုပြီး စစ်တွေမြို့၏ စီးပွားရေး ယခုထက်ပိုပြီး ဖွံ့ဖြိုးလာမည်

**ရခိုင်ပြည်နယ်အတွင်းရှိ ကယ်ဆယ်ရေးစခန်းများ တွင် ယာယီတဲစခန်းများဖြင့် နေထိုင်ကြသူများအား မိသားစုတစ်ခုချင်းစီအလိုက် နေထိုင်နိုင်သည့် လုံးချင်း အိမ်ရာများကို ဆောက်လုပ်နေရာချထားပေး။**

**နေပြည်တော် မေ ၂၁**

ရခိုင်ပြည်နယ်တွင်ရောက်ရှိနေသည့် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် ယနေ့နံနက် ၉ နာရီတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ၂၀၁၂ခုနှစ်ဇွန်လမှ စတင်ခဲ့သော ရခိုင်ပြည်နယ်အရေးအခင်းဖြစ်ပွားပြီး နောက်ပိုင်းတွင် နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကို ဖွဲ့စည်း၍ လုပ်ငန်းများဆောင်ရွက်ခဲ့ရာ ယခုဆိုလျှင် အထိုက်အလျောက်အောင်မြင်နေပြီဖြစ်ပါကြောင်း၊ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးအပိုင်းတွင် ရာနှုန်းပြည့်မဟုတ်သော်လည်း ရှိသင့်သလောက်ရှိလာပြီဖြစ်သည့်အတွက် ဒေသ၏ဖွံ့ဖြိုးတိုးတက်မှုကို ပိုပြီးအာရုံစိုက်လာနိုင်ပြီဖြစ်ပါကြောင်း။

ယခုဆိုလျှင် ပြည်နယ်၏ နေရာဒေသအတော်များများသည်လည်း လျှပ်စစ်မီးရရှိခဲ့ပြီဖြစ်ပါကြောင်း၊ လျှပ်စစ်မီးကိုအသုံးပြုပြီး စစ်တွေမြို့၏ စီးပွားရေးသည်လည်း ယခုထက်ပိုပြီး ဖွံ့ဖြိုးလာမည်ဟု ခန့်မှန်းနိုင်ပါကြောင်း။

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

## မာတိကာ

**အစ္စရေးနှင့် ဆော်ဒီအာရေဗျနိုင်ငံသို့ ပုံးများနှင့် ရဟတ်ယာဉ်များ အမေရိကန်ရောင်းမည်**
စာမျက်နှာ - ၄

**စီအင်န်ဂျီဈေးနှုန်းနှင့် ခရီးသည်တင်ယာဉ်စီးခနှုန်းထားတက်ရန် အစီအစဉ်မရှိ**
စာမျက်နှာ - ၁၁

# ပင်လယ်တွင်း လှေစီးဒုက္ခသည်များ မြန်မာနိုင်ငံမှ လာသည်ဟု စွပ်စွဲပြောဆိုနေမှု အများစုမှာ မိမိတို့နိုင်ငံမှမဟုတ်သည်ကို ပြတ်ပြတ်သားသား ပြောကြားလို

**နေပြည်တော် မေ ၂၁**

ပင်လယ်ပြင်အတွင်း တရားမဝင်ရွှေ့ပြောင်းသွားလာသူများဆိုင်ရာ အရေးပေါ်စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဒုတိယသမ္မတဦးစီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းတက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ ဦးဝဏ္ဏမောင်လွင်၊ ဦးအောင်မင်း၊ ဦးရဲထွဋ်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ကပ္ပလီပင်လယ်နှင့် မလက္ကာရေလက်ကြားတို့တွင် ဖြစ်ပေါ်လျက်ရှိသည့် ရွှေ့ပြောင်းအခြေချလိုသူများ၊ ပင်လယ်တွင်း လှေစီးဒုက္ခသည်များနှင့် ပတ်သက်ပြီး နိုင်ငံတကာသတင်းများတွင် အကျယ်တဝင့်ဖော်ပြလျက်ရှိကြောင်း။

**❛ မိမိတို့အစိုးရအနေဖြင့် မြန်မာနိုင်ငံသားမှန်ကန်ပါက လူမျိုး၊ ဘာသာ မခွဲခြားဘဲ လိုအပ်သောကာကွယ်စောင့်ရှောက်မှုများ ပေးအပ်နေ ❜**

ထိုသတင်းများကြောင့် နိုင်ငံတကာအသိုင်းအဝိုင်းတွင်လည်း စိုးရိမ်ပူပန်မှုများ ပေါ်ပေါက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တရားမဝင် ရွှေ့ပြောင်းသွားလာမှု၊ လူမှောင်ခိုမှုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးတို့ကို အထူးအလေးထား ဆောင်ရွက်လျက်ရှိကြောင်း။

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ✻



ဘင်္ဂါလီများ တင်ဆောင်ပို့ဆောင်ပေးသည့် လူမှောင်ခိုရေယာဉ်များကို တွေ့ရစဉ်။



ဘင်္ဂါလီများ တင်ဆောင်ပို့ဆောင်ပေးသည့် လူမှောင်ခိုရေယာဉ်အတွင်းပိုင်းကို တွေ့ရစဉ်။




themirror.npt@gmail.com
www.facebook.com/themirrordaily

# မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီဥပဒေပြဋ္ဌာန်း

**မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီဥပဒေ**
**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၇ ။)**
**၁၃၇၇ ခုနှစ်၊ နယုန်လဆန်း၂ ရက်**
**( ၂၀၁၅ ခုနှစ်၊ မေလ ၁၉ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်၊ စတင်အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီဥပဒေဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ထုတ်ပြန်ကြေညာသည့်နေ့ရက်မှစ၍ တစ်နှစ်ပြည့်မြောက်ပြီးသည့်နေ့ရက်တွင်စတင်အာဏာတည်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **သူနာပြုအတတ်ပညာ**ဆိုသည်မှာ မကျန်းမာသူတစ်ဦးအား ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့်လိုအပ်သောလူမှုရေးဆိုင်ရာ ပြုစုမှုများကို ဖြည့်ဆည်းဆောင်ရွက်နိုင်စွမ်းရှိသည့် အတတ်ပညာကိုဆိုသည်။ ယင်းစကားရပ်တွင် ကျန်းမာသူများအား ကျန်းမာရေးပိုမိုကောင်းမွန်စေရေးနှင့် ရောဂါ ကြိုတင်ကာကွယ်ရေးဆိုင်ရာ ပညာရပ်များလည်းပါဝင်သည်။

(ခ) **သားဖွားအတတ်ပညာ**ဆိုသည်မှာ ကိုယ်ဝန်ဆောင်အမျိုးသမီးများအားမမွေးဖွားမီ ပြုစုစောင့်ရှောက်ခြင်းနှင့် မွေးဖွားစဉ်အချိန်၌ အန္တရာယ်ကင်းစွာ မွေးဖွားပေးခြင်းတို့အပြင် သားဖွားပြီးသော မိခင်နှင့်မွေးကင်းစကလေးတို့အား ပြုစုစောင့်ရှောက်ခြင်းဆိုင်ရာ ပညာရပ်များကိုဆိုသည်။

(ဂ) **သူနာပြု**ဆိုသည်မှာဤဥပဒေအရ ကောင်စီကထုတ်ပေးသော သူနာပြုမှတ်ပုံတင်လက်မှတ်နှင့် သူနာပြုလိုင်စင်ရရှိသူကိုဆိုသည်။

(ဃ) **သားဖွား**ဆိုသည်မှာ ဤဥပဒေအရ ကောင်စီကထုတ်ပေးသော သားဖွားမှတ်ပုံတင်လက်မှတ်နှင့် သားဖွားလိုင်စင်ရရှိသူကို ဆိုသည်။

(င) **သူနာပြုသားဖွား** ဆိုသည်မှာ ဤဥပဒေအရ ကောင်စီကထုတ်ပေးသော သူနာပြုသားဖွားမှတ်ပုံတင်လက်မှတ်နှင့် သူနာပြုသားဖွားလိုင်စင်ရရှိသူကို ဆိုသည်။

(စ) **မှတ်ပုံတင်ခြင်း** ဆိုသည်မှာ သတ်မှတ်ချက်များနှင့်အညီသူနာပြုနှင့်သားဖွားဆိုင်ရာ မှတ်ပုံတင်စာရင်းတွင် အမည်စာရင်းရေးသွင်းခြင်းကို ဆိုသည်။

(ဆ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ ဤဥပဒေအရခန့်ထားသော သူနာပြုနှင့်သားဖွားကောင်စီ၏မှတ်ပုံတင်အရာရှိကို ဆိုသည်။

(ဇ) **လိုင်စင်** ဆိုသည်မှာ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီက ထုတ်ပေးသော သူနာပြုလိုင်စင်၊ သားဖွားလိုင်စင်နှင့် သူနာပြုသားဖွားလိုင်စင်တို့ကိုဆိုသည်။

(ဈ) **သူနာပြုလိုင်စင်** ဆိုသည်မှာ သူနာပြုအတတ်ပညာဖြင့် သူနာပြုလုပ်ငန်းကို လုပ်ကိုင်နိုင်ရန် အရည်အချင်းပြည့်မီသူအားကောင်စီက ထုတ်ပေးသော ခွင့်ပြုမိန့်ကို ဆိုသည်။

(ည) **သားဖွားလိုင်စင်** ဆိုသည်မှာ သားဖွားအတတ်ပညာဖြင့် သားဖွားလုပ်ငန်းကို လုပ်ကိုင်နိုင်ရန် အရည်အချင်းပြည့်မီသူအား ကောင်စီက ထုတ်ပေးသော ခွင့်ပြုမိန့်ကိုဆိုသည်။

(ဋ) **သူနာပြုသားဖွားလိုင်စင်** ဆိုသည်မှာ သူနာပြုအတတ်ပညာနှင့် သားဖွားအတတ်ပညာတို့ဖြင့် သူနာပြုနှင့်သားဖွားလုပ်ငန်း နှစ်ရပ်လုံးကို လုပ်ကိုင်နိုင်ရန် အရည်အချင်းပြည့်မီသူအား ကောင်စီက ထုတ်ပေးသော ခွင့်ပြုမိန့်ကိုဆိုသည်။

(ဌ) **ကန့်သတ်လိုင်စင်** ဆိုသည်မှာ ပြည်ပနိုင်ငံတစ်ခုခုမှ သူနာပြုသို့မဟုတ် သားဖွား သို့မဟုတ်သူနာပြုသားဖွားအတတ်ပညာကို အောင်မြင်လာသော နိုင်ငံသား သို့မဟုတ် နိုင်ငံခြားသားသူနာပြုသို့မဟုတ် သားဖွား သို့မဟုတ် သူနာပြုသားဖွားတစ်ဦးဦးအား သူနာပြု သို့မဟုတ် သားဖွားလုပ်ငန်းကိုဖြစ်စေ၊ ယင်းလုပ်ငန်းနှစ်ရပ်လုံးကို ဖြစ်စေ လုပ်ကိုင်နိုင်ရန်ကောင်စီကလုပ်ငန်း၊ နေရာဒေသနှင့် အချိန်ကာလတို့ကိုကန့်သတ်၍ ထုတ်ပေးသောသူနာပြုကန့်သတ်လိုင်စင်၊ သားဖွားကန့်သတ်လိုင်စင်နှင့် သူနာပြုသားဖွားကန့်သတ်လိုင်စင်တစ်မျိုးမျိုးကို ဆိုသည်။

(ဍ) **သူနာပြုသားဖွားအတတ်ပညာသင်ကျောင်း** ဆိုသည်မှာ သူနာပြုအတတ်ပညာကိုဖြစ်စေ၊ သားဖွားအတတ်ပညာကိုဖြစ်စေ၊ သူနာပြုသားဖွားအတတ်ပညာကိုဖြစ်စေသင်ကြားပေးသည့်အောက်ပါတစ်ခုခုကိုဆိုသည်-

(၁) ပြည်ထောင်စုအစိုးရအဖွဲ့ကသတ်မှတ်ထားသည့် ဝန်ကြီးဌာနများက ဖြစ်စေ၊ယင်းဝန်ကြီးဌာနများက ခွင့်ပြုသော အဖွဲ့အစည်းကဖြစ်စေ ဖွင့်လှစ်သင်ကြားပြီးကောင်စီကအသိအမှတ်ပြုထားသည့် အရည်အချင်းပြည့်မီသော တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံ၊ ကျောင်းသို့မဟုတ် သင်တန်းကျောင်း၊

(၂) ပုဂ္ဂလိကသူနာပြုသားဖွားအတတ်ပညာသင်ကျောင်း တည်ထောင်ဖွင့်လှစ် သင်ကြားနိုင်ရေးအတွက် လုပ်ငန်းလိုင်စင်လျှောက်ထားချက်အပေါ် ကောင်စီ၏ စိစစ်ထောက်ခံချက်ဖြင့် အသိအမှတ်ပြုထားပြီး ကျန်းမာရေးဝန်ကြီးဌာနက လုပ်ငန်းလိုင်စင်ထုတ်ပေးထားသော တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံ၊ ကျောင်း သို့မဟုတ် သင်တန်းကျောင်း။

(ဎ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရကျန်းမာရေးဝန်ကြီးဌာနကို ဆိုသည်။

(ဏ) **ကောင်စီ** ဆိုသည်မှာ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီကို ဆိုသည်။

(တ) **ကောင်စီဝင်** ဆိုသည်မှာ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ၏ အဖွဲ့ဝင်တစ်ဦးဦးကိုဆိုသည်။

(ထ) **ဗဟိုအလုပ်အမှုဆောင်အဖွဲ့** ဆိုသည်မှာကောင်စီ၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကိုဆိုသည်။

(ဒ) **ကြီးကြပ်ရေးအဖွဲ့** ဆိုသည်မှာသူနာပြုနှင့် သားဖွားလုပ်ငန်းကိုသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခြင်းရှိ၊ မရှိ ကြီးကြပ်ကွပ်ကဲနိုင်ရန် ဤဥပဒေအရဖွဲ့စည်းထားသော တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့် မြို့နယ်ကြီးကြပ်ရေးအဖွဲ့အသီးသီးကို ဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်များ

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်၏ကျန်းမာရေးမူဝါဒနှင့်အညီ အရည်အသွေးပြည့်မီသော သူနာပြုစုစောင့်ရှောက်မှုလုပ်ငန်းများကို အများပြည်သူတို့ ခံစားခွင့်ရရှိစေရန်၊

(ခ) သူနာပြုနှင့်သားဖွားများ၏ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေး၊ အဆင့်အတန်းကို ထိန်းသိမ်းမြှင့်တင်ရန်၊

(ဂ) သူနာပြုနှင့်သားဖွားအတတ်ပညာကို တိုးတက်ပြောင်းလဲလာသော နည်းပညာများနှင့်အညီ လေ့လာသင်ယူနိုင်ရန်နှင့် အရည်အသွေးပြည့်မီသော ဝန်ဆောင်မှုပေးနိုင်စေရန်၊

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်လာသော သူနာပြုနှင့်သားဖွားအတတ်ပညာကို သူနာပြုနှင့် သားဖွားများ စဉ်ဆက်မပြတ် လေ့လာဆည်းပူးနိုင်စေရန်၊

(င) သူနာပြုနှင့်သားဖွားများ၏ ကျင့်ဝတ်သိက္ခာနှင့်အညီ လိုက်နာစောင့်ထိန်းရေးနှင့် ဂုဏ်သိက္ခာကို အစဉ်ထိန်းသိမ်းမြှင့်တင်နိုင်ရေးတို့အတွက် ကြီးကြပ်ကွပ်ကဲနိုင်ရန်၊

(စ) သူနာပြုနှင့်သားဖွားများ၏ လုပ်ငန်းပိုင်းဆိုင်ရာ ဆောင်ရွက်ရာတွင် အကာအကွယ်ပေးနိုင်ရန်၊

(ဆ) သူနာပြုနှင့်သားဖွားအတတ်ပညာအရည်အသွေးပြည့်မီပြီး အဆင့်အတန်းမြင့်မားစွာလေ့ကျင့်သင်ကြားရေး၊ အသက်မွေးဝမ်းကျောင်းမှုပြုရေးတို့နှင့်စပ်လျဉ်း၍အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းပြီးပူးပေါင်းဆောင်ရွက်နိုင်ရန်။

## အခန်း (၃)
## ကောင်စီဖွဲ့စည်းခြင်း

၅။ ဝန်ကြီးဌာနသည် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီကို ဖွဲ့စည်းနိုင်ရေးအတွက် ကျန်းမာရေးနှင့်ဆိုင်သော အစိုးရဌာနအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ သူနာပြုနှင့်သားဖွားကိုယ်စားလှယ်များနှင့် အခြားသင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီဖြစ်မြောက်ရေးကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၆။ ဝန်ကြီးဌာနသည် ပုဒ်မ ၇၊ ပုဒ်မခွဲ (ဂ) အရ တင်ပြသော ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကောင်စီဝင်များ ပါဝင်သည့် စုစုပေါင်း ၆၀ ထက်မပိုသော မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီကို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဖွဲ့စည်းရမည်။

၇။ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ ဖြစ်မြောက်ရေးကော်မတီသည်-

(က) အောက်ဖော်ပြပါသူနာပြု၊ သားဖွားနှင့် သူနာပြုသားဖွားကိုယ်စားလှယ်များ၏အမည်စာရင်းကို တောင်းခံပြီးပဏာမကောင်စီဝင်များအဖြစ် ရွေးချယ်လျာထားရမည်-

| | | |
|---|---|---|
| (၁) | ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာနက တာဝန်ပေးအပ်ခြင်းခံရသည့် လက်ထောက်ညွှန်ကြားရေးမှူး အဆင့်အောက် မနိမ့်သော သူနာပြုအရာရှိ၊ | ၁ ဦး |
| (၂) | ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေး ဦးစီးဌာနက တာဝန်ပေးအပ်ခြင်းခံရသည့် လက်ထောက်ညွှန်ကြားရေးမှူး အဆင့်အောက် မနိမ့်သော သူနာပြုအရာရှိ၊ | ၁ ဦး |
| (၃) | ကျန်းမာရေးဝန်ကြီးဌာန ဆေးဘက်ဆိုင်ရာ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာနက တာဝန်ပေးအပ်ခြင်းခံရသည့် လက်ထောက်ညွှန်ကြားရေးမှူးအဆင့်အောက် မနိမ့်သော သူနာပြုအရာရှိ၊ | ၁ ဦး |
| (၄) | ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံးမှ တာဝန်ပေးအပ်ခြင်းခံရသည့် သူနာပြုအရာရှိ၊ | ၁ ဦး |
| (၅) | သူနာပြုတက္ကသိုလ်များမှ ကထိက အဆင့်အောက် မနိမ့်သော သူနာပြုကိုယ်စားလှယ်၊ | ၂ ဦး |
| (၆) | တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာ တက္ကသိုလ်မှတာဝန်ပေးခြင်းခံရသည့် အရာရှိ၊ | ၁ ဦး |
| (၇) | သူနာပြုအုပ်ကြီး၊ | ၁ ဦး |
| (၈) | သူနာပြုသားဖွားအတတ်ပညာသင်တန်း ကျောင်းများမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် နေပြည်တော် ကောင်စီနယ်မြေ ကိုယ်စားပြု ရွေးကောက်တင်မြှောက်ခြင်း ခံရသော ကျောင်းအုပ်အဆင့်အောက်မနိမ့်သော ကိုယ်စားလှယ်၊ | ၁၅ ဦး |
| (၉) | လိုင်စင်ရသူနာပြု သို့မဟုတ် သားဖွား သို့မဟုတ် သူနာပြုသားဖွားများကမိမိတို့အနက်မှ ရွေးချယ်တင်မြှောက်ခြင်းခံရသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေ ကိုယ်စားပြု သူနာပြုသားဖွားကိုယ်စားလှယ်၊ | ၁၅ ဦး |
| (၁၀) | မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်းမှ ဥက္ကဋ္ဌ သို့မဟုတ် ကိုယ်စားလှယ်၊ | ၁ ဦး |
| (၁၁) | ပုဂ္ဂလိက ဆေးရုံဆေးခန်းများမှ သူနာပြု သို့မဟုတ် သားဖွား သို့မဟုတ်သူနာပြု သားဖွားကိုယ်စားလှယ်၊ | ၈ ဦး |
| (၁၂) | အငြိမ်းစားသူနာပြု သို့မဟုတ် သားဖွား သို့မဟုတ် သူနာပြုသားဖွားများအနက်မှ သင့်လျော်သောအငြိမ်းစားကိုယ်စားလှယ်။ | ၁၃ ဦး |

(ခ) ပုဒ်မခွဲ (က)အရ ရွေးချယ်လျာထားသော ကောင်စီဝင်များသည် အောက်ပါ အရည်အချင်းများနှင့် ပြည့်စုံရမည် -

(၁) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။

(၂) အကျင့်စာရိတ္တကောင်းမွန်သူ ဖြစ်ရမည်။

(၃) လုပ်ငန်းတာဝန်များကို အချိန်ပြည့် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(၄) သူနာပြုသားဖွားလိုင်စင်ကို လက်ဝယ်ကိုင်ဆောင်ထားသူဖြစ်ပြီး လက်ရှိလိုင်စင်သက်တမ်းတိုးမြှင့်ထားသူဖြစ်ရမည်။

(၅) သူနာပြုသားဖွားကျင့်ဝတ်သိက္ခာကို ဖောက်ဖျက်ခဲ့ခြင်းမရှိသူဖြစ်ရမည်။

(၆) ပြစ်ဒဏ်တစ်မျိုးမျိုးဖြင့် ထောင်ဒဏ်ကျခံခဲ့ရခြင်း မရှိသူဖြစ်ရမည်။

(၇) သူနာပြုသားဖွားလုပ်ငန်းတွင်အနည်းဆုံးငါးနှစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ရမည်။

(ဂ) ပုဒ်မခွဲ (က)အရ ရွေးချယ်လျာထားသော ကောင်စီဝင်များက ၎င်းတို့အနက်မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို ရွေးချယ်တင်မြှောက်စေရမည်။

(ဃ) ပုဒ်မခွဲ (က)နှင့် (ဂ)တို့အရ ကောင်စီဝင်များအဖြစ် ရွေးချယ်လျာထားသော ကောင်စီ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့်ကောင်စီဝင်များပါဝင်သည့် မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီကို ဖွဲ့စည်းနိုင်ရေးအတွက်ဝန်ကြီးဌာနသို့ တင်ပြရမည်။

၈။ ကောင်စီသည်-

(က) ကောင်စီဝင်တစ်ဦးဦးအား ဘဏ္ဍာရေးမှူးအဖြစ် တာဝန်ပေးအပ်ရမည်။

(ခ) ကောင်စီဝင် တစ်ဦးဦးအား စာရင်းစစ်အဖြစ်တာဝန်ပေးအပ်ရမည်။

(ဂ) လိုအပ်ပါကကောင်စီဝင်များအနက်မှ တွဲဖက်ဘဏ္ဍာရေးမှူးနှင့် တွဲဖက်စာရင်းစစ်တို့အဖြစ် တာဝန်ပေးအပ်နိုင်သည်။

၉။ ကောင်စီသည် ကောင်စီအတွင်းရေးမှူးအား မှတ်ပုံတင်အရာရှိအဖြစ် တာဝန်ပေးအပ်ရမည်။

၁၀။ ကောင်စီသက်တမ်းနှင့် ကောင်စီဝင်များ၏ ရာထူးသက်တမ်းတို့နှင့် စပ်လျဉ်း၍ -

(က) ကောင်စီ၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်ကြိမ်လျှင်လေးနှစ်ဖြစ်သည်။

(ခ) ကောင်စီဝင်များ၏ ရာထူးသက်တမ်းသည် ကောင်စီ၏သက်တမ်းနှင့်အညီဖြစ်သည်။

(ဂ) ကောင်စီဝင်တစ်ဦးဦးသည် ကောင်စီဝင်ရာထူးသက်တမ်းတစ်ဆက်တည်းနှစ်ကြိမ်အထိသာဆောင်ရွက်နိုင်ခွင့်ရှိသည်။

(ဃ) ကောင်စီသည် သက်တမ်းကုန်ဆုံးသည့်အခါ ကောင်စီအသစ်ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်လွှဲပြောင်းပြီးသည်အထိ တာဝန်ထမ်းဆောင်ရမည်။

၁၁။ ကောင်စီဝင်တစ်ဦးဦး၏ နေရာလစ်လပ်သည့်အခါ လစ်လပ်သည့်နေရာအလိုက် သက်ဆိုင်ရာ ပုဂ္ဂိုလ်များကို အစားထိုးခန့်ထားခြင်း သို့မဟုတ် ရွေးချယ်တင်မြှောက်ခြင်းဖြင့် ဖြည့်စွက်ရမည်။ ထိုသို့ဖြည့်စွက်ခြင်းခံရသော ကောင်စီဝင်၏ သက်တမ်းသည် လက်ရှိကောင်စီ၏ ကျန်ရှိသည့် သက်တမ်းကုန်ဆုံးချိန်အထိသာဖြစ်သည်။

၁၂။ အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်လာသည့်အခါ ကောင်စီဝင်အဖြစ်မှ ရပ်စဲစေရမည်-

(က) သေဆုံးခြင်း၊ စိတ်ပေါ့သွပ်ခြင်း သို့မဟုတ် သာသနာ့ဘောင်သို့ အပြီးကူးပြောင်းခြင်း၊

(ခ) နုတ်ထွက်ခြင်း၊

(ဂ) ကောင်စီသို့ ခွင့်ပန်ကြားခြင်းမရှိဘဲ အစည်းအဝေးသို့ တက်ရောက်ရန် တစ်ဆက်တည်းသုံးကြိမ်ဆက်တိုက်ပျက်ကွက်ခြင်း၊

(ဃ) ကောင်စီသို့ ခွင့်ပန်ကြားခြင်းမရှိဘဲ ပြည်ပသို့ခြောက်လနှင့်အထက် ထွက်ခွာခြင်း၊

(င) မှတ်ပုံတင်စာရင်းနှင့် လိုင်စင်ပယ်ဖျက်ခံရခြင်း၊

(စ) ကျင့်ဝတ်သိက္ခာပျက်ကွက်သည်ဟု ကောင်စီက စစ်ဆေးတွေ့ရှိခြင်း။

၁၃။ ကောင်စီဖွဲ့စည်းခြင်းနှင့် အစည်းအဝေးကျင်းပခြင်းဆိုင်ရာ ကိစ္စရပ်များကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၄)
## ကောင်စီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၄။ ကောင်စီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) သူနာပြုနှင့် သားဖွားလုပ်ငန်းကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခြင်းရှိ၊ မရှိ ကြီးကြပ်ကွပ်ကဲနိုင်ရန် သင့်လျော်သောပုဂ္ဂိုလ်များပါဝင်သည့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်သူနာပြု၊ သားဖွားလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

စာမျက်နှာ ၂ သို့

စာမျက်နှာ ၁ မှ

(ခ) ပြည်ပရှိ သူနာပြု သားဖွားအတတ်ပညာသင်ကျောင်းတစ်ခုခုက အပ်နှင်းသည့် ဘွဲ့၊ ဒီပလိုမာနှင့် အောင်လက်မှတ်များကို အသိအမှတ်ပြုရေးအတွက် အရည်အချင်းစစ်ဆေးရန် ကင်းလွတ်ခွင့်ပေးခြင်း၊

(ဂ) ပြည်တွင်းပြည်ပရှိ သူနာပြုသားဖွားအတတ်ပညာသင်ကျောင်းတစ်ခုခုက အပ်နှင်းသည့်ဘွဲ့၊ ဒီပလိုမာနှင့် အောင်လက်မှတ်များကို အရည်အချင်းစစ်ဆေးရန် ကင်းလွတ်ခွင့်ပြုထားခြင်းမရှိပါက အရည်အချင်းစစ်ဆေးပြီး အသိအမှတ်ပြုခြင်း သို့မဟုတ် အသိအမှတ်ပြုရန် ငြင်းပယ်ခြင်း၊

(ဃ) သူနာပြု၊ သားဖွား၊ သူနာပြုသားဖွားများနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရန်အကြောင်း ပေါ်ပေါက်ပါက ကောင်စီဝင်တစ်ဦးဦးက ဦးဆောင်၍ အခြားသင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ဖြစ်စေ၊ ကောင်စီဝင် ၃ ဦး ပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်း၍ဖြစ်စေ စုံစမ်းစစ်ဆေးစေပြီး တွေ့ရှိချက် အစီရင်ခံစာကိုကောင်စီသို့ တင်ပြစေခြင်း၊

(င) မှတ်ပုံတင်ကြေး၊ လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်ကြေး၊ သက်တမ်းတိုးမြှင့်ကြေး၊ ဝန်ဆောင်ခနှင့် အခြားအခကြေးငွေများကိုသတ်မှတ်ခြင်းနှင့်ကောက်ခံခြင်း၊

(စ) သူနာပြုနှင့်သားဖွားများ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်သိက္ခာများနှင့် စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊

(ဆ) အစိုးရဆေးရုံနှင့် ပုဂ္ဂလိကဆေးရုံများ၊ ဆေးခန်းများ၏သူနာပြုစုစောင့်ရှောက်မှုအဆင့်အတန်း ထိန်းသိမ်းမြှင့်တင်ရေးအတွက် လိုအပ်သော အရည်အသွေး စံချိန်စံညွှန်းသတ်မှတ်၍အခါအားလျော်စွာဆန်းစစ်အကဲဖြတ်ခြင်းနှင့် လိုအပ်ပါက ဝန်ကြီးဌာနသို့ အကြံပြုတင်ပြခြင်း၊

(ဇ) သူနာပြုအတတ်ပညာနှင့် သားဖွားအတတ်ပညာတို့ကို နိုင်ငံတကာအဆင့်မီစေရန် ဆောင်ရွက်ခြင်း၊ ယင်းအတတ်ပညာသင်ကြားရေးနှင့်စပ်လျဉ်း၍ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ညီ မညီ အခါအားလျော်စွာ စစ်ဆေး၍ လိုအပ်ပါက ဝန်ကြီးဌာနသို့ အကြံပြုတင်ပြခြင်း၊

(ဈ) ပုဂ္ဂလိကသူနာပြုသားဖွားအတတ်ပညာသင်ကျောင်း တည်ထောင်ဖွင့်လှစ်သင်ကြားရေးနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်အကဲဖြတ်ချက်များပြုလုပ်ပြီး ခွင့်ပြုရန်သင့် မသင့် သဘောထားမှတ်ချက်ဖြင့် ဝန်ကြီးဌာနသို့တင်ပြပြီး ခွင့်ပြုပါက အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်း၊

(ည) သူနာပြုသားဖွားအတတ်ပညာသင်ကျောင်းတွင် လေ့ကျင့်သင်ကြားမှုများနှင့်စပ်လျဉ်း၍ အရည်အချင်းပြည့်မီခြင်း စံချိန်စံညွှန်း ကိုက်ညီခြင်း ရှိ မရှိ အခါအားလျော်စွာ ဆန်းစစ်အကဲဖြတ်ခြင်း၊

(ဋ) သူနာပြုနှင့် သားဖွားဆိုင်ရာ အကျိုးပြုမည့် လုပ်ငန်းကိစ္စရပ်များကို ပြည်တွင်းပြည်ပရှိအစိုးရဌာန၊ အဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ရာတွင် ဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဌ) အစိုးရဆေးရုံ၊ ဆေးခန်းများနှင့် ပုဂ္ဂလိကဆေးရုံဆေးခန်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော သူနာပြု၊ သားဖွားနှင့်သူနာပြုသားဖွားများအတွက် ယင်းတို့၏ ကျွမ်းကျင်မှုနှင့် ရာထူးအဆင့်အလိုက် သူနာပြုနှင့်သားဖွားတို့၏ ဝတ်စုံနှင့် အဆောင်အယောင်တို့ကိုဝန်ကြီးဌာနနှင့်ညှိနှိုင်း၍ သတ်မှတ်ပေးခြင်း၊

(ဍ) ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော သူနာပြု၊ သားဖွားနှင့် သူနာပြုသားဖွားများအတွက် ယင်းတို့၏ ကျွမ်းကျင်မှုနှင့် ရာထူးအဆင့်အလိုက် သူနာပြုနှင့် သားဖွားတို့၏ ဝတ်စုံနှင့် အဆောင်အယောင်များကို အသိအမှတ်ပြုခြင်း၊

(ဎ) ကောင်စီ၏ ရုံးအဖွဲ့ကို ဖွဲ့စည်း၍ သင့်လျော်သော သတ်မှတ်လစာနှုန်းထားများဖြင့် လိုအပ်သော ဝန်ထမ်းများကို ကာလသတ်မှတ်ချက်ဖြင့် ခန့်အပ်တာဝန်ပေးခြင်းနှင့် ထုတ်ပယ်ခြင်း၊

(ဏ) ကောင်စီပုံမှန်အစည်းအဝေးများ၊ အထူးအစည်းအဝေးများနှင့် နှစ်ပတ်လည်အစည်းအဝေးများကို သတ်မှတ်ချက်များနှင့်အညီ ခေါ်ယူကျင်းပခြင်း၊

(တ) ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်ပေးသော အခြားလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

**အခန်း(၅)**

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့၊လုပ်ငန်းကော်မတီများဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များသတ်မှတ်ပေးခြင်း**

၁၅။ ကောင်စီသည်-

(က) မိမိ၏ လုပ်ငန်းတာဝန်များကို ကောင်စီကိုယ်စား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အဖွဲ့ဝင် ၁၅ ဦး ထက်မပိုသော အောက်ပါပုဂ္ဂိုလ်များ ပါဝင်သည့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရမည် -

| | | |
|---|---|---|
| (၁) | ကောင်စီ ဥက္ကဋ္ဌ | ဥက္ကဋ္ဌ |
| (၂) | ကောင်စီဒုတိယဥက္ကဋ္ဌ | ဒုတိယဥက္ကဋ္ဌ |
| (၃) | ကောင်စီဝင်များ | အဖွဲ့ဝင်များ |
| (၄) | ကောင်စီ အတွင်းရေးမှူး | အတွင်းရေးမှူး |
| (၅) | ကောင်စီတွဲဖက်အတွင်းရေးမှူး | တွဲဖက်အတွင်းရေးမှူး |

(ခ) မိမိ၏ လုပ်ငန်းတာဝန်များကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန် ငါးဦးထက် မပိုသော ကောင်စီဝင်များနှင့် သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့်အဖွဲ့ဝင် ၁၀ ဦးထက်မပိုသောအောက်ဖော်ပြပါလုပ်ငန်းကော်မတီများကိုသတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များသတ်မှတ်ပေးရမည်-

(၁) သူနာပြုသားဖွားအတတ်ပညာနှင့် လုပ်ငန်းအဆင့်အတန်း စံချိန်စံညွှန်း သတ်မှတ်ရေး လုပ်ငန်းကော်မတီ၊

(၂) သူနာပြုသားဖွားပညာရေးနှင့် လုပ်ငန်းအရည်အသွေး အာမခံမှုအကဲဖြတ်ရေးလုပ်ငန်းကော်မတီ၊

(၃) သူနာပြုသားဖွား ကျင့်ဝတ်သိက္ခာ ထိန်းသိမ်းရေးလုပ်ငန်းကော်မတီ၊

(၄) သူနာပြုသားဖွား စည်းကမ်းထိန်းသိမ်းရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ၊

(၅) သူနာပြုသားဖွားဆိုင်ရာ အခြားလိုအပ်သည့် လုပ်ငန်းကော်မတီများ။

**အခန်း (၆)**

**မှတ်ပုံတင်ခြင်း**

၁၆။ (က) ကောင်စီက ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ဈ) အရ အသိအမှတ်ပြုသော ပြည်တွင်းရှိ သူနာပြုသားဖွားအတတ်ပညာသင်ကျောင်းတစ်ခုခုက အပ်နှင်းသည့် ဘွဲ့၊ ဒီပလိုမာ သို့မဟုတ် အောင်လက်မှတ်ရရှိသူသည် သူနာပြုအဖြစ်သော်လည်းကောင်း၊ သားဖွားအဖြစ်သော်လည်းကောင်း၊ သူနာပြုသားဖွားအဖြစ်သော်လည်းကောင်း မှတ်ပုံတင်ပေးရန် ကောင်စီသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

(ခ) ကောင်စီသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုအပ်ပါက အရည်အချင်းစစ်ဆေးမှုပြုလုပ်၍ မှတ်ပုံတင်ရန် ခွင့်ပြုခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ မှတ်ပုံတင်ရန် ခွင့်ပြုပါက သတ်မှတ်ထားသော မှတ်ပုံတင်ကြေးပေးသွင်းစေပြီး လျှောက်ထားသူအား သက်ဆိုင်ရာ မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။

၁၇။ (က) ကောင်စီက ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ခ)နှင့် (ဂ)တို့အရ အသိအမှတ်ပြုသော ပြည်ပရှိ သူနာပြုသားဖွားအတတ်ပညာသင်ကျောင်းတစ်ခုခုက အပ်နှင်းသည့်ဘွဲ့၊ ဒီပလိုမာ သို့မဟုတ် အောင်လက်မှတ်ရရှိသူသည်သူနာပြုအဖြစ်သော်လည်းကောင်း၊ သားဖွားအဖြစ်သော်လည်းကောင်း၊ သူနာပြုသားဖွားအဖြစ်သော်လည်းကောင်း မှတ်ပုံတင်ပေးရန် ကောင်စီသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

(ခ) ကောင်စီသည် ပုဒ်မခွဲ(က) အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုအပ်ပါက အရည်အချင်းစစ်ဆေးမှုပြုလုပ်၍ မှတ်ပုံတင်ရန် ခွင့်ပြုခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ မှတ်ပုံတင်ရန်ခွင့်ပြုပါက သတ်မှတ်ထားသော မှတ်ပုံတင်ကြေးပေးသွင်းစေပြီး လျှောက်ထားသူအား ကာလသတ်မှတ်၍ မှတ်ပုံတင်လက်မှတ်ကိုထုတ်ပေးရမည်။

၁၈။ (က) မှတ်ပုံတင်ရန် ငြင်းပယ်ခြင်း၊ မှတ်ပုံတင်ထားခြင်းကို သတ်မှတ်ချက်များနှင့်အညီကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုသည့် ဆုံးဖြတ်ချက်ချမှတ်ခြင်းခံရသူသည် သတ်မှတ်ထားသောလိုအပ်ချက်များနှင့်အညီဆောင်ရွက်၍ ထိုဆုံးဖြတ်ချက်ကို ပယ်ဖျက်ပြီး ပြန်လည်မှတ်ပုံတင်ပေးရန်ကောင်စီသို့ လျှောက်ထားနိုင်သည်။

(ခ) ကောင်စီသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး ပြန်လည်မှတ်ပုံတင်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ ပြန်လည်မှတ်ပုံတင်ပေးရန်ခွင့်ပြုပါက သတ်မှတ်ထားသော မှတ်ပုံတင်ကြေးပေးသွင်းစေပြီး လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။

**အခန်း (၇)**

**လိုင်စင်နှင့် ကန့်သတ်လိုင်စင်**

၁၉။ (က) ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ) အရ မှတ်ပုံတင်လက်မှတ် ရရှိသူသည် သူနာပြု အတတ်ပညာဖြင့် ဖြစ်စေ၊ သားဖွားအတတ်ပညာဖြင့်ဖြစ်စေ၊ သူနာပြုသားဖွားအတတ်ပညာဖြင့်ဖြစ်စေ လုပ်ကိုင်လိုပါက သက်ဆိုင်ရာလိုင်စင်ကိုထုတ်ပေးရန် ကောင်စီသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) ကောင်စီသည် ပုဒ်မခွဲ(က)အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ လိုင်စင်ထုတ်ပေးရန် ခွင့်ပြုပါက သတ်မှတ်ထားသော လိုင်စင်ကြေးပေးသွင်းစေပြီး လျှောက်ထားသူအား စည်းကမ်းချက်များသတ်မှတ်၍သက်ဆိုင်ရာလိုင်စင်ကို ထုတ်ပေးရမည်။

၂၀။ (က) ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ) အရ မှတ်ပုံတင်လက်မှတ်ရရှိသော နိုင်ငံသားသည် သူနာပြုအတတ်ပညာဖြင့်ဖြစ်စေ၊ သားဖွားအတတ်ပညာဖြင့်ဖြစ်စေ၊ သူနာပြုသားဖွားအတတ်ပညာဖြင့်ဖြစ်စေ လုပ်ကိုင်လိုပါကလိုင်စင်ထုတ်ပေးရန် ကောင်စီသို့သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) ပုဒ်မခွဲ(က) အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ လိုင်စင်ထုတ်ပေးရန် ခွင့်ပြုပါကသတ်မှတ်ထားသော လိုင်စင်ကြေးပေးသွင်းစေပြီး လျှောက်ထားသူအား သက်ဆိုင်ရာလိုင်စင်ကို စည်းကမ်းချက်များသတ်မှတ်၍ ထုတ်ပေးရမည်။

၂၁။ (က) ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ခ) အရ မှတ်ပုံတင်လက်မှတ်ရရှိသော နိုင်ငံခြားသားသည် သူနာပြုအတတ်ပညာဖြင့်ဖြစ်စေ၊ သားဖွားအတတ်ပညာဖြင့်ဖြစ်စေ၊ သူနာပြုသားဖွားအတတ်ပညာဖြင့်ဖြစ်စေ လုပ်ကိုင်လိုပါက ကန့်သတ်လိုင်စင်ထုတ်ပေးရန် ကောင်စီသို့ သတ်မှတ်ချက်များနှင့်အညီလျှောက်ထားရမည်။

(ခ) ကောင်စီသည် ပုဒ်မခွဲ (က)အရ လျှောက်ထားချက်ကို စိစစ်ပြီး ကန့်သတ်လိုင်စင်ထုတ်ပေးရန်ခွင့်ပြုခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ကန့်သတ်လိုင်စင်ထုတ်ပေးရန်ခွင့်ပြုပါက သတ်မှတ်ထားသော လိုင်စင်ကြေးပေးသွင်းစေပြီး လျှောက်ထားသူအားကန့်သတ်လိုင်စင်ကိုစည်းကမ်းချက်များ သတ်မှတ်၍ ထုတ်ပေးရမည်။

၂၂။ (က) လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်ကို ထုတ်ပေးရန် ငြင်းပယ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုသည့် ဆုံးဖြတ်ချက်ချမှတ်ခြင်းခံရသူသည် သတ်မှတ်ချက်များနှင့်အညီ လိုင်စင်ထုတ်ပေးရန်ကောင်စီသို့ ပြန်လည်လျှောက်ထားနိုင်သည်။

(ခ) ကောင်စီသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်ထုတ်ပေးခြင်း၊ ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၂၃။ (က) သက်ဆိုင်ရာလိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် သူနာပြုအတတ်ပညာဖြင့်ဖြစ်စေ၊ သားဖွားအတတ်ပညာဖြင့်ဖြစ်စေ၊ သူနာပြုသားဖွားအတတ်ပညာဖြင့်ဖြစ်စေ ဆက်လက်လုပ်ကိုင်လိုပါကသက်တမ်းတိုးမြှင့်ပေးရန် အဆိုပါ သက်တမ်းမကုန်ဆုံးမီရက်ပေါင်း ၆၀ အတွင်း ကောင်စီသို့သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) ကောင်စီသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ သက်တမ်းတိုးမြှင့်ပေးရန်ခွင့်ပြုပါက သတ်မှတ်ထားသော လိုင်စင်သက်တမ်းတိုးမြှင့်ကြေးကို ပေးသွင်းစေပြီး လျှောက်ထားသူအား စည်းကမ်းချက်များ သတ်မှတ်၍ သက်ဆိုင်ရာ လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် ထုတ်ပေးရမည်။

၂၄။ (က) ပုဒ်မ ၂၇ အရ ကောင်စီ၏ စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ခံရပါက လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်ကို သတ်မှတ်ချက်များနှင့်အညီ ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းခံရသူသည် လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် ပြန်လည်ထုတ်ပေးရန် ကောင်စီသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

(ခ) ကောင်စီသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်ကို ပြန်လည်ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ လိုင်စင်ပြန်လည်ထုတ်ပေးရန်ခွင့်ပြုပါက သတ်မှတ်ထားသောလိုင်စင်ကြေးကို ပေးသွင်းစေပြီး စည်းကမ်းချက်များသတ်မှတ်၍ လျှောက်ထားသူအား လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်ကို ပြန်လည်ထုတ်ပေးရမည်။

**အခန်း (၈)**

**လိုင်စင်ရရှိသူ၏ တာဝန်နှင့်ရပိုင်ခွင့်များ**

၂၅။ လိုင်စင်ရရှိသူသည် -

(က) လိုင်စင်ပါ သက်တမ်းအတွင်း သူနာပြုသားဖွားနှင့် သူနာပြုသားဖွားအတတ်ပညာဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်ခွင့်ရှိသည်။

(ခ) လိုင်စင်တွင် ဖော်ပြပါရှိသော စည်းကမ်းချက်များကို လိုက်နာရမည်။

(ဂ) သားဖွားလိုင်စင်ရရှိပြီးသူသည် သူနာပြုသင်တန်း တက်ရောက်အောင်မြင်ပြီးပါက သားဖွားလိုင်စင်ကို ပြန်လည်အပ်နှံပြီး သူနာပြုသားဖွားမှတ်ပုံတင်နှင့်လိုင်စင်ကို လျှောက်ထားနိုင်သည်။

(ဃ) သူနာပြု၊ သားဖွားနှင့် သူနာပြုသားဖွားအဖြစ် မှတ်ပုံတင်ပြီးနောက်ဖြစ်စေ၊ သူနာပြု၊ သားဖွားနှင့် သူနာပြုသားဖွားလိုင်စင် ရရှိပြီးနောက်ဖြစ်စေ ပြည်တွင်းမှသော်လည်းကောင်း၊ ပြည်ပမှသော်လည်းကောင်း သူနာပြု၊ သားဖွား၊ သူနာပြုသားဖွားနှင့်စပ်လျဉ်း၍ ဘွဲ့၊ ဒီပလိုမာ၊ လက်မှတ်စသည်တို့ကို ထပ်မံရရှိသည့်အခါ ကောင်စီသို့ မှတ်တမ်းတင်ပေးရန် တင်ပြရမည်။

(င) သူနာပြုနှင့် သားဖွားကျင့်ဝတ်သိက္ခာများကို ထိန်းသိမ်းစောင့်စည်းရမည့်အပြင် မိမိ၏သိက္ခာကိုထိခိုက်စေမည့် အပြုအမူ၊ အပြောအဆို၊ အနေအထိုင်များကိုလည်း ရှောင်ကြဉ်ရမည်။

(စ) ရာထူးအဆင့်အလိုက် သတ်မှတ်ထားသည့် ဝတ်စုံနှင့် အဆောင်အယောင်များကို သုံးစွဲခွင့်ရှိသည်။

(ဆ) လိုင်စင်နှင့်စပ်လျဉ်း၍ ကောင်စီက ပုဒ်မ ၂၇ အရ စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက် တစ်ရပ်ရပ်ချမှတ်ပါက ထိုဆုံးဖြတ်ချက်ကို ဤဥပဒေအခန်း (၁၁)ပါပြဋ္ဌာန်းချက်နှင့်အညီ အယူခံခွင့်ရှိသည်။

(ဇ) လိုင်စင်နှင့်စပ်လျဉ်း၍ ကောင်စီ၏ စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက်ကို အယူခံပါကဝန်ကြီးဌာန၏အယူခံဆုံးဖြတ်ချက်အရ ပယ်ဖျက်ခြင်းခံရလျှင် အဆိုပါလိုင်စင်ကို ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်း ကောင်စီသို့ ပြန်လည်အပ်နှံရမည်။

**အခန်း (၉)**

**ကန့်သတ်လိုင်စင်ရရှိသူ၏ တာဝန်နှင့်ရပိုင်ခွင့်များ**

၂၆။ ကန့်သတ်လိုင်စင်ရရှိသူသည် ဤဥပဒေအခန်း (၈) ပါလိုင်စင်ရရှိသူ၏ တာဝန်နှင့်ရပိုင်ခွင့်များကို လိုက်နာဆောင်ရွက်ရမည်။

စာမျက်နှာ ၃ သို့

စာမျက်နှာ ၂ မှ

## အခန်း (၁၀)
## စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူဆောင်ရွက်ခြင်း

၂၇။ ကောင်စီသည် -
(က) လိုင်စင်ရရှိသူ သို့မဟုတ် ကန့်သတ်လိုင်စင်ရရှိသူက ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်နှင့်ညွှန်ကြားချက်တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် စည်းကမ်းချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း ဖောက်ဖျက်ကြောင်းတွေ့ရှိပါက ထိုသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက်တစ်ရပ်ရပ် ချမှတ်နိုင်သည် -
(၁) သတိပေးခြင်း၊
(၂) သတ်မှတ်ထားသော ဒဏ်ကြေးငွေ ပေးဆောင်စေခြင်း၊
(၃) ကာလအကန့်အသတ်ဖြင့် လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် ယာယီရပ်ဆိုင်းခြင်း၊
(၄) မှတ်ပုံတင်လက်မှတ်နှင့် လိုင်စင် သို့မဟုတ်ကန့်သတ်လိုင်စင် ပယ်ဖျက်ခြင်း။
(ခ) လိုင်စင်ရရှိသူ သို့မဟုတ် ကန့်သတ်လိုင်စင်ရရှိသူက ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက ထိုသူ၏ မှတ်ပုံတင်လက်မှတ်နှင့် လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်ကို ပယ်ဖျက်သည့်စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ရမည်။

## အခန်း (၁၁)
## အယူခံခြင်း

၂၈။ ကောင်စီက ချမှတ်သည့် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည်ယင်းဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည် -
(က) ပြည်တွင်း ပြည်ပရှိ သူနာပြုသားဖွား အတတ်ပညာသင် ကျောင်းတစ်ခုခုက အပ်နှင်းသည့်ဘွဲ့၊ ဒီပလိုမာနှင့် အောင်လက်မှတ်များကို စိစစ်၍ အရည်အချင်းစစ်ဆေးပြီး အသိအမှတ်ပြုရန် ငြင်းပယ်သည့် ဆုံးဖြတ်ချက်၊
(ခ) မှတ်ပုံတင်ရန် ဆိုင်းငံ့သည့် သို့မဟုတ် ငြင်းပယ်သည့် ဆုံးဖြတ်ချက်၊
(ဂ) လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် ထုတ်ပေးရန် သို့မဟုတ် သက်တမ်းတိုးမြှင့်ပေးရန် ဆိုင်းငံ့သည့် သို့မဟုတ် ငြင်းပယ်သည့် ဆုံးဖြတ်ချက်၊
(ဃ) မှတ်ပုံတင်ရန်ဖြစ်စေ၊ လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် ထုတ်ပေးရန်ဖြစ်စေ ဆိုင်းငံ့သည့် သို့မဟုတ် ငြင်းပယ်သည့် ဆုံးဖြတ်ချက်ကိုပယ်ဖျက်ပြီး သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ရန်ဖြစ်စေ၊ လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် ထုတ်ပေးရန်ဖြစ်စေ ပြန်လည်လျှောက်ထားချက်ကို ဆိုင်းငံ့သည့် သို့မဟုတ် ငြင်းပယ်သည့် ဆုံးဖြတ်ချက်၊
(င) ပုဒ်မ ၂၇ အရ လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်ရသူအား ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက်။

၂၉။ ပုဒ်မ ၂၈ အရ အယူခံမှုတွင် ဝန်ကြီးဌာနသည် ကောင်စီက ချမှတ်သည့် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၃၀။ ပုဒ်မ ၂၉ အရ ချမှတ်သော ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

## အခန်း (၁၂)
## ပုဂ္ဂလိက သူနာပြုသားဖွား အတတ်ပညာသင်ကျောင်း တည်ထောင်ဖွင့်လှစ်ခြင်း

၃၁။ ပုဂ္ဂလိကသူနာပြုသားဖွား အတတ်ပညာသင်ကျောင်းတစ်မျိုးမျိုးကို တည်ထောင်ဖွင့်လှစ် သင်ကြားလိုသူသည် -
(က) လုပ်ငန်းလိုင်စင်ရရှိရန် ကောင်စီမှတစ်ဆင့် ဝန်ကြီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။
(ခ) မိမိဖွင့်လှစ်မည့်သင်တန်းဆိုင်ရာ သင်ရိုးညွှန်းတမ်းများကို သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ ရေးဆွဲ၍ သတ်မှတ်ထားသော ဝန်ဆောင်ခပေးသွင်းပြီး အသိအမှတ်ပြုလက်မှတ်ထုတ်ပေးနိုင်ရန် ကောင်စီသို့ တင်ပြရမည်။
(ဂ) လုပ်ငန်းအရည်အသွေးမြှင့်တင်ရေးဆိုင်ရာ သီးသန့်အချိန်တို သင်တန်းများကို ဖွင့်လှစ်လိုပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့တင်ပြရမည်။

၃၂။ ကောင်စီသည် ပုဒ်မ ၃၁၊ ပုဒ်မခွဲ (ခ) ပါတင်ပြချက်အရ ပုဂ္ဂလိက သူနာပြုသားဖွားအတတ်ပညာသင်ကျောင်း တည်ထောင်ဖွင့်လှစ်ခွင့် လုပ်ငန်းလိုင်စင် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ စိစစ်ပြီးခွင့်ပြုရန် သင့် မသင့် သဘောထားမှတ်ချက်ကို ဝန်ကြီးဌာနနှင့် လျှောက်ထားသူထံသို့ ပြန်ကြားရမည်။ ခွင့်ပြုပါကအသိအမှတ်ပြုခြင်းဆိုင်ရာ စည်းကမ်းချက်များ သတ်မှတ်၍ လျှောက်ထားသူအား အသိအမှတ်ပြု လက်မှတ်ထုတ်ပေးရမည်။

၃၃။ ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ထားသည့် ဝန်ကြီးဌာနများကဖြစ်စေ၊ ယင်းဝန်ကြီးဌာနများက ခွင့်ပြုသော အဖွဲ့အစည်းကဖြစ်စေ ပုဒ်မ ၃၂ အရ ကောင်စီက အသိအမှတ်ပြုလက်မှတ်ထုတ်ပေးပါက ပုဂ္ဂလိက သူနာပြုသားဖွားအတတ်ပညာသင်ကျောင်း တည်ထောင်ဖွင့်လှစ်ခွင့်ပြု၍ လုပ်ငန်းလိုင်စင်ဆိုင်ရာ စည်းကမ်းချက်များနှင့်လိုင်စင်သက်တမ်း သတ်မှတ်ခြင်း၊ လုပ်ငန်းလိုင်စင်ကြေးပေးသွင်းစေခြင်းပြုပြီး လုပ်ငန်းလိုင်စင်ထုတ်ပေးရမည်။

၃၄။ ပုဂ္ဂလိက သူနာပြု သားဖွား၊ သူနာပြုသားဖွားအတတ်ပညာသင်ကျောင်း တည်ထောင်ဖွင့်လှစ်ခွင့် လုပ်ငန်းလိုင်စင် ရရှိသူသည်-
(က) လုပ်ငန်းလိုင်စင် စည်းကမ်းချက်များကို လိုက်နာရမည်။
(ခ) လေ့ကျင့်သင်ကြားရေးအတွက်လိုအပ်ချက်များ၊ သင်ကြားသည့် သင်ရိုးညွှန်းတမ်းများ၊ ကျောင်းဝင်ခွင့် အရည်အချင်းများ၊ သင်ကြားမှုစနစ်များ၊ သင်ကြားပို့ချသူများ၏ အရည်အချင်းများ၊ သင်ကြားရေးအထောက်အကူပြုပစ္စည်းကိရိယာများနှင့် စာမေးပွဲစစ်ဆေးကျင်းပမှုများစသည်တို့နှင့်စပ်လျဉ်း၍ ကောင်စီ၏တာဝန်ပေးအပ်ချက်အရသူနာပြုသားဖွားပညာရေးနှင့် လုပ်ငန်းအရည်အသွေးအာမခံမှု အကဲဖြတ်ရေးလုပ်ငန်းကော်မတီ၏ အခါအားလျော်စွာ စစ်ဆေးမှုကို ခံယူပြီး ယင်းလုပ်ငန်းကော်မတီကိုလိုအပ်သော အကူအညီများပေးရမည်။
(ဂ) လေ့ကျင့်သင်ကြားမှု အခြေအနေကိုလည်းကောင်း၊ သူနာပြုသားဖွားများ အရည်အသွေးနှင့်အဆင့်အတန်းတိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့အစီရင်ခံရမည်။
(ဃ) လေ့ကျင့်သင်ကြားရေးနှင့်စပ်လျဉ်း၍ဝန်ကြီးဌာနနှင့် ကောင်စီတို့၏ အခါအားလျော်စွာ ညွှန်ကြားချက်ကို လိုက်နာရမည်။

## အခန်း (၁၃)
## တားမြစ်ချက်များ

၃၅။ မည်သူမျှ ဤဥပဒေအရ ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ထားသည့် ဝန်ကြီးဌာနများကဖြစ်စေ၊ ယင်းဝန်ကြီးဌာနများက ခွင့်ပြုသော အဖွဲ့အစည်းကဖြစ်စေ ထုတ်ပေးသော လုပ်ငန်းလိုင်စင်နှင့်ကောင်စီကထုတ်ပေးသော အသိအမှတ်ပြုလက်မှတ်မရှိဘဲ ပုဂ္ဂလိက သူနာပြု သားဖွား၊ သူနာပြုသားဖွားအတတ်ပညာသင်ကျောင်းတစ်မျိုးမျိုးကို တည်ထောင်ဖွင့်လှစ်ခြင်းမပြုရ။

၃၆။ မည်သူမျှ ဤဥပဒေအရ ထုတ်ပေးသောလိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်မရှိဘဲ သူနာပြုလုပ်ငန်း၊ သားဖွားလုပ်ငန်း သို့မဟုတ် သူနာပြုသားဖွားလုပ်ငန်းကို လုပ်ကိုင်ခြင်း မပြုရ။

၃၇။ မည်သူမျှ လိုင်စင်ရရှိသူ သို့မဟုတ် ကန့်သတ်လိုင်စင် ရရှိသူမဟုတ်ဘဲ ကောင်စီက ကျွမ်းကျင်မှုနှင့်အဆင့်အလိုက် သတ်မှတ်ထားသော သို့မဟုတ် အတည်ပြုထားသော သူနာပြု သားဖွား သို့မဟုတ် သူနာပြုသားဖွား၏ ဝတ်စုံနှင့် အဆောင်အယောင်များကို မရိုးမဖြောင့်သော သဘောဖြင့် ဝတ်ဆင်ခြင်း၊ သုံးစွဲခြင်း သို့မဟုတ် တပ်ဆင်ခြင်းမပြုရ။

၃၈။ မည်သည့် လိုင်စင်ရရှိသူ သို့မဟုတ် ကန့်သတ်လိုင်စင် ရရှိသူမျှ-
(က) မိမိ၏လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်ကို အခြားသူတစ်ဦးဦးအား လွှဲပြောင်းပေးခြင်း၊ လုပ်ငန်းလုပ်ကိုင်စေခြင်း သို့မဟုတ် အသုံးပြုစေခြင်းမပြုရ။
(ခ) လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်ကို ပယ်ဖျက်သည့်ဆုံးဖြတ်ချက်ချမှတ်ခြင်းခံရပါက ဤဥပဒေနှင့်အညီ ကောင်စီသို့ အဆိုပါဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်း ကောင်စီသို့ ပြန်လည်အပ်နှံရန် ပျက်ကွက်ခြင်း မရှိစေရ။

## အခန်း (၁၄)
## ပြစ်ဒဏ်များ

၃၉။ မည်သူမဆို ပုဒ်မ ၃၅ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်သိန်း ၅၀ မှ အများဆုံးကျပ်သိန်း ၁၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၀။ မည်သူမဆို -
(က) ပုဒ်မ၃၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။
(ခ) ပုဒ်မ ၃၆ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီး သူနာပြု သို့မဟုတ် သားဖွားအလုပ်ကို ပြုလုပ်ရာ၌ သူတစ်ဦးဦးသေဆုံးစေခြင်း သို့မဟုတ် ပြင်းထန်သော ဒဏ်ရာရရှိစေခြင်းဖြစ်ပါက ထိုသူကိုအနည်းဆုံး သုံးနှစ်မှ အများဆုံး ခုနစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၄၁။ မည်သူမဆို ပုဒ်မ ၃၇ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးသုံးလမှ အများဆုံးသုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်ငါးသောင်းမှ အများဆုံး ကျပ် ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၂။ မည်သည့်လိုင်စင်ရရှိသူ သို့မဟုတ် ကန့်သတ်လိုင်စင် ရရှိသူမဆို ပုဒ်မ ၃၈ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးလမှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်ငါးသောင်းမှ အများဆုံး ကျပ်ငါးသိန်း အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၁၅)
## ဘဏ္ဍာရေး

၄၃။ ကောင်စီသည် -
(က) ကောင်စီရန်ပုံငွေကို အောက်ပါရငွေများဖြင့် ထူထောင်ရမည်-
(၁) ဤဥပဒေအရ ပေးသွင်းသော မှတ်ပုံတင်ကြေး၊ လိုင်စင်ကြေး၊ လိုင်စင်သက်တမ်းတိုးမြှင့်ကြေး၊ ဒဏ်ကြေး၊ ဝန်ဆောင်ခနှင့် အခြားအခကြေးငွေများ၊
(၂) ပြည်တွင်းပြည်ပမှ စေတနာရှင်များ၏ လှူဒါန်းထောက်ပံ့ငွေများ၊
(၃) ရန်ပုံငွေမှ တရားဝင်တိုးပွားငွေများ။
(ခ) ပုဒ်မခွဲ (က) အရ ထူထောင်သည့် ရန်ပုံငွေဖြင့် ရပ်တည်နိုင်ရန် ကြိုးပမ်းရမည်။
(ဂ) ချက်ချင်းအသုံးပြုရန် မလိုအပ်သည့် ရန်ပုံငွေကို တိုးပွားစေရန် ငွေစုဘဏ်တွင် အပ်နှံစုဆောင်းနိုင်သည်။
(ဃ) ကောင်စီရုံးနှင့်စာမေးပွဲခန်းမ၊သင်တန်းနှင့်လက်တွေ့လေ့ကျင့်သရုပ်ပြခန်းများ၊ အစည်းအဝေးခန်းမ၊ အဆောင်များအတွက် လိုအပ်သောမြေနှင့်အဆောက်အအုံတို့၏ကုန်ကျစရိတ်ကို နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေမှနိုင်ငံတော်အစိုးရ၏ ထည့်ဝင်မှုအနေဖြင့် ထောက်ပံ့နိုင်ရန် ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြတောင်းခံနိုင်သည်။

၄၄။ ကောင်စီသည် ရန်ပုံငွေထိန်းသိမ်းခြင်း၊ စီမံခန့်ခွဲခြင်း၊ သုံးစွဲခြင်းနှင့် စာရင်းစစ်ဆေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ရေးဆွဲသတ်မှတ်ပြီး လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၁၆)
## အထွေထွေ

၄၅။ ကောင်စီသည် စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်နိုင်ခွင့်နှင့် ကောင်စီပိုင် တံဆိပ်တစ်ခုရှိသော တရားဝင်အဖွဲ့ဖြစ်သည်။ ယင်းအဖွဲ့အမည်ဖြင့် တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲခံနိုင်ခွင့်ရှိသည်။

၄၆။ ကောင်စီသည် ဤဥပဒေဖြင့် ရုပ်သိမ်းသည့် သူနာပြုနှင့် သားဖွားဆိုင်ရာ ဥပဒေအရ ဖွဲ့စည်းခဲ့သော မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီပိုင် ရန်ပုံငွေများကိုလည်းကောင်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့ပြောင်းနိုင်သောပစ္စည်းများကိုလည်းကောင်း၊ ယင်းကောင်စီ၏ ဆောင်ရွက်ပြီးလုပ်ငန်းများနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများကို လည်းကောင်း၊ ရပိုင်ခွင့်နှင့်ပေးရန်တာဝန်များကိုလည်းကောင်း အသီးသီးဆက်ခံရမည်။

၄၇။ ဤဥပဒေအရ ပေးအပ်သော လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို သဘောရိုးဖြင့်ဆောင်ရွက်သည့်ကောင်စီဝင်များ၊ ကောင်စီက ဖွဲ့စည်းသော အဖွဲ့အစည်းတစ်ရပ်ရပ်မှ အဖွဲ့ဝင်များနှင့် ကြီးကြပ်ရေး အဖွဲ့ဝင်များကို တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်း မပြုရ။

၄၈။ အစိုးရဝန်ထမ်းမဟုတ်သော ကောင်စီဝင်များ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ကောင်စီကဖွဲ့စည်းသော အဖွဲ့အစည်းတစ်ရပ်ရပ်မှ အဖွဲ့ဝင်များနှင့် ကြီးကြပ်ရေးအဖွဲ့ဝင်များသည် ဤဥပဒေအရပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေချိန်တွင် ပြည်သူ့ဝန်ထမ်း ဖြစ်သည်ဟု မှတ်ယူရမည်။

၄၉။ ဤဥပဒေပါပြစ်မှုတစ်ရပ်ရပ်ဖြင့်တရားစွဲဆိုရာတွင်ဝန်ကြီးဌာနမှ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၅၀။ ဤဥပဒေဖြင့် ရုပ်သိမ်းသည့် သူနာပြုနှင့် သားဖွားဆိုင်ရာဥပဒေအရ ထုတ်ပေးထားသော မှတ်ပုံတင်လက်မှတ်နှင့် လိုင်စင်တို့သည် ယင်းတို့၏ သက်တမ်းကုန်ဆုံးသည့်နေ့အထိ အတည်ဖြစ်သည်ဟု မှတ်ယူရမည်။

၅၁။ ဤဥပဒေဖြင့် ရုပ်သိမ်းသည့် သူနာပြုနှင့်သားဖွားဆိုင်ရာ ဥပဒေအရ ထုတ်ပြန်ခဲ့သော လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များကို ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ဆက်လက်ကျင့်သုံးနိုင်သည်။

၅၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -
(က) ဝန်ကြီးဌာနသည်နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။
(ခ) ဝန်ကြီးဌာနနှင့် ကောင်စီသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၅၃။ သူနာပြုနှင့်သားဖွားဆိုင်ရာဥပဒေ(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၉/၉၀)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေပြဋ္ဌာန်း

**လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာကျန်းမာရေးစောင့်ရှောက်မှုဥပဒေ**
**( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၈ ။)**
**၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၂ ရက်**
**( ၂၀၁၅ ခုနှစ်၊ မေလ ၁၉ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်း** ဆိုသည်မှာ နိုင်ငံတော်အတွင်း လူဦးရေသိပ်သည်းမှု များပြားခြင်း၊ လူဦးရေတိုးပွားနှုန်းမြင့်တက်ခြင်းနှင့် ကလေးမွေးဖွားနှုန်းမြင့်မားခြင်းတို့ မဖြစ်စေရန် ထိန်းညှိခြင်းကို ဆိုသည်။

(ခ) **ကျန်းမာရေးစောင့်ရှောက်မှု** ဆိုသည်မှာ လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာကျန်းမာရေးစောင့်ရှောက်မှုကို ဆိုသည်။ ယင်းစကားရပ်တွင် အန္တရာယ်ကင်းသော မိခင်နှင့်ကလေးဘဝ ရရှိစေရန်သားဆက်ခြားခြင်း၊ ကိုယ်ဝန်ဆောင်စောင့်ရှောက်ခြင်း၊ ကလေးမွေးဖွားမှုဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်ခြင်း၊ သားပျက်သားလျှောမှုနှင့် ယင်းကြောင့် ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများကို ကာကွယ်ခြင်းနှင့် ယင်းတို့အတွက် အသိပညာပေးခြင်းများ ပါဝင်သည်။

(ဂ) **သားဆက်ခြားခြင်း** ဆိုသည်မှာ အိမ်ထောင်ရှင်မိခင်တစ်ဦး ကလေးမွေးဖွားပြီးနောက် အနည်းဆုံး ၃၆ လ ခြားပြီးမှ နောက်ထပ်ကလေးမွေးဖွားခြင်းကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ကျန်းမာရေးဝန်ကြီးဌာနကို ဆိုသည်။

(င) **ဦးစီးဌာန** ဆိုသည်မှာ ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် ဝန်ကြီးဌာနက သတ်မှတ်တာဝန်ပေးသော ဦးစီးဌာနတစ်ခုခုကို ဆိုသည်။

(စ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသောတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူဦးရေ တိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု အဖွဲ့ကို ဆိုသည်။ ယင်းစကားရပ်တွင် ပြည်ထောင်စုနယ်မြေ လူဦးရေ တိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့လည်း ပါဝင်သည်။

(ဆ) **မြို့နယ်အဖွဲ့** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော မြို့နယ်လူဦးရေ တိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု အဖွဲ့ကိုဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်အတွင်း ဆင်းရဲနွမ်းပါးမှုလျော့ကျပြီး လူနေမှုဘဝ မြင့်မားစေရေးအတွက် အထောက်အကူပြုနိုင်ရန်၊

(ခ) အရည်အသွေး ပြည့်မီသော ကျန်းမာရေးစောင့်ရှောက်မှု လုံလောက်စွာရရှိစေရန်၊

(ဂ) မိခင်နှင့်ကလေးများ၏ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဦးတည်၍ လူဦးရေ တိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်။

## အခန်း (၃)
## ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်မည့် ဒေသသတ်မှတ်ခြင်း

၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့်ပြည်ထောင်စုနယ်မြေအုပ်ချုပ်မှုအဖွဲ့တို့သည် မိမိတို့ဒေသအတွင်း လူဦးရေသိပ်သည်းမှု များပြားခြင်း၊ လူဦးရေတိုးပွားနှုန်း မြင့်တက်ခြင်း၊ ကလေးမွေးဖွားနှုန်းမြင့်မားခြင်း၊ မိခင်နှင့်ကလေးသေနှုန်းမြင့်မားခြင်းနှင့် ပြောင်းရွှေ့နေထိုင်မှုနှုန်းမြင့်မားခြင်းတို့ကြောင့် လူဦးရေနှင့်သယံဇာတအရင်းအမြစ် အချိုးညီမျှမှု မရှိခြင်း၊ လူမှုစီးပွားရေး အညွှန်းကိန်းများ နိမ့်ကျခြင်းနှင့်ဒေသတွင်း စားနပ်ရိက္ခာလုံလောက်မှု မရှိခြင်းတို့ ပေါ်ပေါက်ခြင်း ရှိ မရှိနှင့် နောင်တွင် ယင်းသို့ ပေါ်ပေါက်လာနိုင်ဖွယ် ရှိ မရှိ တို့ကို သုံးသပ်ရန် ကျွမ်းကျင်သူများ၏ အကူအညီရယူ၍ စစ်တမ်းကောက်ယူနိုင်သည်။

၅။ ပုဒ်မ ၄ ပါ အချက်များ ပေါ်ပေါက်ကြောင်းနှင့် နောင်တွင် ယင်းသို့ ပေါ်ပေါက်လာနိုင်ဖွယ်ရှိကြောင်းသုံးသပ်တွေ့ရှိပါက ပြည်ထောင်စုနယ်မြေ အုပ်ချုပ်မှုအဖွဲ့သည် နိုင်ငံတော်သမ္မတထံသို့လည်းကောင်း၊တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့သည် ပြည်ထောင်စုအစိုးရအဖွဲ့သို့လည်းကောင်း တင်ပြရမည်။

၆။ ပုဒ်မ ၅ အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုနယ်မြေအတွက်လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့သည် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွက်လည်းကောင်း ဤဥပဒေအရ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ရမည့် ဒေသအဖြစ် သီးခြားသတ်မှတ်၍ အမိန့်ကြော်ငြာစာ ထုတ်ပြန်နိုင်သည်။

၇။ ပုဒ်မ ၆ အရ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ရမည့်ဒေသအဖြစ် သတ်မှတ်လျှင်-

(က) ဝန်ကြီးဌာနသည် ယင်းဒေသများအတွက် မိမိ၏လုပ်ငန်းတာဝန်များကို စတင်ဆောင်ရွက်ရမည်။

(ခ) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အဖွဲ့ကို ဖွဲ့စည်း၍ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၈။ (က) ကျန်းမာရေးစောင့်ရှောက်မှုကို ဤဥပဒေအရ ဆက်လက်ဆောင်ရွက်ရန် မလိုအပ်ကြောင်းတွေ့ရှိရပါက ပြည်ထောင်စုနယ်မြေဖြစ်လျှင် ပြည်ထောင်စုနယ်မြေ အုပ်ချုပ်ရေးအဖွဲ့က နိုင်ငံတော်သမ္မတထံသို့ လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဖြစ်လျှင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က ပြည်ထောင်စုအစိုးရအဖွဲ့သို့ လည်းကောင်း တင်ပြရမည်။

(ခ) ပုဒ်မခွဲ (က) အရ တင်ပြချက်ကို လက်ခံရရှိပါက နိုင်ငံတော်သမ္မတ သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့သည် သက်ဆိုင်ရာကျန်းမာရေး စောင့်ရှောက်မှု ဆောင်ရွက်ရမည့် ဒေသအဖြစ် ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာကို ပြန်လည်ရုပ်သိမ်းနိုင်သည်။

## အခန်း (၄)
## ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များ

၉။ လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့သို့ အမျိုးသား ကျန်းမာရေး မူဝါဒနှင့်အညီ လိုအပ်သလို လမ်းညွှန်ခြင်း၊

(ခ) ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဆောင်ရွက်ရမည့် ဦးစီးဌာနများနှင့်ယင်းတို့၏ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(ဂ) ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့်ပြည်တွင်း ပြည်ပ စေတနာရှင်များထံမှ လှူဒါန်းမှုများကို လက်ခံခြင်း၊ အကူအညီရယူခြင်းနှင့် လက်ခံရရှိသော ဆေးဝါး၊ ငွေနှင့် ကျန်းမာရေး အထောက်အကူပြုပစ္စည်းများကို ထိရောက်စွာအသုံးပြုရန် စီမံဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဃ) လက်ခံရရှိသောဆေးဝါးများ အရည်အသွေးပြည့်မီခြင်း ရှိ မရှိနှင့် အသုံးပြုရန် သင့် မသင့် စစ်ဆေးခြင်း၊

(င) ကျန်းမာရေးစောင့်ရှောက်မှုအတွက် လိုအပ်သောဆေးဝါးနှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ ဖြန့်ဖြူးခြင်း၊

(စ) ကျန်းမာရေးစောင့်ရှောက်မှုကို အကောင်အထည်ဖော် ဆောင်ရွက်မည့်သူများ၏ အရည်အသွေး တိုးတက်မြင့်မားစေရန် စီမံဆောင်ရွက်ခြင်း၊

(ဆ) ကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုရေး၊ ယဉ်ကျေးမှု၊ စီးပွားရေးနှင့် လူဦးရေပြောင်းလဲမှု၊ လူဦးရေနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနှင့်အပြန်အလှန်ဆက်စပ်မှုကို သုတေသနပြုခြင်း။

## အခန်း (၅)
## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၁၀။ (က) ဤဥပဒေအရ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ရမည့်ဒေသနှင့် သက်ဆိုင်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် အောက်ဖော်ပြပါပုဂ္ဂိုလ်များ ပါဝင်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ကို ဖွဲ့စည်းရမည်-

(၁) လူမှုရေးဝန်ကြီး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ — ဥက္ကဋ္ဌ
(၂) ဦးစီးဌာနမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာန — ဒုတိယဥက္ကဋ္ဌ
(၃) ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အဖွဲ့ဝင်
(၄) ပညာရေးမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပညာရေးမှူးရုံး — အဖွဲ့ဝင်
(၅) ဦးစီးဌာနမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန — အဖွဲ့ဝင်
(၆) ဦးစီးမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှူးရုံး — အဖွဲ့ဝင်
(၇) ဆေးရုံအုပ်ကြီး၊ တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ် ပြည်သူ့ဆေးရုံကြီး — အဖွဲ့ဝင်
(၈) သားဖွားနှင့် မီးယပ်အထူးကု ဆရာဝန်ကြီး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပြည်သူ့ဆေးရုံကြီး — အဖွဲ့ဝင်
(၉) ကလေးအထူးကုဆရာဝန်ကြီး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပြည်သူ့ဆေးရုံကြီး — အဖွဲ့ဝင်
(၁၀) ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ — အဖွဲ့ဝင်
(၁၁) ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ — အဖွဲ့ဝင်
(၁၂) ကိုယ်စားလှယ်တစ်ဦး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အသင်းခွဲ၊ မြန်မာနိုင်ငံဆရာဝန်အသင်း — အဖွဲ့ဝင်
(၁၃) အုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန — အဖွဲ့ဝင်
(၁၄) ဦးစီးဌာနမှူးများ၊ သက်ဆိုင်ရာခရိုင်ပြည်သူ့ကျန်းမာရေး ဦးစီးဌာန — အဖွဲ့ဝင်
(၁၅) ဒုတိယဦးစီးဌာနမှူး၊ တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန — အတွင်းရေးမှူး

(ခ) ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်သည် ပြည်ထောင်စုနယ်မြေအတွက် လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ ဖွဲ့စည်းခြင်းနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၁၁။ ပြည်ထောင်စုနယ်မြေ အုပ်ချုပ်မှုအဖွဲ့သည် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေအတွက်ပြည်ထောင်စုနယ်မြေ လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ကို သင့်လျော်သလို ဖွဲ့စည်းဆောင်ရွက်နိုင်သည်။

၁၂။ လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဝန်ကြီးဌာန၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့နှင့် ပြည်ထောင်စုနယ်မြေအုပ်ချုပ်မှုအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

(ခ) မြို့နယ်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်းနှင့်ဆန်းစစ်ခြင်း၊

(ဂ) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဃ) ဝန်ကြီးဌာနကဖြန့်ဝေသော ဆေးဝါးနှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများကို လက်ခံရယူခြင်း၊ ဖြန့်ဖြူးခြင်းနှင့် မှတ်တမ်းပြုစုခြင်း၊

(င) ပြည်တွင်းပြည်ပ စေတနာရှင်များထံမှ လှူဒါန်းမှုများကို လက်ခံခြင်း၊ အကူအညီရယူခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် လက်ခံရရှိသော ဆေးဝါး၊ ငွေနှင့် ကျန်းမာရေး အထောက်အကူပြုပစ္စည်းများကို ထိရောက်စွာအသုံးပြုရန် စီမံဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(စ) ကျန်းမာရေးစောင့်ရှောက်မှုပေးသူများအတွက် သင်တန်းများ ဖွင့်လှစ်ပို့ချနိုင်ရန် စီမံဆောင်ရွက်ခြင်း၊

(ဆ) ကျန်းမာရေးစောင့်ရှောက်မှု ခံယူရမည့်သူများ လိုက်နာရန်အချက်များ သတ်မှတ်ခြင်းနှင့် ကျန်းမာရေးအသိပညာ တိုးတက်လာစေရေးအတွက် ဆောင်ရွက်ခြင်း၊

(ဇ) ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်စေရေးအတွက် သတင်းအချက်အလက် ဖြန့်ဖြူးခြင်းနှင့် အသိပညာပေးခြင်း၊

(ဈ) ဝန်ကြီးဌာန၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့နှင့်ပြည်ထောင်စုနယ်မြေ အုပ်ချုပ်မှုအဖွဲ့တို့က အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း (၆)
## မြို့နယ်အဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၁၃။ ဤဥပဒေအရ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ရမည့်ဒေသနှင့် သက်ဆိုင်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့သည် သက်ဆိုင်ရာ မြို့နယ်အတွက် အောက်ဖော်ပြပါပုဂ္ဂိုလ်များပါဝင်သော မြို့နယ်လူဦးရေ တိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ကို ဖွဲ့စည်းရမည် -

(က) အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — ဥက္ကဋ္ဌ
(ခ) ဦးစီးဌာနမှူး၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန — ဒုတိယဥက္ကဋ္ဌ
(ဂ) ဦးစီးဌာနမှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန — အဖွဲ့ဝင်
(ဃ) မြို့နယ်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးရုံး — အဖွဲ့ဝင်
(င) ဥက္ကဋ္ဌ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ — အဖွဲ့ဝင်
(စ) ဥက္ကဋ္ဌ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း — အဖွဲ့ဝင်
(ဆ) အတွင်းရေးမှူး၊ မြို့နယ်ကြက်ခြေနီအသင်း — အဖွဲ့ဝင်
(ဇ) ဥက္ကဋ္ဌ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ — အဖွဲ့ဝင်
(ဈ) သက်ဆိုင်ရာမြို့နယ်မှ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ဆရာဝန်တစ်ဦး — အဖွဲ့ဝင်
(ည) မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်တစ်ဦး — အတွင်းရေးမှူး

၁၄။ လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုနှင့် စပ်လျဉ်း၍ မြို့နယ်အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ) မြို့ပြနှင့် ကျေးလက်ဒေသတွင် နေထိုင်သူများအတွက် အရည်အသွေးပြည့်မီသည့် ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်များကို ဆောင်ရွက်ခြင်း၊

**စာမျက်နှာ ၅ သို့**

# ပြည်တွင်းရေကြောင်းသွားရေယာဉ်ဥပဒေပြဋ္ဌာန်း

**ပြည်တွင်းရေကြောင်းသွားရေယာဉ်ဥပဒေ**
**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၉ ။)**
**၁၃၇၇ ခုနှစ်၊ နယုန်လဆန်း၂ ရက်**
**( ၂၀၁၅ ခုနှစ်၊ မေလ၁၉ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်၊ အဓိပ္ပာယ်ဖော်ပြချက်နှင့် သက်ဆိုင်ခြင်း**

၁။ ဤဥပဒေကို ပြည်တွင်းရေကြောင်းသွားရေယာဉ် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ရေယာဉ်** ဆိုသည်မှာ ခရီးသည်နှင့်ကုန်စည်တစ်မျိုးမျိုးကိုဖြစ်စေ၊ နှစ်မျိုးလုံးကိုဖြစ်စေပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သော ရေယာဉ်တစ်မျိုးမျိုးကိုသော်လည်းကောင်း၊ ပြည်တွင်းရေကြောင်း၌ လုပ်ငန်းတစ်ခုခုကို ဆောင်ရွက်သော ရေယာဉ်တစ်မျိုးမျိုးကိုသော်လည်းကောင်းဆိုသည်။ ယင်းစကားရပ်တွင် တွဲတွန်း၊တွဲဆွဲရေယာဉ်များသည် လည်းကောင်း၊ စက်မဲ့ကုန်တွဲ၊ ရေနံတွဲနှင့် ရေတွင်ပေါ်သောအခြားတွဲများသည်လည်းကောင်း၊ လေကူရှင်သုံးရေယာဉ်၊ အပျော်စီးရေယာဉ်၊ ဖောင်နှင့်ရွက်လှေများသည်လည်းကောင်းပါဝင်သည်။

(ဂ) **ပြည်တွင်းရေကြောင်း** ဆိုသည်မှာ နိုင်ငံတော်အတွင်းရေယာဉ်သွားလာနိုင်သော မြစ်၊ ချောင်း၊ တူးမြောင်း၊အင်းသို့မဟုတ် ရေကန်ကို ဆိုသည်။ ယင်းစကားရပ်တွင် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍သတ်မှတ်သည့် အခြားရေပြင်ဧရိယာတစ်ခုခုလည်းပါဝင်သည်။

(ဃ) **ရေယာဉ်ပိုင်ရှင်** ဆိုသည်မှာ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသော သို့မဟုတ် မှတ်ပုံတင်ရန် တာဝန်ရှိသောရေယာဉ်ကို ပိုင်ဆိုင်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။ ယင်းစကားရပ်တွင် ရေယာဉ်ပိုင်ရှင်က လွှဲအပ်တာဝန်ပေးထားသော မန်နေဂျာ သို့မဟုတ် ကိုယ်စားလှယ်တို့ ပါဝင်သည်။

(င) **တိုင်းတာစစ်ဆေးရေးမှူး** ဆိုသည်မှာ ရေယာဉ်ကို တိုင်းတာစစ်ဆေးရန်ဤဥပဒေအရတာဝန်ပေးအပ်ထားသူကိုဆိုသည်။

(စ) **စစ်ဆေးရေးအရာရှိ** ဆိုသည်မှာ ပြည်တွင်းရေကြောင်းသွားရေယာဉ်များအတွက် ဤဥပဒေပါပြဋ္ဌာန်းချက်များအရ လိုအပ်ချက်များကိုစစ်ဆေးရန် ဤဥပဒေအရ တာဝန်ပေးအပ်ထားသူကို ဆိုသည်။

(ဆ) **ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်းလက်မှတ်** ဆိုသည်မှာ ရေယာဉ်အန္တရာယ်ကင်းရှင်းစေရန် ဤဥပဒေနှင့်အညီလိုအပ်သည့် တည်ဆောက်မှု၊ တပ်ဆင်မှုနှင့်ထိန်းသိမ်းမှုများကို တိုင်းတာစစ်ဆေးအတည်ပြုထားသည့်အထောက်အထားသက်သေခံလက်မှတ်ကိုဆိုသည်။

(ဇ) **တိုင်းတာစစ်ဆေးခြင်းအစီရင်ခံစာ** ဆိုသည်မှာ ရေယာဉ်ကို တိုင်းတာစစ်ဆေးတွေ့ရှိမှုအခြေအနေကို ဖော်ပြသော အစီရင်ခံစာကို ဆိုသည်။

(ဈ) **အမြန်ရေယာဉ်** ဆိုသည်မှာ အောက်ပါရေယာဉ်တစ်မျိုးမျိုးကို ဆိုသည် -

(၁) ပြည်တွင်းရေကြောင်းအတွင်း တစ်နာရီရေမိုင် ၁၅ မိုင်နှုန်းနှင့်အထက်မောင်းနှင်နိုင်သော ရေယာဉ်၊

(၂) ရေယာဉ်အလျားနှင့် ဗြက်အချိုးသည် ၇ နှင့်အထက်ရှိပြီး တစ်နာရီရေမိုင် ၁၂ မိုင်နှုန်းနှင့်အထက် မောင်းနှင်နိုင်သော ရေယာဉ်၊

(၃) ရေမျက်နှာပြင်ပေါ်တွင် ရှပ်ပြီး လှုပ်ရှားသွားလာနိုင်သော ရေယာဉ်၊

(၄) ရေယာဉ်၏ အစိတ်အပိုင်းတစ်ခုခုသည် ရေပြင်နှင့်ထိစပ်၍သော်လည်းကောင်း၊ ရေပြင်မှကင်းလွတ်၍သော်လည်းကောင်း မောင်းနှင်နိုင်သောရေယာဉ်။

(ည) **ပတ်ဝန်းကျင်ညစ်ညမ်းမှု** ဆိုသည်မှာ ပြည်တွင်းရေကြောင်းတွင် ပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိခိုက်ပျက်စီးစေမှု သို့မဟုတ် ညစ်ညမ်းစေမှုကိုသော်လည်းကောင်း၊ ရေထု၊လေထုပတ်ဝန်းကျင်ရှိ သက်ရှိသက်မဲ့တို့၏ဖြစ်စဉ်အပေါ် ထိခိုက်ပျက်စီးစေမှု၊ ဆုံးရှုံးနစ်နာစေမှု၊ ပြောင်းလဲစေမှု သို့မဟုတ် သက်ရောက်စေမှုကိုသော်လည်းကောင်းဆိုသည်။

(ဋ) **ခရီးစဉ်** ဆိုသည်မှာ ပြည်တွင်းရေကြောင်းသွားရေယာဉ် ထွက်ခွာမည့်နေရာမှ ရောက်ရှိလိုသည့်နေရာအကြား ခရီးလမ်းကြောင်းတစ်လျှောက်ကိုဆိုသည်။ ယင်းစကားရပ်တွင် ရေယာဉ်ရပ်နားသည့်နေရာများလည်းပါဝင်သည်။

(ဌ) **ဝန်တင်မျဉ်း** ဆိုသည်မှာ ရေယာဉ်တွင် တင်ဆောင်သည့် ကုန်စည်များ၏ ဝန်အလေးချိန်အတွက် ဝန်တင်မျဉ်းဆိုင်ရာသတ်မှတ်ချက်များနှင့်အညီ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက သတ်မှတ်ပေးထားသည့် စည်းမျဉ်းများအရ ရေယာဉ်၏ကိုယ်ထည်တွင် ရေးဆွဲမှတ်သားထားသည့် ဝန်တင်မျဉ်းအမှတ်အသားကို ဆိုသည်။

(ဍ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးဝန်ကြီးဌာနကိုဆိုသည်။

(ဎ) **ဦးစီးဌာန** ဆိုသည်မှာ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကို ဆိုသည်။

(ဏ) **ရေယာဉ်အုပ်** ဆိုသည်မှာ သက်ဆိုင်ရာ ရေယာဉ်တွင် ရေယာဉ်ကို ကြီးကြပ်အုပ်ချုပ်သူ၊ ရေယာဉ်အား ဦးစီးမောင်းနှင်ခြင်းတွင် အဓိကတာဝန် အရှိဆုံးသူကို ဆိုသည်။

(တ) **စက်ခန်းအုပ်** ဆိုသည်မှာ သက်ဆိုင်ရာ ရေယာဉ်တွင် ရေယာဉ်၏ စက်ခန်းပိုင်းဆိုင်ရာကြီးကြပ်အုပ်ချုပ်သူ၊ အင်ဂျင်နီယာသို့မဟုတ် စက်များကို ထိန်းသိမ်းမောင်းနှင်ခြင်းတွင် အဓိက တာဝန်အရှိဆုံးသူကို ဆိုသည်။

(ထ) **ရေယာဉ်ဝန်ထမ်း** ဆိုသည်မှာ ရေယာဉ်အုပ်မှအပ ဤဥပဒေနှင့် သက်ဆိုင်သောရေယာဉ်ပေါ်တွင် အလုပ်လုပ်ကိုင်သူ သို့မဟုတ် ရေယာဉ်ပိုင်ရှင်၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်သူတစ်ဦးဦး ကို ဆိုသည်။

(ဒ) **ရေယာဉ်တည်ဆောက်ခြင်းဆိုင်ရာလိုင်စင်** ဆိုရာတွင် ဤဥပဒေကို လိုက်နာ၍တည်ဆောက်ရမည့် ရေယာဉ်များနှင့်စပ်လျဉ်း၍ ရေယာဉ်ပုံစံထုတ်ခြင်းနှင့် ရေးဆွဲခြင်း၊ဝန်တင်မျဉ်းတွက်ချက်ခြင်း၊ လုံးပေါင်းတန်ချိန် တွက်ချက်ခြင်း၊ ရေယာဉ်တည်ငြိမ်မှုတွက်ချက်ခြင်း၊ ရေယာဉ်ကိုယ်ထည်ကြံ့ခိုင်မှုတွက်ချက်ခြင်း၊ ရေယာဉ်တည်ဆောက်ခြင်း၊ ရေယာဉ်တည်ဆောက်ခြင်းဆိုင်ရာ အတိုင်ပင်ခံဆောင်ရွက်ခြင်းနှင့် အခြားသောရေယာဉ်၏ အင်ဂျင်နီယာဆိုင်ရာ လုပ်ငန်းကိစ္စရပ်များဆောင်ရွက်လိုသူအား ဦးစီးဌာနက ထုတ်ပြန်သော စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ စစ်ဆေးပြီး ထုတ်ပေးသော အသိအမှတ်ပြုလက်မှတ်တစ်ခုခုကိုဆိုသည်။

(ဓ) **ကုန်စည်** ဆိုရာတွင်ရေယာဉ်ဖြင့် သယ်ယူပို့ဆောင်သည့် ခရီးသည်မှ လွှဲ၍ သက်ရှိ၊ သက်မဲ့ကုန်ပစ္စည်းအားလုံးပါဝင်သည်။

၃။ ဤဥပဒေသည် နိုင်ငံတော်၏ ပြည်တွင်းရေကြောင်းတွင် သွားလာသည့် မြန်မာသင်္ဘောများမှတ်ပုံတင်ဥပဒေအရ မှတ်ပုံတင်ထားသော သို့မဟုတ် မှတ်ပုံတင်ရန် တာဝန်ရှိသော ရေယာဉ်၊ပြည်တွင်းရေကြောင်းသို့ ခေတ္တဝင်ရောက်လာသော နိုင်ငံခြားရေယာဉ်နှင့်သက်ဆိုင်စေရမည်။ သို့ရာတွင် အောက်ပါရေယာဉ်တို့နှင့် သက်ဆိုင်ခြင်းမရှိစေရ -

(က) စစ်ရေယာဉ်၊

(ခ) ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသော ရေယာဉ်။

**အခန်း(၂)**
**ရေယာဉ်များကိုတိုင်းတာစစ်ဆေးခြင်းနှင့်**
**ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်းလက်မှတ် ထုတ်ပေးခြင်း**

၄။ ဝန်ကြီးဌာနသည် ရေယာဉ်တိုင်းတာစစ်ဆေးခြင်းနှင့်ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ စည်းကမ်းချက်များ သတ်မှတ်ရမည်။

၅။ ဦးစီးဌာနသည် -

(က) ရေယာဉ်များအား တိုင်းတာစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် သင့်လျော်သော နေရာဒေသများကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ကြေညာထားရမည်။

(ခ) ပုဒ်မခွဲ(က)အရသတ်မှတ်သောနေရာဒေသများတွင် လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်ဦးစီးဌာနမှသက်ဆိုင်ရာအရာရှိများကို တိုင်းတာစစ်ဆေးရေးမှူးများနှင့် စစ်ဆေးရေးအရာရှိများအဖြစ် ခန့်အပ်တာဝန်ပေးရမည်။

(ဂ) လိုအပ်ပါက ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ရေယာဉ်တိုင်းတာစစ်ဆေးခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းကိစ္စများကို ဆောင်ရွက်ရန်အတွက် ဦးစီးဌာန၏ကိုယ်စားဆောင်ရွက်မည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကို စည်းကမ်းချက်များသတ်မှတ်၍ တာဝန်ပေးအပ်နိုင်သည်။

(ဃ) ရေယာဉ်များတိုင်းတာစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်းလက်မှတ်ထုတ်ပေးရန် ခွင့်ပြုနိုင်သည့် ရေယာဉ်အတန်းအစားများနှင့် အရေအတွက်တို့ကိုအမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ကြေညာနိုင်သည်။ **စာမျက်နှာ ၆ သို့**

**စာမျက်နှာ ၄ မှ**

(ဂ) ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဆေးဝါးနှင့် အထောက်အကူပြုပစ္စည်းများကို ပြည်သူများအား အခမဲ့ဖြန့်ဝေခြင်း၊

(ဃ) ကျန်းမာရေးစောင့်ရှောက်မှုပေးသူများအတွက် သင်တန်းများ ဖွင့်လှစ်ခြင်း၊

(င) အိမ်ထောင်ရှင်ဇနီးမောင်နှံများအား ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အသိပညာပေးခြင်းနှင့် နှစ်သိမ့်ဆွေးနွေးခြင်း၊

(စ) မိခင်နှင့်ကလေးများ၏ ကျန်းမာရေးတိုးတက်စေရေးအတွက် အိမ်ထောင်ရှင်ဇနီးမောင်နှံများကို သားဆက်ခြားခြင်း နည်းလမ်းများကို ကျင့်သုံးစေရန် ပညာပေးစည်းရုံးဆောင်ရွက်ခြင်း၊

(ဆ) ပျိုရွယ်သူမျိုးပွားကျန်းမာရေးဖွံ့ဖြိုးရေးဆိုင်ရာ သတင်းအချက်အလက်များကို လူငယ်လူရွယ်များ သိရှိလက်လှမ်းမီစေရေးအတွက် ဆောင်ရွက်ခြင်း၊

(ဇ) သားဆက်ခြားခြင်းနှင့်ဆိုင်သော သတင်းအချက်အလက်များကို အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် အသိပညာပေးခြင်း၊

(ဈ) လျှုဒါန်းသော ငွေ၊ ဆေးဝါးနှင့်ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ လက်ခံခြင်း၊ စနစ်တကျသုံးစွဲခြင်းနှင့် မှတ်တမ်းများထားရှိခြင်း၊

(ည) လုပ်ငန်းဆောင်ရွက်ချက်များကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့သို့ လစဉ်အစီရင်ခံစာတင်ပြခြင်း၊

(ဋ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့က အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

**အခန်း (၇)**
**အထွေထွေ**

၁၅။ ဝန်ကြီးဌာနသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့နှင့်မြို့နယ်အဖွဲ့များ၏ ကုန်ကျစရိတ်များကို ကျခံရမည်။

၁၆။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အဖွဲ့၏ ရုံးလုပ်ငန်းများကို ဆောင်ရွက်ရန် သင့်လျော်သော ဝန်ထမ်းများဖြင့် ရုံးအဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် မြို့နယ်အဖွဲ့၏ ရုံးလုပ်ငန်းများကို ဆောင်ရွက်ရန် သင့်လျော်သော ဝန်ထမ်းများဖြင့် ရုံးအဖွဲ့ကို ဖွဲ့စည်းရမည်။

၁၇။ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေသော ကျန်းမာရေး စောင့်ရှောက်မှုပေးသူများကို ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၁၈။ ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်သော အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းများက ပူးပေါင်းကူညီဆောင်ရွက်ရမည်။

၁၉။ ဤဥပဒေအရ လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ခြင်းသည် ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ရမည့် ဒေသမဟုတ်သော တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေတွင် ဝန်ကြီးဌာနက ဆောင်ရွက်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ခြင်းနှင့် မသက်ဆိုင်စေရ။

၂၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ပြည်ထောင်စုနယ်မြေအုပ်ချုပ်မှုအဖွဲ့နှင့် ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

စာမျက်နှာ ၅ မှ

၆။ ဦးစီးဌာနသည် အမြန်ရေယာဉ်များအတွက် ပြေးဆွဲခြင်းဆိုင်ရာကိစ္စရပ်များ၊ အန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးဆိုင်ရာ ဆောင်ရွက်ရမည့်အချက်များအားသတ်မှတ်ကြေညာပေးရမည်။

၇။ (က) တိုင်းတာစစ်ဆေးခြင်းခံယူရမည့် ရေယာဉ်၏ပိုင်ရှင် သို့မဟုတ် ရေယာဉ်အုပ်သည်သတ်မှတ်ထားသည့် တိုင်းတာစစ်ဆေးမှုစရိတ်နှင့် အခကြေးငွေများကို ဦးစီးဌာနသို့ ကြိုတင်ပေးသွင်းရမည်။

(ခ) ရေယာဉ်များတိုင်းတာစစ်ဆေးမှုခံယူရန် သတ်မှတ်ကြေညာထားသော ဆိပ်ကမ်းနေရာနှင့်အချိန်ဇယားအတွင်းမှအပ ရေယာဉ်ပိုင်ရှင်၏တောင်းဆိုချက်အရ သွားရောက်တိုင်းတာစစ်ဆေးရလျှင် ကုန်ကျစရိတ်များကို တိုင်းတာစစ်ဆေးခြင်းခံယူသည့်ရေယာဉ်၏ပိုင်ရှင်က ကျခံရမည်။

၈။ (က) ရေယာဉ်ပိုင်ရှင်သည် သက်ဆိုင်ရာ တည်ဆဲဥပဒေအရ ရေယာဉ်ကို မှတ်ပုံတင်ခြင်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် လုပ်ငန်းလိုင်စင်ရယူခြင်းမပြုမီ ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်ထုတ်ပေးရန် ဦးစီးဌာနသို့ လျှောက်ထားရမည်။

(ခ) တိုင်းတာစစ်ဆေးရေးမှူးသည် ပုဒ်မခွဲ (က)အရ လျှောက်ထားချက်ကို စိစစ်ပြီး ရေယာဉ်အား သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့် ညီညွတ်မှု ရှိ မရှိ တိုင်းတာစစ်ဆေးပြီး -

(၁) သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်ညီညွတ်ပါက ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်ထုတ်ပေးသင့်ကြောင်း သဘောထားမှတ်ချက်ဖြင့် တိုင်းတာစစ်ဆေးခြင်း အစီရင်ခံစာကို ဦးစီးဌာနသို့ တင်ပြရမည်။

(၂) သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်ညီညွတ်မှုမရှိပါက လိုအပ်ချက်များပြုပြင်ပြီး ပြန်လည်တင်ပြရန် တိုင်းတာစစ်ဆေးခြင်းအစီရင်ခံစာမိတ္တူကိုရေယာဉ်ပိုင်ရှင်ထံသို့ ပေးပို့ရမည်။ ရေယာဉ်ပိုင်ရှင်က လိုအပ်ချက်များပြုပြင်ပြီး ပြန်လည်တင်ပြလာသည့်အခါ ထပ်မံ၍တိုင်းတာစစ်ဆေးမှုများပြုလုပ်ပြီး သတ်မှတ်ထားသောစံချိန်စံညွှန်းများနှင့် ညီညွတ်ပါက ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်ထုတ်ပေးသင့်ကြောင်းသဘောထားမှတ်ချက်ဖြင့် တိုင်းတာစစ်ဆေးခြင်းအစီရင်ခံစာကို ဦးစီးဌာနသို့ တင်ပြရမည်။

၉။ တိုင်းတာစစ်ဆေးရေးမှူးသည် -

(က) ရေယာဉ်အား တိုင်းတာစစ်ဆေးမှုပြုလုပ်ပြီး ပြုပြင်ဆောင်ရွက်ရန်လိုအပ်ချက်များ ဆောင်ရွက်ဆဲကာလ၌ထိုလိုအပ်ချက်များသည် ရေယာဉ်ခုတ်မောင်းသွားလာခြင်းကိုထိခိုက်စေသည့် အကြောင်းကိစ္စရပ်များမဟုတ်သည့် အခြေအနေမျိုးတွင် ရေယာဉ်ပိုင်ရှင်အားစည်းကမ်းချက်များသတ်မှတ်၍ သက်တမ်း ၃ လထက်မပိုသော ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း ယာယီလက်မှတ်ကိုတစ်ကြိမ်ထုတ်ပေးနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ထုတ်ပေးသော ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်းယာယီလက်မှတ်သက်တမ်းမကုန်မီ ထပ်မံ၍တိုင်းတာစစ်ဆေးမှုများပြုလုပ်ပြီး သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့် ညီညွတ်ပါက ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်ထုတ်ပေးသင့်ကြောင်း သဘောထားမှတ်ချက်ဖြင့် တိုင်းတာစစ်ဆေးခြင်းအစီရင်ခံစာကို ဦးစီးဌာနသို့ တင်ပြရမည်။

၁၀။ (က) ဦးစီးဌာနသည် ပုဒ်မ ၈ သို့မဟုတ်ပုဒ်မ ၉၊ ပုဒ်မခွဲ(ခ)အရ တင်ပြသည့် တိုင်းတာစစ်ဆေးရေးမှူး၏စစ်ဆေးခြင်းအစီရင်ခံစာကို စိစစ်ပြီး လိုအပ်ပါက စည်းကမ်းချက်များသတ်မှတ်၍ ရေယာဉ်ပိုင်ရှင်အား ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်းလက်မှတ်ကို ထုတ်ပေးခြင်းသို့မဟုတ် ဆောင်ရွက်ရန်လိုအပ်ချက်ရှိပါက ထုတ်ပေးရန်ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်သက်တမ်းသည် ထုတ်ပေးသည့်နေ့မှစ၍ တစ်နှစ်ထိသတ်မှတ်နိုင်သည်။

၁၁။ (က) မည်သည့်ရေယာဉ်ပိုင်ရှင်နှင့်ရေယာဉ်အုပ်မျှ ပြည်တွင်းရေကြောင်းတွင် သက်တမ်းရှိရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်သို့မဟုတ် ယာယီလက်မှတ်မပါရှိလျှင်သော်လည်းကောင်း၊ အဆိုပါလက်မှတ်သည် အသုံးပြုမည့်ခရီးစဉ်၊ လုပ်ငန်းနှင့်အကျုံးဝင်မှုမရှိလျှင်သော်လည်းကောင်း ပြည်တွင်းရေကြောင်းသွားခရီးစဉ်သို့မဟုတ် လုပ်ငန်းတွင် အသုံးပြုခြင်း သို့မဟုတ် ခုတ်မောင်းသွားလာခြင်းမပြုရ။

(ခ) ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်သည် ပြည်တွင်းရေကြောင်းသွားရေယာဉ်၏ ခရီးစဉ်တစ်ခုအတွင်း လမ်းခရီးကြားကာလတွင် ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်းလက်မှတ် သက်တမ်းကုန်ဆုံးသွားသည့်အခါ ထိုသို့ကုန်ဆုံးသည့်နေ့မှသက်တမ်းတိုးမြှင့်ပေးရန် ပြန်လည်စစ်ဆေးမှုခံယူနိုင်မည့်နေရာသို့ ရောက်ချိန်အထိ ရေယာဉ်ကို အသုံးပြုခြင်း သို့မဟုတ် ခုတ်မောင်းသွားလာခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။ သို့ရာတွင် အဆိုပါကြားကာလမှာ ရက်ပေါင်း ၆၀ ထက်မပိုစေရ။

၁၂။ တိုင်းတာစစ်ဆေးရေးမှူးသည် -

(က) ရေယာဉ်များကြံ့ခိုင်ရေးနှင့် အန္တရာယ်ကင်းရှင်းရေးအလို့ငှာ ပြည်တွင်းရေကြောင်းသွားရေယာဉ်ပေါ်သို့ တက်ရောက်၍ သင့်လျော်သည့်အချိန်တွင် ရေယာဉ်ကိုယ်ထည်၊ အင်ဂျင်နှင့် အခြားစက်ပစ္စည်းများကို တိုင်းတာစစ်ဆေးခြင်း၊ ရေယာဉ်ပေါ်ရှိ မည်သည့်နေရာကိုမဆို ဝင်ရောက်စစ်ဆေးခြင်းနှင့်စာရွက်စာတမ်းအထောက်အထားများကို စစ်ဆေးခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ဆောင်ရွက်ရာတွင် ရေယာဉ်၏ ကုန်တင်ကုန်ချခြင်းဆောင်ရွက်မှုကိုမလိုအပ်ဘဲ ဟန့်တားမှုနှင့်နှောင့်နှေးကြန့်ကြာမှုများဖြစ်စေခြင်း သို့မဟုတ် ကြိုတင်သတ်မှတ်ထားသည့်အချိန်အတိုင်း ထွက်ခွာရမည့် ပြည်တွင်းရေကြောင်းခရီးစဉ်ကို ထိခိုက်ကြန့်ကြာစေခြင်းများ မဖြစ်စေရ။

၁၃။ စစ်ဆေးရေးအရာရှိသည် -

(က) ရေယာဉ်တွင် သက်တမ်းရှိရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်းလက်မှတ်နှင့် ရေယာဉ်အုပ်၊ စက်ခန်းအုပ်တို့၏ သတ်မှတ်ထားသောကျွမ်းကျင်မှုလက်မှတ်များ ရှိ မရှိကိုလည်းကောင်း၊ ရေယာဉ်၏စက်ပစ္စည်းကိရိယာများကောင်းမွန်မှု ရှိ မရှိနှင့်ကုန်စည်များကို ဝန်တင်မျဉ်းဆိုင်ရာသတ်မှတ်ချက်များနှင့်အညီ တင်ဆောင်ထားခြင်း ရှိ မရှိတို့နှင့် စာရွက်စာတမ်းအထောက်အထားများကို လည်းကောင်း သင့်လျော်သည့်အချိန်တွင် ရေယာဉ်ပေါ်သို့ တက်ရောက်စစ်ဆေးနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ ဆောင်ရွက်ရာတွင် ရေယာဉ်၏ကုန်တင်ကုန်ချခြင်းဆောင်ရွက်မှုကိုမလိုအပ်ဘဲ ဟန့်တားမှုနှင့်နှောင့်နှေးကြန့်ကြာမှုများဖြစ်စေခြင်း သို့မဟုတ် ကြိုတင်သတ်မှတ်ထားသည့် အချိန်အတိုင်း ထွက်ခွာရမည့် ပြည်တွင်းရေကြောင်းခရီးစဉ်ကိုထိခိုက်ကြန့်ကြာစေခြင်းများ မဖြစ်စေရ။

၁၄။ ရေယာဉ်ပိုင်ရှင်၊ ရေယာဉ်အုပ်နှင့် ရေယာဉ်ဝန်ထမ်းများသည်တိုင်းတာစစ်ဆေးရေးမှူးကတိုင်းတာစစ်ဆေးခြင်း ဆောင်ရွက်ရာတွင်လည်းကောင်း၊ စစ်ဆေးရေးအရာရှိက စစ်ဆေးခြင်းဆောင်ရွက်ရာတွင်လည်းကောင်း လိုအပ်သော အကူအညီများပေးခြင်း၊ တိုင်းတာစစ်ဆေးခြင်းနှင့်စစ်ဆေးခြင်းများ လွယ်ကူချောမွေ့စေရန် လိုအပ်သည့်အထောက်အကူပစ္စည်းများနှင့်ရေယာဉ်၏ သက်ဆိုင်ရာသတင်းအချက်အလက်များကို ဖြည့်ဆည်းပေးခြင်းများ ဆောင်ရွက်ပေးရမည်။

၁၅။ ရေယာဉ်ပိုင်ရှင်နှင့် ရေယာဉ်အုပ်တို့သည် ဦးစီးဌာနမှခွင့်ပြုပြီးသော ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်းလက်မှတ်ကိုလက်ခံရရှိပါက ရေယာဉ်အသုံးပြုစဉ်ကာလအတွင်း အဆိုပါလက်မှတ်၏မူရင်းခွဲမိတ္တူကို ရေယာဉ်ပေါ်တွင် လူအများအလွယ်တကူမြင်နိုင်သောနေရာ၌ ထိုလက်မှတ်သက်တမ်းကုန်ဆုံးသည့်အချိန်အထိ ချိတ်ဆွဲပြသထားရမည်။

၁၆။ ဦးစီးဌာနသည် -

(က) ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားခြင်း၊ သက်တမ်းတိုးမြှင့်ပေးခြင်း၊ ထိုလက်မှတ်ကို ရပ်ဆိုင်းခြင်း၊ ဖျက်သိမ်းခြင်းတို့နှင့် စပ်လျဉ်း၍သတ်မှတ်ချက်များ ထုတ်ပြန်ဆောင်ရွက်ရမည်။

(ခ) ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်ထုတ်ပေးထားသော ရေယာဉ်သည်သတ်မှတ်ထားသောစံချိန်ညီညွတ်မှုမရှိတော့လျှင်သော်လည်းကောင်း၊ ရေယာဉ်ပိုင်ရှင်ကသတ်မှတ်ထားသောစည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း ထုတ်ပေးထားသော ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်ကို ကာလသတ်မှတ်၍ ရပ်ဆိုင်းခြင်း သို့မဟုတ် ဖျက်သိမ်းခြင်း ပြုနိုင်သည်။

(ဂ) ခရီးသည်နှင့်ကုန်စည်များကိုရေယာဉ်တွင်သတ်မှတ်ထားသော ဝန်တင်မျဉ်းမြုပ်သည်အထိ တင်ဆောင်သောရေယာဉ်၏ ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်ကို အနည်းဆုံး ၃ လ မှ ၆ လအထိ ရပ်ဆိုင်းခြင်းပြုနိုင်သည်။

၁၇။ ရေယာဉ်ပိုင်ရှင်နှင့် ရေယာဉ်အုပ်တို့သည် ရပ်ဆိုင်းထားသော သို့မဟုတ် ဖျက်သိမ်းပြီးသောရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်းလက်မှတ်ကို ရပ်ဆိုင်းသည့်နေ့ သို့မဟုတ် ဖျက်သိမ်းသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဦးစီးဌာနသို့ ပြန်လည်အပ်နှံရမည်။

## အခန်း (၃)
## ရေယာဉ်အုပ်နှင့် စက်ခန်းအုပ်များ၏ ကျွမ်းကျင်မှုလက်မှတ်များ

၁၈။ ဝန်ကြီးဌာနသည် ပြည်တွင်းရေကြောင်းသွား ခရီးသည်တင်ရေယာဉ်နှင့် ကုန်စည်တင်ရေယာဉ်များတွင် တာဝန်ထမ်းဆောင်မည့် ရေယာဉ်အုပ်နှင့် စက်ခန်းအုပ်အတွက် ကျွမ်းကျင်မှုအဆင့်အတန်းသတ်မှတ်ခြင်း၊ အရည်အချင်းစစ်ဆေးခြင်း၊ ကျွမ်းကျင်မှုလက်မှတ်ထုတ်ပေးခြင်းနှင့်ကျွမ်းကျင်မှုလက်မှတ်များကိုကာလသတ်မှတ်၍ ရပ်ဆိုင်းခြင်း၊ ဖျက်သိမ်းခြင်းကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ လိုအပ်သော အခကြေးငွေများဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ လည်းကောင်းသတ်မှတ်နိုင်သည်။

၁၉။ ကျွမ်းကျင်မှုလက်မှတ်ရရှိသော ရေယာဉ်အုပ်နှင့်စက်ခန်းအုပ်သည်-

(က) မိမိမောင်းနှင်ခွင့်ရှိသော ရေယာဉ်ကို ဆိပ်ကမ်းနယ်နိမိတ်အတွင်း ရေကြောင်းပြမပါဘဲ မောင်းနှင်ခွင့်ရှိသည်။

(ခ) ကျွမ်းကျင်မှုလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များကို လိုက်နာရမည်။

(ဂ) ကျွမ်းကျင်မှုလက်မှတ် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းကြောင့် ဤဥပဒေအရ ပြစ်ဒဏ်ချမှတ်ခြင်းခံရပြီး ဦးစီးဌာနက ယင်းတို့၏ကျွမ်းကျင်မှုလက်မှတ်ကို ကာလသတ်မှတ်၍ရပ်ဆိုင်းခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းပြုလျှင် ထိုသို့ရပ်ဆိုင်းသည့်နေ့ သို့မဟုတ် ဖျက်သိမ်းသည့်နေ့မှစ၍ လုပ်ငန်းဆောင်ရွက်ခွင့်မရှိစေရ။ ထုတ်ပေးထားသော ကျွမ်းကျင်မှုလက်မှတ်ကိုဦးစီးဌာနသို့ ရက်ပေါင်း ၃၀ အတွင်း ပြန်လည်အပ်နှံရမည်။

(ဃ) ကျွမ်းကျင်မှုလက်မှတ်သက်တမ်း ကုန်ဆုံးပြီးနောက် လုပ်ငန်းဆက်လက်လုပ်ကိုင်လိုလျှင်သတ်မှတ်ချက်များနှင့်အညီ ကျွမ်းကျင်မှုလက်မှတ်သက်တမ်းတိုးမြှင့်ပေးရန် ဦးစီးဌာနသို့ လျှောက်ထားနိုင်သည်။

၂၀။ ဦးစီးဌာနသည် -

(က) ရေယာဉ်အုပ်နှင့်စက်ခန်းအုပ်အား ထုတ်ပေးသော ကျွမ်းကျင်မှုလက်မှတ်ပုံစံများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သတ်မှတ်နိုင်သည်။

(ခ) ကျွမ်းကျင်မှုအဆင့်အတန်းနှင့် အရည်အချင်းပြည့်မီသော ရေယာဉ်အုပ်နှင့်စက်ခန်းအုပ်အား သက်ဆိုင်ရာ ကျွမ်းကျင်မှုလက်မှတ်များကို သတ်မှတ်ထားသောအရည်အချင်း စစ်ဆေးခပေးသွင်းစေပြီး ထုတ်ပေးနိုင်သည်။

(ဂ) ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဃ) အရ လျှောက်ထားချက်ကိုစိစစ်ပြီး သတ်မှတ်ထားသောကျွမ်းကျင်မှုလက်မှတ် သက်တမ်းတိုးမြှင့်ခပေးသွင်းစေ၍ ကျွမ်းကျင်မှုလက်မှတ်သက်တမ်းတိုးမြှင့်ပေးနိုင်သည်။

၂၁။ မည်သည့်ရေယာဉ်ပိုင်ရှင်မျှ ရေယာဉ်အမျိုးအစားအလိုက် -

(က) ကိုင်ဆောင်ရမည့် ကျွမ်းကျင်မှုလက်မှတ်မရှိသော ရေယာဉ်အုပ် သို့မဟုတ် စက်ခန်းအုပ်ကို တာဝန်ပေးခုတ်မောင်းစေခြင်းမပြုရ။

(ခ) အနည်းဆုံးသတ်မှတ်ထားသည့် ရေယာဉ်ဝန်ထမ်း အရေအတွက်အောက်လျော့၍ ရေယာဉ်ကို အသုံးပြုခြင်း သို့မဟုတ် ခုတ်မောင်းသွားလာခြင်းမပြုရ။

၂၂။ မည်သူမျှ ရေယာဉ်အမျိုးအစားအလိုက် ကိုင်ဆောင်ရမည့် ကျွမ်းကျင်မှုလက်မှတ်မရှိဘဲ ရေယာဉ်အုပ် သို့မဟုတ် စက်ခန်းအုပ်အဖြစ် တာဝန်ထမ်းဆောင်ခြင်းမပြုရ။

## အခန်း (၄)
## ရေယာဉ်တည်ဆောက်ခြင်း

၂၃။ ဝန်ကြီးဌာနသည်ရေယာဉ်တည်ဆောက်ခြင်းနှင့်စပ်လျဉ်း၍အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် -

(က) ရေယာဉ်တည်ဆောက်သူ၊ ပုံစံထုတ်သူ၊ ကြီးကြပ်သူနှင့် အင်ဂျင်နီယာများအား အင်ဂျင်နီယာကောင်စီကထုတ်ပေးသော မှတ်ပုံတင်လက်မှတ်ရှိ မရှိ စစ်ဆေးခြင်း၊ ကျွမ်းကျင်မှုအဆင့်အတန်းသတ်မှတ်ခြင်း၊ အရည်အချင်းစစ်ဆေးခြင်းနှင့် သက်ဆိုင်ရာလိုင်စင်များ ထုတ်ပေးခြင်း၊

(ခ) လိုအပ်သော အခကြေးငွေများနှင့် သက်ဆိုင်သော ကိစ္စရပ်များသတ်မှတ်ခြင်း၊

(ဂ) ရေယာဉ်တည်ဆောက်ခြင်းဆိုင်ရာ စံချိန်စံညွှန်းများ သတ်မှတ်ခြင်း။

၂၄။ (က) ဤဥပဒေနှင့်သက်ဆိုင်သော ရေယာဉ်ကို တည်ဆောက်ခြင်းနှင့်သက်ဆိုင်သည့် လုပ်ငန်းလုပ်ကိုင်လိုသူသည် သက်ဆိုင်ရာလုပ်ငန်းအလိုက် ရေယာဉ်တည်ဆောက်ခြင်းဆိုင်ရာလိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကိုစိစစ်ပြီး လုပ်ငန်းအမျိုးအစားအလိုက် ရေယာဉ်တည်ဆောက်ခြင်းဆိုင်ရာလိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ဂ) ဦးစီးဌာနသည် ပုဒ်မခွဲ (ခ) အရ ခွင့်ပြုပါကလိုင်စင်အမျိုးအစား၊ သက်တမ်းနှင့် စည်းကမ်းချက်များသတ်မှတ်၍ ရေယာဉ်တည်ဆောက်ခြင်းနှင့်သက်ဆိုင်သည့် လုပ်ငန်းအမျိုးအစားအလိုက် မှတ်ပုံတင်၍ ရေယာဉ်တည်ဆောက်ခြင်းဆိုင်ရာ လိုင်စင်ထုတ်ပေးရမည်။

(ဃ) မည်သူမျှ ပုဒ်မခွဲ (ဂ) အရ ထုတ်ပေးသောရေယာဉ်တည်ဆောက်ခြင်းဆိုင်ရာ လိုင်စင်မရှိဘဲ ရေယာဉ်တည်ဆောက်ခြင်းနှင့်သက်ဆိုင်သည့်လုပ်ငန်းများကို လုပ်ကိုင်ခြင်းမပြုရ။

စာမျက်နှာ ၇ သို့

**စာမျက်နှာ ၇ မှ**

၄၀။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် -

(က) ဝန်ကြီးဌာနက တာဝန်ပေးအပ်သော ပုဒ်မ ၃၆ ပါ ကိစ္စတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရန် လိုအပ်သော သက်ဆိုင်ရာ ရေယာဉ်အုပ်၊စက်ခန်းအုပ်နှင့် ရေယာဉ်ဝန်ထမ်းများကိုလည်းကောင်း၊ နစ်နာဆုံးရှုံးသော ခရီးသည်များနှင့် ကုန်စည်တင်ဆောင်သူတို့ကိုလည်းကောင်း၊ အခြားလိုအပ်သော အသိသက်သေများကို လည်းကောင်း စုံစမ်းစစ်ဆေးမှု ပြုလုပ်နိုင်သည်။

(ခ) စုံစမ်းစစ်ဆေးမှုပြုလုပ်ရာတွင် သက်ဆိုင်ရာ ပုဂ္ဂိုလ်များကို စုံစမ်းစစ်ဆေးရန်ဆင့်ခေါ်ခြင်း၊ စစ်မေးခြင်း၊ သက်သေခံချက်များနှင့် သက်သေခံစာရွက်စာတမ်းအထောက်အထားများကို လက်ခံခြင်းနှင့်စပ်လျဉ်း၍ ရာဇဝတ်ကျင့်ထုံးဥပဒေ၊ တရားမ ကျင့်ထုံးဥပဒေနှင့် သက်သေခံအက်ဥပဒေတို့ပါ လိုအပ်သည့် ပြဋ္ဌာန်းချက်များကို ဆီလျော်သမျှ လိုက်နာကျင့်သုံး ဆောင်ရွက်နိုင်သည်။

(ဂ) စုံစမ်းစစ်ဆေးမှုကို ဆောလျင်စွာပြုလုပ်ပြီး စုံစမ်းစစ်ဆေးမှု အစီရင်ခံစာကို ဦးစီးဌာနမှတစ်ဆင့် ဝန်ကြီးဌာနသို့ အစီရင်ခံရမည်။

**အခန်း (၈)**

**နိုင်ငံခြားရေယာဉ်များ ပြည်တွင်းရေကြောင်းသို့ ဝင်ရောက်ခွင့်**

၄၁။ နိုင်ငံခြားရေယာဉ်၏ ရေယာဉ်ပိုင်ရှင် သို့မဟုတ် ရေယာဉ်အုပ်သည် -

(က) ပြည်တွင်းရေကြောင်းအတွင်းသို့ ခေတ္တဝင်ရောက် ဖြတ်သန်း၍ သွားလာရန် အကြောင်းရှိပါက ဦးစီးဌာန၏ ကြိုတင်ခွင့်ပြုချက် တောင်းခံရမည်။

(ခ) ရေယာဉ်၏ကိုယ်ထည် သို့မဟုတ် စက်ချွတ်ယွင်းသဖြင့် ပြုပြင်ရန်အတွက်လည်းကောင်း၊ ရေယာဉ်သို့ကျရောက်မည့် အန္တရာယ်မှ ရှောင်ရှားရန် လိုအပ်ခြင်းကြောင့်လည်းကောင်း မလွှဲမရှောင်သာ ပြည်တွင်းရေကြောင်းအတွင်းသို့ အရေးပေါ်ဝင်ရောက်ရသည့် အခါထိုသို့ဝင်ရောက်ပြီးလျှင်ပြီးခြင်း ဦးစီးဌာနသို့ အကြောင်းကြားပြီး ခွင့်ပြုချက် တောင်းခံရမည်။

၄၂။ ဦးစီးဌာနသည် -

(က) ပုဒ်မ ၄၁ အရ ခွင့်ပြုချက်တောင်းခံခြင်းကိုစိစစ်ပြီး စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ဒေသဆိုင်ရာ သဘောတူညီချက်အရဖြစ်စေ၊ နှစ်နိုင်ငံသဘောတူညီချက်အရဖြစ်စေ၊ နိုင်ငံခြားရေယာဉ်က ပြည်တွင်းရေကြောင်းအတွင်းသို့ ဝင်ရောက်ဖြတ်သန်း၍သွားလာခြင်းနှင့်စပ်လျဉ်း၍ ထိုသဘောတူညီချက်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

**အခန်း (၉)**

**ပြစ်မှုနှင့်ပြစ်ဒဏ်များ**

၄၃။ မည်သည့် ရေယာဉ်ပိုင်ရှင်နှင့် ရေယာဉ်အုပ်မဆို ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၃၀၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်ထိုသူကို ထောင်ဒဏ် ၂ နှစ်အထိ ဖြစ်စေ၊ ငွေဒဏ်အနည်းဆုံး ကျပ် ၅ သိန်းမှ ကျပ် ၂၅ သိန်းအထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၄။ မည်သူမဆို ပုဒ်မ ၂၈နှင့် ပုဒ်မ ၃၄တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၂ နှစ်အထိဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ် ၅ သိန်းမှ ကျပ် ၂၅ သိန်းအထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၅။ မည်သည့် ရေယာဉ်ပိုင်ရှင်မဆို ပုဒ်မ ၂၁ သို့မဟုတ် ပုဒ်မ ၃၂ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကိုဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ် ၃ သိန်းမှ ကျပ် ၁၅ သိန်းအထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၆။ မည်သူမဆို ပုဒ်မ ၂၂နှင့် ပုဒ်မ ၂၄၊ ပုဒ်မခွဲ(ဃ) ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၁ နှစ်အထိ ဖြစ်စေ၊ ငွေဒဏ်အနည်းဆုံး ကျပ် ၃ သိန်းမှ ကျပ် ၁၅ သိန်းအထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၇။ မည်သည့်နိုင်ငံခြားရေယာဉ်ပိုင်ရှင် သို့မဟုတ် ရေယာဉ်အုပ်မဆို ပုဒ်မ ၄၁ ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၁ နှစ်အထိ ဖြစ်စေ၊ ငွေဒဏ်အနည်းဆုံး ကျပ် ၃ သိန်းမှ ကျပ် ၁၅ သိန်း အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၈။ မည်သည့် ရေယာဉ်အုပ်မဆို ပုဒ်မ ၃၆ပါမတော်တဆမှုဖြစ်စဉ် ဖြစ်ရပ်တစ်ခုခုနှင့်စပ်လျဉ်း၍ ဦးစီးဌာနနှင့်အခင်းဖြစ်ပွားရာနေရာနှင့် အနီးဆုံးရဲစခန်းသို့ ၂၄ နာရီအတွင်း ဆောလျင်စွာသတင်းပို့ရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၁ နှစ်အထိ ဖြစ်စေ၊ ငွေဒဏ်အနည်းဆုံး ကျပ် ၃ သိန်းမှ ကျပ် ၁၅ သိန်းအထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၉။ မည်သည့်ရေယာဉ်ပိုင်ရှင်နှင့် ရေယာဉ်အုပ်မဆို ပုဒ်မ ၁၅ ပါတာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင်ဖြစ်စေ၊ ပုဒ်မ ၃၀၊ ပုဒ်မခွဲ(ဂ)၊(ဃ)၊ (င) နှင့် (စ)တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်ဖြစ်စေ ထိုသူကို ထောင်ဒဏ် ၃ လအထိ ဖြစ်စေ၊ ငွေဒဏ်အနည်းဆုံး ကျပ် ၁ သိန်းမှ ကျပ် ၅ သိန်းအထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၀။ မည်သည့်ရေယာဉ်ပိုင်ရှင်၊ ရေယာဉ်အုပ်နှင့် ရေယာဉ်ဝန်ထမ်းမဆို ပုဒ်မ ၁၄ ပါတာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၃ လအထိ ဖြစ်စေ၊ ငွေဒဏ်အနည်းဆုံး ကျပ် ၁ သိန်းမှ ကျပ် ၅ သိန်း အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၁။ မည်သည့် ရေယာဉ်အုပ်နှင့် စက်ခန်းအုပ်မဆိုပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) ပါတာဝန်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို ထောင်ဒဏ် ၃ လ အထိဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ် ၁ သိန်းမှ ကျပ် ၅ သိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၂။ မည်သည့် ခရီးသည်မဆို ရေယာဉ်၏ အမိုးပေါ်တွင် ဖြစ်စေ၊ ရေယာဉ်၏ ဘေးတွင် တွယ်၍ ဖြစ်စေ၊ အခြားတားမြစ်ထားသည့် နေရာတစ်ခုခုတွင်ဖြစ်စေ လိုက်ပါစီးနင်းကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်အနည်းဆုံး ကျပ် ၁ သောင်းမှ ကျပ် ၅ သောင်းအထိ ချမှတ်ရမည်။

**အခန်း(၁၀)**

**အထွေထွေ**

၅၃။ ဝန်ကြီးဌာနသည် ရေယာဉ်တိုင်းတာစစ်ဆေးမှုအတွက် စစ်ဆေးခ၊ စရိတ်နှင့်အခကြေးငွေများ၊ ကျွမ်းကျင်မှုလက်မှတ် အရည်အချင်းစစ်ဆေးခများနှင့် သက်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ခ၊ လိုင်စင်သက်တမ်းတိုးမြှင့်ခနှင့် အခြားလိုအပ်သော အခကြေးငွေများကို သတ်မှတ်ခြင်းနှင့်လိုအပ်ပါက ပြင်ဆင်သတ်မှတ်ခြင်းပြုနိုင်သည်။

၅၄။ ဤဥပဒေအရ ပေးအပ်သော လုပ်ငန်းတာဝန်များကို သဘောရိုးဖြင့် ဆောင်ရွက်သောစုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ၊ တိုင်းတာစစ်ဆေးရေးမှူးကိုဖြစ်စေ၊ စစ်ဆေးရေးအရာရှိကိုဖြစ်စေ တရားမကြောင်းအရသော်လည်းကောင်း၊ ပြစ်မှုကြောင်းအရသော်လည်းကောင်း တရားစွဲဆိုခြင်း မပြုရ။

၅၅။ ဤဥပဒေအရ တာဝန်ပေးအပ်ခြင်းခံရသည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်တစ်ဦးဦး၊ တိုင်းတာစစ်ဆေးရေးမှူးနှင့် စစ်ဆေးရေးအရာရှိတို့သည် တာဝန်ထမ်းဆောင်ချိန်တွင် ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၅၆။ ဝန်ကြီးဌာနသည် အများပြည်သူအကျိုးငှာ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်ပိုင်ရေယာဉ်၊ အစိုးရဌာန၊ အဖွဲ့အစည်းပိုင် ရေယာဉ် သို့မဟုတ် နိုင်ငံတော်၏ တာဝန်ကို ဆောင်ရွက်လျက်ရှိသော ပြည်တွင်းရေကြောင်းသွား မည်သည့် ရေယာဉ်ကိုမဆို ဤဥပဒေပါ ပြဋ္ဌာန်းချက်များမှ အားလုံးကို ဖြစ်စေ၊ တစ်စိတ် တစ်ဒေသကိုဖြစ်စေ လိုက်နာဆောင်ရွက်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

၅၇။ ဦးစီးဌာနသည် ဤဥပဒေအရ ရရန်ရှိသော ကြွေးကျန်များကို တည်ဆဲအခွန်အခဆိုင်ရာ ဥပဒေများနှင့်အညီ အရကောက်ခံရမည်။

၅၈။ The Inland Steam Vessels Act, 1917အရ ထုတ်ပြန်ခဲ့သည့် နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၅၉။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့်သက်ဆိုင်သည့် သက်သေခံ ပစ္စည်းသည် တရားရုံးရှေ့သို့ တင်ပို့ရန် မလွယ်ကူသော ပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားစာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်း တင်ပြဘိသကဲ့သို့မှတ်ယူကာ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲသည့် အမိန့်ချမှတ်ရမည်။

၆၀။ ဤဥပဒေပါပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၆၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် နည်းဥပဒေများ၊စည်းမျဉ်းနှင့်စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ ဦးစီးဌာနသည် အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်းထုတ်ပြန်နိုင်သည်။

၆၂။ ဤဥပဒေဖြင့် The Inland Steam Vessels Act, 1917ကို ရုပ်သိမ်းလိုက်သည်။

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ရေဘေးအတွက် ကြိုတင်ပြင်ဆင်ခြင်း

**(၁) ရေမကြီးမီ ဆောင်ရွက်ရန်အချက်များ**

(က) မိုးလေဝသသတင်းကို ဂရုပြုနားထောင်ပါ။

(ခ) ရေဘေးမှလွတ်ကင်းနိုင်သည့် အခိုင်အမာအဆောက်အအုံများ၊ ကုန်းမြင့်များ ကြိုတင်သတ်မှတ်ထားပါ။

(ဂ) သတ်မှတ်နေရာများသို့ရောက်ရှိမည့် ပြေးလမ်းကြောင်းများ ကြိုတင်ရွေးချယ်ထားပါ။

(ဃ) ရေတွင်ပေါ်နိုင်သည့် ငှက်ပျောပင်ကဲ့သို့အပင်များ စိုက်ပျိုးထားပါ။

(င) အရေးကြီးစာရွက်စာတမ်းများ ရေမစိုနိုင်အောင် ပလတ်စတစ်ဖြင့် သေချာစွာထုပ်ပိုးထားပါ။

(စ) အဝတ်အစား၊ အစားအစာ၊ ဆေးဝါး၊ ဓာတ်မီး၊ မီးခြစ်၊ ဖယောင်းတိုင် စသည့်ပစ္စည်းများ အသင့်ဆောင်ထားပါ။

(ဆ) သယ်ယူပို့ဆောင်သွားလာရေးအတွက် လှေ၊ ပဲ့ထောင်၊ မော်တော်၊ စက်သုံးဆီ စသည်များ ကြိုတင်စီစဉ်ထားပါ။

(ဇ) ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်မှုများ၌ ပူးပေါင်းပါဝင် ဆောင်ရွက်ပါ။

(ဈ) သရုပ်ပြအစမ်းလေ့ကျင့်မှုများ ပြုလုပ်ထားပါ။

**(၂) ရေကြီးခြင်းသတိပေးချက်ရရှိပါက ဆောင်ရွက်ရန်အချက်များ**

(က) အစားအစာ၊ ဆေးဝါး၊ သောက်ရေတို့နှင့်အတူ လုံခြုံစိတ်ချရသော အဆောက်အအုံနှင့် ကုန်း မြေမြင့်သို့ အချိန်မီရွှေ့ပြောင်းပါ။

(ခ) သစ်တုံး၊ ဝါးဖောင်ငယ်၊ ကားတာယာကျွတ်၊ ဘောကွင်း၊ လူတစ်ဦး ဖက်တွယ်နိုင်သည့် ဝါးပိုး ဝါးဆစ်ပိတ်များဆောင်ထားပါ။

(ဂ) ကလေးငယ်များအား ရေစီးတွင်မျောပါမည်စိုး၍ ကြိုးဖြင့် ချည်နှောင်ထားခြင်းမျိုး၊ မိသားစုလိုက် ချည်နှောင်ထားခြင်းမျိုးကို ရှောင်ရှားပါ။

(ဃ) ရေဘေးအန္တရာယ်သတိပေးချက်ရရှိပါက ပင်လယ်ကမ်းခြေဒေသများ၊ အနိမ့်ပိုင်းဒေသများ၊ လယ်ကွင်းပြင်များတွင် နေထိုင်ခြင်းမှ ရှောင်ရှားပါ။

(င) မြစ်ချောင်း၊ ကမ်းပါး၊ မြေပြိုနိုင်သည့် ဒေသများသို့ သွားလာခြင်းမှ ရှောင်ရှားပါ။

**(၃) ရေကြီးနေစဉ် ဆောင်ရွက်ရန်အချက်များ**

(က) မြစ်ရေအခြေအနေသတင်းထုတ်ပြန်ချက်ကို အမြဲနားထောင်ပါ။

(ခ) ရေလွှမ်းနေသည့်နေရာများသို့ လမ်းလျှောက်သွားလာခြင်းမှ ရှောင်ရှားပါ။

(ဂ) ခြောက်လက်မခန့်မြင့်သောရေစီးသည် လူကိုမျောပါစေနိုင်သောကြောင့် ရေထဲဖြတ်ကူးခြင်း၊ ဖြတ်လျှောက်ခြင်းမပြုရ။ မလွှဲမရှောင်သာ၍ ဖြတ်လျှောက်ရပါက တုတ်ဖြင့်စမ်းထောက်ပြီးမှသွားပါ။

(ဃ) မြွေနှင့်အဆိပ်ရှိသော သတ္တဝါများ၏အန္တရာယ်ကို သတိထား ရှောင်ရှားပါ။

(င) လျှပ်စစ်အန္တရာယ်မှ ကင်းဝေးစေရန် လျှပ်စစ်မီးကြိုး/တိုင်များနှင့် ဝေးရာတွင်နေထိုင်ပါ။

(စ) မြစ်ချောင်း၊ ကမ်းပါး၊ မြေပြိုနိုင်သည့်နေရာများသို့ သွားလာခြင်းမှ ရှောင်ရှားပါ။

(ဆ) သောက်သုံးရေသန့်ရှင်းမှုကို တတ်နိုင်သမျှလုပ်ဆောင်ပါ။ ဝမ်းရောဂါမဖြစ်စေရန် ရေကိုကျိုချက်သောက်ပါ။

**(၄) ရေကြီးပြီးနောက် ဆောင်ရွက်ရန်အချက်များ**

(က) တာဝန်ရှိသူများက အန္တရာယ်မရှိကြောင်းကြေညာမှ အိမ်ကို ပြန်လာပါ။

(ခ) မိသားစုဝင်အားလုံး စုံ၊ မစုံ စစ်ဆေးပါ။

(ဂ) ကျန်းမာရေးအခြေအနေစစ်ဆေးပါ။ လိုအပ်ပါက ဆေးခန်း၊ ဆေးရုံပို့ပါ။

(ဃ) မိမိအိမ်/ခြံ၊ လမ်း၊ ရပ်ကွက်၊ ကျေးရွာများအတွင်း သန့်ရှင်းရေး ဆောင်ရွက်ပါ။

(င) ရေနစ်မြုပ်ထားသော လျှပ်စစ်ပစ္စည်းများကို ကျွမ်းကျင်သူများဖြင့် သေသေချာချာစစ်ဆေးပြီးမှ သုံးစွဲပါ။

(စ) ရေကြီးထားသောကြောင့် လမ်း၊ တံတား၊ အိမ်များ အချိန်မရွေး ပြိုကျနိုင်သည့်အတွက် သတိပြုပါ။

(ဆ) အဆိပ်ရှိသတ္တဝါများခိုအောင်းနေတတ်သဖြင့် သတိပြုပါ။

(ဇ) အိမ်ပတ်ဝန်းကျင်ကို ပိုးသတ်ဆေး၊ ထုံး၊ ဆားဖျန်းပါ။

(ဈ) ရေကိုကျိုချက်သောက်ပါ။

**ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဦးစီးဌာန**

# အတိုးပေးရန်မလို ၁၀နှစ်

## ငွေချေစနစ်ဖြင့်

## သိန်း (၁၀၀၀) ကျော်တန်

မေ(၂၆)၊(၂၇)၊
Junction Square
ရောင်းမှာနော်

Developer
**iGREEN** ပိုင်
လှိုင်မြို့နယ် မြေ(၁)ကေ
ပေါ်တွင်ဆောက်မည့်

Royal Thukha
CONDOMINIUM


## ဦးဆုံးဝယ်သော (၁၀၀) ခန်းတွက် ဝယ်ခွန် ကို

## DEVELOPER iGREEN မှတာဝန်ယူပေးမည်။

ကျပ်သိန်း(၃၀)ယူလာမှ အခန်းရဖို့ သေချာမယ်နော်

အိမ်ထောင်(၁)စုလျှင်(၁)ခန်းသာရောင်းမည်၊ မှတ်ပုံတင်၊သန်း ခေါင်စာရင်းမိတ္တူ ပါမှရောင်းမည်။




# လစဉ် ၈ သိန်းခန့်

## ပေးရုံဖြင့်အခန်း ပိုင်နိုင်မည့် အခွင့်အရေး

## (၁)ခန်းလျှင် ကားပါကင်(၁)နေရာရမည်

SWIMMING POOL & GYM , FUNCTION HALL

**SHOW ROOM**

82/A ၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်း၊ Junction (8) ရှေ့။

**OFFICE**

30 ၊ ဘုရင့်နောင်လမ်း၊ လှိုင် ချောင်းဝဘုန်းကြီးကျောင်းအနီး။

www.igreen-construction.com

iGREEN-CONSTRUCTION

